ဖြန့်ချိရေး

ဂျူလာရမ်စာပေ
အမှတ် ၁၆၉ က၊ ၃၃-လမ်း
ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက် အမှတ်-၇၄၀၇ (က)

ရောင်းဈေး ရှစ်ကျပ်

ပုံနှိပ်ခြင်း

ပထမအကြိမ်

၁၉၇၅-ခု၊ အောက်တိုဘာလ

●

စောင်ရေ

၂၀၀၀

●

မျက်နှာဖုံးပန်းချီ

စံတိုး

●

ဘလောက်

လှင်

●

အဖုံးရိုက်

ဓကာ·ဝါ

●

ရောင်းဈေး

ရှစ်ကျပ်

ဒေါ်အေးအေးမော်(၀၁၄၇၈)၊ သကျယင်စိုးစာပေ၊ အမှတ် ၂၃၂၊ ၃၉-လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍၊ တောက်တောက်ဝင်း ပုံနှိပ်တိုက်-ဒွစ္စတာမူ(လ်)ရာဂျီဆေးဂျပါ(လ်) (မြဲ ၀၁၈၂၈)၊ အမှတ် ၅၆ (ဘီ) ဟာမစ်တစ်လမ်း၊ ကုက္ကိုင်း၊ ရန်ကုန်မြို့က ပုံနှိပ်သည်။

# သိပ္ပံခေတ်နှင့်

# ဗုဒ္ဓ၏ အစိန္တေယျတရား

တင်ပြသူ

ဦးကျော်လွင် [နှစ်ဖက်လှ]

သကျသီဟ ဓမ္မာစရိယ၊ စေတီယင်္ဂဏ ဓမ္မာစရိယ၊
အစိုးရဂုဏ်ထူးဆောင် ဓမ္မာစရိယ

B.A. (B. Litt)
H.G.P.

ဆရာနှစ်ဖက်လှ ၏

၁။ ဗုဒ္ဓနှင့် မာဂ်ရိနတ်
အတွင်းရေး ပင်္ဂပက္ခမျာ:

၂။ ငွေနှင့် မိန်းမ
ဗုဒ္ဓ ဘာယ်လိုဟောခဲ့သလဲ

၃။ ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ
အမေးနှစ်ရာ–အဖြေနှစ်ထောင်
[ ဖြည့်စွက်ချက်နှင့် (ဒုတိယအကြိမ်) ]

ဆက်ထွက်လာမည်။

ထုတ်ဝေသူ

# မှီငြမ်းထုတ်ဆောင်ကိုးကားသောကျမ်းများ

| ကျမ်းအမည် | ကျမ်းပြုပုဂ္ဂိုလ် |
|---|---|
| ၁။ နိကာယ်ငါးရပ်ပါဠိတော် အုပ်ရေ (၄၀) | မြတ်စွာဘုရား |
| ၂။ ၎င်း၏အဋ္ဌကထာများ အုပ်ရေ (၅၁) | ရှင်မဟာဗုဒ္ဓဃောသ၊ ရှင်ဗုဒ္ဓဒတ္တ(စသည်) |
| ၃။ ၎င်း၏ ဋီကာများ အုပ်ရေ (၂၆) | ရှင်အာနန္ဒာ၊ ရှင်ဓမ္မပါလ(စသည်) |
| ၄။ လယ်တီ ဒီပနီပေါင်းချုပ် | လယ်တီဆရာတော် |
| ၅။ ပရမတ္ထသံခိပ်ဋီကာ(ပ) (ဒု) | လယ်တီပဏ္ဍိတ |
| ၆။ ပရမတ္ထသရူပဘေဒနီ (ပ) (ဒု) | ဝိသုဒ္ဓာရုံဆရာတော် |
| ၇။ အဘိဓမ္မတ္ထသရူပဒီပနီ | သေက္ခ၂ တောင် ဦးတိလောက |
| ၈။ ပဏ္ဍိတဝေဒနီယဒီပနီ | ။ |
| ၉။ အဘိဓမ္မတ္ထသရူပဒီပကကျမ်း (ပ၊ဒု၊တ) | ရှင်စန္ဒဝံသ၊ မြို့ပြင်ကြီးဆရာတော် |
| ၁၀။ ဂမ္ဘီရာဂမ္ဘီရမဟာနိဗ္ဗုတဒီပနီကျမ်း | ရှင်ဇာဂရ၊ ရွှေကျင်ဆရာတော် |
| ၁၁။ မာတိကာနိဒါန်း ဂဏ္ဌိသစ် | ဆရာတော် ဦးပုခန်း |
| ၁၂။ ပဋ္ဌာန နယ ဒီပနီ | ဦးသောဘိတ (အဂ္ဂမဟာပဏ္ဍိတ) လေးကျွန်းချမ်းသာချောင်(စစ်ကိုင်း) |

၁၃။ သဒ္ဒနီတိ ဓာတုမာလာ — ရှင်အဂ္ဂဝံသ

၁၄။ ဓာတွတ္ထသင်္ဂဟ — ဝိသုဒ္ဓာရုံ ဆရာတော်

၁၅။ လောကဝိဒူ မော်ကွန်း

၁၆။ သိပ္ပံဆိုင်ရာဆောင်းပါးများ၊ ကျမ်းစာများ

17. The Psychology and Philosophy of Buddhism — Dr. W.F. Jayasuriya

18. Gotama The Buddha — Coomaraswamy, I.B Horner

19. Buddhist India — Rhys Davids

20. The Buddha's Ancient Path — Piyadassi Thera

21. The World's Great Religions — Life

22. An Introduction To Indian Philosophy-Chatterjee and Datta

23. A Practical Sanskrit Dictionary — Authur Anthony Macdonell

4. CHILDERS PALI DICTIONARY

25. WEBSTER'S NEW INTERNATIONAL DICTIONARY (Second Edition)

26. BUDDHISM AND SCIENCE — Collected Essay, The Wheel Publication No. 3

27. Buddhism The Super Science The Modern Age — U Lokanatha

## မာတိကာ

## စာဂဟော

### သိပ္ပံခေတ်နှင့် အစိန္တေယျတရား လေးပါး

### အခန်း ၁

### ဗုဒ္ဓခေတ်ကြိုကာလ

ကိုးကွယ်ရေးလမ်းစ
ဂရိ(စ်)တို့ အတွေးအခေါ်
အိန္ဒိယ၌ ရှိနှင့်နေသော ဝါဒများ
လွတ်မြောက်ခြင်းမဲ့ ဝါဒများ
လွတ်မြောက်ကိုင်းညွှတ် အတ္တဝါဒ
ကမ္မဝါဒ
ဗုဒ္ဓဝါဒ

## အခန်း ၂

## ဗုဒ္ဓဝိသယော အစိန္တေယျော

## သဗ္ဗညုတဉာဏ်တော်

သဗ္ဗညုတဉာဏ်
သိအပ်သောတရား ငါးမျိုး
မရှိတာ မသိ
ဉာဏ်တော် အမြဲမရှိ
ဉာဏ်တော်ကို ရရှိပုံ
ဉာဏ်တော်စွမ်းရည် သုံးမျိုး
ဉာဏ်တော်ရှိကြောင်း သိနိုင်သည့်နည်း
ဉာဏ်တော် လက်ရာတချက်
ကျမ်းကြီး ပဋ္ဌာန်း

## အခန်း ၃

## ဈာနဝိသယော အစိန္တေယျော

## စွမ်းအားအကြီးဆုံး စိတ်ပညာ

ဘုန်းသမ္ဘာဟူသည်
တန်ခိုးဣဒ္ဓိအဓိပ္ပာယ်
ဣဒ္ဓိအမျိုးမျိုး
အဘိညာဉ်
ကသိုဏ်းနှင့် စွမ်းရည်
သမာပတ်ကိုးပါး

စိတ်စွမ်းအား ထက်မြက်လာခြင်း ၈၅
သမာပတ်နှင့်အဘိညာဉ်သို့ ၈၇
အဘိညာဉ်အမျိုးမျိုး ၉၁
အဘိညာဉ်စွမ်းရည် ၉၁
ဝိဇ္ဇာသုံးပါး၊ ရှစ်ပါး ၉၄
မဟုတ်မမှန် မဖန်တီး ၉၆
ဆင်ခြင်ဘွယ် ၉၇

## အခန်း ၄

**စျာန်အဘိညာဉ်ရအောင်လက်တွေ့အားထုတ်နည်း** ၉၆
ပထဝီကသိုဏ်းဖြင့် စျာန်ရအောင်ပြုလုပ်နည်း ၉၉
အခြေခံပြင်ဆင်ချက် ၉၉
နေရာယူခြင်း ၁၀၃
လုပ်ငန်းပြင်ဆင်ခြင်း ၁၀၅
ကသိုဏ်းဝန်းတင်ခြင်း ၁၀၆
အထိုင်ကျင့်ခြင်း ၁၀၆
စိတ်နှိုးခြင်း ၁၀၇
အလုပ်ချိန်သတ်မှတ်ခြင်း ၁၀၉
အလုပ်စခြင်း ၁၁၀
ရန်သူဝင်လာခြင်း ၁၁၁
စိတ်ပျော်လာလိမ့်မည် ၁၁၂
ကသိုဏ်းဝန်းတု အာရုံနု ၁၁၃
ပျော်လျှင်ပြန်ဖော် ၁၁၄

ဈျာန်စိတ်စတင်ပေါ်လာခြင်း ၁၁၅
ဒုတိယဆင့်သို့ ၁၁၇
တတိယ၊ စတုတ္ထနှင့်ပဉ္စမ ၁၁၉
အသက်မရှူသူရှစ်ဦး ၁၂၁
ရုပ်အာရုံကိုပယ်၍ ၁၂၂
သမာပတ်ကိုးပါး (ရှစ်ပါး) ၁၂၅
အဘိညာဉ်အဆင့်သို့ ၁၂၈

## အခန်း ၅

## ကမ္မဝိပါကော အစိန္တေယျော

လူ့စိတ်နှင့် လူ့အလုပ် ၁၃၃
ကံကို ယုံသလား ၁၃၃
ကံနှင့် လက်တွေ့ဘဝ ၁၃၄
အလုပ်ကံတွေ ဆန်းကြယ်ခြင်းမှာ ၁၃၆
ကံဟူသည် အဘယ်နည်း ၁၃၈
လုပ်အားကံ၏အခြေခံ ၁၄၁
စေတနာဖြစ်ပေါ်လာပုံ ၁၄၄
ပတ်ဝန်းကျင်ကပြုပြင်မှု ၁၄၆
စေတနာလမ်းခွဲ ၁၄၈
စွန့်လွှတ်မှုပို ချစ်ဖွယ်ဆို ၁၅၀
တော်ဝင်သည့်ကျင့်စဉ်များ ၁၅၂
အလုပ်နှင့်ပတ်ဝန်းကျင်ဆွဲအား ၁၅၅
ပွဲကိုင်ကောင်းရှေး ၁၅၆
အလုပ်မှအကျိုးသို့ ၁၅၈

ကံ၏အကျိုးရှိကြောင်း မည်သို့သိနိုင်သလဲ ၁၆၀
ကျိုးပြစ်နှစ်ဝ မြင်နိုင်ကြ ၁၆၀
ယုတ္တိချိန်ဆ စဉ်းစားက ၁၆၂
ကံအကျိုးပြ သာဓက ၁၆၃
နှိပ်ကွပ်မှုနှင့် ချီးမြှောက်မှု (နိဂ္ဂဟ–ပဂ္ဂဟ) ၁၆၅
ချီးမြှောက်မှု လျော့နည်းခြင်း ၁၆၅
ဗုဒ္ဓ ဓမ္မ ဘက်ညီမျှ ၁၆၈
ပဂ္ဂဟ အနုဆေး ၁၆၉
ကံသည် အကျိုးတရားကို
ချက်ခြင်းဖော်ထုတ်သလော ၁၇၂
ချိန်ကွဲကျိုးဖန် ကံသုံးတန် ၁၇၄
အဟောသိကံ ၁၇၆
ကံလေးပါးအင်္ဂါ ၁၇၇
ကံ၊ ကိစ္စလေးမျိုး ၁၇၉
အလှည့်ကျတာဝန်ယူသော ကံလေးမျိုး ၁၈၀
အလုပ်အထွေထွေနှင့် ဘဝအခြေအနေ ၁၈၁
ဉာဏ်မှီသမျှ အဖြေရှာကြ ၁၈၂
မြတ်ဗုဒ္ဓ၏အဖြေမှန် ၁၈၄

## အခန်း ၆

## လောကစိန္တာ နှ စိန္တေတဗ္ဗာ

လောကကြီးသုံးပါး ၁၈၇
လောကကြီးသုံးပါးနှင့် ယထာဘူတအသွင် ၁၈၉

သတ္တလောကနှင့် ဘုရားအမြင် ၁၉၀
သတ္တဝါ၏အသက် ၁၉၀
သေခြင်းကိုသတ်မှတ်ချက် ၁၉၁
အပင်တို့၏သဘော ၁၉၃
နိယာမသဘော ဘုရားဟော ၁၉၅
သတ္တဝါစတင်ဖြစ်ပေါ်လာပုံ ၁၉၆
မေးသင့်သောမေးခွန်း ၁၉၈
ကွာခြားချက်ကြီး ၁၉၉
ဩကာသလောကနှင့်ဘုရားအမြင် ၂၀၀
ဘုံဌာနစစ် ၃၁ ၂၀၁
နိမ့်ကျသောဘုံဘဝများ ၂၀၂
တခွေ့မကြောက်နှင့် ၂၀၅
ကမ္ဘာမြေ တည်နေပုံ ၂၀၅
လူ့ကမ္ဘာနှင့် အာကာသနန်းတို့၏ အကွာအဝေး ၂၀၇
နေ့,လ,နက္ခတ်တို့မှာ လူလိုသတ္တဝါမျိုး ရှိသလား ၂၀၇
ဗြဟ္မာ့ခန်းဝါများ ၂၀၉
ယူဇနာ အယူအဆ အမျိုးမျိုး ၂၁၀
နတ်ပြည်၊ ဗြဟ္မာပြည်မှ မြေအမျိုးအစား ၂၁၃
နတ် အစားအစာ ၂၁၃
ဗြဟ္မာ့ အစားအစာ ၂၁၄
နတ်သက်တမ်း ၂၁၅
ဗြဟ္မာသက်တမ်း ၂၁၇
ကမ္ဘာလောကကြီး ပျက်စီးပုံနှင့်
သတ္တဝါတို့၏ အနေအထား ၂၁၈

စကြာဝဠာ အနန္တ ၂၁၉
ကမ္ဘာပျက်ခါနီး အခြေအနေ ၂၂၀
ကမ္ဘာ စတင်ပျက်ပုံ ၂၂၁
ကမ္ဘာဖျက် လက်နက်ကြီးများ ၂၂၂
စကြာဝဠာကြီး ပြန်တည်လာပုံ ၂၂၅
ကမ္ဘာပြု မီး၊ ရေ၊ လေ ၂၂၆
စကြာဝဠာဟူသည် ၂၂၈
ကမ္ဘာဦးကာလ အခြေအနေ ၂၃၀
ကျား, မ, နေ့, လ ၂၃၁
ကမ္ဘာအမျိုးမျိုး ၂၃၃
အသက်ရှည်ခြင်း၊ အသက်တိုခြင်း အကြောင်းရင်း ၂၃၄
ဘဒ္ဒကပ် ဤကမ္ဘာ ၂၃၆
ကမ္ဘာကြီးကို ကောင်းစေချင်လျှင် ၂၃၈
အမြင်အမျိုးမျိုး ၂၃၉
အကျိုးကျေးဇူးနှင့် အကျိုးရှိအောင်လုပ်ရေး ၂၄၀
လောကနှင့်ကမ္ဘာ ၂၄၂
ယူနီဗာ့စ်နှင့် ဝေါလ်ဒ် ၂၄၃
ဘာသာရင်း၊ ဘာသာပြန်နှင့် ခံယူချက် ၂၄၅

## အခန်း ၇

**လောကအပေါ် လူ့အမြင်** ၂၄၈

သတ္တလောကနှင့် လူ့အမြင် ၂၄၈
သက်ရှိ သင်္ကေတများ ၂၅၀

ဘ၀အစ ပင်လယ်က
ပင်လယ်ရေမှ လူအထိဖြစ်လာပုံ
သက်ရှိ ခြောက်မျိုး
လူအဖြစ် ခုနစ်ခေတ်
ကြာကာသလောကနှင့် လူ့အမြင်
နေ စကြာဝဠာ
ကျွန်ုပ်တို့ကမ္ဘာ
စကြာဝဠာ တည်ပုံ ပျက်ပုံ
နေ, လ, ကမ္ဘာ သက်တမ်း

## အခန်း ၈

## လဝန်းကျင် အာကာသ အခြေအနေ

ဝေရမ္ဘလေ
ထူးခြားသော ဇဝနဟသံာ
သိပ္ပံပညာရှင် စကား
လ အခြေအနေ

## အခန်း ၉

## အပြီးသတ် အောင်ပွဲခံစို့လား

ထာဝရ ငြိမ်းချမ်းရေးပန်းတိုင်သို့
ပစ္စက္ခ သိ
သတိပြုစရာ

ကျော့ချမ်းစရာ ၂၀၀
ဗုဒ္ဓတရား၏ တွက်သားကိုက်ပုံ ၂၀၁
အနုမာန သိ ၂၀၂
ရည်ရွယ်ချက်မှန်ရေး ၂၀၃
သုခ နှစ်မျိုး ၂၀၃
ခံစားချမ်းသာနှင့် ဘုံဆိုင်ကာမ ၂၀၄
ခံစားမိလျှင် ငိုရသည် ၂၀၅
တည်ရှိချမ်းသာ ဟူသည် ၂၀၆
ချမ်းသာနှစ်မျိုး နှိုင်းယှဉ်ချက် ၂၀၈
ဒုက္ခ အစစ်အမှန် ၂၀၉
ဒုက္ခစစ် ဟူသည် ၂၉၀
ဒါတွေကို ဖုံးဖိမထားပါနှင့် ၂၉၁
ဉာဏ်ကြီးရှင် အသိ ၂၉၆
မြစ်ဖျား ရှာ ၂၉၇
အဆက်အသွယ်မဲ့ ဝါဒ ၂၉၈
တဏှာတွေ ၂၉၉
သဘာဝ အဆက်အသွယ် ၃၀၁
သမုဒယ ပယ်ခွာ ၃၀၃
တဏှာ ရဲဘက်များ ၃၀၄
ဟီန လမ်း ၃၀၅
ခန္ဓာ နှိပ်စက်လမ်း ၃၀၆
မဇ္ဈိမ လမ်း ၃၀၇
မဂ္ဂသစ္စာ ၃၀၉
လူသားလက်စွဲ ကျင့်စဉ် ၃၁၂

| | |
|---|---|
| အမြင်မှန် | ၃၁၄ |
| ငြိမ်းချမ်းရေး အစစ်အမှန် | ၃၁၆ |
| တန်းခွဲတန်းချ သဘာဝ | ၃၁၈ |
| အစစ်အမှန့်တိုးတက်ကောင်းစားလိုလျှင် | ၃၁၉ |
| မဂ်ခရီး | ၃၂၁ |
| မဂ်ဉာဏ် အလင်း | ၃၂၅ |
| ပါဠိတော် ကောက်နုတ်ချက်များ | ၃၂၈ |

[ စာရေးသူ – မူပိုင် ]

## သိပ္ပံခေတ်နှင့် ဗုဒ္ဓ၏ အစိန္တေယျတရားလေးပါး

ယနေ့ ခေတ်အစားဆုံး မြန်မာစကားတလုံးကို ဖော်ပြပါဆိုလျှင် 'သိပ္ပံ'ဟူသော စကားလုံးကို ထုတ်နှုတ်ဖော်ပြကြပါလိမ့်မည်။ သို့သော် 'သိပ္ပံ'ဟူသောဝေါဟာရသည် မြန်မာစကားလုံး စစ်စစ်မဟုတ်ပါ၊ ပါဠိဘာသာမှ မွေးစားရယူထားသော ဝေါဟာရသာ ဖြစ်ပါသည်။ သို့ဖြစ်၍ သိပ္ပံဟူသော စကားလုံး၏ အနက်အဓိပ္ပာယ်ကို ရှာကြံသောအခါ ပါဠိနည်းဖြင့် ကြည့်ရန် လိုပါသည်။

သဒ္ဒနီတိဓာတုမာလာ၊ ဓာတွတ္ထသင်္ဂဟ စသော ကျမ်းများက 'သိပ္ပံ' ဟူသော စကားလုံးသည် 'သိ' ဓာတ်ဖြင့် ပြီးကြောင်း၊ 'သိဓာတ်'သည် မှီဝဲခြင်း အနက်ဟောကြောင်း၊ 'သေဝိယတီတိ သိပ္ပံ'ဟု ဝိဂြိုဟ်ကျင်းရမည် ဖြစ်ကြောင်း ဖော်ပြပါသည်။ ထို့ကြောင့် 'သိပ္ပံ'ဟူသည် 'အမြဲမပြတ် မှီဝဲဆည်းပူးရမည့်အရာ' ဟု

အစိပ္ပာယ်သက်ရောက်သည်။ ရှေးဆရာတို့က 'သိပ္ပံ'ကို 'အတတ်'ဟု မြန်မာပြန်ခဲ့ကြသည်။

ချစ်လ်ဒါးစ် (CHILDERS)၏ ပါဠိ အင်္ဂလိပ် အဘိဓာန်ကြီးက 'သိပ္ပံ'ကို ဤသို့ ဖွင့်ပြပါသည်။

သိပ္ပံ ။ a mechanical art, a fine art:
a piece of work, a job;
in secondary sence, skill,
proficiency

ဤဖွင့်ဆိုချက်အရ 'သိပ္ပံ'ဟူသော ဝေါဟာရ၏

ရင်းမြစ်အနက်မှာ .... စက်မှုပညာ၊ အနုပညာ၊ ပုတ်ပြတ်အလုပ်။

ဆင့်ပွားအနက်မှာ.... စွမ်းရည်၊ တတ်ပွန် ကျင်လည်ခြင်း ဖြစ်ကြောင်း သိရလေသည်။

ဒေါက်တာ ဂျပ်ဆင်ကမူ....

သိပ္ပံ (Pali) a knowledge of arts and sciences, အတတ် ဟူ၍ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် 'သိပ္ပံ' ဟူသော စကားလုံး၏ အနက်ကို ဖော်ပြထားသည်။ အဓွစ်နှင့် ရော ဆိုင်း ယင့်စ်နှင့်ပါ သက်ဆိုင်သည့် အသိဉာဏ်ကို 'သိပ္ပံ' (အတတ်)ဟု ဆိုလိုပေသည်။

မိလိန္ဒပဉှာ ပါဠိတော်၊ လောကနီတိကျမ်းနှင့် သဒ္ဒါတဗိသဘော ပူရာမ်ကျမ်းများ၌ 'သိပ္ပံ'ခေါ်သော 'အတတ်' ဆယ့်ရှစ်မျိုးကို ဖော်ပြထားသည်။ ၎င်းတို့မှာ မြန်မာ အက္ခရာစဉ် အလိုက်....

ဥပဒေအတတ်၊ ကဗျာအတတ်၊ ဂဏန်းသင်္ချာအတတ်၊ ဂီသြသင်္ချာအတတ်၊ စကားပြောအတတ်၊ ဆေးအတတ်၊ ဆန်းကျမ်းအတတ်၊ နီတိကျမ်းအတတ်၊ နက္ခတ်အတတ်၊ ပိသုကာအတတ်၊ ဗေဒင်အတတ်၊ ဗျာကရိုဏ်းအတတ်၊မန္တန်အတတ်၊ မျက်လှည့်အတတ်၊ ရှေးဟောင်းဆိုင်ရာအတတ်၊ လေးအတတ်၊ သဒ္ဒါကျမ်းအတတ်၊ ဟာသအတတ် တို့ ဖြစ်ကြသည်။

ယခုခေတ်တွင် ပါဠိ၊ မြန်မာ၊ အင်္ဂလိပ် သုံးဘာသာသည် ကွင်းဆက်ဖြစ်နေသည်။ ထို့ကြောင့် 'သိပ္ပံ'ဟူ၍ မြန်မာပြန်သော အင်္ဂလိပ်စကားလုံး (Science) ဟူသော ဝေါဟာရ၏ အနက်အဓိပ္ပာယ်ကိုပါ ကြည့်ဘို့လိုလာပါသည်။

အင်္ဂလိပ်အဘိဓာန်များက (Science) ကို အောက်ပါအတိုင်း ဖွင့်ပြကြပါသည်။

Science : knowledge arranged in an orderly manner, esp. knowledge of the way in which one event causes another.

knowledge obtained by observation and testing of the facts.

ဆိုင်းယင့်စ် ဟူသည် စနစ်တကျ စီစဉ်ပြုလုပ်ခြင်းဖြင့် ရရှိအပ်သော အသိဥာဏ် ဖြစ်သည်။ အထူးသဖြင့် တခုသည် အခြား တခုကို ဖြစ် စေ သည်

ဟူသော နည်းအားဖြင့် ရရှိသော အသိဉာဏ်မျိုးဖြစ်သည်။တနည်းအားဖြင့် စူးစမ်း လေ့လာသမှု ပြုခြင်းဖြင့် ရရှိသော အသိဉာဏ်နှင့် အချက်အလက်များကို လက်တွေ့ စမ်းသပ်ချက်ဖြင့် ရရှိသော အသိဉာဏ်များကိုလည်း ဆိုင်းယင့်စ် ဟု ခေါ်သည်။

အင်္ဂလိပ်-မြန်မာအဘိဓာန်များက ဆိုင်းယင့်စ် (Science) ကို အတတ်ပညာ၊ အသိပညာ၊ သိမြင်တတ်ကျွမ်းခြင်း၊ အတိအကျ သိနားလည်ခြင်း၊ လောကဓာတ် သိပ္ပံ ဟူ၍ မြန်မာမှု ပြုကြလေသည်။

သို့ဖြစ်၍ (Scientific Age) သိပ္ပံခေတ် ဟူသော စကား၌ အကျိုးသင့် အကြောင်းသင့် စီစဉ် စဉ်းစားနိုင်သောခေတ်၊ စက်မှုစသော အတတ်ပညာထွန်းကားသောခေတ်၊ လက်တွေ့ဉာဏ်ထွန်းကားသောခေတ်ဟု နားလည်နိုင်ပေသည်။

ဤတွင် အရေးကြီးသော ကောက်ချက် သုံးခုကို ထုတ်ယူနိုင်ပေသည်။ ပထမအချက်ကား ဆိုင်းယင့်စ် - သိပ္ပံ ဆိုသည်မှာ ရုပ်ဝတ္ထု ရုပ်ပိုင်းနှင့်သာ သက်ဆိုင်သည်မဟုတ်၊ နာမ်ပိုင်းနှင့်လည်း သက်ဆိုင်သည်။ စနစ်ကျသော အသိအမြင်ကိုရလျှင် မည်သည့် အရာမှ ရရ၊ သိပ္ပံနည်းကျ ရသည်ဟု ဆိုရပေမည်။

ဒုတိယအချက်ကား....ယခုအခါ သိပ္ပံနည်းကျ အသိဉာဏ် ရှာဖွေရာ၌ စူးစမ်းလေ့လာမှု၊ လက်တွေ့စမ်းသပ်မှုပြုကြရသည်။ ဤသို့ပြုရာတွင် ယနေ့ လူသားများ လက်ရှိ စမ်းသပ် ကိရိယာများဖြင့် လေ့လာစမ်းသပ်မှုမပြုနိုင်သေးသော လောကဖြစ်ရပ်များ ကျန်ရှိသေးသည် ဟူသော အချက်ဖြစ်၏။ ယခုထက် အဆင့်အတန်း သာလွန်ကောင်းမွန်သော သိပ္ပံကိရိယာများ ပေါ်လာမှ လက်တွေ့စမ်းသပ်လေ့လာ၍ ဖြစ်နိုင်မည့် အချက်အလက် အမြောက်အမြား ဤစကြာဝဠာ(ဤယူနီဗာ့စ်)အတွင်း၌ ရှိနေသေးသည်ဟူ၍ အမြဲတန်း သတိချပ်ထားရမည့်အချက် ဖြစ်သည်။

တတိယအချက်ကား....ယနေ့ ကမ္ဘာ့သိပ္ပံပညာရှင်များ စူးစမ်းလေ့လာ စမ်းသပ် တွေ့ရှိထားပြီး ဖြစ်သော အချက်အလက်များ အနက် အများအပြားကို ဆုံးခန်းတိုင်ရောက်နေပြီ၊ ရှေ့သို့တိုးတက်၍ သုတေသနပြုရန်မလိုတော့ဟု မဆိုနိုင်ချေ။ တိုး၍တိုး၍ လေ့လာသည်နှင့်အမျှ အသစ်အသစ်သော အသိဉာဏ်များ ရရှိလာလိမ့်ဦးမည် ဖြစ်သည်။ အသိဉာဏ်သစ် အများအပြားသည်လည်း လက်ရှိ ယူဆချက်များကို ထုချေမြေပြင်ပစ်လိမ့်ဦးမည် ဖြစ်ပေသည်။ ပုံစံပြရသော်....

၁။ လွန်ခဲ့သော နှစ်ပေါင်း တရာကျော် ကာလ်မာ့က်စ် ခေတ်က အက်တမ် (Atom)ကို နောက်ထပ် ခွဲစိတ်၍မရတော့သော အနှစ်မခတ်ဟူ၍ ထိုခေတ်က သိပ္ပံပညာရှင်များက ထင်မြင်ယူဆခဲ့ကြသည်။ ယခုအခါတွင်မူ အက်တမ် (အနုမြူ)ကို ခွဲစိတ်၍ ရလာပြီဖြစ်သောကြောင့် ကာလ်မာ့က်စ် ခေတ်က သိပ္ပံ အယူအဆ ပျက်ပြယ်သွားပြီ ဖြစ်သည်။

၂။ ယခင်က နေ့လုံးခုန်ရပ်သွားလျှင် သေသည်ဟူ၍ သေခြင်း အဓိပ္ပာယ်ကို ယေဘုယျ သတ်မှတ် လက်ခံလာခဲ့ကြသည်။ ယခု အခါ၌မူ ဤ အဓိပ္ပာယ်ဖွင့်ဆိုချက် မလုံလောက်တော့ကြောင်း တိုးတက် တွေ့ရှိလာကြလေပြီ။

၃။ ဂြိုဟ်တုခေတ် မတိုင်မီက လူသားတို့၏ ကမ္ဘာကြီးသည် နေမှ အပူရှိန် (Heat Energy) ကို မှီခိုနေရသည်ဟု သိပ္ပံ ပညာရှင် အများက ပြောခဲ့ကြသည်။ သို့ရာတွင် အာကာသကို အောင်နိုင်စ ပြုလာသော ယခုအအခါ၌ ကြာသပတေးဂြိုဟ် (Jupiter) သည်လည်း နေလောက်နီးနီး အပူရှိန် ပြင်းပြသည်ဟု တွေ့ရှိလာကြပြီ ဖြစ်သည်။

သို့ဖြစ်၍ သိပ္ပံပညာ တိုးတက်လာသည်နှင့်အမျှ အသိအမြင် အသစ် အဆန်းများလည်း ဝင်ရောက်၍သာ လာနေပေသည်။ အမြင်သစ်များသည် သိပ္ပံဆိုင်ရာ အမြင်ဟောင်းများ အယူအဆ ဟောင်းများကို ပြောင်းလဲ၍ ပစ်တတ်လေသည်။

ကိုယ်တိုင် သိပ္ပံပညာရှင် ဖြစ်ကြသူများသည် ဆိုခဲ့ပါအချက် များကို မျက်ခြည်ပြတ်မည့်သူများ မဟုတ်ကြချေ၊ လက်ရှိ တွေ့ရှိ ချက်များကိုလည်း ယာယီ အမှန်တရား အနေဖြင့် သဘောထားနိုင် ကြပေမည်။ အသိသစ် အမြင်သစ် ရရှိလာသော အခါ၌လည်း အဟောင်းကို ပယ်ရဲ စွန့်ရဲကြပေမည်။

ဆိုခဲ့ပါ သိပ္ပံသတိမျိုး ကင်းလျက်နေပါလျှင် မိမိ ကြားဘူး နားဝရှိသော သိပ္ပံဗဟုသုတ အားကိုးဖြင့် အလွန်တရာ နက်ရှိုင်း လှသော သဗ္ဗညု ဘုရားဟော ဓမ္မ သဘောများကို ဝေဖန်မိပေ

လိမ့်မည်၊ လေးနက်သော တရား သဘောများအပေါ် အယုံ အကြည် လျော့ရဲလာပေလိမ့်မည်။

ဗုဒ္ဓဓမ္မပိုင်းတွင် လက်တွေ့လုပ်ကြည့်ပါမှ သဘောပေါက်နား လည်နိုင်သောအချက် များစွာပါဝင်၏။ ဤကိစ္စမျိုးအတွက် ဗုဒ္ဓ သာသနာက 'စိမ်' ခေါ်၍ လက်ကမ်းပေးအပ်နေသော လက်တွေ့ ကျင့်စဉ်များကိုလည်း ကိုယ်ထိလက်ရောက် ကျင့်သုံးကြည့်မိရန် လိုသည်။ ဘုရားကကျင့်ခိုင်းသော အကျင့်သည် အတ္တကိလ မထ ယောဂ အကျင့်မျိုးမဟုတ်၊ အလွန်ကြီး ပင်ပန်းဆင်းရဲခံရန် မလို ပါချေ။ လုပ်ငန်း၏ အကျိုးအမြတ်ကလည်း ချက်ခြင်း ပေါ်နိုင် မည်၊ နှောင်ဘဝအထိ စောင့်နေရန် မလိုပါချေ။ သို့ပါလျက် မစမ်းမသပ်ဖြစ်လျှင်မူကား တာဝန်ရှိသူကို အထူးဖော်ပြဘွယ်မလို ပါပြီ။

မိမိတို့၌ သိပ္ပံအသိကလည်း လက်ဝေခံအသိ၊ ဗုဒ္ဓ ဓမ္မဆိုင်ရာ အသိကကလည်း ပြောသံကြားအသိ၊ ဤအဆင့်၌သာ ရှိသေး ကြောင်း မမေ့အပ်ပါချေ။

အသိမှန် အမြင်မှန် ရှာဖွေရေးကိစ္စ၌ ထားရှိရမည့် 'မူ' ခုနစ် ချက်ကို မြတ်စွာဘုရားက ကာလာမ အမျိုးသားတို့အား ဖော်ပြ ခဲ့သည်။ ဘုရား၏ မူ ခုနစ်ချက်တွင် 'တဆင့်ခံအသိ'ဖြင့် အဟုတ် ထင်ပြီး အမှန်တကယ် လက်ခံ ကျင့်သုံးခြင်း မပြုထိုက်သေး ကြောင်း (ဝါ)မဝေဖန်သင့်ကြောင်း ပါရှိလေသည်။ ထို့ကြောင့် မိမိ ဉာဏ်မမှီသေးလျှင် ဆက်လက်လေ့လာရန် လိုပေသည်။

(အင်္ဂုတ္တရနိကာယ် ကေသမုတ္တိ သုတ်တော်)

ထို့ပြင် မိမိ သုံးသပ်လိုသည့်အချက်နှင့် ပတ်သက်၍ ပြည့်ပြည့်စုံစုံ လေ့လာမိရန် လိုပေသည်။ ပြည့်ပြည့်စုံစုံ မလေ့လာရသေးဘဲနှင့် ထ၍ငြင်းခြင်း၊ ဝေဖန်ခြင်းသည်လည်း၊ အကျိုးထက် အပြစ်သာ များပေရာသည်။

ပုံစံဆိုရသော်- 'လူ၏ဦးနှောက် ရုပ်ကသာ သိသည်၊ နှလုံးသွေးကိုမှီ၍ ဖြစ်သော စိတ် စေတသိက် နာမ်က သိတယ်ဆိုတာ မဟုတ်' ဟု ပြောဆိုမိသူ လူတထောင် ရှိသည် ဆိုပါစို့။ ထိုတထောင်သော ဝေဖန်ရေးသမားထဲ၌ တယောက်သောသူသည် ကိုယ်ထိလက်ရောက် စမ်းသပ်ခန်းထဲဝင်ပြီး ဦးနှောက်က အလုပ်လုပ်ပုံကို ကျကျနန သုတေသန ပြုဘူးပါသလား၊ ယဒယဝတ္ထုခေါ် နှလုံးသွေးနှင့် စိတ် စေတသိက်တို့၏ ဆက်သွယ်ပုံကိုသိရန် ဗုဒ္ဓဘုရား၏ နည်းများကို လက်တွေ့ ကျင့်ကြံကြည့်ဘူးပါပြီလား၊ ဤကဲ့သို့ ဘက်စုံ လုံလုံလောက်လောက် လေ့လာဘူးပါသလား၊ စဉ်းစားဘွယ် ကောင်းလှပါသည်။

သို့ဖြစ်၍ သိပ္ပံခေတ် ဖြစ်သည့်အတိုင်း သိပ္ပံဉာဏ်ဖြင့်ကြည့်ပါ၊ လေ့လာပါ။ သို့သော် တိုးတက်ရွေ့လျားနေသော၊ ပို၍ပို၍ ဆန်းသစ်လာနေသော သိပ္ပံ၏သဘော၊ သိပ္ပံ၏သတိလည်း လက်မလွှတ်စေသင့်၊ လက်တွေ့လုပ်ကြည့်ပါမှ အဖြေထွက်နိုင်သည့် ဗုဒ္ဓဝါဒဆိုင်ရာ ကိစ္စများကိုလည်း ဘက်စုံအောင် လက်တွေ့စမ်းသပ်ကြည့်၊ ပြည့်ပြည့်စုံစုံလည်း လေ့လာ၊ သို့မှသာ တကယ်စစ် တကယ်မှန်သော အသိအမြင်ထူးကို ရရှိနိုင်လိမ့်မည် ဖြစ်ပါသည်။

သဗ္ဗညု မြတ်စွာဘုရားသည် အစိန္တေယျတရား ေ းပါးကို အတိအလင်း ဟောကြားခဲ့ပါသည်။ ထိုအစိန္တေယျတရားလေးပါး

ကို သိပ္ပံပေတာ်ဖြင့် တိုင်းတာကြည့်လိုပါသလား၊ မိမိမှာ တိုင်းတာကြည့်နိုင်လောက်သည့် စွမ်းအားရော ရှိနေပါပြီလား၊ လက်ရှိ သိပ္ပံပေတံဖြင့်တိုင်းလျှင် အစိန္တေယျ တရားမျိုးကို ကုန်အောင် ပေမှီပါမည်လား၊ ဤသို့ ယထာဘူတကျကျ တွေးဆ ဆင်ခြင်ရင်း လေ့လာရန် ဖြစ်ပါသည်။

ထိုအခါ သိပ္ပံကိုလည်း လေ့လာရဦးမည်၊ အစိန္တေယျ တရားကိုလည်း လေ့လာရဦးမည်ဖြစ်ကြောင်း ပေါ်လွင်လာပါလိမ့်မည်။

အရေးအကြီးဆုံး အချက်မှာ မည်သည့်ကိစ္စကို လေ့လာသည်ဖြစ်စေ၊ ယနေ့ လူ့လောက ကောင်းကျိုးအတွက် ဦးတည်သင့်ပေသည်။ ဤအချက်သည် လူ၏ ကိုယ်ကျင့်တရား ကောင်းမွန်ရေးကို အကျိုးပြုသလား၊ အသိဉာဏ် ဗဟုသုတ နယ်ကို ဆန့်ထုတ်ပေးသလား၊ စားဝတ်နေရေး၊ ဘဝရပ်တည်ရေးကို ထောက်ကူသလား၊ ဤသို့ ရှုမြင်ရန် ဖြစ်ပေသည်။ လေ့လာသူအတွက် ပို၍ အရေးကြီးသော အချက်မှာ မိမိ လေ့လာရရှိချက်တို့ကို မိမိကိုယ်တိုင် အသုံးချဖြစ်ဖို့ လိုသည်။ အကျိုးရှိလျှင်၊ ကောင်းလျှင် သူတပါးအားလည်း 'ငှ'ဘို့လိုသည်။ သို့မှသာ အတ္တ၊ ပရ ဖွံ့ဖြိုးတိုးတက်မည် ဖြစ်ပါသည်။

ယခုဆက်လက်၍ အစိန္တေယျတရားကို အစဉ်အလာ မြန်မာပြန်ဆိုကြပုံနှင့် ပတ်သက်၍ စာရေးသူ၏ သုံးသပ်ချက်ကို တင်ပြပါမည်။

"ရဟန်းတို့- အောက်ပါအချက်လေးချက်နှင့် ပတ်သက်၍ ကြံစည်စိတ်ကူးရုံမျှဖြင့် အဖြေမှန်ကိုမရနိုင်။ ယင်း

အချက်လေးချက်မှာ....

၁။ ဗုဒ္ဓဝိသယ-ဘုရားနှင့် ဆိုင်သောအရာ၊
၂။ ဈာနဝိသယ-ဈာန်အဘိညာဉ်နှင့် ဆိုင်သော အရာ၊
၃။ ကမ္မဝိပါက- ကံ၊ကံ၏အကျိုးပေးပုံနှင့် ပတ်သက်သောအရာ၊
၄။ လောကစိန္တာ-လောကကို ကြံစည်စိတ်ကူးမှု၊

ဤအချက်လေးချက်ကို (လက်တွေ့မပါဘဲ) ကြံစည်စိတ်ကူးမှုသက်သက်မျှဖြင့် အဖြေမှန်ကို ဒိဋ္ဌသိမြင်နိုင်မည်မဟုတ်၊ ပင်ပန်းရုံသာ ရှိမည်။ စိတ်ဂယောင်ချောက်ချားဖြစ်ရုံသာ ရှိပေမည်။”

(အင်္ဂုတ္တိုရ်ပါဠိ၊ ပထမ၊နှာ-၃၉၂)

အထက်ပါ ဟောကြားချက်တွင် ပါဠိဘာသာအားဖြင့် ‘အစိန္တေယျာနိ န စိန္တေတဗ္ဗာနိ’ ဟု ရှိသည်။ဤစကားရပ်၌ သဒ္ဒါနည်း ခေတ်နည်းအားဖြင့် ‘စိန္တ’ ခေတ်၏ သဘောနှင့် ‘တဗ္ဗ’ ပစ္စည်းတို့၏ အဓိပ္ပာယ်ကို စဉ်းစားရန် လိုပါသည်။

‘စိန္တ၊ စိန္တနေ’ ဟု ခေတ်ကျမ်းများက ဆိုပါသည်။ ‘ကြံစည်မှု’ ဟူ၍ မြန်မာပြန်ကြသည်။ ‘စိန္တ’ အရ ‘ကြံစည်’ ဆိုသည်နှင့် ‘တက္က-အကြံအစည်၊ ဝိတက္က-အကြံအစည်၊ ပရိကပ္ပ-အကြံအစည်’ စသည်တို့ ကွာခြားပါသည်။

‘စိန္တေတိ’ ကို ‘ဝိဇာနာတိ’ ဟု ရှင်မဟာဗုဒ္ဓဃောသက အနက်ဖော်ထားပါသည်။ ဝိ၊ အထူး၊ ဇာနာတိ၊ သိသည်၊ ထို့ကြောင့်

'ဝိဇာနာတိ၊ အထူးသိသည်၊ စိန္တေတိ၊ အထူးသိသည်'ဟု ဆိုရပါမည်။ 'စိန္တေယျာနိ၊ အထူးသိနိုင်သည့်အရာများ၊ အစိန္တေယျာနိ၊ အထူးဝိသေသအားဖြင့် မသိနိုင်သော အရာများ'ဟုလည်းအနက်ဖော်ယူနိုင်ပါသည်။

'ဝိတက္က၊ ကြံစည်မှု'ဆိုသည်ကိုမူ'အဘိနိရောပန ဟု ဆရာများဖွင့်ဆိုကြ၏။ မိမိ၏စိတ်ကို သိစရာအာရုံများပေါ်သို့ တင်၍တင်၍ ပေးခြင်းဟု ဆိုလိုသည်။ ဤအဓိပ္ပာယ်ကသာလျှင် မြန်မာစကား ကြံစည်မှုဆိုသည်နှင့် ပို၍ နီးစပ်သည်။ ခေတ်လူများပြောနေကြသည့် ကိုးတက်ကြံစည်မှုဆိုသည်နှင့်လည်း လျော်ပါသည်။

တဖန်'တဗ္ဗပစ္စည်း'၏ အဓိပ္ပာယ်ကို ကြည့်ဦးစို့။ တဗ္ဗပစ္စည်းသည် ဘောအနက်၊ ကံအနက်အပြင် အရဟ-ထိုက်ခြင်း၊ သက္က-စွမ်းနိုင်ခြင်းဟူသောအနက်ကိုလည်း ညွှန်းကြောင်း ကစ္စည်းဆရာ မိန့်ဆိုချက်ရှိပါသည်။

'န စိန္တေတဗ္ဗာနိ' တွင် ပါရှိသော တဗ္ဗပစ္စည်း၏အနက်သည် 'စွမ်းနိုင်ခြင်း'ဖြစ်သည်ဟု ယူလိုပါသည်။ ထို့ကြောင့်....

'န စိန္တေတဗ္ဗာနိ'ကို 'အထူးသဖြင့် သိခြင်းငှာ မစွမ်းနိုင်ကုန်' ဟု အနက်ဖော်ရပါမည်။

'ဗုဒ္ဓဝိသယ၊ ဈာနဝိသယ၊ ကမ္မဝိပါကနှင့် လောကစိန္တာ၊ ဤလေးပြာတို့သည် (လူသာမန်များ စိတ်ကူးကြံဆနည်းဖြင့်) အထူးသိမြင်နိုင်သော အရာတို့ မဟုတ်ကြ။ စိုလင်ကုန်စင်အောင် သဘာဝကျကျ ဒိဋ္ဌသိမြင်ခြင်းငှာ မစွမ်းနိုင်ကြ'ဟူ၍ အဓိပ္ပာယ်ယူရပါမည်။

တဘာသာမှ တဘာသာသို့ ဘာသာပြန်ဆိုခြင်း၊ ထိုဘာသာပြန်ချက်အပေါ် မှီငြမ်းပြု၍ အဓိပ္ပာယ်ယူခြင်းသည် မည်မျှသိမ်မွေ့ကြောင်း ခေတ်ပညာရှိတို့လက်ခံပြီးဖြစ်ကြပါသည်။

ဗုဒ္ဓပိဋကတ်လာ ဘုရားဟောဒေသနာများမှာ 'နာနာနယနိပုဏဂမ္ဘီရ'ဟူသော ကြေးကြော်သံဖြင့် ချီတက်နေခြင်းဖြစ်ပါသည်။ နည်းနာနယ အမျိုးမျိုးကြွယ်ဝခြင်း၊ သိမ်မွေ့ခြင်း၊ နက်ရှိုင်းခြင်းတို့ ရှိနေသည်ကို ကြပ်ကြပ် သတိပြုရမည်ဖြစ်ပါသည်။ ပါဠိဘာသာကို မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ ဟိန္ဒီဘာသာစသည်သို့ ပြန်ဆိုပြီး ကိုယ့်ဘာသာအရ အဓိပ္ပာယ်ကောက်ချက်ယူမှုသည် အပ်ဖျားပေါ်က မုန်ညင်းစေ့ပမာ အတိမ်းအစောင်းအနည်းငယ်မျှ ခံမည်မဟုတ်ကြောင်း အထူးတင်ပြဘွယ်မလိုပါ။ ထို့ကြောင့် ရှေးပညာရှင်တို့က ဘာသာမပြန်ဘဲ တိုက်ရိုက်မေးစားခြင်း၊ ပါဠိသက်ဝေါဟာရပြုခြင်းဖြင့် ထိုလွဲမှားမှုအန္တရာယ်ကိုရှောင်ခဲ့ကြပါသည်။

'အစိန္တေယျ'မကြံစည်အပ်သောတရား၊ 'န စိန္တေတဗ္ဗာနိ'မကြံစည်အပ် မကြံစည်ထိုက်ကုန်ဟူ၍ ဘာသာပြန်ဆိုချက်များ ရှိပါသည်။ သို့သော် ဘာသာပြန်ဆိုချက်ကိုရင်း၊ သဘာဝစိစစ်မှုကိုရင်းမပြုမိသူတို့သည် 'မကြံစည်အပ်ကုန်'ဟူသော မြန်မာဘာသာပြန်သက်သက်ကိုသာ ကြည့်ရှုပြီး မြတ်ဗုဒ္ဓအပေါ် စွပ်စွဲမိလာပါသည်။

"ဂေါတမမြတ်စွာဘုရားက လူတွေ၏ တိုးတက်ကြံစည်မှုကို ပိတ်ပင်ခဲ့တယ်၊ တားဆီးခဲ့တယ်၊ တိုးတက်သောခေတ်ကို ဟန့်တားခဲ့တယ်၊ လူတွေကို ထုံထိုင်းစေတယ်၊"ဟု အပြင်းအထန် ဝေဖန်မိ

ကြပါသည်။ ဤဝေဖန်ချက်သည် အစိတ္တေယျတရား ဘာသာပြန် လောက်ကိုသာ သမန်ကာလျှံကာ ဖတ်ပြီး ဝေဖန်ခြင်းဖြစ်ပေသည်။

ပါဠိတော်ရင်း၌ 'န စိန္တေတဗ္ဗာနိ' ဟုသာ ဟောခဲ့လေသည်။ 'န ဝိတက္ကေတဗ္ဗာနိ' မကြံစည်အပ်၊ မသိအပ်' ဟု မဟောခဲ့သည်ကို သတိပြုစရာကောင်းလှ၏။ 'န စိန္တေတဗ္ဗာနိ' အရ အထူးသိခြင်းငှာ မစွမ်းနိုင်ကုန်ဟု ဆိုလျှင် နည်းနည်းပါးပါး တစိတ်တဒေသ သိချင်သိနိုင်သည်။ ကြံဆချင်သူများလည်း သူ့ဟာသူ ကြံချင် ကြံနိုင်သည်ဟူသော အဓိပ္ပာယ်သက်ရောက်သည်။ သို့သော် ဗုဒ္ဓ အကြောင်း၊ စျာန်အဘိညာဉ်အကြောင်း၊ ကံအကြောင်းနှင့် လောကဓာတ်အကြောင်းတို့ကို စာပွဲမှာထိုင်ပြီး ကြံနေ တွေးနေ ရုံမျှဖြင့် အချိန်ကုန်သော်လည်း စုံလင်ကုန်စင်အောင် သဘာဝ ကျကျ အထူးသိမြင်မည်ကား မဟုတ်ဟု သတိပေးလိုရင်းသာ ဖြစ်ပေသည်။

စင်စစ် မြတ်စွာဘုရားသည် အတွေး အကြံ အပြောထက် အလုပ် သန်စေလိုပါသည်။

၁။ သမ္မာသမ္ဗုဒ္ဓဘုရားဆု။

၂။ ပစ္စေကဗုဒ္ဓဆု။

၃။ အဂ္ဂသာဝကဆု။

၄။ မဟာသာဝကဆု။

၅။ ပကတိသာဝကဆု။

ဤဆုတခုခုကို လိုအပ်သောသူတို့အတွက် ပါရမီဆယ်ပါး၊ ဥပပါရမီဆယ်ပါး၊ ပရမတ္ထပါရမီဆယ်ပါး၊ ဘာဝနာ-၄ဝ၊ ဗောဓိ ပက္ခိယတရား ၃၇-ပါး၊ သမ္မဒါလေးပါး စသော ကျင့်စဉ်လမ်း

ကောင်းများကို ဖွင့်ပေးခဲ့ပြီး လုပ်ငန်းစဉ် ချပေးခဲ့ခြင်းသည် လုပ်အားသန်စေလိုသည့် ခိုင်မာသော အထောက်အထားတရပ် ဖြစ်ပါသည်။ သူ့ နေရာနှင့်သူ လက်တွေ့အလုပ်လုပ်၊ လက်တွေ့မှ အသိဉာဏ်ထုတ်၊ ဤသည်သာ နည်းဟုတ်သည်။ ပန်ကာအောက်မှာထိုင်ပြီး စိတ်ကူးပေါက်ရာ လျှောက်ပြော၊ လျှောက်ရေး၊ ဤသို့သော ပညာရှိယောင်တို့အတွက် အစိန္တေယျတရာ ဖြင့် သတိပေးခဲ့ခြင်း ဖြစ်ပေရာသည်။

ထို့ပြင် ဤအစိန္တေယျတရားလေးပါးကို ဟောကြားခြင်းသည် ဗုဒ္ဓမြတ်စွာကိုယ်တိုင်နှင့် အဘိညာဉ်အသိပိုင်ရှင်ကြီးများမှတပါး ရိုးရိုးပုထုဇဉ်လူသားများအတွက် ရည်ညွှန်းချက် ဖြစ်ကြောင်း ဒေသနာစကားရိပ်အရ နားလည်နိုင်ပါသည်။အထူးသဖြင့် မြတ်ဗုဒ္ဓခေတ်တဝိုက်တွင် ထင်ရှားလျက်ရှိသော ပုရာဏကဿပစသော တိတ္ထိဆရာကြီးများ၊ ဆိုကရေးတီးစသည်ကဲ့သို့ တွေးခေါ်မြော်မြင်ရေးသမားကြီးများကို လှမ်း၍သတိပေးလိုက်ခြင်း ဖြစ်သည်ဟုလည်း ဆိုနိုင်၏။

ဗုဒ္ဓဝိသယ၊ ဘုရားအရာနှင့် ပတ်သက်၍ အစိန္တေယျဖြစ်ပုံကို တန်ခိုးတော်များဖြင့်မှန်းဆကြည့်ရန် သဒ္ဓါမရင့်သေးသူများအဖို့ လွယ်ကူဘွယ်မရှိချေ။

သို့ဖြစ်၍ ဗုဒ္ဓဝိသယကို ဘုရားရှင် ဟောကြားထားခဲ့သော တရားဓမ္မဖြင့် ချဉ်းကပ်ကြည့်နိုင်၏။ ဂေါတမမြတ်စွာဘုရားသည် ၄၅-နှစ်ပတ်လုံး မနေမနား တရားဟောကြားခဲ့၏။ ဟောသမျှ တရားတို့ကို ချုပ်လိုက်လျှင် မြတ်ဗုဒ္ဓ၏အလိုမှာ ဝိမုတ္တိရသ၊ ဘဝဒုက္ခလွတ်မြောက်မှုကိစ္စတချက်တည်းသာ ရှိသည်။

ယင်း ဝိမုတ္တိရသကို ခွဲယူမူ ဓမ္မ,ဝိနယဟု နှစ်မျိုး၊ သုတ်,ဝိနည်း, အဘိဓမ္မာဟု သုံးမျိုး၊ ဒီဃနိကာယ,မဇ္ဈိမနိကာယ, သံယုတ္တနိကာယ, အင်္ဂုတ္တရနိကာယ, ခုဒ္ဒကနိကာယဟု ငါးမျိုး၊ သုတ္တ,ဂေယျ, ဝေယျာကရဏ,ဂါထာ,ဥဒါန,ဣတိဝုတ္တက,ဇာတက, အဗ္ဘုတဓမ္မ, ဝေဒလ္လဟူ၍ အင်္ဂါကိုးမျိုးဖြစ်လာ၏။ ယင်းတို့ကို ဓမ္မက္ခန္ဓာ(တရားအစု)လိုက် ရေတွက်လျှင် ရှစ်သောင်းလေးထောင်ဖြစ်၏။

ထိုတရားတော်များသည် သတ္တဝါဝေနေယျတို့၏ အလိုဆန္ဒ ဉာဏ်စွမ်းဉာဏ်စ လုံ့လဝီရိယစသည် (ပုဂ္ဂလဇ္ဈာသယ)ကို အခြေခံ၍ ဟောထားသည်ဖြစ်ရာ အကျိုးနှစ်ရပ်ကို ညွှန်းပြလျက်ရှိနေသည်။ 'မသိသူ ကျော်သွား၊ သိသူ ဖော်စား'ဆိုသကဲ့သို့ ပါးနပ်၍ ဉာဏ်ဝီရိယဖြင့် တီထွင် ကြံဆမှုရှိသူများအဖို့ ဓမ္မရေးသာမက လောကရေးအတွက်ပါ အသုံးဝင်လျက်ရှိပေသည်။

ထိုတရားတော်များအနက် ခုဒ္ဒကနိကာယ်တွင် အဘိဓမ္မာခုနစ်ကျမ်း ပါရှိ၏။ ထိုခုနစ်ကျမ်းအနက် နောက်ဆုံးဖြစ်သော ပဋ္ဌာန်းကျမ်းတခုတည်းကိုပင် လေ့လာကြည့်သင့်၏။ ကမ္ဘာ့အကြီးဆုံး ဤပဋ္ဌာန်းကျမ်းမဟာကို မြတ်ဗုဒ္ဓမှတပါး မည်သည့်အတွေးသမား အကြံသမားသည် ဟောနိုင်အံ့နည်း။တလောကလုံးကို ၂၄-ပစ္စည်းဖြင့် ကိုးကြောင်းလှည့်ပြထားပုံကို သင်ယူလေ့လာလျှင်ကား ဗုဒ္ဓဝိသယ၏ အစိန္တေယျဖြစ်ပုံကို လုံးဝသဘောပေါက် လက်ခံပေမည် မလွဲတည်း။

ထို့ပြင် သုတ္တန်ကျမ်းများ၌ ဘုရားမြတ်၏ စိတ်ဓာတ်၊အပြုအမူ၊ ဆောင်ရွက်ချက် ထူးခြားပုံများကို နက်ရှိုင်းစွာ လေ့လာနိုင်၏။ သုတ္တန်များတွင် ပေးထားသော ပဋိပတ္တိကျင့်စဉ်များကို

လက်တွေ့ကျင့်သုံးကြည့်ပြီး နည်းပေးသူ ဆရာဘုရားအား အကဲဖြတ်ကြည့်နိုင်၏။

ဝိနည်းပိဋကတ်တော်ကို လေ့လာပြီး ကမ္ဘာ့သူတော်ကောင်းကြီးစနစ်ကို အောင်မြင်စွာ ထူထောင်ပေးခဲ့ပုံစသည်ကို ကျယ်ပြန့်စွာ ရှုဆသင့်၏။

ဤစာအုပ်တွင် ကျွန်တော်လေ့လာထားသော အစိန္တေယျတရားလေးပါးနှင့် နိဗ္ဗာန်အကြောင်းကို တင်ပြပါသည်။ ယင်းသို့တင်ပြရာ၌ မျက်မှောက်ခေတ်နှင့် ဆီလျော်မည့် အစီအစဉ်၊ အရေးအသား အသုံးအနှုန်း ထို့ပြင် မှန်းမံထားပါသည်။ အစိန္တေယျတရားအပေါ် ကျွန်တော်သိသလို သိစေရန်ဖြစ်ပါသည်။ သို့ဖြစ်၍ အစိန္တေယျတရားအပေါ် ကျွန်တော်ထက် သိသောသူများအတွက် မရည်ရွယ်ကြောင်း ထင်ရှားပါသည်။ 'စင်စစ် 'အစိန္တေယျ အပ္ပမေယျ ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော' စသည်ဖြင့် နေ့စဉ် ဘုရားရှိခိုးနေသူများအား အစိန္တေယျအကြောင်း ပို၍ သဘောပေါက်နားလည်စေရန် ရည်သန်ပါ၏။

ထို့ပြင် ဗုဒ္ဓဘာသာအကြောင်းကို ခေတ်မှီမှီ လေ့လာလိုက်စားလိုသူများအတွက်လည်း ရည်ရွယ်ပါသည်။ ယခုခေတ်တွင် ဗုဒ္ဓအပေါ်၌၎င်း၊ ဈာန်အဘိညာဉ်အပေါ်၌၎င်း၊ ကံ ကံ၏အကျိုး၌၎င်း၊ ၃၁-ဘုံဝါဒ၌၎င်း ယုံကြည်မှု လျော့ရဲသူများ တိုးပွားနေပါသည်။ ယင်းသို့ တိုးပွားခြင်းမှာ ထိုအချက်တို့အပေါ် မသိသူများလာ၍ဖြစ်ပါသည်။မသိသူ များလေလေ မယုံကြည်သူ တိုးလေလေ ဖြစ်ပါသည်။ မသိမှုသည် အခရာဖြစ်ပါသည်။

ထို့ကြောင့် လူတိုင်း၏လက်ထဲသို့ အလွယ်တကူ ရောက်နိုင်ပါစေရန် ရည်သန်လျက် အစိန္တေယျဒီကာသဖွယ်ဖြစ်သော ဤကျမ်းစာကို ပြုစုတင်ပြလိုက်ပါသည်။ လူ ဖြစ်နေခိုက် လူ့ဘဝတွင်ရှိနေသော အသိဉာဏ်ရတနာများကို ဘွေ့ရခြင်းသည် ဘဝပေးအခွင့် အရေးတရပ် ဖြစ်ပါသတည်း။

နှစ်ဖက်လှ-ဦးကျော်လွင်

၂၄-၉-၇၄

အခန်း ၁

## ဗုဒ္ဓ ခေတ်ကြိုကာလ

ဗုဒ္ဓမြတ်စွာဘုရား ပွင့်ထွန်းတော်မမူသေးမီ ကမ္ဘာပေါ်ရှိ လူသားတို့၏ ဘာသာရေးနှင့် တွေးခေါ်မြော်မြင်ရေး သဘောတရား အခြေခံများကို သုံးသပ်ကြည့်လျှင် ဤသို့ တွေ့ရမည် ဖြစ်ပါသည်။

ဤတွင် မြတ်ဗုဒ္ဓ ခေတ်ကြိုကာလကို သတ်မှတ်ရန် လိုအပ်၏။ သဗ္ဗညု ဘုရားတဆူ မပွင့်မီ အနှစ်တထောင်က တင်ကူးပြီး လူ့လောက၌ ဘုရားပွင့်လိမ့်မည်ဟု ဗုဒ္ဓ ကောလာဟလ ဖြစ်ပေါ်ခဲ့စမြဲဟု ဆိုပါသည်။ ဤ ဗုဒ္ဓ ကောလာဟလခေတ် နှစ်တထောင်အတွင်းကာလကို ဤ၌ ပိုင်း၍ယူအပ်ပါသည်။

သို့သော် ဤ နှစ်တထောင်ကာလ အစပိုင်းနှင့် အလယ်ပိုင်း၌ ဘာသာရေးနှင့် သဘောတရားမှတ်တမ်း များစွာ မတွေ့ရပါ။ ကမ္ဘာဦးက စတင်တည်ရှိလာသည်ဆိုသော ဟိန္ဒူဗြဟ္မဏ ဝါဒမူကား ရှိခဲ့ဟန်တူပါသည်။

ဆရာ ဝီလီယန်ဂျုန်းစ်၏ ဖော်ပြချက်အရ အာရှတိုက်အလယ်ပိုင်း၌ အရိယန်လူမျိုးတို့ လက်တွင်းတွင် ဗေဒကျမ်းများ ရှိခဲ့သည်

ဟု သိရ၏။ ယင်းဗေဒကျမ်းများကို အရိယန်လူမျိုးတို့ အိန္ဒိယသို့ တင်သွင်းလာခဲ့သည်ဆိုသော ယင်း၏ဇာတ်လမ်းကိုမူ ပညာရှိများ လက်သင့်ခံခြင်း မပြုကြချေ။

၁၉၂၀-ခုနှစ်လောက်တွင် အိန္ဒိယ ရှေးဟောင်းသုတေသန ဌာနက တူးဖော်တွေ့ရှိခဲ့သော အိန္ဒိယပြည် ဣန္ဒုမြစ်ဝှမ်းရှိ မိုဟင်ဂျိုဒရို မြို့ဟောင်းနှင့် မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဌာနက တူးဖော်တွေ့ရှိခဲ့သော ဗိဿနိုးမြို့ဟောင်းတို့မှ ဗြဟ္မဏ အယူဆံသော ရှေးဟောင်းပစ္စည်း အစအနများ တွေ့ရသည်ဟု သိရပါသည်။ ဤမြို့ဟောင်းကြီးများသည် ဗုဒ္ဓ ကောဋ္ဌာဟာလခေတ် အတွင်းက ထွန်းကားခဲ့သောမြို့များ ဖြစ်နိုင်ကြောင်း ခန့်မှန်းကြပါသည်။

ဘီ-စီ ၈၀၀-ကျော် ၉၀၀-အတွင်း (ဗုဒ္ဓမပွင့်မီ နှစ်ပေါင်း ၂၅၀-၃၀၀ခန့်အတွင်း)တွင် ဂရိခ်ပညာရှိကြီးဟိုးမား Homer ပေါ်ပေါက်ခဲ့ဘူး၏။ သို့သော် အင်္ဂလိပ်လူမျိုး သမိုင်းဆရာကြီး ဂရုတ် (Grote) ကမူ ဂရိခ်ရာဇဝင်ကို ဘီ-စီ ၇၇၆-ခုနှစ်ကမှ စရပေမည်ဟု ဆိုပါသည်။

သို့ကြောင့် အယူဝါဒ သဘောတရားရေးနှင့် ပတ်သက်၍ ဗုဒ္ဓ ကောဋ္ဌာဟလခေတ် နောက်ပိုင်း ဘုရားပွင့်ခါနီး အချိန်ပိုင်းကို အထူးသဖြင့် ယူအပ်ပါသည်။

ကမ္ဘာ့ဒေသများတွင်လည်း အာရှတိုက် အနောက်တောင်ပိုင်း မြေထဲပင်လယ် မြောက်ဖက်ကမ်းဒေသနှင့်အာရှတိုက်တောင်ပိုင်းရှိ အိန္ဒိယ မဇ္ဈိမဒေသ၊ တိဗက် တရုတ်ကုန်းမြင့် ဒေသများကိုသာ အဓိကထား၍ ဆင်ခြင်အပ်ပါသည်။ အကြောင်းမှာ ထိုဒေသကြီး

တို့သည် ကမ္ဘာ့ယဉ်ကျေးမှုမိခင်ဒေသကြီးများ ဖြစ်ကြသော ကြောင့်ပါတည်း။

## ကိုးကွယ်ရေး လမ်းစ

လူ့သမိုင်းဆရာတို့၏ အဆိုအရ လူသည် ခြေသလုံးအိမ်တိုင် ဘဝမှ တဖြေးဖြေးချင်း ယဉ်ကျေးလာပြီး အစုအသင်းနှင့် နေ တတ်လာသူများ ဖြစ်သည်ဟု သိရ၏။ မည်သို့ပင်ဖြစ်စေ လူသည် ကြောက်တတ်မှု (ဒေါသ - Fear ) နှင့် ရလိုမှု (ဆန္ဒ-လောဘ- Reward) သဘောတရားများဖြင့် ဖွဲ့စည်းထားသော သတ္တဝါ တခုသာ ဖြစ်ကြောင်းမှု ထင်ရှားပါသည်။

လူ့လောကကြီးတွင်လည်း ကြောက်စရာ အမြောက်အမြား ရှိသည့်နည်းတူ ရယူချင်စရာများနှင့်လည်း ပြည့်နှက်လျက် ရှိနေ ပါသည်။ ဒီရေတက်ခြင်း၊ မီးကြီးလောင်ခြင်း၊ လေမုန်တိုင်းကျ ခြင်းစသော သြကာသလောက၏ ဘေးအန္တရာယ်များ၊ မြွေဘေး၊ သစ်, ကျား, ဆင်ရိုင်းဘေး၊ မချစ်မနှစ်သက်သူဘေးစသော သတ္တ လောက၏ ရန်ပြုမှုများနှင့် နာဖျား မကျန်းမမာ အို နာ သေရ ဘေးဒုက္ခများ၏ နှိုက်စက်ကလူပြုမှုကို လူသားသည် အလူးအလဲ ခံနေရသည်သာ ဖြစ်သည်။

ဤသို့သော ဘဝ ဒုက္ခအန္တရာယ်များ၏ လုံ့ဆော်ဖန်တီးမှု ကြောင့် လူသားသည် ကြောက်တတ်လာသည်။ ထိုဘေးဆိုး ဒုက္ခဆိုးတို့မှ ကင်းငြိမ်းမှုကို လိုလားလာကြသည်။ ကိုးကွယ်ရာကို ရှာဖွေလာကြလေသည်။

ဤအချက်နှင့် ပတ်သက်၍—

ဗဟုံ ဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိစ၊
အာရာမရုက္ခ စေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။

(ဓမ္မပဒ-ဂါထာ-၁၈၈)

'ဘေးအန္တရာယ်အမျိုးမျိုးကို ရှုံ့စိုး ထိတ်လန့်နေကြကုန်သော လူတို့သည် တောင် တော အရာမ်ဥယျာဉ် စသည်တို့ကို အားကိုးကာကွယ်ရာ ထင်မှတ်၍ ဆည်းကပ်ကြကုန်၏' ဟု မြတ်ဗုဒ္ဓ ဟောကြားထားခဲ့သည်။

ပင်လယ်သမုဒ္ဒရာ၌ အသက်မွေးမှု ပြုကြသူတို့သည် သမုဒ္ဒရာ စောင့် နတ်များကို ကိုးစားကြသည့်နည်းတူ တောရပ်ဒေသ၌ လုပ်ကိုင်စားသောက်ကြသူတို့လည်း တော တောင် ဥယျာဉ်စသည် တို့ကို ပူဇော်ကြသည်။

ထို့ပြင် ကောက်ပင် စိုက်ပျိုးအောင်မြင်လိုမှုအတွက် မိုး နတ် စသည်ကို ပသကြ၏။ သားဆုပန်ရန် တောစိုး သစ်ပင်ကြီးများ၌ ရှိမည်ထင်သော နတ်တို့ကို တင်မြှောက်ကြသည်။

ဆိုခဲ့ပါ ကိုးကွယ်မှုတို့မှာ ဒဏ္ဍာရီများ၏ လှုံ့ဆော်မှုနှင့် မကင်းဟု ယူဆနိုင်ပေသည်။

ဤသည်တို့မှာ ထိုစဉ်က ကမ္ဘာ့လူသား အားလုံးလိုလိုနှင့် သက် ဆိုင်သော မြင်ကွင်းကျယ်ဖြစ်ပါသည်။ ဤကဲ့သို့ လူသားတို့ ကိုး ကွယ်ရေး ဆာလောင်မွတ်သိပ်နေမှုသည် ကမ္ဘာပေါ်တွင် ဘာသာ ရေးများ ပေါ်ထွန်းလာစေရန် လမ်းဖွင့်ပေးထားသကဲ့သို့ပင် ရှိပေသည်။

တော တောင် ရေ မြေကိုးကွယ်မှုမှ တဆင့် ထူးခြားလာသော အချက်မှာ ဖန်ဆင်းမှုကို လက်ခံလာကြခြင်း ဖြစ်သည်။ လျှို့ဝှက်ချက်များနှင့် ပြည့်နှက်ပြီး ဆန်းကြယ်လှသော ဤကမ္ဘာ လောကကြီးကို တန်ခိုးရှင်တဦးက ဖန်ဆင်းခဲ့ခြင်း ဖြစ်ရသည်ဟု တိုးတက်ယူဆလာကြသည်။ ဤဝါဒသည် အိန္ဒိယနှင့် ဂရိ ရောမ စသောဒေသများ၌ တော်တော် ခေတ်စားလာသည်။

ဗုဒ္ဓမပွင့်မီ နှစ်ပေါင်း ၄၀၀-ခန့်၊ ဘီစီ ၁၀၀၀-ခန့်က ထာဝရတန်ခိုးရှင်ထံမှ ကျမ်းစာအုပ်တအုပ် ရလိုက်သည်ဆိုသော ဇိုရစ္စတာ (ZOROASTER) အမည်ရှိ ပညာရှိကြီးတဦး ပေါ်ထွန်းခဲ့သည်။ ရှေးအကျဆုံး ပါရှားလူမျိုးတို့သည် ထိုဇိုရစ္စတာ၏ဝါဒကို လက်ခံကိုးကွယ်ခဲ့ကြ၏။ ထိုဝါဒသည် ဖန်ဆင်းရှင်ဝါဒ (ဣဿရနိမ္မာနဝါဒ) မျိုးဖြစ်ကြောင်း သိရှိနိုင်ပေသည်။ ရှေးအကျဆုံးဖြစ်သော ပါရှားအင်ပိုင်ယာကြီးသည် ဘီစီ ၅၀၀-ကျော်က ထွန်းကားခဲ့သည်ဖြစ်၍ အိန္ဒိယ၌ သိဒ္ဓတ္ထမင်းသား မွေးဖွားချိန်လောက် ဖြစ်ပေရာသည်။

ဘီစီ ၅၈၂-ခုနှစ်တွင် ခေါမတိုင်းသား ဂရိလူမျိုးထဲမှ ပိုက်သဂိုးရာ့စ်အမည်ရှိ ပညာရှိကြီး ပေါ်ပေါက်ခဲ့၏။ သိဒ္ဓတ္ထမင်းသားသည် ဘီစီ ၅၈၈-တွင် ဘုရားအဖြစ်သို့ ရောက်သောကြောင့် ပိုက်သဂိုးရာ့စ်၏ မွေးနှစ်ထက် ၆-နှစ်ခန့်ပင် စောနေသေးသည်။ ထို့ကြောင့် ပိုက်သဂိုးရာ့စ်သည် အိန္ဒိယအပါအဝင် နိုင်ငံအများအပြားသို့ ပညာသင်သွားပြီးနောက် 'သူ့အသက်မသတ်ရ၊ အသားမစားရ၊ အရက်သေစာမသောက်ရ၊ ဆိတ်ဆိတ်နေရမည်၊ မေတ္တာထားရမည်' စသည်ဖြင့် ဟောပြောရာ ယင်း၏ ဟောပြောချက်

များကို ဗုဒ္ဓခေတ်ကြိုကာလတွင် ထည့်သွင်းရန် မလိုတော့ချေ။ ဗုဒ္ဓပွင့်ပြီးမှ ဖြစ်သောကြောင့်တည်း။

ဆိုကရေတီးစ် (ဘီစီ ၄၇၀-၃၉၉)၊ ဂျီးဇက်စ်ခရစ်စ် (အေဒီ ၁-၃၃)နှင့် မိုဟာမက် (အေဒီ ၅၇၀-၆၃၂)စသော ပုဂ္ဂိုလ်တို့၏ ဝါဒများသည် ဗုဒ္ဓခေတ်(ဘီစီ ၅၈၈-၅၄၃)၏နောက်ပိုင်း အတော်ကျနေသဖြင့် ဗုဒ္ဓ၏ ခေတ်ကြိုအခြေအနေကို ဖော်ပြသော ဤနေရာနှင့် သက်ဆိုင်ခြင်းမရှိတော့ချေ။

သို့သော် အောက်ဖော်ပြပါ အချက်အလက်တို့သည်ကား ဗုဒ္ဓခေတ်ကြိုကာလနှင့် သက်ဆိုင်ပေရာသည်။

## ဂရိ(စ်)တို့၏ အတွေးအခေါ်

ဂရိတ်ပြည် အေသင်မြို့နှင့် ရေလက်ကြားတခုသာခြားသော အေရှမိုင်းနားကျွန်းဆွယ်၏ အနောက်ဖက် ကမ်းခြေတွင် မီလီတပ်စ်(MILETUS)ခေါ် မြို့တမြို့ရှိခဲ့သည်။ ထိုမြို့သည်-တာကီ (တူရကီ-TURKEY)ပြည်တွင် ပါဝင်သည်။

ထိုမြို့တွင် ဘီစီ ၆၂၄-၅၄၇၌ သဲလိ(စ်)(THALES)ဆိုသော ပညာရှိကြီးတဦး ထွန်းကားခဲ့သည်။ သူသည် သင်္ချာ၊ အင်ဂျင်နီယာပညာ၊ နိုင်ငံရေးပညာနှင့် နက္ခတ်ပညာတို့တွင် အလွန်တော်သည်။

သဲလိ(စ်)သည် ရှေးဟောင်းဒဏ္ဍာရီဝါဒ၊ ဖန်ဆင်းရှင်ဝါဒတို့ အောက်တွင် ကြီးပြင်းရသူဖြစ်သော်လည်း ထိုဝါဒတို့ကို လက်

သင့်မခံဘဲ လောကနှင့်ပတ်သက်၍ အမှန်တရားကို ရှာဖွေရန် ကြိုးစားခဲ့သည်။

သို့ဖြစ်၍ ကမ္ဘာမြေကြီးသည် ရေပြင်ပေါ်၌ တည်နေသည်၊ ကမ္ဘာမြေကြီးကို ပင်လယ်သမုဒ္ဒရာက ဝိုင်းပတ်ထားသည်။ မည်သည့်အရာမဆို ရေမှစတင်ဖြစ်လာကြသည်။ နောင်ပျက်စီးသည့်အခါတွင် ရေတွင်ပင် အဆုံးသတ်ကြရသည်။ ဤသို့ သဲလိ(စ်) မြင်လာသည်။

ထို့ကြောင့် ရေသည် လောကကြီး၏ လက်မှန်အစဖြစ်သည်။ တလောကလုံးတွင် အရေးအကြီးဆုံးအရာဖြစ်သည်။ ရေသည်သာ တကယ့်အစစ်အမှန် သဘာဝဖြစ်သည်ဟူ၍ သဲလိ(စ်)က ကြွေးကြော်ခဲ့လေသည်။

သဲလိ(စ်)သည် ယနေ့ လက်ရှိ ဥရောပဖီလိုဆိုဖီ ပညာရှင်တို့၏ ဖခင်ကြီးသဖွယ်ဖြစ်သည်။ သဲလိ(စ်)၏ ယူဆချက်သည် ယနေ့ ဖီလိုဆိုဖီပညာ၏ ပနက်သဲဖြစ်၏။ သဲလိ(စ်)၏ တွေးခေါ်မြော်မြင်နည်းသည် သဘာဝလမ်းကြောင်းကို စတင်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ခေတ်အဆက်ဆက် ဥရောပလူသားတို့သည် မိမိတို့၏ ဉာဏ်သက်ရောက် တွေးမြင်ကြံဆကြ၍ လောကအကြောင်း အမှန်တရား အကြောင်းကို အမျိုးမျိုး ပြောဆိုရေးသားခဲ့ကြသည်။ ဥရောပ ဖီလိုဆိုဖီဆိုသည်မှာ ထိုသူတို့ ပြောဆိုရေးသားခဲ့ကြသော သဘောတရားဆိုင်ရာ မှတ်တမ်းများပင်ဖြစ်သည်။

အိန္ဒိယ မဇ္ဈိမဒေသ၌ ဘီစီ ၆၂၃-၌ သိဒ္ဓတ္ထမင်းသား ဖွားသန့်စင်ခဲ့သည်ဖြစ်ရာ သဲလိ(စ်)သည် ဘုရားအလောင်းပေါ်ထွန်းချိန်နှင့် တိုက်ဆိုင်နေသည်။ သို့သော် သဲလိ(စ်)သည် အသက်

၇၇-နှစ် နေသွားရာ မည်သည့် နှစ်လရက်အချိန်၌ တွေးခေါ် မြော်မြင်ရေး သဘောတရားကို စတင်သိမြင်သည်၊ စတင်ထုတ်ဖော်သည်ဟူ၍ အတိအကျအခိုင်အမာ မသိကြရပေ။

ခြုံ၍ကြည့်လျှင် ဂေါတမမြတ်ဗုဒ္ဓသည် သိဒ္ဓတ္ထမင်းသားဘဝ နှင့် နေစဉ်လောက်အချိန်တွင် ဂရိတ်ပြည်နှင့် အေရှမိုင်းနား ကျွန်းဆွယ်တဝိုက်၌ ဒဿနရှိပုံပြင်များအရ ကိုးကွယ်မှုများ၊ ဖန် ဆင်းရှင်ဝါဒကို လက်ခံနေသူများနှင့် သဲလိ(စ်)ကဲ့သို့ ပညာရှိ များက လောကသဘာဝအကြောင်းနှင့် စပ်လျဉ်း၍ တွေးခေါ် တင်ပြချက်များကို မြင်နိုင်ပေသည်။

ဤဒေသ၌ ဖန်ဆင်းရှင်ဝါဒသည် ဇိုရစ္စတာမှ စတင်သည်ဟု ဆိုရန်ရှိသည်။ သိသိသာသာထွန်းကားသည်မှာ ရှေးဟောင်း ပါ ရှား အင်ပိုင်ယာ၌ဖြစ်သည်။ ဇိုရစ္စတာ ရရှိသည်ဆိုသော ကျမ်း အပါအဝင် ပါရှားလူမျိုးတို့၏ ကျမ်းစာများ၌ အိန္ဒိယကျမ်းများ မှ ကူးယူထားချက်များ အများအပြားပါဝင်နေသည်ဟု ကမ္ဘာ့ ကျမ်းဂန်များကို လေ့လာသူများက ဆိုထားလျက်ရှိသည်။

## အိန္ဒိယ၌ ရှိနှင့်သော ဝါဒများ

တဖန် အာရှတိုက် အိန္ဒိယဘက်သို့ကြည့်လျှင် ဗြဟ္မဏဝါဒနှင့် ဗေဒများ ထွန်းကားနေသည်ကို တွေ့ရပေမည်။ ဤဗြဟ္မဏဝါဒ တွင် ကမ္ဘာကို ဗြဟ္မာက ဖန်ဆင်းသည်ဟူသော အယူအဆ ပါ ဝင်လျက်ရှိသည်။ အတော်ရှေးကျသော ကမ္ဘာ့ခေတ်ဦး ကာလ လောက်ကပင် ဤဝါဒ အမြစ်တွယ်လာသည်ဟု ဆိုသည်။

ကံ၊ ကံ၏အကျိုးတရားကို ယုံကြည်လက်ခံမှု၊ အတိတ်ဘဝ၊ အနာဂတ်ဘဝနှင့် ဘဝလွတ်မြောက်မှု စသည်တို့ ရှိနိုင်သည်ဟူသော အယူအဆများလည်း ထွန်းကားလျက်ရှိသည်။

ဝေဒများနှင့်ပတ်သက်၍ ထိုစဉ်က အိန္ဒိယတွင်ရှိသော ဂိုဏ်းဂဏများအနက် နျာယ၊ ဗိုက်ရှိရှိက၊ စန်ကျာ၊ ယောဂ၊ မီမန်သျာ၊ ဝေဒန္တဂိုဏ်းတို့သည် ဝေဒများကို လက်ခံကြ၏။ ချာပကနှင့် ဂျိန ဂိုဏ်းတို့သည် ဝေဒများကို လက်သင့်မခံကြချေ။

ဂေါတမမြတ်စွာဘုရား ပွင့်ထွန်းတော်မမူမီ အိန္ဒိယတိုက်၌ ရှိနှင့်နေသော အယူဝါဒအမျိုးမျိုးကို အကြမ်းဖျင်း ခွဲခြားကြည့်လျှင်

၁။ ဘဝလွတ်မြောက်ရေးနှင့် မသက်ဆိုင်သော ဝါဒများ၊-

၂။ ဘဝလွတ်မြောက်မှုနှင့် သက်ဆိုင်သော ဝါဒများဟူ၍ နှစ်ပိုင်း တွေ့ရှိနိုင်ပေသည်။

ဘဝလွတ်မြောက်ရေးကို အသိအမှတ်မပြုကြသော သူတို့သည် သိစိတ် သိနာမ်၏ တန်ဖိုးကိုရင်း၊ ကံ၊ ကံ၏အကျိုးတရားကိုရင်း နောက်တန်းထားကြသည်။ ပစ်ပယ်ကြသည်။

## လွတ်မြောက်ခြင်းမဲ့ ဝါဒများ

'ချာပက'ခေါ် ရုပ်ကြမ်းဝါဒကြီးသည် ရှေးအတော်ကျသော အချိန်ကစ၍ ကမ္ဘာမြေမျက်နှာပြင်တွင် နေရာယူလာခဲ့သည်။

ဤဝါဒသည် နေရာဘိုင်း၌ 'မျက်တွေ့ လက်တွေ့'ဖြစ်မှ ဟုတ်သည် မှန်သည်ဟု လက်ခံထား၏။ ထို့ကြောင့် သူတို့မျက်စိဖြင့် မမြင်နိုင်သမျှ အားလုံးကို ပယ်ပစ်သည်။ မျက်မြင်ကိုမှ လက်ခံသည်။

ဤသဘောတရားအခြေခံအရ လောက၌ ရုပ်သည်သာ တကယ့်အမှန်တရားဖြစ်သည်၊ အကြောင်းမှာ မျက်စိဖြင့် မြင်ရသောကြောင့်တည်းဟု ဆိုကြလေ၏။

မမြင်ရသော်လည်း သိစိတ်နာမ်ရှိကြောင်း ထင်ရှားနေသဖြင့် 'ဤသိစိတ် သိနာမ်'ဆိုသည်မှာ ရုပ်က ဖြစ်လာခြင်းသာဖြစ်သည် ဟု ဆိုလေသည်။

ထာဝရဘုရား၊ အသက်လိပ်ပြာ၊ ကောင်းကင်ဘုံ၊ ငရဲဘုံ ဆိုသည်တို့မှာ အလကား၊ မမြင်ရသောကြောင့် မရှိနိုင်။ ဘုံဘဝနှင့် ပတ်သက်သော မုက္ခပါဠိတော်များနှင့် ကုသိုလ် အကုသိုလ်ဆိုသည်မှာ အပိုဘဲ၊ ယင်းတို့ကို ဟောပြောကြသော ဓမ္မဆရာများ၊ ဘုန်းကြီးများ ( Monks )လည်း လူညာများသာဖြစ်သည်။ လူများကို အမျှော်နှင့် အကြောက်ပေး၍ ဝမ်းကျောင်းနေကြသူများသာ ဖြစ်သည်ဟု ချာဝါကဝါဒီတို့ ခံယူကြလေသည်။

သို့ဖြစ်လျှင် "လူသားအဖို့ မည်သည့်အရာသည် အရေးကြီးဆုံးလဲ"ဟု မေးစရာရှိ၍ 'လက်ရှိဘဝမှာ စိမ်အများဆုံးခံနိုင်ဘို့သာ အရေးအကြီးဆုံးဖြစ်သည်'ဟု သူတို့၏လမ်းစဉ်ကို ဖော်ပြကြလေသည်။

တရားချင်တရား၊ မတရားချင်နေ၊ ဘယ်နည်းနှင့်မဆို စိမ်ခံရဘို့သာ အဓိကဖြစ်သည်။ အများဆုံးပျော်နိုင်မှုသည်သာ ဘဝ၏

တကယ့်ဆုမွန်ဖြစ်သည်ဟု ထိုချာဝါကဝါဒက ဆိုသည်။ စိစိတွေး ကြည့်လျှင် အတော်ကြောက်စရာကောင်းသည့် ဝါဒပင်တည်း။

အကျယ်ကို (An introduction to Indian Philosophy) စသည်တို့၌ ရှုပါ။

ပုရာဏကဿပ စသော တိတ္ထိဆရာကြီးများလည်း ဘဝလွတ်မြောက်ရေးကို ကျောခိုင်းကြသူများဖြစ်ကြ၏။ ထို့ကြောင့်....

"မဟာဘုတ်ရုပ်ကြီးများသည် ထာဝရ တည်မြဲသည်၊ ပျက်စီးခြင်း မရှိ။ သတ်ဖြတ်ခြင်း၊ ခိုးဝှက်ခြင်း၊ သီတင်းသီလ ဆောက်တည်ခြင်း စသည်တို့အတွက် ဘာအပြစ်ဘာအကျိုးမျှမရှိ။ ဘဝမှ စင်ကြယ်ခြင်းဟူ၍ လုံးဝမရှိ။ မိဘကျေးဇူးမရှိ၊ ပေးဝေလှူဒါန်းသမှုပြုသဖြင့် အကျိုးမထူး၊ လူသေလျှင် မြေဖြစ်သည်၊ မိခင်မြေသားနှင့် ပြန်ပေါင်း ထုပ်သွားခြင်းဖြစ်သည်"။

ဤသို့ စသည်ဖြင့် ထင်ရာမြင်ရာကို ဟောပြောခဲ့ကြလေသည်။ (သီလက္ခန်၊ သာမညဖလသုတ်)

ဘဝလွတ်မြောက်ရေးကိုကျောခိုင်းသောဝါဒများ၏ သဘောအချုပ်သည် 'ကာမသုခလ္လိကာ နုယောဂလမ်းစဉ်' ၌ ဝင်နေကြောင်း တွေ့ရ၏။ ကာမဂုဏ်ခံစားသာသက်သက်ဖြင့် အကြည်ဆိုက်နေရမှ ကောင်းသည်ဟူသော အစွန်းတဖက်ရောက်ခံယူချက်မျိုး ဖြစ်၏။

## လွှတ်မြောက်ကိုင်းညွတ် အတ္တဝါဒ

တဖန် ဘဝလွှတ်မြောက်ရေးနှင့် ပတ်သက်သော ဝါဒကို ကြည့်လျှင် 'အတ္တ' (Soul) ခေါ် အသက်ကောင် ဝိညာဉ် လိပ်ပြာရှိသည်ဟူသော ခံယူချက်ကို တွေ့ရပြန်သည်။

ထိုသူတို့သည် ဘဝလွှတ်မြောက်ရေးကို လိုလားကြ၏။ ဘဝ ဒုက္ခဟူသမျှမှ လွှတ်မြောက်ပြီး ငြိမ်းအေးသော သုခကို ခံစားလို ကြ၏။ ထို့ကြောင့် လွှတ်မြောက်ရေးကို ရှာကြံသောအခါ သူတို့ ရှိသည်ထင်သော 'အတ္တ'ကောင် ပြဿနာ ဝင်လာသည်။

အတ္တကောင်သည် ခန္ဓာများ၏ အတုပ်အနှောင် ခံနေရ၍ မလွှတ်လပ်ပဲ ဆင်းရဲနေရသည်။ အကယ်၍ ခန္ဓာဖွဲ့စည်းတုပ်နှောင် မှုမှ အတ္တကောင် လွှတ်မြောက်သွားမည်ဆိုလျှင် တကယ့် ချမ်းသာ စစ်ကို ရမည်ဟု တွေးထင်ကြကုန်သည်။

ဤသို့သော ခံယူချက်ပေါ် မူတည်ပြီး အတ္တကောင်ကို တုပ် နှောင်ထား ဖွဲ့စည်းထားသည့် ခန္ဓာကိုယ်ကို နည်းအမျိုးမျိုးဖြင့် ညှဉ်းဆဲလေတော့သည်။ ခန္ဓာကိုယ်ကို ပင်ပန်းနွမ်းနယ်လေအောင် ရှုပ်ရှုပ်ချုံ့ချုံ့ ညှဉ်းပန်းကြ၏။

ဤလမ်းစဉ်သည် ကိုယ်ခန္ဓာ ပင်ပန်းဆင်းရဲအောင် လုပ်သော အတ္တကိလမထာနုယောဂလမ်းစဉ် ဖြစ်နေပေသည်။

### ကမ္မဝါဒ

ထို့ပြင် ကံကိုယုံ၍ သမထတရားကို မှန်မှန် ကျင့်ကြံအားထုတ် နေကြသော အာဠာရနှင့် ဥဒကရသေ့တို့ကဲ့သို့ ပုဂ္ဂိုလ်များလည်း ထိုခေတ်က ရှိလေသည်။

ဗုဒ္ဓခေတ်ကြိုကာလ အိန္ဒိယရှိ သဘောတရားနှင့် အလုပ်ခွင် ရှုခင်းကို ကြည့်လျှင်....

၁။ ဒဏ္ဍာရီနှင့် ဖန်ဆင်းရှင်ဝါဒကို လိုက်နာကျင့်သုံးနေသူများ၊
၂။ ကာမဂုဏ်လမ်းစဉ်ကို လိုက်နေသူများ၊
၃။ ဘဝလွတ်မြောက်ရေးအတွက် ကိုယ်ကို ညှဉ်းဆဲနေကြသူများ၊
၄။ ကမ္မဝါဒကို အခြေခံ၍ သမထတရားကို ကျင့်ကြံနေသူသူများ ဟူ၍ တွေ့ရမည် ဖြစ်ပါသည်။

တရုတ်ပြည်ဘက်၌လည်း ကွန်ဖြူးရှပ်နှင့် ယင်းထက်စောသော ခေတ်က ကောင်းသော လူ့ကျင့်စဉ်များ ရှိခဲ့သော်လည်း ဘဝလွတ်မြောက်ရေးနှင့် ပတ်သက်၍ ထူးထူးခြားခြား ဖော်ပြဘွယ်ရာ မရှိလှပေ။

သိဒ္ဓတ္ထမင်းသားသည် ကမ္မဝါဒကိုလက်ကိုင်ထားသော အမျိုး၌ ဖြစ်ထွန်းလာပြီး အာဠာရ၊ ဥဒက ရသေ့တို့၏ သမထလမ်းစဉ်ကို ဆုံးခန်းတိုင်အောင် လိုက်ကြည့်သော်လည်း သံသရာမှလွတ်မြောက်ရေးလမ်းမှန်ကို မတွေ့ရသောကြောင့် ကိုယ့်အားကိုယ်ကိုး ကြိုးစားအားထုတ်တော်မူရာ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်ကို ရရှိပြီး လောကသုံးပါး၌ အတုမရှိသော ဘုရားရှင်အဖြစ်သို့ ရောက်ရှိလာသည်။

ဗုဒ္ဓဝါဒ

ဘုရားဖြစ်သည်ဆိုလျှင်ပင် ဘုရားအမြင်ဖြင့် ကြည့်တော်မူပြီး ကမ္ဘာပေါ်တွင် ရှိနှင့်နေသော ဆိုခဲ့ပါ ဝါဒအမျိုးမျိုးကို ဝေဖန် ပယ်ရှားကာ တခုတည်းသောလမ်းမှန်ကို ကမ္ဘာ့ပညာရှိများအား ချပြတော်မူပေသည်။

ဝါဒများကို ဝေဖန်တော်မူရာ၌....

ကာမသုခလ္လိကာနုယောဂလမ်းစဉ် = (ကာမဂုဏ်ချမ်းသာကို ခံမင်လိုက်စားရေးလမ်းစဉ်)သည် ဝင်စစ် ယုတ်ည့်၏။ သူတော် ကောင်းတို့၏ အလုပ်မဟုတ်၊ ရွာသူရွာသား ပုထုဇဉ်လူသားတို့၏ လမ်းရိုးသာဖြစ်သည်။ သံသရာမှ ထွက်မြောက်ရေးလမ်းစဉ်မဟုတ်။

အတ္တကိလမထာနုယောဂလမ်းစဉ် = (ကိုယ်ကို ညှဉ်း ဆဲ၍ ပြင်းထန်သော 'တပ'ကိုကျင့်ခြင်း)သည်လည်း ဆင်းရဲပင်ပန်းရုံမှ တပါး အကျိုးမရှိ။

ကမ္ဘာနှင့် သတ္တဝါတို့သည်လည်း မည်သူ တဦးတယောက်၏ ဖန်ဆင်းမှုကြောင့်မျှမဟုတ်ပဲ အဝိဇ္ဇာ စသော အကြောင်းတရား၊ ဟေတုစသော အကြောင်းတရားတို့ကြောင့်သာ ဖြစ်ပေါ်နေကြ ခြင်း ဖြစ်သည်။

ဒဏ္ဍာရီအစွဲများကြောင့် တော တောင် ရေ မြေ စသည်တို့ကို ကိုးကွယ်ဆည်းကပ်ခြင်းသည်လည်း ကိုးကွယ်ရာ 'သရဏ' အစစ် အမှန် မဟုတ်။ ဝဋ်ဆင်းရဲ ဘဝဒုက္ခမှ ထွက်မြောက်ရန် နည်းလမ်း မဟုတ်။

လူနှင့် ကမ္ဘာအကြောင်းကို တွေးခေါ်ကြံဆမှုသက်သက်မျှဖြင့် အမှန်သစ္စာကို တကယ်မသိနိုင်။ နည်းမှန် လမ်းမှန် မကျင့်မကြံဘဲ ကြံလုံးဖန်လုံးသက်သက်မျှဖြင့် ဘဝလွတ်မြောက်ရေးလမ်းစဉ်မှန်သို့ မရောက်နိုင်။

ဤသို့ စသည်ဖြင့် တိတိကျကျ ဟောကြားတော်မူပြီး....

ကာမသုခလ္လိကာနုယောဂ - လကျ်ာအစွန်း၊ အတ္တကိလမထာနုယောဂ - လက်ဝဲအစွန်းနှစ်ပါးမှလွတ်သော မဇ္ဈိမပဋိပဒါ အလယ်အလတ် လမ်းစဉ်ကို ငါဘုရား ထိုးထွင်းသိမြင်ပြီ။ ဤမဇ္ဈိမပဋိပဒါ သမ္မာလမ်းစဉ်သည်သာ ဘဝဒုက္ခအားလုံး ချုပ်ငြိမ်းရာ (သန္တိသုခ) ကို ရရှိနိုင်သော တခုတည်းသော လမ်းစဉ် ဖြစ်သည်။

ဤသမ္မာလမ်းစဉ်ကို ငါဘုရား သိပြီ။ ဤ သမ္မာလမ်းစဉ်အရ ကျင့်ကြံကြလော့။ လာလှည့်ကြလော့။ ရှုလှည့်ကြလော့။ မိမိတို့၏ စိတ်၌ ကပ်၍ ဆောင်လှည့်ကြလော့။ သင်တို့ အသီးသီး ကိုယ်စီကိုယ်ငှ အမတသုခကို ခံစားကြရမည်မချွတ်တည်းဟူ၍ လူပညာရှိ၊ နတ်ပညာရှိ၊ ဗြဟ္မာပညာရှိတို့အား ဖိတ်ခေါ်တော်မူလေသတည်း။

(ဓမ္မစက္ကပဝတ္တနသုတ်)

ဗုဒ္ဓမြတ်စွာသည် ဘဝ၏ အကြီးမားဆုံး ဒုက္ခတခုဖြစ်သော သေဘေးဆိုးကြီးမှ သတ္တဝါအမြောက်အမြားကို ကယ်တင်ရင်း ၄၅-နှစ်ပတ်လုံး တရားဓမ္မများကို ဟောကြားရာ ပိဋကတ်တော်များ ယနေ့အထိ ကျန်ရစ်ခဲ့သည်။

ဗုဒ္ဓနည်းမှန်အရ ကျင့်ကြံအားထုတ်ကြ၍ ဘဝဒုက္ခမှ ကင်းလွတ်သွားသူများလည်း အခြေအပြင် ဖြစ်ကြ၏။ ယခုလည်း ဗုဒ္ဓနည်းမှန် ကျင့်ရောက်သဖြင့် ဘဝဒုက္ခမှ အများဆုံး ကင်းလွတ်၍

ဓမ္မသုခကို ခံစားနေကြသူများ ကမ္ဘာ့အနှံ့အပြား၌ တည်ရှိနေဆဲ ဖြစ်ပေသတည်း။

**အကျဉ်းချုပ်။** ။မြတ်စွာဘုရားမပွင့်ခင် လူတွေ ကိုးကွယ်ရေး တောင့်တခဲ့ကြသည်။ ကြောက်ရွံ့မှုနှင့် ရလိုမှုကြောင့် ကိုးကွယ်ရေး လမ်း ၈ ပွင့်ခဲ့သည်။ ဗုဒ္ဓခေတ်ကြိုကာလ၌ ဂရိပညာရှင်သဲလိစ်တို့က ရေသည် ပဓာနဟူသော အတွေးအခေါ်ကို ထုတ်ဖော်ကြသည်။ အိန္ဒိယတွင် ဝါဒအမျိုးမျိုး ရှိနှင့်သည်။ ချာဝါကဝါဒမှာ လွတ်မြောက်ကင်းမဲ့ဝါဒဖြစ်သည်။ အတ္တဝါဒလည်းထွန်းကားနေသည်။ ကမ္မဝါဒလည်း ရှိနေသည်။ ကမ္မဝါဒအခြေခံ၍ ဗုဒ္ဓဝါဒပေါ်ထွန်းလာခြင်း ဖြစ်သည်။

## အခန်း ၂

# ဗုဒ္ဓဝိသယော အစိန္တေယျော

# သဗ္ဗညုတဉာဏ်တော်

သိဒ္ဓတ္ထမင်းသားသည် တောထွက်၍ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာကျင့်တော်မူပြီးနောက် ဗောဓိပင်ရင်းရှိ အပရာဇိတ ပလ္လင်ထက်၌ ဘုရားဖြစ်တော်မူလာသည်ဟု သိကြ၏။ သို့သော် 'ဘုရားဖြစ်သည်' ဆိုတာ ဘယ်လိုဟာမျိုးလဲဟူ၍ကား ဆက်လက်စဉ်းစားမိသူ နည်းပေမည်။

သိဒ္ဓတ္ထမင်းသား ဘုရား ဖြစ်တော်မူလာရာ၌ သူတပါးက 'ဘုရား' ဟူ၍ ဝိုင်းဝန်းမဲပေးတင်မြှောက်ကြသောကြောင့် ဘုရားဖြစ်လာသည်မဟုတ်။ တဦးဦးထံက ဘုရားအမွေရလိုက်၍ ဆက်ခံပြီး ဘုရားလုပ်ရခြင်းမျိုးလည်း မဟုတ်။ အမှန်စင်စစ် အတုလမြတ်ဗုဒ္ဓဖြစ်ထိုက်သည့် 'မေဂ္ဂဉာဏ်ရည်' ကို လမ်းမှန်သောကျင့်စဉ်ဖြင့် အရယူလိုက်နိုင်သောကြောင့်သာ 'ဘုရားအဖြစ်' ကို ရလာခြင်းဖြစ်ပေသည်။

ဘုရားအဖြစ်ကို ပို့ဆောင်ပေးသော ထိုမဂ်ကား အခြား မဟုတ်၊ 'သဗ္ဗညုတဉာဏ်တော်မြတ်'ဖြစ်သည်။ 'စွမ်းအားရှိသော ငါလိုယောကျ်ားသည် နိဗ္ဗာန်သို့တယောက်တည်း မကူးသင့်သေး၊ သဗ္ဗညုအဖြစ်ရောက်၍ သတ္တဝါတို့ကို ကယ်တင်ပြီးမှ ကူးအံ့' ဟု ဗုဒ္ဓဝင်ပါဠိတော်၌ ပြဆိုထား၏။ထို့ကြောင့် သဗ္ဗညုတဉာဏ်တော် မြတ်ကို ရရှိသောပုဂ္ဂိုလ်ထူးသည်(မည်သူမဆို)ဘုရားဂုဏ်ကို ရရှိနိုင် လေသည်။ သိဒ္ဓတ္ထမင်းသားသည် သဗ္ဗညုတဉာဏ်တော်ကို ရရှိ တော်မူသောကြောင့် ဘုရားစင်စစ် ဖြစ်ခဲ့လေပြီ။

ရှင်သာရိပုတ္တာသည် ပညာဉာဏ်လွန်စွာထက်မြက် ကြီးမား သော်လည်း သဗ္ဗညုတဉာဏ်ကို မရသောကြောင့် ဘုရားမဖြစ် ခဲ့ပေ။

ဤနေရာ၌....

(က) သဗ္ဗညုတဉာဏ်ဆိုတာ ဘယ်လိုဟာလဲ၊
(ခ) သဗ္ဗညုတဉာဏ်တော်ကို ဘယ်လိုရသလဲ၊
(ဂ) သဗ္ဗညုတဉာဏ်တော်ရှိကြောင်းကို ဘယ်သို့သိနိုင် သလဲ၊

ဟူသောအချက်များကို အကျဉ်းချုပ် ဖော်ပြလိုပါသည်။

## သဗ္ဗညုတဉာဏ်

'သဗ္ဗညုတဉာဏ်'ဟူသော စကားကို ဤသို့ပုဒ်ခွဲနိုင်သည်။

သဗ္ဗ + ညုတ + ဉာဏ
သဗ္ဗ = ကုန်အောင်စုံလင်သော၊

ညုတ = သိအပ်သည့် သိရမည့်တရား ဓမ္မ၊
ဉာဏ = သိမြင်ခြင်း၊

ထို့ကြောင့် 'သဗ္ဗညုတဉာဏ်'ဟူသည် 'ကုန်အောင်စုံသော သိဖွယ်ရာတရား ဓမ္မတို့ကို သိမြင်နိုင်သော အသိခေတ် အမြင်ခေတ် အထူးဖြစ်သည်'ဟု သဒ္ဒါနက် ဖော်နိုင်ပါသည်။

ဤသဗ္ဗညုတဉာဏ်ဟူသည် လောကီတရားဖြစ်သည်။ မြတ်စွာဘုရားတွင် မဟာကြိယာဉာဏသမ္ပယုတ်စိတ်ဆိုသော စိတ်တမျိုးဖြစ်ပေါ်သည်။ဤစိတ်တွင်ယှဉ်တွဲပါလာသော 'ပညာစေတသိက်' (စိတ်၌ယှဉ်တွဲဖြစ်သော အသိဉာဏ်)သည် သဗ္ဗညုတဉာဏ်တော်ပေတည်း။ အဘိဓမ္မာစကားနှင့်ဆိုသော် သဗ္ဗညုတဉာဏ်ကိစ္စ တပ်သော ပညာစေတသိက်ကို သဗ္ဗညုတဉာဏ်ဟုခေါ်သည်။နေတ္တိသဘောအရ ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်ကိုရပြီးမှ သဗ္ဗညုတဉာဏ် ဆက်လက်ပေါ်လာသည်။

ဤ၌ 'သိဖွယ်ရာဓမ္မ'ဟူသည် မည်သို့သောတရားမျိုးနည်းဟု ရှာကြည့်ရန်လိုပါသည်။ ဤသို့ရှာကြည့်သောအခါ 'ဉေယျဓမ္မ'ကို တွေ့ရပါသည်။ 'ဉေယျ'ဟူသော ပါဠိပုဒ်သည် 'သိအပ်သော သိနိုင်သော'ဟု အဓိပ္ပာယ်ထွက်၏။ 'ဓမ္မ'ကား 'တရား'တည်း။

## သိအပ်သောတရားငါးမျိုး

သိအပ် သိနိုင်သော ဉေယျဓမ္မ(ဉေယျဓမ်)သည် 'သင်္ခါရ၊ ဝိကာရ၊ လက္ခဏ၊ နိဗ္ဗာန်နှင့် ပညတ်'ဟူသော တရားငါးပါး ဖြစ်၏။

'သင်္ခါရ'ဟူသည် ရုပ်လောက၊ နာမ်လောကကြီး တရပ်လုံး၏ ဖြစ်ပျက်ပြုပြင်နေမှု အခြင်းအရာသဘာဝမျိုး ဖြစ်၏။ လောက၏ သင်္ခါရသဘာဝသည် သိအပ်သော သိလည်း သိနိုင်သော ဥေယျ ဓမ်တမျိုး ဖြစ်သည်။

'လက္ခဏာ'ဟူသည် အမှတ်အသားဖြစ်၏။ ရုပ်သဘာဝ နာမ် သဘာဝတို့၌ တခုနှင့်တခု မတူထူးခြားသည့် သတ္တိကလေးများ ရှိ၏။ ထိုသတ္တိကလေးများကို ခွဲခြားနိုင်အောင် ထင်ရှားပေါ်လွင် နေသည့် ရုပ်နာမ်သဘာဝတို့၏ ဝိသေသဂုဏ်ရည်များကို 'လက္ခ ဏာ'ဟု ဆိုအပ်၏။ ထိုလက္ခဏာမှတဆင့် သဘာဝဓမ္မတို့ကို ခွဲခြား၍ သိအပ်သောကြောင့် သဘာဝဓမ္မလက္ခဏာများကို ဥေယျဓမ် ဟု ခေါ်သည်။

ဤတွင် လက္ခဏာကို သိပါက ထိုလက္ခဏာ၏တည်ရာ (ဝါ) ထိုလက္ခဏာရှိသော (လက္ခဏဝန္တ) ရုပ်၊ နာမ်၊ ဓမ္မ အားလုံးကို လည်း သိအပ်သည်ဟူသောကိစ္စ ပြီးလေသည်။ ဥပမာ-လက်ကောက် နေသောလူ၌ ကောက်နေသောလက်ကို မှတ်မိပါက ထိုလူ တယောက်လုံးကိုပါ သိရှိနိုင်သကဲ့သို့ ဖြစ်ပေသည်။

ဤ 'သင်္ခါရ၊ ဝိကာရ၊ လက္ခဏာ'ဟူသော ဥေယျဓမ္မသုံးဖြာ သည် စတြာဝဋ္ဋာအနန္တ၊ ကမ္ဘာအနန္တ၊ သတ္တဝါအနန္တတို့နှင့် တိုက်ရိုက်သက်ဆိုင်သည်။ ကံကြောင့်ဖြစ်စေ၊ စိတ်ကြောင့်ဖြစ်စေ၊ ဥတုကြောင့်ဖြစ်စေ၊ အာဟာရကြောင့်ဖြစ်စေ ဖြစ်ပေါ်ရသော တိုးတက်ရသောပျက်စီးရသော ရုပ်ဟူသမျှနှင့်နာမ်ဟူသမျှတည်း။

'နိဗ္ဗာန်'ဟူသည် (နိ=ထွက်မြောက်မှု+ဝါန=တဏှာလော ဘ)ဖြစ်၍ တဏှာနယ်ပယ်မှ အပြီးအပိုင် လွတ်လပ်သွားမှု ဖြစ်၏။ 'တဏှာ'ဟူသည် အပူအလောင်တရားမျိုးဖြစ်၏။ ပူလောင်မှုမှ

လွှတ်မြောက်လျှင် ငြိမ်းအေးမှု အလိုလိုဖြစ်လာ၏။ သို့ကြောင့် နိဗ္ဗာန်(နိဗ္ဗုတ)ကို ငြိမ်းအေးသောသဘာဝဟုလည်း ဆိုသည်။

'ပညတ်'ဟူသည် ရုပ်နာမ်မှုတို့ သမူဟသဏ္ဌာန်ပေါ်လာသောအခါကို သမူဟကိုတည်မှီ၍ မှည့်ခေါ်သော လူ၊ ရဟန်း၊ ဦးဘ၊ ဒေါ်မြ၊ မြန်မာ၊ အိမ်၊ ကျောင်းစသည့် ဝေါဟာရများ အကုန်ရာ သင်္ကေတဝေါဟာရများ ဖြစ်သည်။ ဤဝေါဟာရများ သည်လည်း သိရမည့် သိအပ်သည့် ဉေယျမြေပင်ဖြစ်၏။

ဆိုခဲ့ပါ သင်္ခါရသဘော၊ ဝိကာရသဘော၊ လက္ခဏာရုဏ်ရည်၊ နိဗ္ဗာန်ခေတ်မြတ်နှင့် အမည် အမျိုးစသော ဝေါဟာရပညတ်တို့ကို သိသောဉာဏ်သည် သဗ္ဗညုတဉာဏ်ဖြစ်သည်။

လောကခေတ်အနန္တ၊ သတ္တဝါအနန္တသည် ဉေယျမြေငါးပါးဘောင်အတွင်းမှာပင် ရှိနေသည်။ ထို့ကြောင့် ဉေယျမြေကို သိသည်ဆိုခြင်းဖြင့် သိစရာမှန်သမျှကို အကုန်အစုံ သိသည်၊ အသေးစိတ် သိသည်၊ ဝေဖန်ပိုင်းခြား၍ သိသည်၊ ထိုးထွင်းနိုက်နဲ၍ သိသည်ဟု ဆိုရာရောက်လေသည်။

## မရှိတာ မသိ

ဤတွင် မေးစရာ တချက်ရှိ၏။ "သိအပ် သိသင့်တာတွေကို သိတယ်ဆိုရင် မသိအပ် မသိသင့်တာတွေ၊ မသိနိုင်တာတွေ ရှိပါသလား"ဟူသော မေးခွန်းဖြစ်၏။

အဖြေကား- မသိအပ် မသိနိုင်တာတွေ ရှိ၏။ ပမာအားဖြင့် 'အချိန်ကာလ၏ မူလ အစ'မျိုး ဖြစ်သည်။ အချိန်ကာလသည်

ဘယ်အခါက စတင်ပြီး ဖြစ်လာသည်ဟု အစ မရှိချေ။ ယင်းသို့ အစ မရှိခြင်းကြောင့် အချိန်ကာလ၏ အစဆိုတာမျိုးကို မသိနိုင်ပေ။ သို့သော် 'အစ' မရှိတာကို အစမရှိဘူးဟူ၍ကား သိပေသည်။ 'ကာလ၏ အစ' သည် နဂိုထဲက မရှိသောအရာဖြစ်၍ သိအပ်သော၊ သိနိုင်သောအရာ မဟုတ်ချေ။ ထို့ကြောင့် မရှိတာကို မသိဟု ဆိုနိုင်ပေသည်။ (အဋ္ဌသာလိနီ။ နှာ ၁၃-၈သည်)

## ဉာဏ်တော် အမြဲမရှိ

ဤနေရာ၌ အထူး သတိပြုရမည့်အချက်မှာ ဤ သဗ္ဗညုတ ဉာဏ်တော်သည် ဘုရားရှင်၌ အမြဲထာဝရ ဖြစ်နေသည်မဟုတ်။ ဥပါဒ်ဋ္ဌီဘင် အားဖြင့်သာ ဖြစ်သည်။ အလိုရှိ၍ အသုံးချတော်မူလိုသောအခါ၌ ဖြစ်ပေါ်လာသည်။ သိစရာလို၍ သိချင်သည့်အခါ သိရမည့်အရာကို အကုန်အစုံသိသော ဉာဏ်တော်ဖြစ်သည်။ (ဓမ္မပဒ)

အိပ်နေတုန်းလဲ အကုန်သိနေသည်။ သဗ္ဗညုတဲဖြစ်သည်-ဆိုသည့် နိဂဏ္ဌနာဋ္ဌ ပုတ္တတက္ကတွန်း၏ သဗ္ဗညုမျိုး မဟုတ်ချေ။

(မဇ္ဈိမ-ဒေဝဒဟ သုတ်၊ ဝစ္ဆသုတ်)

အလွယ်ဆုံး ဥပမာ ဆောင်ရလျှင်- ကျွန်ုပ်တို့သည် ၁၂×၉ = ၁၀၈ ဆိုသည်ကို အမြဲတန်း မြင်နေ သိနေသည်မဟုတ်။ သို့သော် သိချင်သောအခါ ထိုအသိ ဝင်လာသည်။ အဘယ့်ကြောင့်ဆိုသော် အလီတတ်သောဉာဏ် ရှိ၍တည်း။ အလီမတတ်သောသူမှာမူကား ထိုအသိမျိုး မည်သည့်အခါမျှ ဝင်မလာနိုင်ပါချေ။

ဘုရားရှင်၌ သဗ္ဗညုတဉာဏ်ဖြင့် မဆင်ခြင်သော အချိန်ပိုင်း၌ ရိုးရိုးလူကဲ့သို့ ပြုမူပြောဆိုသမှု ပြုသလားဟု ထင်မှတ်စရာရှိသည်။ သို့သော် ဤသို့လည်း မဟုတ်ချေ။ ဘုရားရှင်တို့အား ကြံစည်သောအခါ၊ စကားပြောသောအခါ၊ သွားလာကြွလှမ်းသော အခါတို့၌ ဉာဏ်အမြဲပါလေသည်။ ဉာဏ်ယှဉ်သော စိတ်ဖြင့်သာ ကြံစည် ပြောဆို ပြုလုပ်ပေသည်။ (ခေရဏ ပရိတ်)

ဤအထိ 'သဗ္ဗညုတဉာဏ်' ဆိုတာ ဘယ်လိုဟာလဲ ဆိုသည်နှင့် ပတ်သက်၍ အကျဉ်းချုပ် သိစရာဖြစ်၏။

## ဉာဏ်တော်ကို ရရှိပုံ

'သဗ္ဗညုတဉာဏ်' ကို ရရှိပုံ နားလည်နိုင်အောင် အတိတ်ဘဝ၊ အနာဂတ်ဘဝ ရှိသည်ဟူသော ခံယူချက် ရှိထားနှင့်ရန် လိုသည်။ လူသေလျှင် မြေဖြစ်တာဘဲ၊ ယခင်ဘဝ နောင်ဘဝဆိုတာ မရှိ၊ ကုသိုလ် အကုသိုလ် အကျိုးအပြစ် မရှိ၊ မျက်စိနှင့်မြင်ရမှ အမှန်တရားဖြစ်သည်ဟု အယူရှိသော ပုဂ္ဂိုလ်မျိုးသည် 'သဗ္ဗညုတဉာဏ်တော်' ကို ယုံကြည်လက်ခံလိမ့်မည် မဟုတ်ချေ။ သူလက်လှမ်းမှီသမျှ ဆင်ခြေတက်၍ ခေါင်းသွက်သွက်ခါမည်သာ ဖြစ်သည်။

ဘုရားအလောင်းသည် သဗ္ဗညုတ ဉာဏ်တော်ကို ရဘို့ လွန်ခဲ့သော လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလထဲက တရားဝင် ကြိုးစားအားထုတ်လာခဲ့သည်၊ ဆည်းပူး လေ့ကျင့်လာခဲ့သည်၊ အရင်းစိုက်၍ မ,တည်စုဆောင်းလာခဲ့သည်။ ဤသို့ ဆည်းပူးရာ၌ အသက်ပေး၍ ကြိုးစားခဲ့၏။

သဗ္ဗညုတဉာဏ် ရရှိရေးဟူသော တခုတည်းသော ရည်ရွယ်ချက်ဖြင့် ဘုရားအလောင်းသည် မိမိအသက်ကို လှူခဲ့သည်။ အသက်နှင့်လဲ၍ ကိုယ်ကျင့်သီလ ထိန်းခဲ့သည်၊ တောသို့ဝင်၍ တရားကျင့်ခဲ့သည်၊ ပညာအမျိုးမျိုးကို သင်ယူခဲ့သည်၊ ဝီရိယ အခိုင်အမာ စွဲကိုင်ခဲ့သည်၊ အသက်နှင့်လဲ၍လည်း သည်းခံခဲ့သည်၊ အမှန်သစ္စာကို အားကိုးခဲ့သည်၊ စိတ်ထားပြတ်ပြတ် လုပ်ကိုင်ခဲ့သည်၊ အများအပေါ် မေတ္တာ ကြီးကြီးမားမား ထားခဲ့သည်၊ လောက သဘာဝဖြစ်ရပ်များကို တည်တည်ငြိမ်ငြိမ် သုံးသပ်ကြည့်မြင်နိုင်ရန် ကြိုးစားခဲ့သည်။

သုမေဓာ ရှင်ရသေ့ဘဝမှ သိဒ္ဓတ္ထမင်းသား ဘဝအထိ ဘဝအသင်္ချေ အနန္တတွင် အထက်ပါအတိုင်း ကျင့်ကြံ အားထုတ်လာခဲ့၏။ သို့ဖြစ်၍ အလောင်းတော်သန္တာန်၌ 'ပါရမီ'ခေါ် အထက်တန်းစား သဘာဝကြီးသည် ပြည့်ကယ် လုံလောက်လာသည်။

သိဒ္ဓတ္ထမင်းသားဘဝတွင် တောထွက်၍ ၆-နှစ်တိုင်တိုင်ဒုက္ကရစရိယာကျင့်ပြီး မဟာသက္ကရာဇ် ၁၀၃-ခု ကဆုန်လပြည့်နေ့ ညနေခင်းမှစပြီး ဗောဓိပင်ရင်းရှိ အပရာဇိတ ပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်တော်မူပြီး အာနာပါန စတုတ္ထစျာန် ရောက်သည် အထိ အားထုတ်တော်မူသည်။

ထိုအခါ ဘုရားအလောင်း၏ စိတ်အစဉ်သည် လွန်စွာတည်ငြိမ်ပြီး ကြည်လင်နေသည်၊ သန့်ရှင်းနေသည်၊အလွန် ဖြူစင်နေသည်၊ လောဘ-ဒေါသစသည့် ကိလေသာ အပူခတ်များ ကင်းဝေးနေသည်၊ လွန်စွာ နူးညံ့သိမ်မွေ့နေသည်၊ မတုန်မလှုပ် တည်နေသည်။ စိတ်သည် တခုခုကို သိဘို့အတွက် ဦးတည်ပေးခြင်းခံရလျှင်၊ ညွှတ်လိုက်လျှင် အရံသင့်လိုက်ပါလာမည့် အခြေအနေ ရှိနေသည်။

ညဉ့်ဦးပိုင်း ရောက်သောအခါ ဘဝဆက်ကာ သံသရာတွင် မိမိဖြစ်ခဲ့ဘူး နေခဲ့ဘူးသည့်ဘဝများကို သိချင်၍ အင်အားအလွန်ကြီးလှသော စိတ်တော်ကို နောက်ကြောင်းသို့ ပြန်၍ လှည့်ပေးလိုက်သည်။ ထိုအခါ အတိတ်ဘဝများကို သတိရလာသည်၊ သိမြင်လာသည်။ ဤသည်ကိုပင် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဟု ခေါ်လေသည်။

ညဉ့်သန်ကောင်ချိန်လောက်တွင် ကမ္ဘာလောကခေတ် တခုလုံးကို ကြည့်မြင်လို၍ စွမ်းအားထက်မြက်နေသော စိတ်တော်ကို တလောကလုံးသိတ္တို ညွှတ်၍-ညွှတ်၍ ပေးလိုက်သည်။ ထိုအခါ အဆီးအဘားမရှိ၊ တလောကလုံး သက်ရှိသက်မဲ့ အခြေအနေ အတွေ့ထွေကို သိမြင်တော်မူပြန်သည်။ ဤသည်ကိုဒိဗ္ဗစက္ခု အဘိညာဏ်ဟု ခေါ်သည်။

လင်းအားကြီးပိုင်း ရောက်လာသောအခါတွင်မူ အပြင်ပကို လျှောက်ကြည့်မနေတော့ဘဲ မိမိကိုယ်တွင်း၌ စိတ်တော်ကို ပြန်ထားလိုက်သ ။ ဉာဏ်ကို စိတ်နှင့်တွဲပို့ပြီး ကိုယ်တွင်း ရုပ်နာမ်မမှသဘာဝများကို နိုက်နှဲ့ပေဖန် ဆင်ခြင်သုံးသပ်သည်။ ထိုအခါ ကိုယ်တွင်း၌ အခိုင်အမြဲ ဘာတခုမျှ ရှာမရ၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာ အမှတ်အသားများကို အဖန်ဖန် အထပ်ထပ် ရှုဆဆင်ခြင်၍(အနုပဿနာပြု၍) ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ သစ္စာလေးရပ်ကို သိမြင်လာသည်။ သစ္စာလေးရပ်ကို သိမြင်သည်နှင့်တပြိုင်နက်တည်းမှာပင် အလောင်းတော်သန္တာန်၌ သံသရာတလျှောက်လုံး အမြစ်တွယ်လာခဲ့သော တဏှာလောဘ၊ မှားမိခဲ့သောအမြင်(မိစ္ဆာဒိဋ္ဌိ)နှင့် ဆိုခဲ့ပါ သစ္စာလေးရပ်ကို မသိမမြင်ခဲ့မှု

(အဝိဇ္ဇာ)တို့သည် အကြွင်းအကျန်မရှိ တချိုထဲ အလောင်းတော် သန္တာန်မှ ကင်းစဲ ချုပ်ပျောက်သွားတော့သည်။ ဤသည်ကို အာသဝက္ခယဉာဏ်ရသည်ဟု ခေါ်သည်။

ထိုဉာဏ်ပေါ်ပြီးနောက် တဆက်တည်းပင် အရဟတ္တဖိုလ်ဉာဏ်နှင့် ပစ္စဝေက္ခဏာ ဉာဏ်တော်များ ပေါ်လာသည်။ ဤအထိ ဘုရားမဖြစ်သေးပါ။ အခြားပုဂ္ဂိုလ်များဆိုလျှင် ပစ္စဝေက္ခဏာဉာဏ် ဖြစ်ပြီးနောက် ကိစ္စပြီးလေတော့သည်။ သို့သော် အလောင်းတော်၌ကား ကိစ္စမပြီးသေးပါ။

အလောင်းတော်သည် ပစ္စဝေက္ခဏာဉာဏ် ဖြစ်ပြီးနောက် ကိလေသာအားလုံးလည်း ကင်းနေပြီဖြစ်၍ အရှင်မြတ်၏စိတ်ဓာတ် ဉာဏ်ဓာတ် အားစွမ်းမှာ အတုမရှိ ထက်မြက်နေဆဲဖြစ်သည်။ နေအရုဏ်လည်း တက်လုလု ဖြစ်နေပြီ။ စိတ်အား ဉာဏ်အား မဟာဖြင့် ဆက်လက်သုံးသပ်တော်မူရာ 'သင်္ခါရ၊ ဝိကာရ၊ လက္ခဏာ၊ နိဗ္ဗာန်၊ ပညတ်' ဟူသော ဉေယျဓမ္မကို ထိုးထွင်းသိမြင်သည့် 'သဗ္ဗညုတ ဉာဏ်တော်ကြီး' ဖွားကနဲ ဖြစ်ပေါ်ဉပါဒ်လာသည်။ ထိုဉာဏ်ပေါ်ချိန်သည် နေအရုဏ်တက်ချိန်နှင့် တ...ပ်တည်းကျသည်။ဤဉာဏ်တော်ကြီးရမှ လောကသုံးပါးမှာ အတုမရှိသော ဘုရားစင်စစ် ကေန်ဖြစ်လာသည်။

### ဉာဏ်တော်စွမ်းရည် သုံးမျိုး

ဤ သဗ္ဗညုတ ဉာဏ်တော်မြတ်၌ စွမ်းရည်သုံးမျိုး ပါလာသည်။ ၎င်းတို့မှာ-

၁။ သိစရာ ဉေယျဓမ္မကို အကုန်အစင် သိမြင်တော်မူခြင်း၊

၂။ ထိုသဘာဝဓမ္မများကို မည်သို့မည်ပုံ စီစဉ်၍ သူတပါးနားလည်အောင် မည်သို့ ဟောပြောရမည်ဟု တရားကို စီစဉ်နည်း၊ ဟောပြောနည်းကို သိခြင်း၊
(ဒေသနာဝိလာသ)

၃။ လူနတ် ဗြဟ္မာ များစွာအနက် မည်သည့်ပုဂ္ဂိုလ်သည် မည်ကဲ့သို့သော တရားမျိုးနှင့် ထိုက်တန်သည်၊ မည်သည့်တရားမျိုးကို အစပျိုး ဟောပေးမှ တရားကိုလက်ခံပြီး သစ္စာလေးရပ် သိမြင်မှုအဆင့်အထိ ရောက်လာမည် စသည်ဖြင့် စိတ်ဓာတ်အခြေခံ (ပုဂ္ဂလဇ္ဈာသယ)ကို သိခြင်းတို့ ဖြစ်၏။
(မာတိကာနိဒါန်း ဂဏ္ဌိ သစ်၊ ဆရာတော် ဦးပုခန်း၊ မဏိဒီပ စသည်)

သူတပါးကို ဟောပြောစည်းရုံး ချေချွတ်မည့် ခေါင်းဆောင်တဦးအတွက် အထက်ပါ စွမ်းရည်သုံးမျိုး အဘယ်မျှ လိုအပ်ကြောင်း အထပ်ထပ် စဉ်းစားကြည့်ပါ။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် ဆရာမရှိဘဲ အလိုလိုပွင့်ခြင်း၊ တရားဓမ္မကို သိမြင်ခြင်းဟူသော အရည်အချင်း၌ ဘုရားသဗ္ဗညုနှင့် အတူတူပင် ဖြစ်၏။ သို့သော် တရားဟောနည်း (ဒေသနာဝိလာသ)နှင့် တရားနာသူ၏ စိတ်ဓာတ်သိခြင်း (ပုဂ္ဂလဇ္ဈာသယ) စွမ်းရည်များ ချို့ငဲ့လေသောကြောင့် အဘယ်သူအားမျှ မိမိသိသောတရားကို မဟောမကြားနိုင် ဖြစ်ခဲ့ရသည်။ သဗ္ဗညု ဘုရားရှင်၏ ဘပည့်သာဝကများမူကား ဘုရားရှင် ဟောပြောခဲ့သည့် နည်းစဉ်ကို မှတ်သား၍ ပြန်လည် ဟောကြားနိုင်ကြသော်လည်း

လူစိတ်ဓာတ် အခြေခံ (ပုဂ္ဂလဇ္ဈာသယ)ကို မသိသောကြောင့် ဟောသလောက် အကျိုးမရှိ ဖြစ်ရလေသည်။

## ဉာဏ်တော်ရှိကြောင်း သိနိုင်သည့်နည်း

'သဗ္ဗညုတဉာဏ်တော်'ရှိကြောင်းကို မည်သို့သိနိုင်သလဲ။ ဤသို့မေးစရာကောင်း၏။ သဗ္ဗညုတဉာဏ်ရှိကြောင်း သိနိုင်သည့်နည်းရှိ၏။ သို့သော် အပင်ပန်းမခံဘဲ တထိုင်တည်းနှင့် သိနိုင်မည်ကားမဟုတ်ချေ။ အကြောင်းမှာ အတုမရှိသော မြတ်စွာဘုရား၏ အတုမရှိသော ဉာဏ်တော်မြတ်ကို သွားရင်း လာရင်း စားရင်း သောက်ရင်းနှင့် အလွယ်တကူ သိချင်မှုသည် သဘာဝနှင့် ဆန့်ကျင်သည်။ မျှော်စင်ထိပ်မှာ ရှိနေသော ထူးဆန်းသည့် ပစ္စည်းတခုကို ကိုယ်တိုင် သိမြင်လိုက ကြိုးစားပြီး တက်ကြည့်ရမည်သာဖြစ်သည်။ မျှော်စင်ပေါ် တက်၍ မကြည့်ဘဲ မြင်ချင်၍ မဖြစ်ပေ။ ရေထဲ၌ လျှပ်စစ်ဓာတ်ရှိနေသည်ကို လက်ရင်းကျကျ သိလိုပါက ဓာတ်ခွဲစမ်းသပ်ကြည့်ဘို့လိုသည်။

ဆိုလိုသည်မှာ ရုပ်ဓာတ်တခုခုကိုဖြစ်စေ၊ နာမ်သဘာပကိုဖြစ်စေ ဒိဋ္ဌတွေ့မြင်ရရှိပြီးသူများက ဟောပြောရေးသားဖော်ပြထားချက်မျှဖြင့် လက်ခံခြင်းမပြုနိုင်လျှင် ထိုက်သင့်သောလုပ်အားကို ပေး၍ သူညွှန်ပြထားသော လမ်းစကို လိုက်ကြည့်ရပေမည်။ ဤသည်မှာ သိမြင်လိုသူ သုတေသီများ၏ အရင်းခံတာဝန်ဖြစ်သည်။ လုပ်အားနှင့် တာဝန်ကိုမယူဘဲ အလွယ်တကူ သိချင်မှုသည် ဘာသာရေးအချောင်သမားစိတ်ဓာတ်ဆံမှာ စိုးရွှံဘွယ်ဖြစ်သည်။

သဗ္ဗညုတဉာဏ်ရှိကြောင်း သိနိုင်သောနည်းရှိသည်။ ဤစကားသည် အံ့ဩဘွယ်ရာ ဖြစ်ချေမည်။ သို့အံ့ဩမိလျှင် အံ့ဩသူကိုယ်တိုင်ကိုယ်ကျ ထိုနည်းကိုလမ်းဆုံးတိုင် လိုက်ကြည့်ဘို့ တိုက်တွန်း ရပေလိမ့်မည်။

အသိဉာဏ်တခုအကြောင်းကို သိရှိနားလည်ရေးအတွက် မိမိကလည်း အသိဉာဏ်ကိုပင် သုံးရမည်ဖြစ်ကြောင်း အထူးတလည် ညွှန်ပြရန် မလိုပါချေ။ 'အသိဉာဏ်' ဟူသည် ရုပ်ဝတ္ထုပစ္စည်းကဲ့သို့ ခေတ်ပုံရိုက်ပြ၍ ဖြစ်နိုင်စကောင်းသောအရာမျိုး မဟုတ်ကြောင်းလည်း သိအပ်သည်။

တဦးတယောက်၏ စိတ်သန္တာန်မှာရှိသော အသိဉာဏ်ကို အခြားသူတဦးက သိရှိနိုင်ဘို့အတွက် အကောင်းဆုံးသောနည်းမှာ ထိုအသိဉာဏ်ရှင်က သူ၏အသိဉာဏ်ဖြင့် ဖန်တီးထားသော သူ၏ 'ဉာဏ်လက်ရာ' များကို လေ့လာကြည့်ခြင်းပင် ဖြစ်သည်။ ဉာဏ်ကား အကြောင်း၊ ဉာဏ်လက်ရာကား အကျိုးတည်း။ အကျိုးကို တွေ့ရက အကြောင်းကို အနုမာနအားဖြင့် သိနိုင်သည်။ အပူရှိန်နှင့် အခိုးကိုတွေ့ရှိလျှင် အကြောင်းခံဖြစ်သော မီးကို မျက်စိဖြင့် မမြင်ရသော်လည်း ဉာဏ်ဖြင့် သိနိုင်သည်။ အကျိုးကို ထောက်ဆ၍ အကြောင်းကို သိနိုင်သည်။

ယနေ့ သိပ္ပံပညာရှင်ကြီးများ၏ သိပ္ပံအသိဉာဏ် (Scientific Knowledge) မည်မျှကြီးမားသနည်းဟု သိချင်လျှင် သူတို့၏ အသိဉာဏ်ဖြင့် ဖန်တီးထားသော ဒိုးပျံဂြိုဟ်တုစသည်ကို လေ့လာကြည့်ရပေလိမ့်မည်။ သူတို့၏ လက်ရာများသည် သူတို့ဉာဏ်စွမ်း၏ ထင်ဟပ်ချက်များ မဟုတ်ပါလော။

ပုဂံခေတ် ပိသုကာဆရာကြီးများ၏ ပိသုကာပညာ မည်မျှ အဆင့်အတန်းမြင့်မားကြောင်း သူတို့၏လက်ရာများကို စနစ်တကျ လေ့လာကြည့်မှ သိနိုင်၏။ အဆောက်အဦများ အချိုးအစားကျနပုံ၊ လေနှင့် အလင်းရောင်ရအောင် စီမံထားပုံ၊ ရေရှည်ခိုင်ခံ့ပုံနှင့် မျက်မှောက် သိပ္ပံခေတ် အင်ဂျင်နီယာများသည်ပင် အနှစ် ၈၀၀-၉၀၀ ခိုင်ခံ့တည်တံ့ရစ်မည့် ဤကဲ့သို့သော အဆောက်အဦများ ဆောက်နိုင် မဆောက်နိုင် စသည့်တို့ကို အပင်ပန်းခံ၍ လေ့လာကြည့်ပါလျှင် စဉ်းစားဉာဏ် သုံးသူတိုင်းအဖို့ ပုဂံခေတ် ပိသုကာ ဉာဏ်စွမ်းကို အသေအချာ သိရှိပေရာသည်။

ဤနည်းအတူ ဟိုးမား၊ ရှိတ်စပီးယား၊ တာဂိုး၊ ရှင်မဟာသီလဝံသ စသော ပုဂ္ဂိုလ်ကျော်တို့၏ ကဗျာဉာဏ်ကို သိလိုလျှင် သူတို့၏ လက်ရာမှန် ကဗျာများကို ချဉ်းကပ်လေ့လာကြည့်မှ ဖြစ်ပေမည်၊ သူတို့၏ လက်ရာကျော်များကို စနစ်တကျ မလေ့လာလျှင် သူတို့၏ ကဗျာဉာဏ်ကို သိနိုင်မည် မဟုတ်ချေ။

ဤသို့သော ယထာဘူတ သာဓကများအရ ဝိဇ္ဇာသိပ္ပံနှစ်ဌာန လုံး၌ ပုဂ္ဂိုလ်တဦးဦး၏ ဝိဇ္ဇာဉာဏ်၊ သိပ္ပံဉာဏ်အစွမ်းအစကို သိချင်လျှင် ထိုပုဂ္ဂိုလ်၏ ဉာဏ်ရာ၊ လက်ရာများကို နည်းစနစ် မှန်မှန်ကန်ကန် လေ့လာသုံးသပ်ကြည့်ဘို့လိုသည်။ ဤအချက်မှာ အလွန် ရှင်းသည့် အချက်တရပ် ဖြစ်ပေသည်။

သို့ဖြစ်၍ 'သဗ္ဗညုတဉာဏ်တော်' ရှိကြောင်း အခိုင်အမာ သိရှိနိုင်ရန် ဆိုခဲ့ပါ ယထာဘူတလမ်းစဉ်အရ လုပ်ဆောင်ရမည်ဖြစ်၏။ သဗ္ဗညုတဉာဏ်တော်၏ လက်ရာများကို လေ့လာကြည့်ကြရမည် ဖြစ်ပေသည်။

## ဉာဏ်တော်လက်ရာတချက်

ဗုဒ္ဓပိဋကတ်တော်တွင် အနန္တနယသမန္တပဋ္ဌာန်းကျမ်းတော်ကြီးသည် သဗ္ဗညုတဉာဏ်တော်ကြီး၏ လက်ရာတချက်ဖြစ်၏။ ထေရဝါဒ ဗုဒ္ဓဘာသာမှတပါး တကမ္ဘာလုံးတွင် ယနေ့အထိ မည်သည့်နိုင်ငံ မည်သည့်စာပေ မည်သည့်ဘာသာအယူဝါဒတွင်မျှ မရှိသောကျမ်းမဟာဖြစ်သည်။

ဗုဒ္ဓတရားတော်များကို သေးသိမ်အောင် 'ဟိန္ဒူကျမ်းများမှ ကူးချထားသည်' ဟူသော လုပ်ဇာတ်ကို တီထွင်လိုသူ ပညာရှိကြီးများသော်မှ ပဋ္ဌာန်းကျမ်းမဟာအတွက် အကျပ်ရိုက်နေကြသည်။ ပဋ္ဌာန်းကျမ်းမဟာသည် မည်သည့် ဘာသာဂါဒမှာမှ မရှိသည့် သဗ္ဗညုတဉာဏ်တော်၏ လက်ရာစစ်စစ်ဖြစ်နေသောကြောင့် သူတို့အဖို့ မြင်ပြင်းကပ်စရာပင် ဖြစ်နေ၏။

သို့ဖြစ်သောကြောင့် သဗ္ဗညုတဉာဏ်တော် အကြောင်းကို သိချင်သူသည် သဗ္ဗညုတဉာဏ်လက်ရာ အစစ်ဖြစ်သော ပဋ္ဌာန်းကျမ်းမဟာကို စနစ်တကျ လေ့လာသင်ယူကြည့်ရမည်ဖြစ်၏။

ဤတွင် 'စနစ်တကျ' ဟူသောစကား၊ 'သင်ယူ' ဟူသောစကားတို့သည် လွန်စွာ အရေးကြီးသည်။ လေ့လာနည်း စနစ်မကျလျှင် လွန်စွာ နက်ရှိုင်းပြီး ကျယ်ပြောလှသော ကျမ်းသမုဒ္ဒရာကို ကူးမြောက်နိုင်မည်မဟုတ်။ တဖန် ဝတ္ထုလို၊ ကဗျာလို စာပေမျိုး

မဟုတ်၍ အဘိဓာန်နှင့် တိုက်၍ဖတ်ခြင်း၊ ဟိုလူ သည်လူထံ မေး၍ မိမိဖာသာ လေ့လာခြင်းဖြင့် နည်းပေါင်း အသိန်းအသောင်း ကြွယ်ဝသော ကျမ်းပင်လယ်မှ ခက်ခဲနက်နဲသော သဘာဝအသွယ် သွယ်ကို ယထာဘူတအတိုင်း နားလည်မည် မဟုတ်ချေ။

ယခုလက်ရှိခေတ်တွင် ပဋ္ဌာန်းသင်ကြားနေကြသည် ဆိုရာဝယ် အမှန်အားဖြင့် တို့ကနန်း ဆိတ်ကနန်း 'မြည်း' စမ်းကြည့်နေကြရုံ မျှသာ ဖြစ်သည်။ ရှေ့တွင် တွက်ပြမည်ဖြစ်သည့်အတိုင်း ပဋ္ဌာန်း ကျမ်းပေါင်း သိန်းကျော်အနက် 'စ'လုံး တစိတ်စာမျှပင် သင်ယူ နိုင်ကြသေးသည်မဟုတ်ချေ။ သို့သော် ပိဋကတ်တော် ထိန်းသိမ်း ရေးအတွက် လမ်းစကိုမူ မပျောက်မပျက်ရအောင် ဆက်လက် ဖွင့် ထားနိုင်ပေသည်။

သဗ္ဗညုတဉာဏ်တော်အကြောင်းကို သိချင်သူမှာမူ စာမေးပွဲ အောင်ရုံမျှ၊ ကုသိုလ်ဖြစ်ရုံမျှ၊ ကျင့်ကြံတတ်ရုံမျှ လေ့လာရုံလောက် ဖြင့် လုံလောက်မည် မဟုတ်ချေ။ ရည်ရွယ်ချက်ပန်းတိုင် ကြီးမားသူ ဖြစ်သည့်အတိုင်း အလုပ်ကိုလည်း ပို၍လုပ်ရပေမည်။ သို့မှသာ မိမိ သိချင်သော သဗ္ဗညုတဉာဏ်တော်ကြီးကို ပဋ္ဌာန်းကျမ်းမဟာထဲ၌ စင်စစ် တွေ့ရမည်ဖြစ်သည်။

ပဋ္ဌာန်းကျမ်းမဟာကြီးကို 'နည်းစုံ ကျမ်းကုန်' သင်ယူ တတ် မြောက်လာသူတိုင်းသည် သဗ္ဗညုတဉာဏ်တော်ကြီး အံ့မခန်းဖြစ်ရှိ ခဲ့ပုံကို မမိုတ်မသုန် ခြေစုံပစ်၍ လက်ခံ ယုံကြည်ခဲ့ပြီး ဖြစ်သည်။ ယုံကြည်နေဆဲလည်း ဖြစ်၏။ နောင်တွင်လည်း ယုံကြည်ကြဦးမည် ဖြစ်သည်။

သို့ဖြစ်၍ ပဋ္ဌာန်းကျမ်းသမုဒ္ဒရာကို အဟုတ်တကယ် မသင်ယူဘူး သူတိုင်းသည် သဗ္ဗညုတဉာဏ်တော်မြတ်ကို **ပညာသိဖြင့်** ရာနှုန်း ပြည့် လက်ခံပြီးသား မဖြစ်နိုင်သေးချေ။ သို့သော် **သဒ္ဓာအကြည်** ဖြင့်မူကား စွဲမြဲသက်ဝင်နိုင်ကြလေသည်။

လက်ရှိ သိပ္ပံခေတ်တွင် သိပ္ပံနည်းကျကျ တွေးခေါ်တတ်ဖို့ လုပ်ဆောင်တတ်ဖို့လိုကြောင်း ထပ်လောင်း ဖော်ပြဘွယ်ရာ မလို ပါချေ။ ထိုကြောင့် သဗ္ဗညုတဉာဏ်အကြောင်း သိချင်နေသူ သို့မဟုတ် သံသယရှိနေသူ သိပ္ပံခေတ်လူ ပညာရှိများအား သဗ္ဗ ညုတဉာဏ ရတနာ၏ မဟာဘဏ္ဍာတိုက်ကြီးဖြစ်သော ပဋ္ဌာန်း ကျမ်းမြတ်က စမ်းသပ်ပါလှည့်၊ သင်ယူပါလှည့်ဟု၍ ကြွားကြွား ဝင့်ဝင့် ဖိတ်ခေါ်လျက် အစဉ်ရှိနေကြောင်းသတိပေးအပ်ပါသည်။

ပဋ္ဌာန်းကျမ်းမဟာကို ကျကျနန သင်ယူမိသောအခါ 'သဗ္ဗ ညုတဉာဏ်တော်'ကို တကယ် ယုံကြည်လာပါလိမ့်မည်။

## ကျမ်းကြီးပဋ္ဌာန်း

သဗ္ဗညုတဉာဏ်တော်၏လက်ရာကျော်ဖြစ်သော ပဋ္ဌာန်းကျမ်း ကြီးသည် သဘာဝအားဖြင့် မည်မျှသိမ်မွေ့နက်နဲကြောင်း အထူး ဖော်ပြရန်လိုမည်မထင်။ အကြောင်းအကျိုးဆက်စပ်၍ တလောက လုံးကို မွှေနှောက်ဖော်ပြသော ကျမ်းများအနက် အရှင်းဆုံး၊ အကြီးမားဆုံးလည်း ဖြစ်ပါပေသည်။ ဤကျမ်းက ညွှန်ပြသည့် အတိုင်း အသုံးချတတ်ပါလျှင် နေ့စဉ် ဘဝတွင်လည်း လက်တွေ့

အသုံးဝင်သည်။ မည်သည့်ကိစ္စတွင်မျှ ပဋ္ဌာန်းပစ္စည်းဆက်၍ မရဟု မရှိ၊ ရသည်သာ။

'ပဋ္ဌာန်းကျမ်း'ဟု ခေါ်ရသော ကျမ်းအရေအတွက်ကား ၁၂၉၂၃၂ (တသိန်း နှစ်သောင်း ကိုးထောင်နှစ်ရာ သုံးဆယ့်နှစ်) ကျမ်း ရှိသည်။ (ပဋ္ဌာနနယဒီပနီ)။

ဤကျမ်းစာတို့ကို အပြည့်အစုံ စက်တင်ရိုက်နှိပ်မည်ဆိုသော် (အလျား ၁၁-လက်မ၊ အနံ ၇-လက်မ၊ ဒု-၁-လက်မ၊ ၁၁×၇×၁) ခန့်ရှိစာအုပ်ပေါင်း ၁၂၉၂၃၂-ခန့်ပင် ထွက်ရှိလာမည်ဖြစ်သည်။

ထိုရိုက်နှိပ်ပြီးသား စာအုပ်တိကို ထားရှိရန် (အနီးဆုံး တွက်ချက်အရ) အလျား ၁၁၈၄၆၂-ပေ၊ အနံ ၇၅၃၈၇-ပေမျှ ကျယ်ဝန်းသော မဟာအဆောက်အဦကြီးတခု လိုအပ်ပေမည်။ ထိုပဋ္ဌာန်းကျမ်း စာအုပ်ပုံကြီးသည်လည်း ၁၀၉၇၉-ပေခန့် မြင့်မားပေမည်။ ပေပေါင်း ၁-သောင်းကျော် မြင့်မားပေမည်။ ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ကြီးသည် ပေပေါင်း ၂၉၀၀၂ ပေ မြင့်သည်ဖြစ်ရာ ပဋ္ဌာန်းကျမ်းစာအုပ်ပုံကြီးသည် ထိုဧဝရက်တောင်ကြီး၏ထက်ဝက်ခန့် အမြင့်ရှိနေပေသည်။

သဗ္ဗညုမြတ်စွာဘုရားသည် ဤမျှ ကျယ်ဝန်းကြီးမားလှသော ပဋ္ဌာန်းကျမ်းတော်ကြီးကို သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် သုံးသပ်ဆင်ခြင်တော်မူလိုက်ရာ နှလုံးသွေး ကြည်လင်လွန်းသောကြောင့် ကိုယ်တော်မှ ရောင်ခြည်တော်တို့ တဖိတ်ဖိတ်တောက်ပ၍ ကွန့်မြူးပေါ်ထွက်လာကြကုန်သည်။

ဤကျမ်းကြီးကို ဝါတွင်းသုံးလပတ်လုံး တာဝတိံသာ နတ်ပြည်၌ ဟောတော်မူခဲ့သည်။ ဆွမ်းခံချိန်တွင် နိမ္မိတရုပ်ပွားတော်

ဖြင့် ဟောပြောစေ၍ မြောက်ကျွန်း၌ဆွမ်းခံပြီးအပြန် ဟိမဝန္တာရှိ ဆေးဒန်း မြင်းသီလာ ကျောက်ဖျာထက်၌ သီတင်းသုံးခိုက် ရှင်သာရိပုတ္တာရာအား အကျဉ်းချုပ် ပြန်လည် ဟောတော်မူခဲ့၏။ ဟောတော်မူသည့် သက္ကရာဇ်ကား မဟာသက္ကရာဇ် ၁၁၀(တရာ့တဆယ်) ဖြစ်သည်။ ယခု တွက်ပြသောကျမ်းများမှာ ရှင်သာရိပုတ္တာရာက လူသား ရဟန်းများအား မကျဉ်းမကျယ် ပြန်လည်ဟောပြခဲ့သည့်အတိုင်းဖြစ်၏။(အဋ္ဌသာလိနီ နိဒါန်း)

ယခု ထေရဝါဒ ရဟန်းတော်များလက်တွင်ပဋ္ဌာန်းကျမ်း ၅-အုပ်သာရှိသည်။နည်းတထောင် တသောင်းတွင်မှ တနည်းလောက်ဖော်၍ ပေယျာလ များစွာထိုးကား အကျဉ်းတကာ့ အကျဉ်းဆုံးမှတ်သားထားချက်ဖြစ်သည်။ သို့သော် ဤနည်းအချုပ်ကိုအခြေတည်၍ ခွဲပြန်သော် အထက်ဖော်ပြပါ ကျမ်းဂန်အပြည့်အစုံ ရရှိလာနိုင်သည်။ ဤသို့ဖြစ်ရခြင်းမှာ လွန်စွာ စနစ်ကျလှသောကြောင့်ဖြစ်ပေသည်။

ဆက်၍ဆိုရလျှင် မြတ်ဗုဒ္ဓ၏ ပရိယတ္တိ သာသနာကွယ်ပသောအခါ ဤပဋ္ဌာန်းကျမ်းကြီးက စတင်ကွယ်မည် ဖြစ်သည်။ ယခုမူကား ဘုရားသာသနာအရှိန်အဝါရှိနေပေ၍သာ ဤမျှ ကြီးမားကျယ်ပြန့်သောကျမ်းကြီးကို ဗုဒ္ဓဘာသာများ ပိုင်ဆိုင်နေကြခြင်းဖြစ်၏။ မည်မျှ ဂုဏ်ယူဘွယ်ရာဖြစ်လေသနည်း။

လက်ရှိ ကမ္ဘာပေါ်တွင် တကျမ်းတည်းနှင့် ဤမျှလောက်ကြီးမားပြီး စနစ်ကျလှသော၊ နက်နဲလှသောကျမ်းမျိုးကို အဘယ်နိုင်ငံ၌ အဘယ်သူသည် တွေ့ဘူးပါသနည်း။ အဘယ်သူသည် သင်ယူဘူးပါသနည်း။

တိပိဋကဓရ စာမေးပွဲ နှုတ်ငုံပြန်ဆိုမှုကို အဝေးက အပယိက လေ့လာပြီးနောက် လူသားတယောက် ကျက်မှတ်၍ရနိုင်သောကြောင့် ဗုဒ္ဓပိဋကတ်သည် ကမ္ဘာ့အကြီးဆုံး ကျမ်းဂန်မဟုတ်သေးဟု အချို့က အလေ့တကြီးမှတ်ချက်ချကြ၏။ ထိုသူမျိုးသည် ဆရာကောင်း သမားကောင်းနှင့် ပဋ္ဌာန်းတကျမ်းတည်းကိုပင် သင်ယူလေ့လာဖြစ်ပါက သူ၏မှတ်ချက်ကို ရုပ်သိမ်းလိုက်မည်သာ ဖြစ်ပေသည်။

**အကျဉ်းချုပ်။** ။သဗ္ဗညုတဉာဏ်နှင့် ဥဒေယျဓမ်တရား ၅-ပါးကို သိအပ်သည်။ ပါရမီအရင်းတည်၍ ဉာဏ်တော်ကိုရခြင်းဖြစ်သည်။ ဉာဏ်တော်တွင် စွမ်းရည်သုံးမျိုးရှိသည်။ ဉာဏ်တော်ရှိကြောင်း ဉာဏ်လက်ရာများကို လေ့လာခြင်းဖြင့် သိနိုင်သည်။ ကျမ်းကြီး ပဋ္ဌာန်းစာအုပ်ပုံသည် ဝေရက်တောင်၏ တဝက်ခန့်မြင့်မားမည်ဖြစ်သည်။ ဤကျမ်းသည် ဉာဏ်တော်လက်ရာ တစိတ်တဒေသမျှသာဖြစ်သည်။

အခန်း ၃

## ဈာနဝိသယော အစိန္တေယျော
## စွမ်းအားအကြီးဆုံး စိတ်ပညာ

ဤအခန်း၌ 'ဣဒ္ဓိဝိသယော အစိန္တေယျော- စိတ်တန်ခိုးအရာနှင့် ပတ်သက်ပြီး အပြင်ပန်းမှနေ၍ တွေးမြင်ကြံဆကြည့်ကာမျှဖြင့် အထူးသိခြင်းမှာ မစွမ်းနိုင်'ဟူသောအချက်ကို သိသာရုံမျှ ဖော်ပြရင်း အကြားအမြင် တန်ခိုးစွမ်းရည် စသည်အကြောင်း အနည်းငယ်တင်ပြပါမည်။

### ဘုန်းသမ္ဘာဟူသည်

မာဂဓဘာသာ 'ပုည'သည် 'စင်ကြယ်မွန်မြတ်သော ကောင်းမှုကုသိုလ်'ဟု အဓိပ္ပာယ်ရှိ၏။ လူသားများ နေ့စဉ်လုပ်သည့်အလုပ်များထဲမှ အပြစ်ကင်းသောလုပ်အားကို 'ပုည'ဟု ခေါ်၏။ ထိုပါဠိ 'ပုည'မှ 'ပုဉ်း'၊ 'ပုဉ်း'မှ 'ပုန်း'၊ 'ပုန်း'မှ 'ဘုန်း'ဟူ၍ မြန်မာဝေါဟာရ ဖြစ်လာ၏။

သို့ဖြစ်၍ 'ဘုန်း' ဟူသော မြန်မာဝေါဟာရ၏အဓိပ္ပာယ်မှာ 'အပြစ်ကင်း၍ စင်ကြယ်မွန်မြတ်သော လူ့ လုပ်အားစု'ဖြစ်ကြောင်း သိအပ်သည်။ 'သမ္ဘာ' (သမ္ဘာရ)ဟူသည်မှာ စုမိဆောင်းမိထား သော အထုပ်အထည်တမျိုး ဖြစ်၏။ ထို့ကြောင့် 'ဘုန်းသမ္ဘာ' ဆိုရာတွင် 'သန့်စင်သော လုပ်အားထုထယ်'ဟု ဆိုလိုပါသည်။

ဆိုခဲ့ပါမူရင်းအဓိပ္ပာယ်အရ အလုပ်လုပ်သောလူတိုင်း၌ 'ဘုန်း' ရှိသည်ဆိုသောအချက်မှာ ငြင်း၍မရသော အချက်ဖြစ်ပါသည်။ ဘုန်းနည်းမှု ဘုန်းကြီးမှု အရည်အသွေးသာ ကွာကြလေသည်။ သန့်ရှင်းသော လုပ်အားစု (ဘုန်းသမ္ဘာ) ကြီးမားသူမှာ အနေ အထိုင် ပြေပြေလည်လည်ရှိလာပြီး ဘုန်းသမ္ဘာနည်းပါးသူမှာ ကျပ်တည်းဆင်းရဲရလေသည်။ဤကားလူနှင့် လူ့ လုပ်အားအပေါ် အခြေခံသော ယထာဘူတအချက်မှန် ဖြစ်ပါသည်။

## တန်းခိုးဣဒ္ဓိ အဓိပ္ပာယ်

'ဣဒ္ဓိ'ဟူသော မာဂဓဘာသာကို 'တန်ခိုး'ဟူ၍ ဘာသာ ပြန်ဆိုခဲ့ကြသည်။ ထို့ကြောင့် 'တန်ခိုး'အကြောင်းကို လက်ရင်း ကျကျ သိချင်လျှင် 'ဣဒ္ဓိ'ကို လေ့လာမှ ဖြစ်ချေမည်။ သို့ဆိုလျှင် 'ဣဒ္ဓိ'ဟူသည် အဘယ်လိုဟာမျိုးပေနည်း။

'ဣဒ္ဓိ'ပေါ်လာသောနယ်က ဆရာကြီးများသည် 'ဣဒ္ဓိ'ကို ဤသို့ ဖွင့်ဆိုကြ၏။

'ဣဒ္ဓိ'ဟူသည်....

(က) နိပ္ဖတ္တိ ပဋိလာဘ– ပြီးစီးခြင်း၊ ရရှိခြင်း၊

(ခ) ဥပါယသမ္ပဒါ – အကြောင်းအခြေခံခိုင်လုံခြင်း၊

(ဂ) ဝုဒ္ဓိ၊ ဥက္ကံသဂတ –ကြီးပွားခြင်း၊ အထက်တန်းသို့ ရောက်ခြင်း ဖြစ်သည်။

ထို့ကြောင့်....

(က) ပြီးစီးစေနိုင်သောအရာ၊ ရရှိစေတတ်သောအရာကို 'ဣဒ္ဓိ'

(ခ) အကျိုးတရား ဖြစ်ထွန်းစေရန် ခိုင်လုံသော အကြောင်းကို 'ဣဒ္ဓိ'

(ဂ) လူကိုကိုးတက်စေသော (ဝါ) အထက်တန်းသို့ ရောက်စေသောအရာကို 'ဣဒ္ဓိ'

(တန်ခိုး)ဟူ၍ နားလည်အပ်ပေသည်။

အထက်ပါဖွင့်ဆိုချက်ကို ဆင်ခြင်လျှင် 'ဣဒ္ဓိ' - 'တန်ခိုး'ဟု မြန်မာပြန်ခြင်းထက် 'စွမ်းရည်'ဟု ပြန်ယူလျှင် ပို၍ သိမြင်လွယ်စရာ ဖြစ်ပေမည်။

ကောင်းသော တန်ခိုးဣဒ္ဓိ စွမ်းရည်ကို ထူထောင်ချင်လျှင်-

၁။ သမထ လုပ်ငန်းခွင် တခုခု ရှိရမည်။

၂။ အလုပ်ကို လုပ်ငန်းခွင် ဆိုင်ရာ နည်းစနစ် အရ ကောင်းမွန်မှန်ကန်စွာ လုပ်ရမည်။

ဤသို့ ကြိုးစား၍ လုပ်ငန်းခွင် အောင်မြင်လျှင် မိမိလိုလားသော တန်ခိုးဣဒ္ဓိ(ပြည့်စုံမှု) မိမိလိုလားသော စွမ်းရည်ကို ရလာ

နိုင်ပေသည်။ သို့ရာတွင် 'တန်ခိုးဣဒ္ဓိ'၏ အခြေခံ အလုပ်ခွင်မှာမူ ကောင်း သည်လည်းရှိ၏၊ ဆိုးသည်လည်း ရှိ၏။ လုပ်ငန်းကောင်းလျှင် ကောင်းသောတန်ခိုးကို ရသည်။ လုပ်ငန်းခွင် ဆိုးလျှင် မကောင်းသောတန်ခိုးကို ရသည်။

**ဣဒ္ဓိ-အမျိုးမျိုး**

အဋ္ဌသာလိနီ ဒွါရကထာ အဖွင့်အရ လုပ်ငန်းခွင်အလိုက် **တ**န်ခိုးဣဒ္ဓိအမျိုးမျိုးရှိကြောင်း သိရ၏။ ၎င်းတို့မှာ....

၁။ အဓိဋ္ဌာနိဒ္ဓိ– အဓိဋ္ဌာန်ပြုခြင်း၏ အစွမ်းအားဖြင့် ကိစ္စပြည့်စုံမှုမျိုး ဖြစ်သည်။ စိတ်ဓာတ်အင်အား ကြီးပြီး ဖြူစင်သောလုပ်အားများ ရှိနေသူ၏ ကြံ့ခိုင်သော ဆုံးဖြတ်ချက်ကြောင့် ပေါ်ပေါက်လာသော အောင်မြင်မှုမျိုးတည်း။ အဓိဋ္ဌာန်လိုက်သည့်အတိုင်း ဖြစ်လာရသည် ဟူလို။

၂။ ဝိကုဗ္ဗနိဒ္ဓိ– ပုံသဏ္ဌာန်အမျိုးမျိုး ဖန်ဆင်းမှုကိစ္စပြည့်စုံခြင်း။ ဖန်ဆင်းနိုင်သည့်စွမ်းရည်တည်း။

၃။ မနောမယိဒ္ဓိ– စိတ်စွမ်းအားဖြင့် လိုအပ်သောကိစ္စ ပြီးစီးမှု။ စိတ်ကကြံလိုက်လျှင် အောင်မြင်မှုရခြင်းတည်း။

၄။ ဉာဏဝိပ္ဖာရိဒ္ဓိ–ဉာဏ်အားစွမ်း ပျံ့နှံ့မှုဖြင့် ကိစ္စပြီးခြင်း။ ဉာဏ်ကြီး၍ ကိစ္စပြီးခြင်းတည်း။

၅။ သမာဓိဝိပ္ပာရိဒ္ဓိ– သမာဓိစွမ်းရည် ပျံ့နှံ့၍ ကိစ္စပြီးစီးခြင်း။ သမထတန်ခိုး ရရှိသူတည်း။

၆။ အရိယိဒ္ဓိ– အရိယာပုဂ္ဂိုလ်တို့၏ အရိယာတရား စွမ်းအားဖြင့် ပြီးစီးအောင်မြင်မှုမျိုး။ ရဟန္တာဖြစ်၍ အကျိုးကျေးဇူး ရရှိမှုမျိုး ဖြစ်၏။

၇။ ကမ္မဝိပါကဇိဒ္ဓိ–ကံ အကျိုးတရားနှင့်တကွ ဖြစ်ပေါ်လာသော ပြည့်စုံမှု။

၈။ ပုညဝတောဣဒ္ဓိ–ဘုန်းသမ္ဘာကြီးသူ၏ ပြည့်စုံပြီးမြောက်မှုမျိုး။

၉။ ဝိဇ္ဇာမယိဒ္ဓိ– ဆေးအတတ်စသော အတတ်ပညာ စွမ်းရည်ကြောင့် ပြီးစီးအောင်မြင်မှု။

၁၀။ တတ္ထ တတ္ထသမ္မာပယောဂ ပစ္စယာဣဒ္ဓိ–လူတို့ လုံ့လပညာကြောင့် ပြီးစီး အောင်မြင်မှုမျိုး။

၁၁။ အာထဗ္ဗနိဒ္ဓိ– အာထဗ္ဗန ဗေဒင်ကျမ်းလာ နည်းအတိုင်းပြုလုပ်၍ ကိစ္စပြီးစီးမှု။

စုစုပေါင်း ဆယ့်တမျိုး ဖြစ်ပေသည်။

အဓိဋ္ဌာနဣဒ္ဓိ၊ ဝိကုဗ္ဗနဣဒ္ဓိနှင့် မနောမယဣဒ္ဓိ တို့သည် အဘိညာဉ်နှင့်သက်ဆိုင်သဖြင့် ရှေ့တွင်မှအကျယ်ဖော်ပြပါမည်။

ဉာဏဝိပ္ပာရဣဒ္ဓိ ဟူရာ၌– ဤ ဘဝအတွင်းမှာရတော့မည့် အရဟတ္တ မဂ်ဉာဏ်၏ စွမ်းရည်ကြောင့်ပြည့်စုံမှုမျိုး၊ အောင်မြင်မှုမျိုး၊ဘေးရန်ကင်းရမှုမျိုး ဖြစ်၏။

ရှင်ဗာကုလအလောင်းသူငယ်ကလေးကို ရေချိုးဆိပ်တွင် ငါးကြီးမျိုသွားသည်။ ထိုငါးကိုဖမ်းမိသော တံငါသည်က ဗာရာဏသီ သူဌေးကတော်ကြီးထံ သွားရောင်းသည်။ ငါးဗိုက်ခွဲလိုက်ရာ သူငယ်ကို အသက်ရှင်လျက် ပြန်ရသည်။ ကြီးပြင်းသောအခါ ရဟန္တာဖြစ်လာသည်။

သံကိစ္စမထေရ်အလောင်း၏ မိခင်သည် မီးမဖွားနိုင်၍ ဆုံးရှာသည်။ အလောင်းကို မီးတင်ရှို့ကြစဉ် တံစူးဝါးနှင့်ထိုးသောအခါ ကလေးမျက်ကွင်းကို သွားထိုးမိ၍ ကလေးငိုသံ ထွက်လာသည်။ ထိုအခါမှ အမေ့အလောင်းကို မီးပုံပေါ်မှချပြီး ကလေးကို ထုတ်ယူကြသည်။ ထိုကလေးသည် နောင်အခါ သံကိစ္စမထေရ် ဖြစ်လာသည်။

ဤကဲ့သို့ ရှင်ဗာကုလအလောင်း ငါးဝမ်းတွင်းမှာ မသေခြင်း၊ သံကိစ္စမထေရ်အလောင်း မီးလောင်၍ မသေရခြင်းတို့မှာ နောင်သူတို့ရလတ္တံ့သော 'အရဟတ္တမဂ်ဉာဏ်'၏ စွမ်းရည် (တန်ခိုး) ကြောင့် ဖြစ်ပေသည်။ ဤသို့ ဘေးကင်းခြင်းမျိုးကို 'ဉာဏဝိပ္ဖာရဣဒ္ဓိ' ဟု ခေါ်သည်။

သမာဓိဝိပ္ဖာရဣဒ္ဓိ-ဟူရာ၌ အလွန်ကြီးမားသော သမာဓိစွမ်းရည်ကြောင့် အန္တရာယ် မကျရောက်နိုင်ပုံမျိုး ဖြစ်၏။

တခါက ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးသည် တပေါတချောက်မှာနေသည်။ လသာသောညတွင် နိရောဓသမာပတ် ဝင်စားလျက် လွင်တီးခေါင်မှာ သီတင်းသုံး၏။ ထိုအခါ ရိတ်ပြီးစပြောင်နေသော ဦးခေါင်းတော်ကို ဘီလူးတကောင်က တင်းပုတ်နှင့်ထုလေရာ အသံမှာ မိုးချုန်းသံလောက်နီးနီး ဟီးထွက်သွား

လေသည်။ သို့သော် ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်မှာ ဘာမှ မဖြစ်ပေ။

သဥ္စိဝမထေရ် နိရောဓသမာပတ်ဝင်စားနေစဉ်ကလည်း သေနေသည်ထင်၍ နွားကျောင်းသားများက ထင်းပုံပြီး မီးသင်္ဂြိုဟ်ကြသည်။ သို့သော် မထေရ်မှာ သမာပတ်ချိန် ကုန်သောအခါ ပကတိအတိုင်း ပြန်ထလာနိုင်သည်။ မီးမလောင်ချေ။

မိဖုရားငယ် မာဂဏ္ဍီ ကုန်းတိုက်မှုကြောင့် ရှင်ဘုရင်က မိဖုရားကြီး သာမာဝတီအား လေးဖြင့်ပစ်သတ်ရာ လေးတင်၍မရ၊ ပစ်၍လည်းမရ ဖြစ်နေသည်။ သာမာဝတီ၏ ခွင့်ပြုချက်ဖြင့် လေးတင်ပြီး ပစ်ပြန်သောအခါ မြှားမှာ ဘုရင့်ခြေရင်း၌သာ ကျသွားလေသည်။

ဤသည်တို့မှာ အတုမရှိသော သမာဓိစွမ်းရည်ကြောင့် ဘေးကင်းခြင်းများတည်း။ ဤသည်ကို 'သမာဓိဝိပ္ဖာရဣဒ္ဓိ'ဟု ခေါ်လေသည်။

အရိယာဣဒ္ဓိ— ဟူရာ၌ ရဟန္တာအရှင်မြတ်များ၏ စိတ်နိုင်ခြင်းစွမ်းရည်မျိုးဖြစ်သည်။

ရဟန္တာအရှင်မြတ်တို့သည် စက်ဆုပ်ရွံရှာဘွယ်များကို တွေ့သောအခါ တမင်္ဂလာစိတ်ပြောင်း၍ မစက်မဆုပ်ဘဲနေနိုင်သည်၊ သို့မဟုတ် လျစ်လျူရှုထားနိုင်သည်။ ချစ်စရာ ဣဋ္ဌအာရုံများ အပေါ်၌လည်း အသုဘဘဲဟု နှလုံးသွင်း၍ရသည်။ တန်ခိုးကြီးသော ရဟန္တာတို့၏ ဤသို့သောစွမ်းရည်မျိုးကို 'အရိယဣဒ္ဓိ'ဟု ခေါ်သည်။

ကမ္မဝိပါကဇာဣဒ္ဓိ–ဟူရာ၌ ကံနှင့် မျိုးရိုးကြောင့်ဖြစ်ပေါ်လာသော စွမ်းရည်မျိုးတည်း။ ငှက်တို့ ကောင်းကင်ပျံနိုင်ခြင်း၊ ပြိတ္တာအချို့ အာကာသ၌ကျက်စားနိုင်ခြင်း စသည်တည်း။

ပုညဝတောဣဒ္ဓိ–ဟူရာ၌ ဘုန်းသမ္ဘာကြောင့် အောင်မြင်မှုမျိုးတည်း။

ဇောတိကသေဌေးအတွက် ပတ္တမြားပြာသာဒ်ပေါ်လာရခြင်း၊ ဃောသိတသေဌေးသား ခုနစ်နေရာကနေပြီး သတ်၍မသေခြင်းသည် ကုသိုလ်ပုညအရင်းခံအားကြီးသောကြောင့်ဖြစ်သည်။ ယခုခေတ်တွင်လည်း ဤသို့သော ပုညတန်ခိုးရှိပေသည်။ ရှင်ဘုရင်ဝမ်းထဲ ဝင်စားရ၍ ရှင်ဘုရင်သားဖြစ်လာပြီး အစိုးတရရှိခြင်း၊ သူဌေးဝမ်းထဲ ဝင်စားပြီး သူဌေးသားဖြစ်လာ၍ တိုက်ကြီး ကားကြီးဖြင့် ခမ်းကြီး နားကြီးနေရခြင်း စသည်မှာလည်း ကုသိုလ်ဘုန်းသမ္ဘာပေတည်း။

ဝိဇ္ဇာမယာဣဒ္ဓိ–ဟူရာ၌ လောကီဝိဇ္ဇာအတတ်ပညာဖြင့် အလိုရှိရာ ပြည့်စုံမှုမျိုးဖြစ်သည်။ ရှေးက ဝိဇ္ဇာဓိုရ်များ ကောင်းကင်ပျံနိုင်ရာ၌ ဤဣဒ္ဓိမျိုးကို ရ၍ဖြစ်သည်။ ယခုခေတ် အကြားအမြင်ရသူများလည်း ဤတန်ခိုးမျိုး ရရှိထားပေရာသည်။

'တတ္ထတတ္ထ သမ္မာပယောဂပစ္စယာဣဒ္ဓိ' ဟူသောအဖွင့်တွင် 'ယံကိဉ္စိ သိပ္ပကမ္မံ' ဟု ဆိုထားသည်။ ဤအဖွင့်အရယနေ့ မော်တော်ကားဖြင့် အမြန်သွားခြင်း၊ သင်္ဘောဖြင့် သမုဒ္ဒရာကူးခြင်း၊ လေယာဉ်ဖြင့် ကောင်းကင်ပျံခြင်း၊ အာကာသယာဉ်ဖြင့် ကမ္ဘာပတ်ခြင်း၊ လကမ္ဘာသွားခြင်းတို့သည်လည်း လူ့လုံ့လ စွမ်းရည်ကြောင့်ဖြစ်ထွန်းအောင်မြင်လာသော တန်ခိုးဣဒ္ဓိတို့ပေတည်း။ ဝိဇ္ဇာ

ပညာသိပ္ပံပညာတို့၏စွမ်းရည်မှန်သမျှ ဤကုဒ္ဒိတန်ခိုးမျိုးပေတည်း။ အရိယာမဂ်ဖြင့် ကိလေသာကို ပယ်ခြင်းမျိုးလည်း ဤဣဒ္ဓိ၌ ပါဝင်သည်။

အာထပ္ပနဣဒ္ဓိ– ကိုယ့် မကောင်းဆိုးရွား အကျိုးမများ၍ မဖော်ပြအပ်ပြီ။

## အဘိညာဉ်

'တန်ခိုးဣဒ္ဓိ'အရာ၌ အထွတ်မြတ်ဆုံး အောင်မြင်ရေးအတွက် 'အဘိညာဉ်'ရဘို့ လိုပါသည်။ 'အဘိညာဉ်'ဟူသည့် 'အလွန်ထူးသော ဉာဏ်စွမ်းအားဖြင့် သိမြင်မှု'ဟူ၍အဓိပ္ပာယ်ရှိသည်။

## ကသိုဏ်းနှင့်စွမ်းရည်

ဤ'အဘိညာဉ်'ကို ရအောင် ကသိုဏ်းဆယ်ပါးဖြင့် သမာပတ် ကိုးပါးကို အခြေခံရသည်။ ကသိုဏ်းဆယ်ပါးဟူသည်....

၁။ ပထဝီ ကသိုဏ်း – မြေဝန်းအာရုံ၊မြေကြီးကို အဝန်းအဝိုင်းလုပ်ပြီး ရှုရသည်။ဤပထဝီကသိုဏ်း၏အစွမ်းဖြင့် ပုံသဏ္ဌာန်အမျိုးမျိုး ဖန်ဆင်းနိုင်သည်။ ရေကို မြေလိုနင်းသွားနိုင်သည်။ ပေါ့သောဝတ္ထုကို လေးစေနိုင်

သည်။ ပစ္စည်းတခုခုကို နေရာမှ ရွေ့ရှဲမှ မရွေ့အောင် ပြုနိုင်၏။

၂။ အာပေါကသိုဏ်း — ရေဝန်းအာရုံ၊ ရေကို ခွက်တွင် ထည့်၍ ရှုရသည်။ အာပေါကသိုဏ်း၏စွမ်းရည်ဖြင့် မြေကြီးထဲသို့ ငုပ်ဝင်နိုင်၏။ မြစ်ချောင်း၊ သမုဒ္ဒြာဖန်ဆင်းနိုင်သည်။ မိုးရွာချစေနိုင်သည်၊ လူကိုယ်မှ ရေထွက်စေနိုင်သည်။

၃။ တေဇောကသိုဏ်း — မီးဝန်းအာရုံ၊ မီးကွင်း၊ မီးဝိုင်းကို ရှုရသည်။ မီးခိုးစသည်ကို ဖန်ဆင်းနိုင်သည်၊ မီးနှင့် မီးခဲတတ်ပါသောလက်နက်ကို ဟန့်တားနိုင်သည်၊ တခုခုကို လောင်ကျွမ်းသွားအောင် ဖန်တီးနိုင်သည်။

၄။ ဝါယောကသိုဏ်း — လေတိုက်ခတ်ရာနေရာကို မှတ်၍ လေဝန်းကို ပွားများခြင်း၊ ဝါယောကသိုဏ်း အစွမ်းဖြင့် မိမိကိုယ်ကို လေကဲ့သို့ လျင်မြန်ပေါ့ပါးအောင် လုပ်နိုင်သည်။ မုန်တိုင်းကျအောင် ဖန်ဆင်းနိုင်၏။

၅။ နီလကသိုဏ်း — စိုက်၍ ရှုအပ်သော အညိုရောင်အဝန်း၊ နီလကသိုဏ်း စွမ်းရည်

ဖြင့် အညိုရောင် ပစ္စည်းဝတ္ထုကို ဖန်ဆင်း နိုင်သည်၊ မှောင်ချနိုင် သည်။

၆။ ပီတ ကသိုဏ်း – အဝါရောင်ဝန်း၊ ပီတ ကသိုဏ်း စွမ်းရည်ဖြင့် အဝါရောင် ဝတ္ထု ပစ္စည်းကို ဖန်ဆင်း နိုင်သည်။ ရွှေကို ဖန်ဆင်းနိုင်သည်။ ခဲရွှေဖြစ် အောင် လုပ်နိုင်သည်။

၇။ လောဟိတ ကသိုဏ်း – အနီရောင် ဝန်း၊ လောဟိတ ကသိုဏ်းစွမ်းရည်ဖြင့် အနီရောင် ဝတ္ထုပစ္စည်းများကို ဖန်ဆင်းနိုင် သည်။ ပတ္တမြားနီစသည်ကို ဖန် ဆင်းနိုင်သည်။

၈။ ဩဒါတ ကသိုဏ်း – အဖြူရောင် ဝန်း၊ ဩဒါတ ကသိုဏ်းစွမ်းရည်ဖြင့် အဖြူရောင် ဝတ္ထုကိုဖန်ဆင်းနိုင်သည်၊ အမိုက် မှောင်ကို ပယ်ဖျောက်နိုင်သည်၊ အလင်းရောင်ကို ပြုနိုင်သည်။

၉။ အာလောက ကသိုဏ်း–အလင်းရောင်အဝိုင်း၊ အာလောက ကသိုဏ်းစွမ်းရည်ဖြင့် ကိုယ်မှရောင် ကိုယ်နှင့် စပ်သော နေရာမှရောင် အရောင် ထွက်စေ နိုင်သည်။ အရောင်တောက်သော ပစ္စည်းကို

ဖန်တီးနိုင်သည်။ အမှောင်ခွင်း၍ အလင်းကို ဆောင်နိုင်သည်။

၁၀။ အာကာသ ကသိုဏ်း– ဟင်းလင်းကွက်အာရုံ၊အာကာသ ကသိုဏ်းစွမ်းရည်ဖြင့် ဖုံးကွယ်နေသော ဝတ္ထုပစ္စည်းကို မြင်သာအောင် ဖော်ပြနိုင်သည်။ မြေ၊ တောင် စသော ထုထယ်အတွင်း၌ ဟင်းလင်းဟာလာကို ဖန်တီး၍ ဝင်ထွက် သွားလာနေနိုင်သည်။တံတိုင်းနံရံစသည်တို့ကို ဟင်းလင်းဖွင့်ဖန်ဆင်း၍ ဖောက်ထွင်းသွားလာနိုင်သည်။

## သမာပတ် ကိုးပါး

ဆိုခဲ့ပါ ကသိုဏ်း ၁၀-ပါး၏စွမ်းရည်ကို အသုံးချမည့်အရာမှာ 'သမာပတ်ကိုးပါး အခြေခံသော အဘိညာဉ် ဖြစ်သည်။ 'သမာပတ်'ဟူသည် ရောက်အပ် ရအပ်သော ဈာန်များတည်း။ သမာပတ်ကိုးပါးကား အောက်ပါအတိုင်းဖြစ်၏။

၁။ ပထမဈာန်စိတ် – ယင်း၌....
ဝိတက် (ကြံစည်မှု)
ဝိစာရ (သုံးသပ်မှု)
ပီတိ (နှစ်သက်မှု)

သုခ (ချမ်းအေးမှု)
ဧကဂ္ဂတာ (စိုက်ရှိတည်ငြိမ်မှု)

ဟူသော သဘာဝ ၅-မျိုး ခြံရံသည်။ ဤပထမစျာန်စိတ်သည် ဆိုခဲ့ပါ ကသိုဏ်း တမျိုးမျိုးကို သာ အာရုံပြုသည်။ ဆိုလိုသည်မှာ ကသိုဏ်းတခုကို စနစ်တကျ စူးစိုက်ရှုမြင် ပွားများပါ များလျှင် ဤပထမစျာန်ကို ရလာနိုင်သည်။

၂။ ဒုတိယစျာန်စိတ် – ဤစိတ်၌ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ သဘာဝ လေးမျိုး ရှိသည်။

၃။ တတိယစျာန်စိတ် – ဤစိတ်၌ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ သဘာဝသုံးမျိုး ရှိသည်။

၄။ စတုတ္ထစျာန်စိတ် – ဤစိတ်၌ သုခ၊ ဧကဂ္ဂတာ သဘာဝနှစ်မျိုး ရှိသည်။

၅။ ပဉ္စမစျာန်စိတ် – ဤစိတ်၌ ဥပေက္ခာ၊ ဧကဂ္ဂတာ သဘာဝ နှစ်မျိုး ပါသည်။ 'ဥပေက္ခာ' ဟူသည် အာရုံ၏ သဘာဝအတိုင်း လွှတ်ပေးထားမှုမျိုးဖြစ်သည်။

ဤ ဈာန်စိတ်တို့သည်လည်း ကသိုဏ်း တခုခုကိုပင် အာရုံပြုကြသည်။ သို့သော် စိတ်သည် တဆင့်ထက် တဆင့် တည်ငြိမ်အားကောင်းလာသည်။

၆။ အာကာသာနဉ္စာယတန ဈာန်စိတ် (အာကာဈာန်စိတ်) — ဤစိတ်သည် ကသိုဏ်း အာရုံ လွတ်သွားပြီးနောက် ကျန်ခဲ့သည့် ဟင်းလင်းမှုကို သာ အာရုံပြုသည်။ ဥပမာ ပထဝီကသိုဏ်းကို အာရုံပြု၍ ပဉ္စမဈာန်စိတ် ဖြစ်ပေါ်လာသည်။ ပဉ္စမ ဈာန်မှ တဆင့် ရှေ့သို့ တက်လိုပြန်သော အခါ နဂိုက အာရုံပြုနေသော ပထဝီကသိုဏ်း အာရုံကို လွှတ်လိုက်သည်။ ယင်းသို့ ကသိုဏ်းကို လွှတ်လိုက်သောအခါ ကသိုဏ်း ကွာသွား၍ ဟင်းလင်း လဟာသာ ကျန်ရစ်သည်။ ဥပမာ ဆောက်ထားသောအိမ်ကို ဖျက်လိုက်သောအခါ ယခင် အိမ်ရှိသော နေရာ၌ ဟင်းလင်းသာ ကျန်ရစ်သည်။ ယင်းသို့ ကသိုဏ်း

ကိုခွာလိုက်၍ ကျန်ရစ်သည့် ဟင်းလင်း ဟာလာမျှကိုသာ ထပ်ကာထပ်ကာ ရှုမြင်ပွားများနေလျှင် အာကာသာနဉ္စာယတနစျာန်စိတ် ပေါ်လာသည်။ ဤဟင်းလင်းအာရုံသည် ရုပ်ကသိုဏ်းအာရုံပင် မဟုတ်တော့၍ ပိုပြီး နူးညံ့လာသည်။ သိမ်မွေ့လာသည်။

၇။ ဝိညာဉ္စာယတနစျာန်စိတ် - (ဝိညာဏစျာန်စိတ်)

ဤစျာန်စိတ်သည် အာကာသစျာန်စိတ်ကို ပြန်၍အာရုံပြုသည်။ ရုပ်အာရုံ မဟုတ်၊ စိတ်အာရုံ, နာမ်အာရုံဖြစ်သည်။ စိတ်ကို စိတ်ဖြင့် မျက်ခြည်မပြတ် ရှုခြင်းဖြစ်၏။ အာရုံကြမ်းလျှင် စိတ်အားနည်းနည်းဖြင့်ပင်သိနိုင်သည်။အာရုံက သိမ်မွေ့သွားသောအခါ စိတ်စွမ်းအားကြီးမှသာ သိနိုင်တော့သည်။

၈။ အာကိဉ္စညာယတနစျာန်စိတ် - (အာကိန်းစျာန်စိတ်)

ဤစိတ်ကား အာကာသစျာန်စိတ်ကိုပင် အာရုံမပြုတော့ဘဲ ထိုအာကာသစျာန်စိတ်ကလေး ချုပ်

ဆုံးသွား၍ 'မရှိမှု' ကလေးမျှကို သာ အာရုံပြုတော့သည်။ ထို့ကြောင့် အာကိန်းစျာန်စိတ် သည် ပို၍ ထက်မြက်ရလေပြီ။

၄။ နေဝသညာနာသညာယတနစျာန်စိတ် – (နေဝစျာန်စိတ်)

ဤစိတ်သည် အလွန်အလွန် သိမ်မွေ့နေသော အာကိန်းစျာန်စိတ်ကိုသာ အာရုံပြုသည်။ ဤအာကာ၊ ဝိညာ၊ အာကိန်း၊နေဝစျာန်တို့၌ ဥပေက္ခာနှင့်ကေဂ္ဂတာ သဘောမျှသာ ပါရှိလေသည်။ ကြံစည်မှု ဝိတက်မရှိ၊ သုံးသပ်မှု ဝိစာရမရှိ၊ နှစ်သက်မှု ပီတိမရှိ၊ ချမ်းသာမှု သုခမရှိ၊ သုခ ဒုက္ခ မရှိခြင်းသည် ပို၍ ချမ်းသာ၏။ ဤစကားသည် စကားဆန်း ဖြစ်၏။ ဆက်လက် စဉ်းစားပါလေ။ သို့သော် လက်တွေ့ လုပ်ကြည့်မှသာ တကယ်နားလည်မည်။

**စိတ်စွမ်းအား ထက်မြက်လာခြင်း**

ကျွန်ုပ်တို့သည် အာရုံတွေ အမြောက်အမြားကို အလဲလဲ အလှယ်လှယ် ယူနေကြသည်။ မြင်လိုက်၊ ကြားလိုက်၊ နမ်းလိုက်၊

စားလိုက်၊ တွေ့ထိလိုက်နှင့် ပြောင်း၍ ဖြောင်း၍ နေရသည်။ ထို့ကြောင့် စိတ်မတည်ငြိမ်။ ထို့ပြင် တွေ့ရသော အာရုံအလိုက် စိတ်ဆိုးသည်၊ စိတ်ကောက်သည်၊ မာန်ဝင့်သည်၊ အလိုချင်ကြီး သည်၊ ညှုစူသည်၊ သဝန်တိုသည်၊ ကြောက်သည်၊ ပျော်သည်၊ ဟော့ဝေသည် စသည်တို့လည်း ဖြစ်လိုက်သေး၏။ ထို့ကြောင့် ကျွန်ုပ် တို့၏ စိတ်ခေတ်အာ သည် ပြန့်ကြဲနေသည်။ သို့ပြန့်ကြဲနေ၍လည်း စိတ်ခေတ်အားနည်းသည်။ အကျင့်မရှိ၍ အာရုံတခုခု၌ စူးစိုက် ထား၍လည်း မရချေ။

ပထမစျာန်စိတ်ရှင်သည်ကား ကသိုဏ်းဝန်းအာရုံတခုတည်း၌ သာ သူ၏စိတ်ကို စူးစိုက်ထားလိုက်သည်။ အခြား မည်သည့် အာရုံကိုမျှ မယူချေ။ တပ်မက်မှု၊ ပြစ်မှားမှု၊ တွေဝေမှု ကင်းနေ သည်။ သူ့စိတ်သည် အာရုံတခုတည်း၌ စုနေ၍ အားကောင်း လာသည်။ ပြန့်နေသော ကျွန်ုပ်တို့စိတ်အားထက် စည်းလုံးနေသည့် သူ၏စိတ်အားက ပို၍ထက်မြက်သည်။ ဤအချက်ကို သိပ္ပံနည်း ကျကျ စဉ်းစားကြည့်နိုင်သည်။

အောက်ပိုင်းစျာန်စိတ်ထက် အထက်ပိုင်းစျာန်စိတ်က ပို၍ အားကြီးလာသည်။ ပထမစျာန်စိတ်အာရုံမှာ ကသိုဏ်းရုပ်အာရုံ ဖြစ်သည်။ ထိပ်ဆုံး နေဝစျာန်စိတ်အာရုံမှာ အာကိန်းစျာန်စိတ် ဟူသော နာမ်အာရုံဖြစ်သည်။

အာရုံကြမ်းလျှင် စိတ်အားသေးသည်။ အာရုံနုလေလေ စိတ် အားကြီးရလေလေ(ဝါ)အမြင်သန့်ရလေလေဖြစ်သည်။ဤအချက် ကို အထူး စဉ်းစားကြည့်သင့်သည်။

ဥပမာ - ပြတင်းတံခါးပေါက်ကို လူတိုင်း အလွယ်တကူမြင်နိုင်သည်။ အပ်ပေါက်ကိုမူ မျက်စိမှုန်သူများ မမြင်နိုင်။ သားတစ်ကို ရိုးရိုးမျက်စိဖြင့် မြင်ရသည်။ သားတစ်ထဲမှ တရွရွပါနေသည့် ပိုးကလေးများကိုမူ မျက်စိဖြင့် ကြည့်၍မမြင်။ မိုက်ကရိုစကုပ်နှင့် ကြည့်မှမြင်ရသည်။

အာရုံမြင်ကွင်းကြမ်းတမ်းလျှင် မြင်အားနည်းသည်။ အာရုံ နူးညံ့သိမ်မွေ့လျှင် မြင်အား ကြီးလာရသည်။ ထက်မြက်လာရသည်။

ဤသဘာဝနိယာမကြောင့် ကျွန်ုပ်တို့စိတ်ထက် ပထမစျာန်ရှင်၏ စိတ်က စွမ်းအားပိုသည်။ ပထမစျာန်စိတ်ထက် နဝမမြောက် နေဝစျာန်စိတ်က စွမ်းအားပိုသည်။ ဤအချက်ကို လက်တွေ့ကျကျ စဉ်းစား၍ ရနိုင်သည်။

ဉာဏ်ထက်မြက်သူသည် ဝိတက်နှင့် ဝိစာရကို တချက်တည်း ပယ်နိုင်သည်။ သူ့အဖို့ ပထမစျာန်မှနေပြီး ဒုတိယစျာန်ကို ခုန်ကျော်၍ တတိယစျာန်သို့ ကူးလိုက်နိုင်သည်။ ထို့ကြောင့် တိက္ခဉာဏ်ရှင်အနေဖြင့် သမာပတ် ရှစ်ပါးသာ ဖြစ်သည်။ ဉာဏ်သာမန်ရှိသူအနေဖြင့် ဒုတိယစျာန်ပါ ထည့်၍ သမာပတ်ကိုးပါးဖြစ်သည်။

### သမာပတ်မှ အဘိညာဉ်သို့

ပုဂ္ဂိုလ်တဦးသည် ကြိုးစားကျင့်ကြံ၍ ဆိုခဲ့ပါ သမာပတ်ရှစ်ပါး စူးရှထက်မြက်သော စျာန်ရှစ်မျိုး) သို့မဟုတ် ကိုးမျိုးကို ရပြီး

သောအခါ ဤသမာပတ်စိတ်များကို အခြေခံ၍ 'အဘိညာဉ်' ရအောင် ဆက်လက်ကြိုးစားရပြန်သည်။

အဘိညာဉ်ရအောင် လုပ်ရာ၌ ရပြီးသော သမာပတ်စိတ်နှင့် ကသိုဏ်းအာရုံစသည်တို့ကို အထပ်ထပ် အလေ့အလာပြု (ဝသီဘော်ပြု)ရသည်။ ဝိတက်စသော ဈာန်အင်္ဂါများကို ချက်ခြင်း ဆင်ခြင်နိုင်အောင်၊ ဈာန်ကို ချက်ခြင်း ဝင်စားနိုင်အောင် ကိုယ်လိုသလို ဈာန်စိတ်ကို အဓိဋ္ဌာန်၍ ထားနိုင်အောင် ဈာန်စိတ်ကို လွှတ်ချင်လျှင် (ဈာန်မှထချင်လျှင်) ချက်ခြင်း လွှတ်လိုက်နိုင်အောင် လေ့ကျင့်ရသည်။

ဤသို့ လေ့ကျင့်ရာ၌ သမာပတ်ရှစ်တန်အနက် တခုပြီးတခု ဝင်စားလိုက်၊ ကိုယ်လိုသလို ထားကြည့်လိုက်၊ လွှတ်ကြည့်လိုက်၊ ဆင်ခြင်သုံးသပ်လိုက် စသောနည်းဖြင့် ပထမဈာန်မှ နေဝဈာန် အထိ အစဉ်အတိုင်း **အနုလောမနည်း**ချည်းသက်သက် လေ့လာမှုပြုရသည်။ တဖန် ထိပ်ဆုံး နေဝဈာန်မှ အောက်ဆုံး ပထမဈာန် စိတ်သို့ အစဉ်အတိုင်း ပြောင်းပြန် **ပဋိလောမနည်း** သက်သက် လေ့လာရသည်။ထို့နောက် အနုလောမနည်း တကျော့၊ပဋိလောမနည်း တကျော့စီဖြင့် အနုလုံ ပဋိလုံ လေ့လာရပြန်သည်။

ဤသို့ လေ့ကျင့်၍ ကျေညက်ပြီဆိုလျှင် အစဉ်အတိုင်းမဟုတ်တော့ဘဲ တခုကျော်စီ (ပထမဈာန်မှ တတိယဈာန်သို့ စသည်ဖြင့်) အနုလောမနည်း၊ ပဋိလောမနည်း၊ အနုပဋိလောမနည်း သုံးမျိုးဖြင့် လေ့လာရပြန်သည်။

တဖန် ကသိုဏ်းဆယ်ပါးကို အစဉ်အတိုင်း (ပထဝီကသိုဏ်းမှ အာကာသကသိုဏ်းအထိ) ဆက်ကာ ဆက်ကာ အနုလောမနည်း

ဖြင့် ဝင်စား ရပြန်သည်။ ထိုနောက် (အာကာသကသိုဏ်းမှ ပထဝီကသိုဏ်းအထိ)ပြောင်းပြန် အစဉ်အတိုင်း ပဋိလောမနည်းဖြင့် ဝင်စားရပြန်သည်။ နိုင်နင်းလျှင် အနုပဋိလောမနည်းဖြင့် တကျော့စီ ဝင်စားရပြန်သည်။

အစဉ်အတိုင်း ဝင်စားမှုနိုင်နင်းပြီဆိုလျှင် ကသိုဏ်းတခုကျော်စီ အနုလောမနည်း၊ ပဋိလောမနည်း၊ အနုပဋိလောမနည်းဖြင့် တကျော့စီ ဝင်စားရပြန်သည်။

အစဉ်အတိုင်း ဝင်စားမှုနိုင်နင်းပြီဆိုလျှင် ကသိုဏ်းတခုကျော်စီ အနုလောမနည်း၊ ပဋိလောမနည်း၊ အနုပဋိလောမနည်းတို့ဖြင့် လေ့ကျင့်ရပြန်သည်။

စိတ်စွမ်းရည် ပို၍ပို၍ထက်မြက်လာသောအခါ ဈာန်စိတ်နှင့် ကသိုဏ်းအာရုံတို့ကို ရောနှောလျက် တခုကျော် တခုကျော်စီ ဝင်စားလေ့လာရသည်။ အနုလောမ၊ ပဋိလောမ၊ အနုပဋိလောမ နည်းသုံးရပ်ဖြင့်ပင် အလေ့အလာပြုရသည်။

ဈာန်စိတ် သတ္တိစွမ်းရည် အလွန် ထက်မြက်လာသောအခါ အလယ်ကဖောက်၍ဖြစ်စေ၊ နှစ်ခု သုံးခုကျော်၍ဖြစ်စေ ဝင်စားနိုင်လာသည်။

ဤသို့ နည်းအမျိုးမျိုးဖြင့် ဈာန်ဝင်စားသည်ကို 'ဈာန်ကစားသည်' ဟု ခေါ်စမှတ်ပြုကြ၏။

လက်စွပ်၊ လက်ကောက်၊ နားကပ်စသော အဆင်တန်ဆာ အထူးကို ပြုလုပ်လိုသော ပန်းထိမ်သည်သည် မာကျောခက်ထန်လျက်ရှိသော ရွှေကို ပျော့ပျောင်းနူးညံ့အောင် အပူပေးရသည်၊ ပြီးမှ ပုံဆန်း ပုံညွန့်တို့ကို အလွယ်တကူ ပြုလုပ်ယူသည်။ ဤနည်းတူ

အဘိညာဉ်သင်တန်းသားသည် စိတ်ကို မိမိအလိုအတိုင်းထား၍ စေစား၍ ရစေရန် နူးညံ့သည်ထက် နူးညံ့လာအောင် နည်းအမျိုးမျိုးဖြင့် လေ့ကျင့်ရသည်။ စိတ်နှင့်ယှဉ်သော သမာဓိမှာမူ အတိုင်းမသိ ထက်မြက်ကြံ့ခိုင်လာသည်။ ဤသည်မှာ ဈာန်ကစားခြင်း၏ ရလဒ်ဖြစ်၏။

ဤကဲ့သို့ အကြိမ်ကြိမ် ဝသီဘော်နင်းပြီးသော ဈာန်ရပုဂ္ဂိုလ်၏ စိတ်သည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံလာသည်။ ထိုဈာန်စိတ်သည် -

အထွန် စင်ကြယ်သန့်ရှင်းနေသည်။
သဘာဝအားဖြင့် ပြိုးပြိုးပြက်ပြက် ဖြစ်နေသည်။
အညစ်အကြေး လုံးဝ ကင်းနေသည်။
ကိလေသာအပူခေတ် ကင်းစဲနေသည်။
အလွန်လျှင် သိမ်မွေ့နူးညံ့နေသည်။
အမှုကိစ္စတခုခုကို သရုပ်ဖော်ဘို့ အသင့်ဖြစ်နေသည်။
ကြံ့ခိုင်တည်တံ့မှုရှိနေသည်။
တုန်လှုပ်ချောက်ချားမှုကင်းသော အဆင့်သို့ ရောက်နေသည်။

ထိုကဲ့သို့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောစိတ်ကို ရသူအား 'စေတောဝသိပတ္တ'ဟု ခေါ်သည်။ သူ့စိတ်ဆန္ဒရှိတိုင်း ပြည့်စုံနိုင်သော ပုဂ္ဂိုလ်ဟု ဆိုလိုသည်။ ဤပုဂ္ဂိုလ်မျိုးကိုပင် တန်ခိုးရှင် (ဣဒ္ဓိမာ)ဟုခေါ်ကြ၏။ 'အဘိညာဉ်ရသူ'ဟုလည်း ဆိုရလေသည်။

## အဘိညာဉ်အမျိုးမျိုး

ယင်းအဘိညာဉ်သည်....

(၁) ဣဒ္ဓိဝိဓ အဘိညာဉ် - ပုံသဏ္ဌာန်အမျိုးမျိုး ဖန်ဆင်းနိုင်ခြင်း။

(၂) ဒိဗ္ဗသောတ အဘိညာဉ် - နတ်နားကဲ့သို့ ကြား လိုသမျှ ကြားနိုင် ခြင်း။

(၃) ပရစိတ္တဝိဇာနန အဘိညာဉ် - သူတပါး၏ စိတ် အကြံကိုသိနိုင်ခြင်း။

(၄) ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် - ရှေးရှေး ဘဝ ဟောင်းကို ပြန် ပြောင်း သိမြင် နိုင် ခြင်း။

(၅) ဒိဗ္ဗစက္ခုအဘိညာဉ် နတ်မျက်စိလို မြင် ချင်သမျှ အားလုံး ကို မြင်နိုင်ခြင်း။

## အဘိညာဉ်စွမ်းရည်

ဣဒ္ဓိမာပုဂ္ဂိုလ်သည် တခုခုကို ဖန်ဆင်းချင်လျှင်....

(၁) စိတ်ညွတ်မှု
(၂) ကသိုဏ်းနှင့် စျာန်ကိုနှိုးမှု
(၃) အဓိဋ္ဌာန်မှု

ဟူသော ကိစ္စသုံးရပ်ကို ပြုရသည်။

ပုံစံတခုကို ဆိုပါအံ့....

စူဠပန်ထေရ်ကဲ့သို့ ကိုယ်ခွဲတထောင်ကို ဖန်ဆင်းလိုသည်ဖြစ်အံ့၊ 'ငါ့ကိုယ်ခွဲတထောင် ဖန်ဆင်းမည်'ဟု ရည်မှန်းလျက် ပထဝီကသိုဏ်းနှင့် ပဥ္စမစျာန်ကို ခဏချင်းနှီး၍စျာန်မှထလိုက်ပြီး 'ငါ့ကိုယ်ခွဲတထောင် ဖြစ်စေ'ဟု အဓိဋ္ဌာန်ပြုလိုက်ရသည်။ ထိုအခါ ဖြစ်လာမည့် နိမ္မိတရုပ်ပွားတထောင်ကို အာရုံပြုလျက် အဘိညာဉ်ဇောကျလာသည်။ ဤအဘိညာဉ်ဇောကျသည်နှင့်တပြိုင်နက် ကိုယ်ခွဲတထောင် ပေါ်လာတော့၏။

မည်မျှ ကြာကြာခံစေလိုသည်၊ မည်သို့သော ပုံပန်းဟန်ပန်မျိုး ရှိစေလိုသည် စသည်ဖြင့် လိုအပ်သလို ဖန်ဆင်းနိုင်သည်။ နဂိုက ပိုင်းခြားထားသော အချိန်မကုန်မီ တန်ခိုးကို ရုပ်သိမ်း၍လည်း ရသည်။

ရှင်မောဂ္ဂလာန်ကဲ့သို့ နဂါးယောင်၊ ရှင်သောဏကဲ့သို့ ဂဠုန်ယောင်စသည် ဖန်ဆင်း၍လည်း ရ၏။ ရေပေါ်လမ်းလျှောက်၍လည်းရသည်။ကောင်းကင်တွင် သွား၍လည်းရသည်။ဖန်ဆင်းချင်သမျှ အကုန်ဖြစ်သည်။ ပုံစံအမျိုးမျိုး ဖန်ဆင်းမှုကို **ဣဒ္ဓိဝိဓအဘိညာဉ်**ဟုခေါ်၏။ဤအဘိညာဉ်ကို ရထားလျှင် အချိန်မရွေး မြေလျှိုး မိုးပျံနိုင်ပေသည်။

ဝိပဿနာဉာဏ် (ဘာဝနာမယိဒ္ဓိ)နှင့် မနောမယိဒ္ဓိကိုလည်း ဣဒ္ဓိဝိဓအဘိညာဉ်ထဲ ထည့်သွင်းသည်။ မနောမယိဒ္ဓိဟူသည် ကိုယ့်ကိုယ်ကြီးထဲ၌ ကိုယ်ခွဲအငယ်တခု ဖန်ဆင်းခြင်းတည်း။

ကြမ်းပိုး၊ သန်း၊ ကမျဉ်းနီတို့၏ မြည်တွန်သံ၊ အလွန်ဝေးသော အရပ်မှ အသံစသည်တို့ကို ကြားချင်လျှင်လည်း ပေါ့ပါးသော

ကသိုဏ်းတခုခုကို အသံရှိရာသို့ ဖြန့်လိုက်ပြီး အဓိဋ္ဌာန်လျှင် အဘိညာဉ်ဇောကျလာသည်နှင့်တပြိုင်နက် ကြားလိုသည်ကို ကြားရတော့၏။ဤကား ဒိဗ္ဗသောတ အဘိညာဉ်တည်း။

ဘာသာစကားကို နားလည်ချင်လျှင် ပြောသူ၏စိတ်အလိုဆန္ဒကို သိအောင်လုပ်လိုက်ရသည်။ ပြောသူ၏ စိတ်ဆန္ဒကိုသိလျှင် ဘာသာစကား၏ အဓိပ္ပာယ်ကိုလည်း နားလည်တော့သည်သာဖြစ်၏။

လေ့ကျင့်ခါစ ဣဒ္ဓိမာပုဂ္ဂိုလ်သည် သူတပါး၏စိတ်ကို တိုက်ရိုက်မသိနိုင်သေး၊ ထိုသူ၏နှလုံးသွေးကို အဘိညာဉ်ဖြင့် ကြည့်ပြီး နှလုံးသွေးနီလျှင် ရာဂစိတ်ပဲ၊ မည်းလျှင် ဒေါသစိတ်ပဲစသည်ဖြင့် မှန်းယူရသည်။ အလွန်အစွမ်းထက်လာမှ နှလုံးသွေးကို ကြည့်ဘို့ မလိုတော့ဘဲ စိတ်ကို တိုက်ရိုက်သိအောင် လုပ်နိုင်လေသည်။ ဤအဘိညာဉ်ကို **ပရစိတ္တ ဝိဇာနန အဘိညာဉ်**ဟု ခေါ်သည်။

မိမိ ရှေးရှေးဘဝဟောင်းများကိုဇင်း၊ သူတပါး၏ ရှေးရှေးဘဝဟောင်းများကိုဇင်း အဘိညာဉ်ဖြင့် ကြည့်မြင်နိုင်၏။ ဤအဘိညာဉ်မျိုးကို **ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်**ဟု ခေါ်သည်။ အဘိညာဉ်ဖြင့် ဘယ်သူဟာ ရှေးဘဝက ဘယ်အမည်၊ဘယ်အမျိုး၊ ဘယ်အခြေအနေဖြင့် ဘယ်အရပ်မှာ နေခဲ့ဘူးသည် စသော အချက်တို့ကို ပြန်လည်ဖော်ထုတ်သိမြင်နိုင်သည်။

ရိုးရိုးမျက်စိဖြင့် မမြင်နိုင်သော အရာဝတ္ထုမှုန်သမျှကိုလည်း အဘိညာဉ်စွမ်းအားဖြင့် မြင်နိုင်သည်။ သေးငယ် သိမ်မွေ့ ဝေးကွာသော ပစ္စည်းဝတ္ထု၊ အနုမြူ ပရမာနုမြူစသည်တို့ကို မြင်စွမ်းစေသော အဘိညာဉ်ကို **ဒိဗ္ဗစက္ခုအဘိညာဉ်**ဟု ခေါ်သည်။

အရဟတ္တဖိုလ် ဉာဏ်တော်ကိုလည်း အာသဝေါတရားတို့ကို ကုန်စေသဖြင့် အဘိညာဉ်ထဲသွင်း၏။

ဇာတိဿရဉာဏ်ရသူ လူထူးလူဆန်းတမျိုးမှာမူ ဘဝဟောင်း ခုနစ်ဘဝအတွင်းက အဖြစ်အပျက်တို့ကို ပြန်ပြောနိုင်၏၊ သို့သော် အဘိညာဉ်ရ၍ကား မဟုတ်။ သဘာဝ၏ဆန်းကြယ်မှုကြောင့်ပင် အသိဉာဏ်ထူးကိုရ၍ ပြန်ပြောနိုင်ခြင်းဖြစ်သည်။ ဘဝဟောင်းပြန်ပြောနိုင်သူကို လူဝင်စားဟုလည်းခေါ်ကြ၏။ ယခုခေတ်၌ လူဝင်စားများ အထင်အရှားရှိ၏။ အဘိညာဉ်ရသူများလည်း ရှိကြသည်ပင်။

## ဝိဇ္ဇာ သုံးပါး ရှစ်ပါး

ဖော်ပြခဲ့ပြီးသော ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်၊ ဒိဗ္ဗစက္ခုအဘိညာဉ်နှင့် အာသဝက္ခယအဘိညာဉ်သုံးရပ်ကို 'ဝိဇ္ဇာသုံးပါး'ဟု ခေါ်ကြသည်။ အာသဝက္ခယအဘိညာဉ်ဟူသည် ကိလေသာ အာသဝေါကင်းပြီး ရဟန္တာဖြစ်စေသည့် အဘိညာဉ်ဖြစ်သည်။ ထို့ကြောင့် ဝိဇ္ဇာသုံးပါးကိုရလျှင် တန်ခိုးရှင် ရဟန္တာဖြစ်ရလေသည်။

ဤဝိဇ္ဇာသုံးပါးနှင့်အတူ ဣဒ္ဓိဝိဓ၊ ဒိဗ္ဗသောတ အဘိညာဉ်၊ ပရစိတ္တဝိဇာနနအဘိညာဉ်တို့အပြင် ဘာဝနာမယိဒ္ဓိ၊ မနောမယိဒ္ဓိ၊ စုစုပေါင်းရှစ်ခုကို 'ဝိဇ္ဇာရှစ်ပါး'ဟု ခေါ်သည်။ 'ဝိဇ္ဇာရှစ်ပါး' ရလျှင် ဝိဇ္ဇာသုံးပါးရသောရဟန္တာထက် ပို၍တန်ခိုးကြီးသည်။

အဘိညာဉ်အမျိုးမျိုးတို့တွင် 'အာသဝက္ခယအဘိညာဉ်' ရမှသာ ရဟန္တာအရိယာ ဖြစ်သည်။ အာသဝက္ခယအဘိညာဉ်ကို မရလျှင် ရဟန္တာမဖြစ်ပေ။

အဘိညာဉ် ရပုံရနည်း အမျိုးမျိုးရှိသည်၊ ဒိဗ္ဗစက္ခုအဘိညာဉ် တခုကိုသာ ရသူလည်း ရှိသည်၊ သူတို့ဖြစ်ချင်သလို ဖြစ်နိုင်သည်။ သို့သော် ထိုဒိဗ္ဗစက္ခုအဘိညာဉ်ရသူသည် ပုထုဇဉ်သာ ဖြစ်သည်။ 'အဘိညာဉ်' ကိုနှုတ်လိုက်လျှင် သူလည်း သူလိုငါလိုလူမျိုးပင် ဖြစ်သည်။

ဤနည်းတူ တချို့က ဒိဗ္ဗသောတအဘိညာဉ် တခုကိုသာ ရသည်၊ ထို့ကြောင့် သူသည် အကြားအမြင်ကို ရသည်၊သူလည်း ပုထုဇဉ်ပင်။ အချို့က ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ကိုရသည်၊ ထို့ကြောင့် ဘဝဟောင်းကို ပြန်မြင်နိုင်သည်။ အချို့ တိတ္ထိဆရာကြီးများသည် ဘဝငါးရာအထိပင် ပြန်မြင်နိုင်ကြသည်။(သီလက္ခန် ဗြဟ္မဇာလသုတ်)

အချို့က ဣဒ္ဓိဝိဓအဘိညာဉ်ကိုသာ ရသည်၊ ထို့ကြောင့် မြေလျှိုး မိုးပျံနိုင်သည်။ သို့သော် သူလည်း ပုထုဇဉ်ပင်။ အချို့က ပရစိတ္တဝိဇာနနအဘိညာဉ်ကို ရသည်၊ ထို့ကြောင့် သူတပါး၏ အတွင်းစိတ်အကြံအစည်ကို မပြောဘဲနှင့် အတတ်သိနိုင်သည်။ သူလည်း ပုထုဇဉ်ပင်။

သို့ဖြစ်၍ အာသဝက္ခယအဘိညာဉ်ကို မရသူမှန်သမျှ ရဟန္တာ မဟုတ်၊ ပုထုဇဉ်သာ များ၏။ အလွန်ဆုံး သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်အဆင့်သာ ရှိသည်။

ဗုဒ္ဓဘာသာအချို့နှင့် ဗုဒ္ဓဘာသာကို မတောက်တခေါက် သိသူတို့သည် ဈာန်ရပုဂ္ဂိုလ်ဆိုပါက လောကကြီးမှ ထွက်မြောက်တော်မူသည့် တကယ့်ရဟန္တာကြီးဟု ထင်မှတ်ကြတော့သည်။ လူတယောက် ဈာန်ရသွားလျှင် လောကီရေးတို့ကို ကျော်ခိုင်းလေပြီဟု ထင်မှတ်ပြောဆိုကြသည်။ စင်စစ် ဤသို့မဟုတ်ချေ။ ဈာန်ရပုဂ္ဂိုလ်သည် ပုထုဇဉ်သာဖြစ်သည်....

ဈာန်ရပုဂ္ဂိုလ်ဖြစ်သော ဒေဝဒတ်သည် ဘုရားရှင်ကိုသတ်မည့် ရာဇဝတ်မှုကိုပင် စီစဉ်လေသည်။ ကမ္ဘာပျက်စီးခါနီး လူတိုင်း ဈာန်ရကြသည်။ ကျွန်ုပ်တို့လည်း ဈာန်ရဘူးသူများသာဖြစ်သည်။ ထို့ကြောင့် ဈာန်ရသူကို ရဟန္တာကြီးလောက် အထင်ကြီးလွန်းမှုသည် လွဲမှားသော အထင်အမြင်သာဖြစ်ပေသည်။

## မဟုတ်မမှန် မဖန်တီး

'အဘိညာဉ်'၏ စွမ်းရည်နှင့် ပတ်သက်၍ စကားအချုပ်ကို ဆိုရမူ ထိုတန်ခိုးဣဒ္ဓိဖြင့် စိတ်ကဖြစ်ချင်သမျှ အကုန်ဖြစ်သည်။ မြင်ချင်တာ အကုန်မြင်၊ ကြားချင်တာ အကုန်ကြား၊ သိချင်တာ အကုန်သိ၊ လုပ်ချင်တာ အကုန်ဖြစ်လေသည်။

သို့သော် အဘိညာဉ်ရပုဂ္ဂိုလ်၏စိတ်သည် လက်ရှိလူသားတို့၏ စိတ်မျိုးကဲ့သို့ မဟုတ်ချေ။ သမထစိတ်ဖြစ်၏၊ ကိလေသာကို ယာယီ ပယ်ခွာထားသော ဈာန်စိတ်ဖြစ်၏။..

ထို့ကြောင့် ဖြစ်ချင်တာ အကုန်ဖြစ်၍ မီဂါတန် တထောင်လောက်ရှိသည့် ဗုံးကြီးဖန်ဆင်းပြီး မည်သည့်နိုင်ငံကို ချေမှုန်း

ပစ်လိုက်မည်။ မိန်းမတို့၏ ကိုယ်ကာယမှ လျှို့ဝှက်သောအင်္ဂါကို ကြည့်လိုက်မည်။ ဤသို့သောစိတ်ထားမျိုး အပြုအမူမျိုးကို ပြုလုပ်ခြင်းမရှိချေ။ ဒေဝဒတ်ကဲ့သို့ မကောင်းမှု ပြုလုပ်လျှင်လည်း ရှောန်လျှောလေတော့သည်။

ထို့ပြင် ကိုယ်ကျင့်တရားမဲ့သူ ပေါများနေသော လူ့ကမ္ဘာကြီးကိုလည်း မဟာသုခရပ်ကွက်ကြီး ဖြစ်အောင် ဖန်ဆင်းပေးလိမ့်မည်လည်း မဟုတ်ချေ။ လူတို့၏ကံကို မစီမံနိုင်ချေ။

ဤ၌ တန်ခိုးဣဒ္ဓိနှင့် အဘိညာဉ်ကို ခွဲခြားသိမှတ်အပ်၏။ တန်ခိုးဣဒ္ဓိမှာ ကောင်းသည်လည်းရှိ၏၊ ဆိုးသည်လည်းရှိ၏။ အဘိညာဉ်မှာမူ အကောင်းသန့်သန့်သာ ဖြစ်သည်။

မြတ်ဗုဒ္ဓသည် ဤဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါးကိုလည်း ရတော်မူသည်။ သဗ္ဗညုတဉာဏ်တော်အခန်းနှင့် ဤအခန်းကို ဆက်စပ်ကြည့်အပ်ပါသည်။

## ဆင်ခြင်ဘွယ်

ဤအထိ ဖတ်မိပါလျှင် တန်ခိုးဣဒ္ဓိ၏ စွမ်းဆောင်ချက်၊ အဘိညာဉ်၏ ဆောင်ရွက်ချက် ဖန်ဆင်းချက်များကို အပြင်မှထိုင်ပြီး ကြံစည်နေရုံမျှဖြင့် သိနိုင်၊ မသိနိုင် အထူး ပြောဘွယ်ရာမရှိပြီ။

တန်ခိုးအဘိညာဉ်ဖြင့် ဖန်ဆင်း၍ ဖြစ်နိုင်သည်ဆိုသောအချက်မှာ လက်တွေ့တကယ်လုပ်ကြည့်ပါမှ ပညာသားပါပါ သိနိုင်သည့်အချက်ဖြစ်၏။ သို့မဟုတ်က ဘုရားရှင်နှင့်တကွ အဘိညာဉ်ပိုင်ရှင်ကြီးများအပေါ် ယုံကြည်မှုသဒ္ဓါဖြင့် လက်ခံရုံသာရှိ၏။

ဤသို့လည်း မယုံကြည်နိုင်၊ လက်တွေ့လည်း မလေ့လာနိုင်ဘဲ ကြံစည်ဝေဖန်နေပါလျှင် အချိန်ကုန်ရုံ လုပ်ပန်းရုံမျှတပါး ထိုက်တန်သော အကျိုးမွန်ကို ရနိုင်မည်မဟုတ်ဟု ဆိုအပ်သည်။

ထို့ကြောင့် 'ဣဒ္ဓိဝိသယော အစိန္တေယျော'ဟု ဟောတော်မူခြင်းဖြစ်လေသည်။

**အကျဉ်းချုပ်။** ။ဘုန်းသမ္ဘာနှင့် တန်ခိုးဣဒ္ဓိ အဓိပ္ပာယ်ကို သိအပ်သည်။ ဣဒ္ဓိအမျိုးမျိုး ရှိသည်။ ကသိုဏ်း ၁၀-ပါး အကြောင်း အကျယ်ပြထားသည်။ သမာပတ်ကိုးပါး၏ အကျယ်ကိုလည်း သိနိုင်သည်။ သမာပတ်မှ အဘိညာဉ်သို့ ကူးယူရသည်။ အဘိညာဉ်ရခါနီး စိတ်အခြေမှာ လွန်စွာသိမ်မွေ့လှသည်။ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါးတို့၏ အကျယ်ကို သိရသည်။ ဣဒ္ဓိဝိသယ အစိန္တေယျဟုဟောခဲ့ပုံ ဤအခန်း၌ သဘောပေါက်အောင် ရှင်းပြထားသည်။

# ဈာန်၊ အဘိညာဉ်ရအောင် လက်တွေ့အားထုတ်နည်း

## ပထဝီကသိုဏ်းဖြင့် ဈာန်ရအောင်ပြုလုပ်နည်း အညွှန်း

သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည် ဈာန်ရအောင်လုပ်နည်းနှင့် မဂ်ဖိုလ်ရအောင် လုပ်နည်းဟူသော နည်းမှန်ကြီးနှစ်မျိုးကို ကမ္ဘာလူသားတို့၏ အကျိုးစီးပွားအတွက် ထားရစ်ခဲ့သည်။ ယင်းနည်းနှစ်နည်းအနက် ဈာန်ရအောင်လုပ်နည်းကို ဖော်ပြအပ်ပါသည်။

### အခြေခံ ပြင်ဆင်ချက်

ဈာန်ယာဉ်စီးနိုင်အောင် လေ့ကျင့်လိုသူသည် ပထမဦးဆုံး ကျန်းမာရေးပြည့်စုံအောင် ကြိုးစားရသည်။ ရောဂါတမျိုးမျိုး ရှိနေလျှင်လည်း ထိုရောဂါပျောက်ကင်းအောင် ကုသပစ်ရသည်။ မည်သည့်ရောဂါမှမရှိ၊ ပကတိကျန်းမာသူ ဖြစ်မှသာလျှင် ဈာန်သူရဲကောင်းအလျာ ဖြစ်ထိုက်သည်။

ထိုနောက် အိမ်ထောင်ရေး၊ သားသမီးရေး၊ မိဘရေးတို့ကို ယာယီဖြစ်စေ ပယ်ပစ်လိုက်ရသည်။ လူပျိုဖြစ်က ပို၍ကောင်းသည်။

သို့သော် ယခုခေတ် အာကာသမောင်တွေလည်း လေ့ကျင့်ခန်း ယူနေသည့် ကာလအတွင်း အိမ်ပြန်အိပ်ခွင့် ရှိကြမည် မဟုတ်ပေ။

ကမ္ဘာ့ ဘောလုံးပြိုင်ပွဲများတွင် အသင်းချင်းတိုက်ခါနီး အပူ တပြင်း လေ့ကျင့်နေချိန်၌သော်မှ မယားနှင့် အတူအိပ်ခွင့် မရကြ ပေ။ ဤကိစ္စသည် လူ၏ခန္ဓာထဲရှိ ခွန်အားကို ဆုတ်ယုတ်စေတတ် သဖြင့် အရေးကြီးသောကိစ္စကို ဆောင်ရွက်ခါနီးတိုင်း ရှောင်ကြဉ် ကြရခြင်းဖြစ်သည်။ ဆောင်ရွက်ရမည့်အလုပ်၏ အတိုင်းအတာ အလိုက် ဤကိစ္စကို ကန့်သတ် ရှောင်ကြဉ်ကြရသည်။ ပို၍ အရေး ကြီးသော အလုပ်ဖြစ်လေ-ပို၍ရှောင်ရလေဖြစ်သည်။ ထို့ကြောင့် ဘောသမားတို့ထက် အာကာသမောင် တို့က ပိုရှောင်ရမည်။ အာကာသမောင်တို့ထက် စျာန်သင်တန်းသားက ပို၍ ရှောင်ကြဉ် ရမည်ဖြစ်သည်။ ဤကိစ္စရှောင်ဘို့ကလည်း ခက်ခဲလှသည်မဟုတ် ပါပေ။ မယားနှင့်ခွဲအိပ်ရမှာကို တွန့်နေလျှင်လည်း ပါရာဇိကာ လေးပါး အမြဲထိန်းထားသော ငယ်ဖြူ ဗုဒ္ဓဘာသာ ရဟန်းတော် များရှိနေသော ဤနိုင်ငံတွင် ရှက်ဖွယ်လိလိ ဖြစ်ရာသည်။

ထို့ပြင် မိမိ မိသားစု၏ စားဝတ်နေရေး ကြောင့်ကြမဲ့မှု အခြေအနေကို ဖန်တီးပေးခဲ့ရမည်၊ ပြည့်ပြည့်စုံစုံ ရှိစေရမည်။ သို့ မဟုတ်က သူတို့ဘဝကို သူတို့စွမ်းရည်နှင့် ရုန်းကန်နိုင်ကြသည်ဟု သဘောထားရမည်။ နောက်ဆုံး ဘာဘဲဖြစ်ဖြစ် သူတို့အတွက် ငါ ပူမနေနိုင်ပါဘူးဟု သံယောဇဉ်ကို တိကနဲ ဖြတ်လိုက်ရမည်။ ဤသို့ သံယောဇဉ်ဖြတ်ရန်လည်း ခဲယဉ်းလှသည်မဟုတ်၊ စျာန်လုပ်ငန်း ခွင်ထဲ ရောက်သွားသောအခါ တဖြေးဖြေး သံယောဇဉ် ကွာကျ သွားတတ်ပါသည်။

နောက်တချက်က ပညာရေးဖြစ်၏။ ပညာ တပိုင်းတစနှင့် သူများ ဈာန်သူရဲအလျှာ မဖြစ်ထိုက်။ ကျောင်းတက်နေစဉ်မျိုး၊ ပညာရှာချိန်မျိုး၌ ရှေ့တွင် မည်သည့်စာမေးပွဲ အောင်ချင် သေးတယ်၊ မည်သည့်ဘွဲ့ကလေး လိုချင်သေးတယ် စသည်ဖြင့် မြော်လင့်ချက် ရှိနေတတ်သည်။ ငါဒီမှာလာပြီး ကျင့်ကြံနေတုန်း ငါ့သူငယ်ချင်း ဘယ်သူဟာဖြင့် ဘာဘွဲ့ကြီးတွေရလို့ ဘာရာထူး ကြီးနှင့် ဖြစ်နေမှာဘဲစသည်ဖြင့် စိတ်ရောက်တတ်သည်။ထို့ကြောင့် ပညာသင်ချင်လျက် တန်းလန်းနှင့် ဈာန်သင်တန်း မတက်သင့်။ သို့မဟုတ် ပညာရေး ကြောင့်ကြမှုအားလုံးကို ဖယ်ပစ်ပြီး စိတ် ပြတ်ပြတ်ထားနိုင်လျှင် ဤသင်တန်းနှင့် သင့်လျော်သည်။

ဤသို့ဆိုသဖြင့် တသက်လုံး ပညာညွန့်တုံးရမည်ဟု အပေါ်ယံ မထင်ပါနှင့်။ ဈာန်သင်တန်းတက်ပြီးမှ ပြန်သင်ချင်လည်း ရပါ သည်။ ထိုအခါကျလျှင် ယခု တလသင်ရမှာကို ၁-ရက်ထဲနှင့် တတ်ပေလိမ့်မည်။ အကြောင်းကား သူ၏စိတ်ဓာတ်၊ သူ၏ပညာ သည် အရည်အသွေး ပိုရှိလာပြီး သမာဓိအား ကောင်းလာသဖြင့် မှတ်ဉာဏ် အလွန်ထက်မြက်နေမည် ဖြစ်သောကြောင့်တည်း။

ရစရာအလားအလာ မြော်လင့်ချက်ရှိကလည်း သင်တန်းမဝင်မီ ရှင်းပစ်ရမည်။ ကြွေးမြီရစရာရှိလျှင် စိတ်ပူနေတတ်သည်။ မိဘ ထံမှ ခပ်မြက်မြက် အမွေရဘို့ မြော်လင့်ချက်ရှိနေပြန်လျှင် ငါ မရှိတုန်း မိဘဆုံးလျှင် မီးခံသေတ္တာသော့ မည်သူ့ဆီ ရောက် သွားမှဖြင့် အခက်ပဲဟု ကြောင့်ကြတတ်သည်။ ယုတ်စွအဆုံး ဈာန်သင်တန်းမတက်ခင် ထီမထိုးအပ်ပေ။ထီပေါက်လျှင် ဘာလုပ် လိုက်မယ် စသည်ဖြင့် စိတ်ကူးတွေဝင်လာတတ်သည်။ ငါမရှိတုန်း

များ ထိပေါက်နေမှဖြင့် ငါ့ထီလက်မှတ် ထားတဲ့နေရာကိုလဲ အိမ်သားတွေ သိမှာမဟုတ်ဖူး၊ အစိုးရဘဏ္ဍာတော်ဖြစ်ရချည့်ရဲ့ဟု တွေးပူမိတတ်သည်။ အကောင်းဆုံးက ဘာရစရာ၊ ဘာမြော်လင့်ချက်မှမထားဘဲ ကိုယ့်လွတ်-စိတ်လွတ် ပေါ့ပေါ့ပါးပါး ရှိနေရန်လိုပေသည်။

ကိုယ်ပိုင် ပစ္စည်းဥစ္စာ စိန်ရွှေငွေများရှိလျှင်လည်း လုံ၀စိတ်ချရမည့်သူနှင့် လွှဲထားရမည်။ ဤပစ္စည်းများအတွက် ကြောင့်ကြစိုက်မှု၊ ထိန်းသိမ်းမှု လုံးဝမရှိရပေ။ အ၀တ်အစား ချုပ်လုပ်ခြင်း၊ တဲဆောက်ခြင်း၊ အိမ်ဆောက်ခြင်း၊ ဆိုင်ဆောက်ခြင်း၊ စက်ရုံတည်ခြင်းမှစ၍ လုပ်ချင်သောအလုပ်၊ လုပ်စရာရှိသောအလုပ်များရှိနေကလည်း သင်တန်းမတက်မီ ပြီးစီးအောင် လုပ်ခဲ့ရမည်။ သို့မဟုတ် ဤအလုပ်တွေ မလုပ်တော့ဘူးဟု စိတ်ကို ပိုင်းဖြတ်ထားရမည်။ ကိုယ်ရေးကိုယ်တာကိစ္စအတွက် ဖြစ်စေ၊ ဗဟုသုတအလို့ငှာဖြစ်စေ၊ ယုတ်စွအဆုံး အပျော်ဖြစ်စေ ခရီးထွက်စရာရှိလျှင်လည်းနောက်မှသွားမည်ဟု သဘောမထားအပ်။ မသွားတော့ဘူး၊ သွားစရာ မလိုဘူးဟု စိတ်ပိုင်းဖြတ်ပစ်ရမည်။ သို့မဟုတ်က သင်တန်းခွင် ဝင်နေစဉ် ရောက်လိုတဲ့နေရာတွေအကြောင်း စိတ်ထဲမှာ လာလာပေါ်ပြီး လုပ်ငန်း အနှောင့်အယှက် ဖြစ်တတ်သည်။

သင်တန်းတက်နေစဉ်ကာလအတွင်း သင်တန်းပြဆရာမှ အခြားမည်သူ တဦးတယောက်နှင့်မျှ အပေါင်းအသင်း မလုပ်ရပေ။ မည်သူနှင့်မျှ အတွေ့မခံရပေ။ ထို့ပြင် စာဖတ်ခြင်းကို အထူးရှောင်ရမည်။ ကမ္ဘဋ္ဌာန်းထိုင်ရင်း စာဖတ်ခြင်းသည် လူနှင့် ပတ်ဝန်းကျင်ဘ၀ဆီသို့ စိတ်ရောက်သွားစေနိုင်သည်။ လုပ်ငန်းခွင်မှစိတ် အပြင်

ထွက်သွားတတ်၍ ဖြစ်၏။ နေ့စဉ် ဒိုင်ယာရီရေးခြင်း အပါအဝင် စာရေးခြင်း၊ မှတ်သားခြင်း၊ တေးထားခြင်း မည်သည်ကိုမျှ မလုပ်ရပေ။

အချုပ်အားဖြင့် စျာန်သင်တန်းဝင်နေစဉ် ကာလအတွင်း ပတ်ဝန်းကျင်နှင့် စိတ်ရောလူပါ အဆက်အသွယ် ဖြတ်ထားရမည်။ သို့မှ လုပ်မည့်လုပ်ငန်းခွင်၌ စိတ်ဝင်စားနိုင်မည်။ (ဝါ) သမာဓိ ရနိုင်မည် ဖြစ်ပါသည်။ ဤသို့ပြုသည်ကို 'ပလိဗောဓဖြတ်သည်'ဟု စာသုံးကျကျ ခေါ်ကြသည်။

## နေရာယူခြင်း

အခြေခံပြင်ဆင်ချက် ပြုလုပ်ပြီးနောက် နေရာရွေးရပါမည်။ ဖြစ်ပေချင်တဲ့ ကိစ္စတခု အောင်မြင်ရေးအတွက် နေရာယူမှန်ကန်မှုသည် လွန်စွာအရေးကြီးလှပါသည်။ စာပေနှင့် မွေ့လျော်ပြီး ရေဒီယိုသီချင်းဖြင့် ဇိမ်ခံချင်သူသည် သိမ်ကြီးဈေး အလယ်ကောင်၌ နေရာယူလျှင် မသင့်တော်ပါ၊ သူ့ရည်ရွယ်ချက် ထမြောက်အောင်မြင်မည်မဟုတ်ပါ။ ထိုနည်းတူ ရုပ်ရှင်၊ ဘောပွဲ အသံစုံကြိုက်တတ်သူများလည်း လက်ရှိ အခြေအနေအရ အသွားအလာ ခက်ခဲလှသော သာကေတမြို့စွန်မှာသွားနေမိလျှင် အတော်ငြီးငွေ့ကျပေလိမ့်မည်။ ကိုယ့်အလုပ် ကိုယ့်ဝါသနာနှင့် ကိုက်အောင် နေရာယူမှန်ကန်မှု အဆင်ပြေပါသည်။

စျာန်အလုပ်သည် 'သမာဓိ'အလုပ်၊ 'သမထ'အလုပ်ဖြစ်သည်။ စိတ်ကို ရှေ့တန်းတင်၍ စေစားရခြင်းဖြစ်သည်။ စိတ်တည်ကြည်မှု

ရရေး၌(ဝ ါ)သမာဓိထူထောင်ရေး၌ အကြီးမားဆုံးအဖျက်အဆီး မှာ အသံဗလံများ ဖြစ်သည်။ သမာဓိ စာပို့ရထားကြီးကို အသံ ဗလံ မိုင်းဗုံးများက ရစရာမရှိအောင် ဖျက်ဆီးပစ်တတ်ကြသည်။ ရှေ့သို့ဆက်၍ မသွားနိုင်အောင် ဟန့်တားတတ်ကြသည်။

အသံဆိုက မည်သည့် အသံဘဲဖြစ်ဖြစ် ဈာန်လုပ်ငန်းကို အနှောက်အယှက်ပေးပေသည်။ သာယာသောအသံ၊ ဆိုးဝါးစူးရှ သောအသံ၊ မျိုးစုံဆူညံသောအသံ၊ လူသံ၊ ငှက်သံ၊ ရထားသံ၊ ကားသံ၊ ဘာသံမှ သမာဓိကို အကျိုးမပြုပေ။ အကြောင်းမှာ အသံတခုကို ကြားရသည်ဆိုလျှင် ကြားရသူစိတ်သည် ထိုအသံလာ ရာအရပ်၊ ထိုအသံပြုရာလူ၊ တိရစ္ဆာန်၊ ယာဉ် စသည်ဆီသို့ရောက် သွားတတ်မြဲ ဖြစ်သည်။ သမာဓိအလုပ်ကို စိတ်ဖြင့် လုပ်နေရသည် ဖြစ်ရာ အသံလာရာဆီသို့ စိတ်ကလေးက ထွက်ထွက်သွားနေပါ လျှင် အလုပ်ခွင်တွင် ဖင်မမြဲသော လူလိုဖြစ်ပြီး အလုပ်မတွင်ကျယ် နိုင်တော့ပါ။ လက်သမားအလုပ်၊ စက်ကိရိယာအလုပ်၊ လယ်ယာ အလုပ် စသည်က အလုပ်မတွင်ကျယ်လျှင် ကြာရုံဘဲရှိမည်၊ ဆက် လုပ်၍ ဖြစ်နိုင်သေးသည်။ သမာဓိအလုပ်မှာမူ စိတ်ကလေးက အပြင်ထွက်ပြီး လမ်းသလားလွန်းပါက လုပ်ငန်း ပျက်ကျသွား တတ်ပါသည်။ ပျင်းရိမှု၊ ငိုက်မျဉ်းမှု၊ တွန့်ဆုတ်မှုတွေ ဒလဟော ဝင်ရောက်လွှမ်းမိုးပြီး လုပ်ငန်းကို ဖျက်ဆီးပစ်တတ်ပါသည်။

သို့ဖြစ်သောကြောင့် ဈာန်သင်တန်းအတွက် အကောင်းဆုံး အသင့်လျော်ဆုံး နေရာမှာ ဘာသံမျှ မကြားရသော ဆိတ်ငြိမ် နေရာမျိုးဖြစ်ပါသည်။ မြတ်ဗုဒ္ဓက သမာဓိထူထောင်ချင်သူသည်-

'အရညဂတော-တောသို့ သွား၊ ရုက္ခမူလဂတော - သစ်ပင်ရင်းမှာ ထိုင်၊ သို့မဟုတ် - သုညာဂါရဂတော ဆိတ်ငြိမ်တဲ့ တနေရာရာကို ရွေး' ဟု အလွယ်ဆိုး ညွှန်ကြားခဲ့ပါသည်။

## လုပ်ငန်းပြင်ဆင်ခြင်း

ဆိတ်ငြိမ်ဒေသတွင် တဲငယ်ဖြစ်စေ၊ ပို၍ကောင်းသော ခေတ်မှီအဆောက်အဦကိုဖြစ်စေ ဆောက်လုပ်ရပါမည်။ အကယ်၍ အဆောက်အဦကို မဆောက်နိုင်သေးလျှင် မိုးနဲသော ဒေသဖြစ်ပါက နံရံဘခုကို ထောင်ရပါမည်။ ဤလောက်မျှ မလုပ်နိုင်ပါကလည်း သစ်ပင်ပါးပျဉ်းကြီးကြီးတခုကို ရှာ၍ နံရံအဖြစ် အသုံးပြုရပါမည်။

ထိုနံရံပေါ်တွင် လူဘထိုင်စာ အမြင့်လောက်၌ နေရာတခုသတ်မှတ်ပါ။ ထိုနေရာသည် လူထိုင်၍ကြည့်လျှင် မေ့လည်းမမေ့ရ၊ ငုံ့လည်း မငုံ့ရဘဲ မျက်စိနှင့် မျဉ်းဖြောင့်တတန်းတည်းကျသော နေရာမျိုးဖြစ်ရမည်။ အကယ်၍ လူက ထိုင်ခုံပေါ်မှာထိုင်မည်ဆိုလျှင် မိမိမျက်စိနှင့် မျဉ်းဖြောင့်ကျကျ နံရံပေါ်မှာ နေရာသတ်မှတ်ပါ။ ထိုင်ခုံပေါ်မှ ခြေတွဲလဲချထိုင်လျှင် ဖြစ်နိုင်စရာရှိသည်။ သို့သော် ယခု ကုလားထိုင်များလို နောက်မှီ လက်တင်မပါသင့်၊ ပက်သက်ကုလားထိုင်နှင့် ဆိုဖာကိုမူ လုံးဝမသုံးသင့်၊ အိပ်ပျော်ကျသွားတတ်သည်။

ကြမ်းပြင်ညီပေါ်မှာဆိုလျှင် တင်ပလ္လင်ခွေထိုင်၊ ထိုင်ခုံပေါ်မှာဆိုလျှင် ခြေတွဲလဲချထိုင်နိုင်သည်။ မည်သို့ထိုင်ထိုင် မိမိမျက်စိ

နှင့် မျဉ်းဖြောင့်ကျကျ နံရံပေါ်မှာ နေရာတခု သတ်မှတ်ရမည် ဖြစ်ပါသည်။ မတ်တတ်ထလျှင်သော်၎င်း၊ အိပ်၍ လဲလျောင်းလျက်သော်၎င်း သင်တန်းဝင်ရန် မဖြစ်နိုင်ပါ။

## ကသိုဏ်းဝန်းတင်ခြင်း

ကသိုဏ်းဝန်းကို ရွှံ့မြေစေးဖြင့် ပြုလုပ်ရသည်။ နံရံမှာကပ်ထားလျှင် ကွာမကျလာအောင် စေးကပ်လျှင် လုံလောက်သည်။ အတုံးအခဲ ကျောက်ပြုတ် ကျောက်ခဲများ မပါစေရပါ။ ထိုရွှံ့စေးကို အချင်းတပေခန့်ရှိ အဝိုင်းတခု ပြုလုပ်ရသည်။ ကြည့်မည့်မျက်နှာပြင်ဘက်တွင် မညီမညာတ်မရှိစေရပါ၊ ချောနေစေရပါမည်။

ထိုမြေကသိုဏ်းဝန်းကို နံရံပေါ်ရှိ မိမိသတ်မှတ်ထားသောနေရာ၌ တင်ထားရပါမည်။ ယင်းသို့တင်ထားရာ၌ ခိုင်မြဲစေလိုသဖြင့် ချိတ်ခြင်း၊ ဆွဲခြင်း၊ ထောက်ခြင်း မလုပ်ရပါ။ သဘောကကြည့်လိုက်သောအခါမှာ ဘေးဆီက ဘာအဆက်အသွယ်မှမရှိဘဲ ကသိုဏ်းဝန်းသန့်သန့် မြင်နိုင်စေရန်ဖြစ်ပါသည်။ လူများလျှင် တယောက်တခန်းကျ၊ တယောက်ကသိုဏ်းဝန်းတခုကျစီ ထားရပါမည်။

## အထိုင်ကျင့်ခြင်း

အားလုံးပြင်ဆင်ပြီးသောအခါ မိမိနေရာ၏ အလင်းရောင်အလိုက် ကသိုဏ်းဝန်းနှင့် ၃-ပေမှ ၆-ပေကွာ နေရာလောက်တွင်

ကျကျနန ထိုင်ရပါသည်။ ကြမ်းပြင်ပေါ်မှာဖြစ်က ခြေနှစ်ခုကို ကြက်ခြေခတ်ယှက်၍ တင်ပလ္လင်ခွေ၍ထိုင်ပါ။ ခါးနှင့်ဦးခေါင်းကို အတတ်နိုင်ဆုံး ၉၀-ဒီဂရီကျအောင် မတ်မတ်ထားပါ။ ခါးနှင့်ဦးခေါင်းကို မတ်မတ်ထားခြင်းအကျိုးမှာ ကြာရှည်ထိုင်နိုင်စေပါသည်။ ကျောရိုးဆက်များကြားရှိ ရိုးတွင်းခြင်ဆီတို့ စနစ်တကျလည်ပတ်နိုင်သဖြင့် ကုန်းကုန်းကွေးကွေး ထိုင်သည်ထက် ပိုပြီးကြာရှည်ထိုင်နိုင်စေပါသည်။ ထိုင်ခုံနှင့် ထိုင်လျှင်လည်း ခါးနှင့်ဦးခေါင်း မတ်မတ်ပင်ထားရပါမည်။ လက်ကိုမူ ပက်လက်လှန်၍ နှစ်ခုထပ်ကာ ပေါင်ရင်း၌ ချထားနိုင်ပါသည်။ သို့မဟုတ် လက်မှောက်လျက် စုံချ၍ ပေါင်နှစ်ခုပေါ်မှာ တင်ထားနိုင်ပါသည်။ အချို့သမီးသင်တန်းသူဖြစ်က ပုဆစ်တုပ်၍ မိန်းမထိုင် ထိုင်နိုင်ပါသည်။ သို့သော် ခါးနှင့်ခေါင်းကို မတ်မတ်ထားရပါသည်။

ဤသို့ထိုင်ရာ၌ အစဘင် ဝန်လေးစရာ ရှိပါသည်။ ခါးကို မတ်မတ်ထောင်ထားရသည်မှာ ဝန်တခုကိုချီထားရသလို စိတ်တွင် ခံစားရတတ်ပါသည်။ အပြင်မှာ သက်သာသလို စိတ်လိုလိုက်၍ ကားချင်ကား၊ ထောင်ချင်ထောင်၊ ကုန်းချင်ကုန်း၊ ကော့ချင်ကော့၊ ထိုင်ချင်သလိုထိုင်နေခဲ့ရာမှ ယခု အလုပ်ခွင်စည်းကမ်းနှင့် ထိုင်ရသောအခါ စိတ်ကျဉ်းကျပ်လာပါလိမ့်မည်။ ဤသည်မှာ အပြောင်းအလဲတခုကြုံတိုင်း တွေ့ရတတ်သည့်ဓမ္မတာပါ။ နောက် တဖြေးဖြေး ရိုးလာပါလိမ့်မည်။

စနစ်တကျ ထိုင်ပုံထိုင်နည်း ဟန်ကျလာသောအခါ ကသိဏ်း ဝန်းကို ကြည့်စမ်းရပါသည်။ အမြင်မှာရှင်းလျှင် ရှေ့တိုး ထိုင်တန့်ထိုင်၍ ကပ်လွန်းသလိုထင်ပြီး စိတ်ထဲမှာ ခပ်ပိတ်ပိတ်ဖြစ်နေသည်

ထင်ပါက နောက်သို့ အနည်းငယ် ဆုတ်ထိုင်စမ်းကြည့်ရပါသည်။ အလောတော်ကျပြီဆိုလျှင် ထိုနေရာကို ယူရပါသည်။

**စိတ်နှိုးခြင်း**

ဈာန်နဲ့လေ့ကျင့်ခန်းကို မစမီ မိမိစိတ်ကို နှိုးပေးသင့်ပါသည်။ 'ယခု ငါစမ်းသပ်လုပ်ကိုင်မည့် နည်းသည် ဘုရားရဟန္တာနှင့်တကွ ထက်မြက်သူတွေကိုယ်တိုင်လုပ်သွားကြတဲ့ နည်းဘဲဖြစ်တယ်၊ သူတို့ကိုယ်တိုင် ရရှိအောင်မြင်သွားခဲ့လို့လဲ ယခုသို့ လုပ်နည်း ကိုင်နည်းတွေကို ထားခဲ့နိုင်ခြင်းဖြစ်တယ်။ ယခုလဲ အိန္ဒိယ တိဗက်လို ဒေသတွေမှာ သမထယောဂီတွေ လက်တွေ့ အောင်မြင်နေကြဆဲဖြစ်တယ်၊ ငါလည်း ကြိုးစားလျှင် သူတို့လိုဘဲ ဈာန်ရရမယ်၊ ကြိုးစားဘို့သာ လိုတယ်။ ဆန္ဒရှိလျှင်၊ လုံ့လဝီရိယရှိလျှင်၊ စိတ်ရှိလျှင်၊ ပညာရှိလျှင် ဘယ်ဟာမဆို အောင်မြင်နိုင်တယ်' ဤသို့ စသည်ဖြင့် စိတ်ဓာတ်အားကို နှိုးပေးသင့်ပါသည်။

အကယ်၍ ဈာန်ယာဉ်စီမံကိန်းရေးဆွဲ၍ စနစ်တကျ စုပေါင်းကြိုးစားသောအခါမျိုး၌မူ နည်းစနစ်ပေါ် ယုံကြည်ချက် ခိုင်မြဲအောင်၊ ကြိုးစားချင်စိတ်ပေါက်အောင် ၃-၄ ပတ်လောက် သင်တန်းပေးသင့်သည်။ ထိုသင်တန်းမှရသော နှိုးစိတ်ကို လုပ်ငန်းခွင် မစမီ အသုံးပြုရမည်။

အထူးအရေးကြီးသော အချက်မှာ ယင်းသို့ စိတ်ဓာတ်ခိုင်မြဲရေး သင်တန်းပေးရာတွင် ဈာန်လုပ်ငန်းခွင်ပင်ရင်း တွေ့တတ်ကြုံတတ် ခံစားရတတ်သောအချက်တို့ကို အနည်းငယ်မျှ စကားဦး

သန်း၍ မပြောရပေ။ ဤအချက် လွန်စွာအရေးကြီးသည်။ မပြော အပ်တာကို ပြောမိလျှင် လုပ်ငန်းခွင်၌သွားပြီး အနှောက်အယှက် ဖြစ်တတ်သည်။ စိတ်ကူးတွေ၊ စိုးရိမ်စိတ်တွေ၊ ကြောက်စိတ်တွေ ဝင်လာတတ်သည်။ ကြပ်ကြပ် ဆင်ခြင်ပါ။

စီမံကိန်းနှင့် အကောင်အထည်ဖော်သောအခါတွင် သင်တန်း ဆရာများ ထားရပါမည်။ ဆရာက စစ်ဆေးခြင်းမျိုး မဟုတ်ပဲ သင်တန်းသားက သူ့အတွေ့ထူး အမြင်ထူးကို ပြောပြချင်တဲ့အခါ နားထောင်ရမည်။ ဆရာက စာနှင့် ပေနှင့်ညှိ၍ ရှေ့သို့ မည်သို့တိုး၍ ကြိုးစားရှုမြင်ရန် အကြံဉာဏ်ပေးရပါမည်။ သင်တန်းသားတဦး မှာ အပြင်းအထန် စွပ်လုပ်နေလျှင် သိမ်မွေ့စွာ အကဲခပ်၍ သူ့ အမြင် အတွေ့ကို ပြောပြရန် တောင်းပန်သင့်က တောင်းပန်ရသည်၊ သူလုပ်နေပုံ ဘုရားနည်းနှင့် ကိုက်ညီနေက သာဓုခေါ်၍ အားပေး ရမည်၊ တိမ်းယိမ်းနေသည်ထင်က တည့်မတ်ပေးရမည်။ တဦးတည်း ကြိုးစားသူဖြစ်လျှင်လည်း ဤသို့သော ဆရာကောင်းကို လက်ကိုင် ပြုသင့်သည်။

### အလုပ်ချိန်သတ်မှတ်ခြင်း

အလုပ်စခါစတွင် တခါထိုင်လျှင် ၁-နာရီလောက် သတ်မှတ် သင့်ပါသည်။ ဆိုလိုသည်မှာ ၁-နာရီတော့ အနည်းဆုံးထိုင်မယ်၊ ၁-နာရီမပြည့်ခင် မတော်ဘူး၊ မထဘူးဟု အဓိဋ္ဌာန်ရန် ဖြစ်ပါ သည်။ အလုပ်ချိန်ကို သူများက သတ်မှတ်ပေးရန်မလိုပါ၊ ကိုယ့် ဟာကို စိတ်ပိုင်းဖြတ် သတ်မှတ်ရပါသည်။ တကြိမ် ၁-နာရီ

ထားရန် အကြံပေးရခြင်းမှာ ရိုးရိုးလူတယောက်သည် ဦးနှောက်အလုပ်ကို အကျင့်မရခင် ၁-နာရီလောက်သာ စူးစူးစိုက်စိုက်လုပ်နိုင်ပါသည်။ တနာရီထက်ပိုလျှင်မူ ကန့်ထွက်လာတတ်ပါသည်။

သို့သော် အကျင့်ရ၍ ရိုးရိုးအခြေအနေကိုကျော်လွန်ပြီး သမာဓိဝင်လာသောအခါ၌မူ အလုပ်ချိန်သတ်မှတ်ရန် မလိုတော့ပါ။ ၁-နာရီသည် ခဏကလေးဖြစ်လာပါမည်၊ စူးစိုက်နေရင်း အချိန်ကုန်မှန်းမသိ ကုန်သွားတတ်ပါသည်။ သို့သော် ကသိုဏ်းဝန်းကိုမြင်သာသည့် နေ့အခါမျိုး၌ စတင်သင့်ပါသည်။ ခေတ်မှီမှီ လေ့ကျင့်လာနိုင်သောအခါ၌မူ အလင်းရောင်ကို ၂၄-နာရီပေးနိုင်မည်ဖြစ်၍ နေ့ညမဟူ လုပ်ငန်းခွင်ဝင်နိုင်ပါလိမ့်မည်။

## အလုပ်စခြင်း

မိမိ ကြိုတင်ပြင်ဆင်ထားပြီးသည့်အတိုင်း ကသိုဏ်းဝန်းရှေ့မှာထိုင်ပါ။ ကိုယ်ကို နေထားတကျ နေရာယူပြီးနောက် မျက်စိကိုမှေးခြင်း၊ ပြူးခြင်းမပြုဘဲ မှန်တမ်းထား၍ ကသိုဏ်းဝန်းကို စိုက်ကြည့်နေပါ။ ကြည့်ခါစတွင် မျက်တောင် ခဏခဏ ခတ်ချင်လာတတ်သည်၊ ခတ်ပါ၊ နောက်တဖြေးဖြေး မျက်တောင်ခတ်ကြိမ်နည်းလာပါလိမ့်မည်။

ကသိုဏ်းဝန်းကို စူးစိုက်ကြည့်ရင်း စိတ်ထဲက မြေ၊မြေ(ပထဝီ၊ပထဝီ)ဟု ဒလစပ် မှတ်ပေးနေရမည်၊ ပါးစပ်က ထုတ်ဆိုရန် မလိုပါ။ သဘောက ကိုယ့်စိတ်ကို ကသိုဏ်းဝန်းမှာဘဲ ရှိနေအောင်

သိနေအောင် မပြတ်လုပ်ပေးနေရခြင်းမျိုး ဖြစ်ပါသည်။ စိတ်ကို ကသိုဏ်းဝန်းနှင့် ဖမ်းနေခြင်း ဖြစ်ပါသည်။

ဤအခါတွင် စိတ်သည် နွားဆိုးကြီးလို ကသိုဏ်းဝန်း ချည်တိုင်မှ ရုန်း၍ရုန်း၍ ထွက်ပြေးပါလိမ့်မည်။ ကသိုဏ်းဝန်းကြီးကို ရှေ့မှာထားပြီး စိတ်က ဟိုဟိုဒီဒီ ပေါက်ကရလျှောက်သွားပါလိမ့်မည်။ ဤသို့ စိတ်ထွက်ပြေးသောအခါ သတိအလွတ်မခံဘဲ ချက်ခြင်း ကသိုဏ်းဝန်းဆီ စိတ်ကို ပြန်ပို့ပေးရမည်။ '(မြေ၊မြေ)' လို့ သိနေအောင် စိတ်ကို ကသိုဏ်းဝန်းပေါ် ပြန်တင်ပေးရမည်။ စိတ်က ပြေးထွက်လိုက်၊ သတိနှင့် ဝီရိယက ပြန်ဖမ်းပြီး ကသိုဏ်းဝန်းပေါ် တင်ပေးလိုက်နှင့် ဖြစ်နေလိမ့်မည်။

## ရန်သူဝင်လာခြင်း

ဤသို့ စိတ်နှင့် သတိ၊ ဝီရိယတို့ နပန်းလုံးနေကြစဉ် ငိုက်မျဉ်းထိုင်းမှိုင်းမှု ဖြစ်လာတတ်သည်။ ဟုတ်မှ ဟုတ်ပါ့မလား၊ ဟန်မှ ဟန်ပါ့မလားဟု သံသယတွေလည်း ဝင်လာတတ်သည်။ တွန့်ဆုတ်မှု၊ လုပ်ငန်းခွင် စွန့်လွှတ်ပြေးချင်မှု၊ တခုခုကို အလိုမကျ၍ စိတ်ဆိုးမှု၊ ကိုယ့်စိတ် ဂဏာမငြိမ်လွန်း၍ ဒေါသထွက်မှုမျိုးလည်း ဝင်လာတတ်သည်။ ဘောင်ကြံ၊ မြောက်ကြံ၊ တောင်တွေး၊ မြောက်တွေးဖြင့် ကြံတတ် တွေးတတ်မိ၏။ ယခင်က မေ့မေ့ပျောက်ပျောက်ဖြစ်ခဲ့တာတွေလည်း ယခုမှ လာရှုပ်နေတတ်၏။ ဤအတွင်း စိတ်ကူးထဲမှာ အချော်အလှ အနိုပ်တွေမြင်ပြီး လိုချင်တပ်မက်လွန်းတဲ့ စိတ်တွေလည်း ပေါ်လာတတ်သည်။ ဤသည်တို့မှာ လုပ်ငန်း၏ ရန်သူတို့ပါတည်း။

ဤရန်သူတော်များ ခြေရှုပ်လာမှုကို အောင်မြင်ဘို့၊ ကိုယ့်စိတ်ကို ကသိုဏ်းဝန်းပေါ်မှာ မပြတ် တင်ပေးနေဘို့ပင် ဖြစ်သည်။ စိတ်ကလေးသည် ကသိုဏ်းဝန်းပေါ်မှာသာနေလျှင် မည်သည့်ရန်သူကမှ မဖျက်ဆီးနိုင်။ ကသိုဏ်းဝန်းပေါ်က ဆင်းပြေးသည်နှင့် တပြိုင်နက် ရန်သူနှင့် တိုးတော့သည်ပင်။

သို့သော် ဇွဲသန်သန်ဖြင့် ဆက်ကာ ဆက်ကာ ကြိုးစားပေးလျှင် တခါနှင့်တခါ၊ တရက်နှင့်တရက်၊ တလနှင့်တလ မတူဘဲ စိတ်ကလေးသည် ကသိုဏ်းဝန်းပေါ်မှာ ပျော်ပျော်လာပါလိမ့်မည်။ စိတ်ကလေးသည် ကသိုဏ်းခွံ၍ လုံလာသည်နှင့်အမျှ ရန်သူတော်များလည်း လက်လျှော့ လက်လျှော့၍ ဆုတ်ခွာသွားကြလိမ့်မည်။

## စိတ်ပျော်လာလိမ့်မည်

မိမိစိတ်ကလေးကို ကသိုဏ်းဝန်းပေါ်မှာ ခပ်ကြာကြာ တင်ထား၍ ရလာပြီဆိုလျှင် မိမိဖြစ်စေချင်တာ ဖြစ်လာ၍ရင်း၊ မနိုင်ဘူးတဲ့ စိတ်ကို နိုင်စပြုလာ၍ရင်း သဘောကျလာပါလိမ့်မည်။ လန်းဆန်းပေါ့ပါးလာပါလိမ့်မည်။ စိတ်ကလေးသည် တနေရာတည်း ဝပ်လာတဲ့အတွက် စိတ်ငြိမ်မှု(ဝါ)စိတ်ချမ်းသာမှု ဖြစ်လာပါလိမ့်မည်။ စိတ်ငြိမ်လျှင် ကိုယ်လည်း ချမ်းသာလာမြဲမမှတာပါ။

ဤအဆင့်မှ တိုးတက်ကြိုးစားသွားလျှင် စိတ်ကလေးသည် ကသိုဏ်းဝန်းပေါ်တင်ထားလိုက်သည်နှင့်တပြိုင်နက် ဘယ်မှမထွက်မသွားတော့ဘဲ ကသိုဏ်းကိုဘဲ သိနေပါတော့သည်။ သမာဓိ

တည်နေသည်ဟု ခေါ်ပါသည်။ စိတ်သည် ယခင်က ဗရမ်းဗတာ ဘဝနှင့် မတူတော့ဘဲ အင်အားသတ္တိ ရှိလာပါသည်။ ထိုအခါတွင် ကသိုဏ်းဝန်းကို ရိုးရိုးမြင်နေကျထက် ပိုပြီး ပြတ်ပြတ်သားသား ထင်ထင်ရှားရှား မြင်လာပါတော့သည်။

**ကသိုဏ်းဝန်းတု အာရုံ**

ဤအဆင့်မှ ဇွဲသန်သန်ဖြင့် ဆက်လက် ကြိုးစားသွားပြန်သော အခါ စိတ်တန်ခိုး ပို၍ရှိလာသဖြင့် နံရံပေါ်က ကသိုဏ်းဝန်းကို မျက်စိဖြင့် မကြည့်တော့ဘဲမျက်စိမှိတ်ထားလိုက်လျှင်လည်း မျက်စိ ဖြင့် ကြည့်သလိုပင် ကသိုဏ်းဝန်းကို မြင်လာရသည်။ ကသိုဏ်းဝန်း မရှိသော အခြားဘက်သို့ ကြည့်သော်ငြား၊ တောတောင် ကောင်း ကင်ကို ကြည့်သော်ငြား၊ ဘယ်ကိုဘဲကြည့်ကြည့် မျက်စိထဲမှာ ကသိုဏ်းဝန်းကိုဘဲ မြင်နေရတော့သည်။ နံရံမှာကပ်ထားသည့် ကသိုဏ်းဝန်းပုံအတိုင်း ချပ်စွပ်ထပ်တူ မြင်နေရတော့၏။

ဤအဆင့်ရောက်လာသောအခါ နံရံပေါ်က မြေကသိုဏ်းဝန်း မလိုတော့ပြီ။ သူ့ကိုကြည့်ရန် မလိုတော့ပြီ၊ မျက်စိထဲမှာမြင်နေတဲ့ ကသိုဏ်းဝန်းအတုကိုဘဲ ဆက်၍ရှုရန်လိုတော့၏။ ဤကသိုဏ်းဝန်း အတုကို ဆက်၍ဆက်၍ ရှုမြင်ပေးသောအခါ ကသိုဏ်းဝန်းသည် နဂိုနှင့်မတူတော့ဘဲ တဖြေးဖြေးချင်း ပို၍ပို၍ နူးညံ့လာလိမ့်မည်၊ လှပလာလိမ့်မည်၊ မှုန်ချောလာလိမ့်မည်၊ ကြည်လင်လာလိမ့်မည်။

မိမိကိုယ်တွင်းမှာလည်း အင်မတန် စက်ကောင်းတဲ့ နာရီ အသေးဆုံးကလေး၏ စက်လှုပ်နေသလို အသက်ရှူတာရော၊ နှလုံး

ခုန်တာရော လွန်စွာ ညင်သာနေလိမ့်မည်။ ဝမ်းဗိုက် အဖောင်းအပွ အလှုပ်အရှား ရိုက်ချက် သိမ်မွေ့လာ၏။ စိတ်က ကသိုဏ်းဝန်း အာရုံမှာသာ ရောက်နေခြင်းကြောင့် ထမင်းဆာခြင်း၊ရေငတ်ခြင်း တို့လည်း နဂိုကထက် သိသိသာသာ နည်းလာလိမ့်မည်။ ဤအခြေ အနေသည် ပထမစျာန်ပန်းဆွတ်ခါနီး အခြေအနေမျိုးတည်း။

## ပျောက်လျှင် ပြန်ဖော်

ဤမျှလောက် ခရီးပေါက်လာလျှင် အချို့သင်တန်းဝင်ပုဂ္ဂိုလ် များမှာ ဝင်းဝင်းလက်လက် အရောင်အဝါတွေ မြင်လာတတ် သည်။ မိမိ နားရွက်အနီးကပ်ပြီး တစုံတယောက်က တခုခု ပြော လိုက်သလိုလည်း ကြားရတတ်သည်။ အထိတ်တလန့်ဖြစ်စရာ အသံ ဗလံမျိုးကိုလည်း မမြော်လင့်ဘဲ ကြားရတတ်သည်။ ဘယ်လိုဘဲ ဖြစ်ဖြစ် သင်တန်းဝင်ပုဂ္ဂိုလ်အနေဖြင့် ဂရုစိုက်စရာမဟုတ်ပေ။ မိမိ စိတ်ကိုသာ ကသိုဏ်းဝန်းအာရုံ၌ ထက်ကြပ်မကွာ ကပ်ပေးထားရ မည်ဖြစ်သည်။ စိတ်နှင့်ကသိုဏ်းအာရုံ ဂဟေမြဲနေဘို့သာ အရေး အကြီးဆုံးဖြစ်သည်။ ဤသို့ မြဲနေလျှင် အထူးအဆန်း တွေ အလိုလို ပသွားပါလိမ့်မည်။ ဤသို့မဟုတ်ပဲ ထိုအထူးအဆန်းတွေနောက် စိတ်ပါသွားလျှင် ကသိုဏ်းဝန်းတုအာရုံ ပျောက်သွားလိမ့်မည်။

ထိုသို့ ကသိုဏ်းဝန်းတုအာရုံ ပျောက်သွားလျှင် နံရံပေါ်ရှိ မူလ မြေကသိုဏ်းဝန်းကို ပြန်ရှုရပြန်သည်။ တစ်ကပြန်ပြီး စရ ပြန်သည်။ သို့သော် အစိမ်းလောက် မခက်တော့ပေ။ စာရပြီးမှ မေ့သွား၍ ပြန်ကျက်တဲ့ကျောင်းသားလို ရလွယ်ပါသည်။ သို့ရာ

တွင် ရလိုက်-မေ့လိုက် ခဏခဏ ဖြစ်ပါများလျှင် မကောင်းပေ။ ရှေ့လည်း ခရီးမပေါက်၊ စိတ်လည်း လေလာတတ်သည်။ သို့ကြောင့် မော်တော်ကားကို ဂီယာထိုးပြီး တချိုတည်းတက်သကဲ့သို့ တရှိန်တည်း သမာဓိမပျက် ဆက်နိုင်အောင် ကြိုးစားအပ်သည်။

## ဈာန်စိတ် စတင်ပေါ်လာခြင်း

ကသိုဏ်းဝန်းတဲ့ အာရုံနုကလေးကို အချိန်မရွေး မြင်နေရသော အဆင့်တွင် ဇွဲလုံ့လသန်သန်ဖြင့် ထပ်မနား စူးစိုက်ကြည့်မြင်ဖန်များလျှင် ထူးဆန်းသောစိတ်တမျိုး မိမိသန္တာန်မှာ ပေါ်လာလေသည်။ ဤစိတ်သည် မိမိမွေးကတည်းက တခါမှ မဖြစ်ဖူးသေးသော စိတ်ဖြစ်သည်။ ယခုမှ မိမိကိုယ်ထဲမှာ အသစ်ဖြစ်ပေါ်လာသော စိတ်ဖြစ်သည်။

ဤစိတ်တွင် အရည်အချင်း ငါးမျိုးပါလာသည်။

ယင်းတို့ကား....

စိတ်နှင့်အာရုံ ဆဲ့ဘ်ပေးတတ်တဲ့သဘော (ဝိတက်)၊
အာရုံပေါ်မှာ စိတ်ကလေး ကြာကြာနေအောင် ဖန်တီးတတ်တဲ့ သဘော (ဝိစာရ)၊
နှစ်သက်မှုသဘော(ပီတိ)၊
ချမ်းသာအေးမြမှု သဘော (သုခ)နှင့်
အာရုံ၌စိုက်၍ တည်ကြည်တတ်တဲ့သဘော (ဧကဂ္ဂတာ)
တို့ဖြစ်ကြသည်။

ဤစိတ်မှာ လောဘ၊ ဒေါသ၊ မောဟစသော စိတ်၏ အဆိပ်အတောက်များ ကင်းနေသည်။ ထို့ကြောင့် ဤစိတ်သည် ဈာန်မရသော လူသာမာန်တို့၏စိတ်ထက် သတ္တိထက်မြက်သည်၊ စွမ်းအားပိုသည်။

ဤစိတ်သည် ကသိုဏ်းဝန်းတု အာရုံနုကလေးကို ယခင်စိတ်များထက် ပိုပြီး စူးစူးစိုက်စိုက် ကြည့်မြင်နိုင်သည်။ အာရုံပေါ်မှာ ပို၍ ခိုင်မြဲစွာ စူးစိုက်ထားနိုင်သောကြောင့် စိတ်ထိုင်းမှိုင်းမှု၊ သို့လော သို့လော သံသယဖြစ်မှု၊ ဆုတ်နစ်မှု၊ ပျံ့လွင့်မှု၊ လိုချင်တပ်မက်မှုများ လုံးဝမသီနိုင်၊ မကပ်နိုင်တော့ချေ။ ဤစိတ်ကလေး ပလ္လင်စံလာကတည်းက ဆိုခဲ့ပါ ရန်သူတော်တွေ လုံးဝ လက်နက်ချလိုက်ကြရတော့သည်။ ဝေးရာသို့ ခွာပြေးကြရတော့သည်။

ဤစိတ်ကလေးကို ပထမဈာန်စိတ်ဟု ခေါ်သည်။ ဈာန်သင်တန်းသားကိုယ်နှိုက်က ဤစိတ်ကလေးကိုသိသည်၊ ဤစိတ်ကလေး၏ အရည်အသွေးကို နားလည်လျက်ရှိသည်။ စာပေဗဟုသုတ အခံရှိသူ သင်တန်းသားမှသာမူ ပထမဈာန်ကို ရပြီဟု သိ၏။ သို့အခံမရှိက စိတ်သစ်နှင့် ယင်း၏ အရည်အသွေးကိုသာ သိသည်၊ ဘာစိတ်ပဲဟု နာမည်မခေါ်တတ်ပေ။

အချို့သူများသည် ဤ ပထမဈာန်စိတ်ကလေး ရပြီးနောက် ရှေ့သို့ဆက်လက်၍ မကြိုးစား၊ နည်းကိုလည်း မသိ၊ ကြိုးစားပြန်လည်း တချို့မရ၊ သို့ကြောင့် ဤဈာန်ကလေးကိုသာ မပျောက်မပျက်ရအောင် ထိန်းသိမ်းပြီးနေရင်း အသက်တမ်း စေ့သောအခါ သေကြရသည်။ ပထမ ဈာန်ရပုဂ္ဂိုလ်အဖြစ်နှင့် သေသည့်အတွက် ပထမဈာန်ဘုံမှာ ဗြဟ္မာဖြစ်ကြရသည်။

## ဒုတိယဆင့်သို့

သို့သော် အဘိညာဉ် လိုချင်သူအနေဖြင့် ဤတွင် ရပ်၍မရ၊ ရှေ့သို့သာတိုး၍ ကြိုးစားရမည် ဖြစ်သည်။ ရှေ့တဆင့်တက်ပုံကား ဤသို့တည်း။

မိမိရထားပြီးသော ပထမဈာန်စိတ်ကို ဆင်ခြင်သုံးသပ်ရသည်။ ဤစိတ်မှာ ဝိတက်ပါသည်၊ ဝိစာရပါသည်၊ ပီတိပါသည်၊ သုခပါသည်၊ ဧကဂ္ဂတာခေါ် သမာဓိပါသည်။ ဤ အင်္ဂါအရည်အသွေးများကို လေ့လာရသည်။ ထို ပထမဈာန်စိတ်ကလေးကို ဖော်ကြည့်လိုက် အင်္ဂါတွေကို ဆင်ခြင်လိုက်၊ ထပ်တလဲလဲ လုပ်ရသည်။ အင်္ဂါများကို ဆင်ခြင်တုန်းမှာ ပထမ ဈာန်စိတ်ကလေး ချုပ်နေလိမ့်မည်။ ဝေဖန်တတ်တဲ့စိတ်နှင့် သူ၏ အင်္ဂါအရည်အချင်းတွေကို ဆစ်ပိုင်းသုံးသပ်ခြင်း ဖြစ်၏။

ထိုဈာန်စိတ်ကလေးကို ဖော်ကြည့်ပြီး သူ့အတိုင်း ထားကြည့်ရသည်။ ဘယ်လောက်ကြာကြာ မိမိထားနိုင်မလဲဟု စမ်းသပ်ခြင်း ဖြစ်သည်။ သဘောက ကသိုဏ်းကို အာရုံပြု၍ ဥပါဒ်ဌီ ဘင်ဖြင့် ဖြစ်ချုပ်နေကြသောကြောင့် စိတ်တခုတည်း အကြာကြီး ဖြစ်နေသည်မဟုတ်၊ ကားပလပ်မှ မီးတဖျတ်ဖျတ်ပွင့်နေသည့် သဘောမျိုးဖြင့် ဤစိတ်မျိုး ထပ်တလဲလဲ ဖြစ်နေစေခြင်းသာတည်း။ ဤသို့ တသွင်သွင်ဖြစ်နေသည့် စိတ်ကလေးကို ရပ်ချင်လျှင်လည်း အချိန်မရွေး ရပ်နိုင်အောင် (ဝါ) စိတ်အပြောင်းအလဲ မြန်မြန်လုပ်နိုင်အောင် လေ့ကျင့်ရပြန်သည်။

ထိုနောက်–

'ဒီစိတ်မှာ ပါဝင်နေတဲ့ မြင်မြင်ကရာအာရုံကို ကြံစည်တတ်သည့်သဘော(ဝိတက်)သည် ရန့်ရင်းသေးတယ်၊ သူ့ကြောင့် ငါ ရထားသော ဈာန်စိတ်မှာ လာပြီး ဂရက်ရိုက်နိုင်တယ်၊ သူမရှိလျှင် စိတ်ပိုပြီး တည်ငြိမ်မယ်'

ဤလို သုံးသပ်ဆင်ခြင်ရသည်။ ဤသို့ သုံးသပ်ဆင်ခြင်ပါများလျှင် ဝိတက်သဘောကို လက်လွှတ်ချင်လာသည်။ တောင်ကြံမြောက်ကြံ ဘာရံတောက်တီး အချည်းနှီးကို သိမ်းဆည်းလိုလာပေသည်။

ထိုအခါ ဈာန်သင်တန်းသားသည် ကသိုဏ်းဝန်းကို ရှုသည့်အခါတွင် ကြောင့်ကြစိုက်ပြီး စိတ်ကို အာရုံပေါ်သို့ တင်ပေးမှုမပြုတော့ပေ။ စိတ်ကို အာရုံပေါ်သို့ ကြိုးစားမတင်ဘဲ စိတ်ကလေးက အာရုံကို သိနေရုံမျှသာ ထားလိုက်သည်။

ဤသို့ ဝိတက်ကိုလွှတ်၍ စိတ်နှင့်ကသိုဏ်းတု အာရုံနှကလေးတွေဆိုင်နေပါများလျှင် နောက်ထပ် စိတ်သစ်တမျိုး ပေါ်လာပြန်သည်။ ဤစိတ်တွင်မူ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော အင်္ဂါလေးရပ်သာ ပါရှိလာသည်။ ဝိတက်သဘာဝ မပါတော့ချေ။ ဤစိတ်၌ သုံးသပ်မှုသဘော၊ နှစ်သက်မှုသဘော၊ ချမ်းအေးမှုသဘော၊ စူးစိုက်တည်ငြိမ်မှုသဘောသာ ရှိသည်။ ဝိတက်မပါသောစိတ်ကို ဒုတိယဈာန်စိတ်ဟု ခေါ်သည်။

## တတိယ၊ စတုတ္ထနှင့် ပဉ္စမ

ပထမစျာန်မှ ဒုတိယစျာန်သို့ တက်သောနည်းအတိုင်းထိုဒုတိယစျာန်စိတ်ကို ဖော်ကြည့်၊ ထားကြည့်၊ လွှတ်ကြည့်၊ စျာန်အင်္ဂါဆင်ခြင်ကြည့်၍ အလေ့အကျင့်ရသောအခါ 'ဤစိတ်မှာပါသော ဝိစာရသဘောသည် ရုန့်ရင်းသေးတယ်၊ ဝိတက်နှင့် သဘာဝချင်းနီး၍ စိတ်မချရ'ဟု ဆင်ခြင်လျက် ဝိစာရကိုစွဲကို လွှတ်ချင်လာပေသည်။

ကြိုးစားဖန်များသောအခါ ဝိစာရအပေါ် တွယ်တာမှုလျက် ဝိစာရမပါဘဲ နောက်ထပ် စိတ်သစ်တမျိုး ပေါ်လာပြန်သည်။ ဝိတက်၊ ဝိစာရမပါသော ထိုစိတ်ကို တတိယစျာန်စိတ်ဟုခေါ်၏။

ဤ တတိယစျာန်စိတ်ကိုလည်း ဖော်ကြည့်လိုက်၊ ကြာရှည်ထားကြည့်လိုက်၊ အင်္ဂါအရည်အသွေး ဆင်ခြင်သုံးသပ်ကြည့်လိုက်စသည်ဖြင့် ယခင်နည်းအတိုင်း ပြုလုပ်ရသည်။ ဤအကြိမ်တွင် စိတ်၏နှစ်သက်မှု(ပီတိ)ကို ဝေဖန်ပြီး ပယ်ချရန် ဆုံးဖြတ်ရသည်။ ပီတိ၏ဇိမ်ရှိမှုသဘောသည် ရုပ်ကိုယ်ကာယနှင့် ဆက်သွယ်နေသေး၍ ရုန့်ရင်းသေးသည်ဟု ပီတိကိုပယ်၍ ကသိုဏ်းဝန်းတုအာရုံနုကလေးကို ထပ်၍ ထပ်၍ရှုသောအခါ သုခနှင့် ဧကဂ္ဂတာ အင်္ဂါနှစ်ရပ်သာပါသော စတုတ္ထစျာန် စိတ်သစ်တမျိုး ပေါ်လာပြန်ပေသည်။

ဤ စတုတ္ထစိတ်ကိုလည်း ယခင်အတိုင်း သုံးသပ်၊ ဝင်စား၊ တည်ထား၊ ထမြောက်စေပြီးနောက် 'သုခ'အပေါ် အပြစ်ရှုလျက် ဆက်လက်ကြိုးစားရပြန်သည်။ ထိုအခါ ဥပေက္ခာနှင့် ဧကဂ္ဂတာ

အားဖြင့် အင်္ဂါ ၂-ရပ်သာရှိသော ပဌမစျာန်နှစ်စိတ်သစ် ပေါ်လာလေသည်။ ဤစိတ်သည် ကသိုဏ်းဝန်းတု အာရုံနှုကလေးပေါ် စိုက်ရှုစဲ့၍ သိကာမျှမတ္တကလေးသာ ရှိတော့သည်။ အလွန့်အလွန် တည်ငြိမ်လျက် ရှိလေပြီ။ အလွန့်အလွန် သိမ်မွေ့၍နေချေပြီ။

> စျာန် သင်တန်းသားများအနက် ဥာဏ်စွမ်း ဥာဏ်စ ပို၍ထက်မြက်သူဖြစ်လျှင် ဝိတက်နှင့် ဝိစာရကို ယခုလို တခုစီ ပယ်မနေဘဲ နှစ်ခုလုံး တခါထဲ ပယ်ပစ်နိုင်သည်။ ထိုသူမျိုးအတွက် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဟူ၍ စျာန်လေးဆင့်သာဖြစ်၏။ လှေကားကို ငါးလှမ်းနှင့်တက်သည်နှင့် လေးလှမ်းနှင့်တက်သည့် သဘော ဖြစ်သည်။ နောက်ဆုံးအဆင့်တွင် အတူတူပင် ဖြစ်သည်။ ထို့ကြောင့် ဥာဏ်နုံ့သူ၏ ပဌမစျာန်နှင့် ဥာဏ်ထက်သူ၏ စတုတ္ထစျာန်မှာ အရည်အသွေးချင်း အတူတူသာတည်း။

ဤစတုတ္ထစျာန်စိတ်(ဥာဏ်နုံ့သူအတွက် ပဌမစျာန်စိတ်)ပေါ်လာသောအခါ စျာန်ရှင် လူသား အခြေအနေမှာ အကြီးအကျယ် ပြောင်းလဲသွားလေပြီ။ မျှင်းမျှင်းကလေး ရှူနေသောအသက်သည် တခါထဲ ယတိပြတ်ရပ်သွားလေသည်။ စတုတ္ထစျာန် ဝင်စားနေသောအခါ အသက်ရှူ လုံးဝရပ်နေသောကြောင့် လူသည် အရုပ်သာခုလို အလွန့်အလွန် တည်ငြိမ်လေသည်။

## အသက်မရှူသူ ရှစ်ဦး

ခြောက်ခုမြောက် အဘိဓမ္မာကျမ်းကြီးဖြစ်သော'ယမိုက်ကျမ်း' တွင် ကျမ်းငယ် ၁၀-ခု ပါဝင်ရာ ခြောက်ခုမြောက်ပင်ဖြစ်သော 'သင်္ခါရ ယမိုက်ကျမ်း'၌ ကာယသင်္ခါရအကြောင်း ပါရှိသည်။ ကာယသင်္ခါရဟူသည် အသက်ရှူမှု ထွက်သက်ဝင်သက်ပင် ဖြစ်သည်။ စတုတ္ထဈာန် ဝင်စားနေသူသည် အသက်ရှူခြင်း မရှိကြောင်း ဤကျမ်းမြတ်၌ မြတ်ဗုဒ္ဓ ဟောပြခဲ့သည်။

ထို့ပြင် ဤစတုတ္ထဈာန် ဝင်စားသော ပုဂ္ဂိုလ်ကဲ့သို့ပင် အသက်မရှူသူပေါင်း ရှစ်ဦး ရှိကြောင်းလည်း ရှေး ဆရာမြတ်တို့က စုပေါင်း ဖော်ပြထားသည်။

အသက်မရှူသူ ရှစ်ဦးကား—

၁။ အမိဝမ်းတွင်းရှိ သန္ဓေသားငယ်၊

၂။ ရေနစ်မွန်းနေဆဲလူ၊

၃။ အဆိပ်တက်ခြင်း၊ ဒဏ်ရာအပြင်းအထန်ရခြင်းစသည် ကြောင့် အလွန်တွေဝေမိန်းမောနေသူ၊

၄။ စတုတ္ထဈာန်ဝင်စားခိုက် ကာမပုဂ္ဂိုလ်၊

၅။ နိရောဓ သမာပတ်ဝင်စားခိုက် ပုဂ္ဂိုလ်၊

၆။ သေနေသောသူ၊

၇။ ရူပဗြဟ္မာ၊

၈။ အရူပ ဗြဟ္မာ။

ဤရှစ်ဦးတို့ ဖြစ်ကြသည်။

(သင်္ခါရ ယမိုက် အကောက်ကျမ်း၊ နှာ ၃၀၅)

'ထွက်သက်ဝင်သက်' ဟူသည် စိတ်ကြောင့်ဖြစ်လာသော 'ဝါယောခေတ်'ဖြစ်သည်။ လူတွင် ထွက်သက်အစကား-ချက်တိုင်၊ အဆုံးကား-နှာသီးဖျား၊ ဝင်သက်အစကား-နှာသီးဖျား၊ အဆုံးကား ချက်ဖြစ်သည်ဟု ဝိသုဒ္ဓိမဂ်စသော ကျမ်းဂန်များတွင် ဖော်ပြသည်။ မှန်တမ်းအားဖြင့်၊ ရှေး မြန်မာနာရီအားဖြင့် တနာရီ ထွက်သက် ၃၆၀၊ ဝင်သက် ၃၆၀၊ နှစ်ရပ်ပေါင်း ၇၂၀-ဟု ရှေးဆရာတို့က တွက်ပြကြ၏။ ရှေးမြန်မာနာရီဖြင့် တနေ့၌ နာရီ ၆၀-ရှိသည်။ ယခုခေတ်မိနစ်အားဖြင့် တနာရီ၌ ၂၄-မိနစ် ရှိ၏။ ထို့ကြောင့် ၂၄-မိနစ်တွင် ထွက်သက်ဝင်သက်ပေါင်း ၇၂၀ ဖြစ်သည်ဟု ဆိုလိုသည်။

အသက်မရှူသူအဖို့ အသက်ရှူစရာ လေမလိုကြောင်း အထူးသတိပြုပါ။ ထို့ပြင် နှလုံးလည်း ခုန်တော့မည်မထင်ပါ။ သို့သော် နိရောဓသမာပတ် ဝင်စားခန်းကို လေ့လာကြည့်လျှင် 'လူသားတဦးသည် လူ့ကမ္ဘာပေါ်မှာ ခုနစ်ရက်ထက်ပိုပြီး အသက်မရှူဘဲ မနေနိုင်ဟု သိနိုင်ပါသည်။ သို့ဖြစ်သောကြောင့် လူတယောက်သည် လူ့ကမ္ဘာတွင် ခုနစ်ရက်အထိ ဆက်တိုက် အသက်မရှူဘဲ နေနိုင်သည်ဟု ကောက်ချက်ချနိုင်ပါသည်။

## ရုပ်အာရုံကို ပယ်၍

အာဘိဿာဉ်ခရီးကား မဆုံးသေး။ စတုတ္ထစျာန်စိတ် (ပဉ္စမစျာန်စိတ်)ကိုရရှိပြီးနောက် ရှေ့သို့တက်ရန် ကြိုးစားရဦးမည်ဖြစ်သည်။ ဤစျာန်စိတ်ကလေးကို ဖော်ကြည့်၊ ထားကြည့်၊ လွှတ်ကြည့်၊ အင်္ဂါအရည်အချင်းသုံးသပ်ကြည့်၊ အမျိုးမျိုးလေ့လာပြီးနောက်

စျာန်အင်္ဂါမှာ ဥပေက္ခာနှင့် ဧကဂ္ဂတာနှစ်မျိုးသာ ကျန်ရှိတော့သဖြင့် ထပ်ဖြုတ်ချရန် မဖြစ်နိုင်တော့၍ အာရုံဘက်လှည့်ရပြန်၏။

'ဤယခု ငါရထားတဲ့စတုတ္ထစျာန်စိတ်သည် ကသိုဏ်းဝန်းတုအာရုံနုကလေးကို စွဲမှီဖြစ်ပေါ်နေရသဖြင့် ရုပ်နှင့်မကင်းသေး၊ ရန်နှင့်ရင်းသေး၏။ ဤရုပ်နယ်ကအာရုံကို ဖယ်ချပစ်ရလျှင် ပို၍ကောင်းပေလိမ့်မည်' ဤသို့ယူဆ၍ ကသိုဏ်းဝန်းတု အာရုံနုကလေးကို မရှုမမြင်တော့ဘဲ လွှတ်ပစ်လိုက်သည်။ ကသိုဏ်းဝန်းတုအာရုံနုကလေး ပျောက်သွားသဖြင့် ကျန်နေခဲ့သည့်ဟင်းလင်းလဟာကိုသာ စူးစိုက်ပြီး 'အဆုံးမရှိသော ကောင်းကင်လဟာ'ဟုအထပ်ထပ်ရှုမှတ်ရလေသည်။ ဤသို့ ရှုမှတ်ဆင်ခြင်ဖန် ပွားများဖန်များသောအခါ 'အာကာသာနဉ္စာယတနစျာန်စိတ်' ခေါ်စိတ်သစ်တမျိုးပေါ်လာပြန်သည်။ ဤစျာန်ကို အသားကျအောင်ဆက်၍လေ့လာရပြန်သည်။

နောက်တဆင့်တက်ရန်မှာ ' ဤအာကာစျာန်စိတ်သည် ရုပ်အာရုံပြုသော အောက်နားက စတုတ္ထစျာန်နှင့် နီးနေ၏'ဟု နှလုံးသွင်းကာ ကောင်းကင်ပညတ်အာရုံကို လွှတ်လိုက်ပြီး အာကာစျာန်စိတ်ကလေးကိုပင် ပြန်၍အာရုံပြုလျက် အားထုတ်ရပြန်သည်။ အားထုတ်ပွားများဖန်များသောအခါ ဝိညာဏဉ္စာယတနစျာန်စိတ်ခေါ် စိတ်သစ်တမျိုးပေါ်လာပြန်သည်။

ဝိညာဏစျာန်စိတ် တော်တော်အသားကျလာသောအခါ ရှေ့သို့တက်ရဦးမည် 'ဤဝိညာဏစျာန်စိတ်သည် အာကာစျာန်စိတ်သို့အလွယ်တကူပြန်ကျသွားနိုင်သည်။ သိပ်လဲမငြိမ်မသက်လှသေး'ဟု နှလုံးသွင်းလျက် အာကာစျာန်စိတ်ကိုပင် အာရုံမပြုတော့ဘဲ

လွှတ်ပစ်လိုက်သည်။ ဤသို့ လွှတ်ပစ်လိုက်ပြီးမှ ထိုအာကာစျာန်စိတ်လေး လုံးဝချုပ်ဆုံးပျောက်ကွယ်သွား၍ ဘာမျှမကျန်ခဲ့ခြင်းကို ပင် 'ဘာမျှမရှိ(နတ္ထိကိဉ္စိ)ဟုအဖန်ဖန်ရှုရလေသည်။ လူတယောက် ထိုင်နေသောနေရာမှ ထသွားပြီးနောက် ကျန်နေခဲ့သော နေရာကို 'ဘာမျှမရှိဘူး၊ သူမရှိတော့ဘူး'ဟု မှန်းကြည့်ရခြင်းမျိုးဖြစ်သည်။ ဤသို့ ရှုဖန်များသောအခါ အာကိဉ္စညာယတနစျာန်စိတ်ခေါ် စိတ်သစ်တမျိုးဖြစ်လာပြန်သည်။ ဤအာကိန်းစိတ်သည် တုန်လှုပ်မှု လုံးဝကင်းလေပြီ၊ အတိုင်းမသိ ငြိမ်သက်လေပြီ။

နောက်ဆုံးတွင် ဤအာကိန်းစိတ်ကား 'ငြိမ်သက်ပေစွ၊ မွန်မြတ်ပေစွ'ဟု အထပ်ထပ်ပွားများသောအခါ နေဝသညာနာသညာယတနစျာန်စိတ်ခေါ် စိတ်သစ်တမျိုးပေါ်လာလေသည်။ ဤစိတ်ကား စိတ်လောကထဲမှာ ထိပ်ပိတ်တည်း၊ ခေါင်ချုပ်တည်း၊ စိတ်ဟူ၍သာ ဆိုရသည်၊ စိတ်မှဟုတ်ပါတော့ရဲ့လား။ ရှိသည်ဟုသာ ဆိုရသည်၊ ရှိမှရှိပါတော့ရဲ့လား။ ဤသို့ ထင်ရလောက်အောင် အလွန့်အလွန် သိမ်မွေ့နူးညံ့နေလေပြီ။

ဤ အာကာ၊ ဝိညာ၊ အာကိန်း၊ နေဝ၊ စျာန်စိတ်လေးမျိုး တွင်လည်း ဥပေက္ခာနှင့် ဧကဂ္ဂတာဟူသော စျာန်အင်္ဂါနှစ်ပါးစီပင် ရှိသည်။ သို့သော် တဆင့်ထက် တဆင့် ပို၍ ပို၍ နူးညံ့သိမ်မွေ့လာသည်။ အရည်အသွေး ပိုရှိလာလေသည်။

စိတ်သစ်တခုပေါ်ခါနီးတွင် လက်ရှိစိတ်ပေါ် တွယ်တာမှု (နိကန္တိတဏှာ) ကွာကျသွားမြဲဖြစ်သည်။ မူလလက်ရှိစိတ်ပေါ် အတွယ်အတာကင်းမဲ့စွာဖြင့် ဆက်လက်အားထုတ်တော့မှ နောက် စိတ်သစ် ပေါ်လာခြင်းဖြစ်သည်။

မြတ်ဗုဒ္ဓ ဟောပြနည်းပေးခဲ့သဖြင့် ယခုလို ဈာန်အင်္ဂါနှင့် ဈာန်အာရုံများကို စီကာစဉ်ကာ 'တက်လမ်း'ကို ဖွင့်ဖွင့်ဖြောင့်ဖြောင့် သိရခြင်းဖြစ်သည်။ အချို့ရှေးကယောဂီများမှာမူ ပထမဈာန်စိတ်ရပြီးနောက် တဆင့်တက်ဖို့ ဘာလုပ်ရမှန်း တော်တော်နှင့်မသိဘဲ စမ်းတဝါးဝါးဖြစ်နေကြရသည်။ ထို့နည်းတူ စတုတ္ထဈာန်ရပြီးနောက်လည်း အာကာဈာန်သို့ ဘယ်လိုကူးရမည်ကို သိနိုင်ခဲ့သည်။ ဘုရားအလောင်း၏ဆရာ နာမည်ကျော် **အာဠာရ** ရသေ့ကြီးသည်ပင် အာကိန်းဈာန်ရထားပြီး ရှေ့ဘယ်လိုတက်ရမှန်းမသိ၍ သေသည့်အထိ ရှေ့နေဝဈာန်သို့ တက်၍မသွားရပေ။ မိမိရရှိထားသော ဈာန်လက်ရှိနှင့် သေရလျှင် သက်ဆိုင်ရာ ဗြဟ္မာဘုံ၌ ဗြဟ္မာဖြစ်ကြရသည်။ ဈာန်ရမှ ဗြဟ္မာဖြစ်သည်၊ ဈာန်မရလျှင် မည်သည့်ကုသိုလ်ပြုပြု ဗြဟ္မာမဖြစ်နိုင်ချေ။

ပြန်၍ ပေါင်းရုံးကြည့်လျှင် ဈာန်ယာဉ် သင်တန်းသား၌ အောက်ပါအတိုင်း သမာပတ်ရှစ်ပါး (ကိုးပါး)ကို ရရှိနေပြီဖြစ်ကြောင်း သိရပေမည်။

**သမာပတ်ကိုးပါး** (ရှစ်ပါး)

| စိတ် | အင်္ဂါအရည်အချင်း | အာရုံ |
|---|---|---|
| ၁။ ပထမဈာန်စိတ် | (ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ) | ကသိုဏ်းဝန်းတု |
| ၂။ ဒုတိယဈာန်စိတ် | (ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ) | အာရုံနှု ။ |
| ၃။ တတိယဈာန်စိတ် | (ပီတိ၊ သုခ၊ ဧကဂ္ဂတာ) | ။ |

၄။ စတုတ္ထစျာန်စိတ် (သုခ၊ ကေဂ္ဂတာ) ။

၅။ ပဉ္စမစျာန်စိတ် (ဥပေက္ခာ၊ ကေဂ္ဂတာ) ။

၆။ အာကာစျာန်စိတ် ။ ကသိုဏ်းကွာသည့် လဟာပြင်၊

၇။ ဝိညာဉ်စျာန်စိတ် ။ အာကာစျာန်စိတ်

၈။ အာကိန်းစျာန်စိတ် ။ အာကာစိတ် ကင်း မဲ့သွားမှု မရှိပြင်

၉။ နေဝစျာန်စိတ် ။ အာကိန်းစျာန်စိတ်၊

**မှတ်ချက်။** ။ယခုပြထားသော သမာပတ်ကိုးပါးအစီအစဉ်မှာ ဉာဏ်နုံ့သူ၏ တက်ရောက်စဉ်ဖြစ်သည်။ ဉာဏ်ထက်မြက်သူမှာမူ ဝိတက်နှင့်ဝိစာရကို တပေါင်းတည်း တကြိမ်တည်း ပယ်ပစ်လိုက်နိုင်သည်။ သို့ကြောင့် သူ့အနေဖြင့် ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထဟူ၍ လေးဆင့်သာဖြစ်သည်။ ဉာဏ်ထက်သူ၏ ဒုတိယစျာန်သည် ဉာဏ်နုံ့သူ၏ တတိယစျာန်နှင့် အင်္ဂါချင်း သွားတူသည်။ ဉာဏ်ထက်သူ၏ တတိယစျာန်သည် ဉာဏ်နုံ့သူ၏ စတုတ္ထစျာန်နှင့်တူသည်။ ဉာဏ်ထက်သူ၏ စတုတ္ထစျာန်သည် ဉာဏ်နုံ့သူ၏ ပဉ္စမစျာန်နှင့် အင်္ဂါချင်း တူသည်။ ဉာဏ်ထက်သူအဖို့ သမာပတ်ရှစ်ပါးဟုသာ ရေတွက်ရသည်။

ပထမမှ စတုတ္ထ (ပဥ္စမ)အထိ စျာန်လေးမျိုးက စျာန်၏အာရုံကို အသေထားပြီး စျာန်အင်္ဂါအရည်အချင်း လျှော့လျှော့ပြီး တက်ယူသည်။ ယင်းတို့ကို 'ရူပစျာန်များ'ဟု ခေါ်၏။ အာကာမှ နေဝစျာန်စိတ်အထိ လေးမျိုးက စျာန်အင်္ဂါကို အသေထားပြီး အာရုံများကို ပြောင်း၍ ပြောင်း၍ တက်သွားသည်။ ယင်းတို့ လေးမျိုးကို **အရူပစျာန်များ**ဟု ခေါ်သည်။

ဖော်ပြပါ စိတ်၊ အင်္ဂါ၊ အာရုံဇယားကို ကြည့်၍ ပထမစျာန် အာရုံပြုတဲ့ အသိုဏ်းဝန်းနှင့် နောက်ဆုံး နေဝစျာန်က အာရုံပြုသော အာကိန်းစျာန်စိတ်တို့၏ သိမ်မွေ့ပုံချင်း အပြတ်အသတ် ကွာခြားကြောင်း သိအပ်သည်။ ကသိုဏ်းအာရုံက ရုပ်အာရုံ ကြမ်းသည်၊ မြင်လွယ် ထင်လွယ်သည်။ အာကိန်းစျာန်စိတ်ဆိုသည်မှာ နာမ်အာရုံ၊ သိမ်မွေ့လွန်းသည်၊သိရန် မြင်ရန် ထင်ရန် အလွန် ခက်ခဲသည်။

စိတ်ဖက်ပြန်ကြည့်လျှင် အာရုံကြမ်းတဲ့ ပထမစျာန်စိတ်က အာရုံနုသော နေဝစျာန်စိတ်လောက် စွမ်းအားမကြီးချေ၊မတည်ငြိမ်ချေ၊ မသိမ်မွေ့ချေ။ အာရုံသိမ်မွေ့လေလေ၊ နုလေလေ စိတ်စွမ်းအားထက်မြက်လေလေ၊ အားကောင်းလေလေဖြစ်သည်။

အာရုံနှင့် စိတ်ဆက်သွယ်ပုံ စဉ်းစားကြည့်တတ်လျှင် သိနိုင်ပါသည်။ ဥပမာ - ကျွန်ုပ်တို့ ဘောပွဲကြည့်နေစဉ်အခါ ဂယက်ထနေသော စိတ်မျိုးနှင့် ယိုးဒယားသီချင်းကို အေးဆေးစွာ နားထောင်နေသောအခါ ဖြစ်နေတဲ့ စိတ်မျိုး၊ ဤနှစ်ရပ်ကိုပင် နှိုင်းယှဉ်ကြည့်ပါ။ စိတ်သည် အာရုံအလိုက် အထက် အနိမ့် အကြမ်း အနုဖြစ်တတ်သော သဘောရှိပါသတည်း။

ဈျာန်ယာဉ်သူရဲကောင်း အလျာသည် ယခုအထိ သမာပတ်ရှစ်ပါး (ဥာဏ်နှံ့သူအနေဖြင့် ၉-ပါး)ကို ရနေပြီ ဖြစ်ပါသည်။ သို့သော် သမာပတ်ရှစ်ပါးကို ရရှိမှုဖြင့် မြေလျှိုးမိုးပျံ တန်ခိုး မဖန်နိုင်သေးပါ။ ဤသမာပတ် ရှစ်ပါးကို အခြေပြု၍ အဘိညာဉ် ရအောင် ဆက်လက်အားထုတ်ရဦးမည် ဖြစ်ပါသည်။ အဘိညာဉ် ရသောအခါမှ စိတ်သွားတိုင်း ကိုယ်ပါ၍ လိုရာအောင်မြင်ပါလိမ့်မည်။

## အဘိညာဉ်အဆင့်သို့

မူလက အခြေခံခဲ့သော ပထဝီကသိုဏ်းကို အာရုံပြု၍ မိမိရပြီးသော ဈျာန်စိတ်များကို ပြန်လည် ဖော်ကြည့်ရပါမည်၊ ပြန်လည် ပင်စားရပါမည်။ ပထမတွင် အစဉ်အတိုင်း ပထမဈျာန်စိတ်မှစ၍ ဖော်ရပါသည်။ ဈျာန်စိတ်ပေါ်လာလျှင် ထားကြည့်၊ လွှတ်ကြည့်၊ ဈျာန်အင်္ဂါဆင်ခြင်ကြည့် စသည်ကို လုပ်ရပါသည်။ တဆင့်ပြီး တဆင့်တက်၊ ဤနည်းဖြင့် နေဝဈျာန်အထိ တက်ရပါသည်။ အစပိုင်းတွင် ဝင်စားမှု နှေးနေပါလိမ့်မည်။ ဝင်စားပါများလာလျှင် မပင်မပန်းဘဲ အစဈျာန်မှ အဆုံးဈျာန်အထိ အလျင်အမြန် ဖော်ထုတ်ဝင်စားလာနိုင်ပါလိမ့်မည်။

ဤသို့ အစမှအဆုံး အနုလောမနည်းဖြင့် နိုင်လာသောအခါ အဆုံးနေဝဈျာန်မှ ပြောင်းပြန် ပထမဈျာန်သို့ ပြန်ဆင်းဝင်စား ကြည့်ရသည်။ နမောတဿကို ပြောင်းပြန်ဆိုကြည့်သလိုပင်။ ဤသို့ ဆုံးမှစ ပဋိလောမနိုင်နင်းလာပြန်သောအခါ အနုလောမတကျော့၊ ပဋိလောမတကျော့ အတက်-အဆင်း အပြန်ပြန် ဝင်စားရသည်။ ယင်း အနုပဋိလောမနည်း နိုင်နင်းလာပြန်သောအခါ တခုကျော်

နှစ်ခုကျော်ငင်း၊ အလယ်က ဖောက်၍ငင်း၊ ဝင်စားကြည့်ရပြန်သည်။ 'ဝင်စား'ဆိုသည်မှာ ချောန်စိတ်ကို ဖော် - ထား-လှတ်-ဆင်ခြင် စသည်ကို လုပ်နေခြင်းဖြစ်ပါသည်။

ဤသို့ ပထဝီကသိုဏ်းအာရုံဖြင့် သမာပတ်ရှစ်ပါးကို နိုင်နင်းပြီးသောအခါ အာပေါကသိုဏ်း စသည်သို့ ပြောင်း၍ အထက်ပါနည်းအတိုင်း ဝင်စားလေ့ကျင့်ရပါသည်။ ကသိုဏ်း ၁၀-ပါးစုံလျှင် အစကသိုဏ်းမှ အဆုံးကသိုဏ်း၊ အဆက်၊ အဆင်း၊ အထွင်း၊ အဖောက် ဝင်စားရပါသည်။ ကသိုဏ်းကို အားလုံးနိုင်ပြီးသောအခါ သမာပတ်ရှစ်ပါးနှင့် ကသိုဏ်း ၁၀-ပါး ရောပြီး ကျင့်ရပြန်ပါသည်။ ဥပမာ-ပထမဈာန်က ပထဝီကသိုဏ်းကို အာရုံပြုလျှင် ဒုတိယဈာန်ကအာပေါကသိုဏ်းကိုအာရုံပြုသည်စသည်မျိုးဖြစ်၏။ (ဣဒ္ဓိဝိသယအခန်းကိုလည်း ပြန်ကြည့်ပါ။)

ဤသို့ ဇွဲရှိရှိ လေ့ကျင့်ဝင်စားဖန်များသောအခါ ဈာန်သူရဲ၏စိတ်သည် အတိုင်းမသိ သိမ်မွေ့လာသည်။ အတိုင်းမသိ စူးရှထက်မြက်လာသည်။ စိတ်၌ယှဉ်သော သမာဓိ အားစွမ်းလည်းအတိုင်းမသိ ကြီးမားလာသည်။ စိတ်၌ယှဉ်သော ပညာမှာမူ ဘာမဆို သိနိုင်သည့်အစွမ်းရှိလာပြီး အဘိညာဉ်အဆင့်ရောက်လာသည်။ ထိုအခါ ဈာန်သူရဲသည် အဘိညာဉ်ရပြီးဖြစ်ပါသည်။

**မှတ်ချက်။** ။ ပါရမီဓာတ်ခံကြီးမြင့်၍ ဉာဏ်အလွန်ထက်မြက်သူဆိုလျှင် ယခုလို သမာပတ် ရှစ်ပါးနှင့် ကသိုဏ်း ၁၀-ပါးကို အနုလောမနည်း စသည်ဖြင့် အထပ်ထပ် လေ့လာဝင်စားရန် မလိုပေ၊ ပဥ္စမဈာန်

(စတုတ္ထစျာန်) ရကတည်းက အဘိညာဉ်ကိုပါ ရလာတတ်ပေသည်။

ဤနေရာတွင် ရုပဗေဒဘက်သို့ လှည့်ကြည့်သင့်ပါသည်။ ရိုးရိုး မျက်စိဖြင့် မြင်ရန်မဆိုထားဘိ၊ မိုင်ကရိုစကုပ် အကောင်းဆုံးဖြင့် သော်မှ မမြင်မတွေ့ရလောက်အောင် သေးငယ်သိမ်မွေ့လှသော အနုမြူသည် မည်မျှ စွမ်းရည်သတ္တိ ကြီးမားထက်မြက်လေသနည်း။ အနုမြူကိုထပ်ခွဲ၍ တွေ့ရှိအပ်သော အလက်ထရွန်၊ ပရိုတွန်၊ ညူထရွန်ခေတ်တို့သည် မည်မျှ ဆန်းကြယ်လေသနည်း။ မည်မျှ အသုံးဝင်နေသနည်း။ ပဋိပက္ခနှင့် တွေ့သောအခါ မည်မျှလောက် သတ္တိပြကြသနည်း။ ဤသို့လျှင် အတိုင်းမသိသိမ်မွေ့သော ရုပ်အနှစ် ခေတ်တို့၏အကြောင်းကို ဆင်ခြင်အပ်သည်။

စိတ်ပိုင်းတွင်လည်း ဤသဘောမျိုးပင်ဖြစ်သည်။ လမ်းပေါ်က လူတို့၏ ရိုးရိုးစိတ်ခေတ်မှာ ကိလေသာ အညစ်အကြေး မကင်း၍ ရိုးရိုးစွမ်းရည်မျှသာရှိသည်။ ဈာန်သူရဲ၏ အတိုင်းမသိ သိမ်မွေ့ သန့်ရှင်းသော၊ ကိလေသာ ကင်းကွာသောစိတ်မှာ အတိုင်းမသိ ထူးခြားထက်မြက်သော စွမ်းရည် ရှိလေသည်။ ဤသည်မှာ သဘာဝကျသော အချက်ပင်ဖြစ်သည်။

သို့ဖြစ်သောကြောင့် အဘိညာဉ်ကိုရထားသူသည် သူ့စိတ်က ဖြစ်စေချင်သမျှ အကုန်ဖြစ်လာပေတော့သည်။ အာကာသရှိ မည်သည့်ဂြိုဟ်၊ မည်သည့်ဗိမာန်သို့မဆို ပျံတက် ရောက်ရှိနိုင်၏။ မြေလွှာခွဲဝင်၍ မြေသို့ လျှိုးချင်သလို လျှိုးနိုင်သည်။ သမုဒ္ဒရာ ရေပြင်ပေါ်မှာလမ်းလျှောက်နိုင်သည်။သမုဒ္ဒရာအောက် ငုပ်၍နေ

နိုင်သည်။ လူသတ်လက်နက်အားလုံးကို ကြံ့ကြံ့ခံနိုင်သည်။ မီးမကူးအောင် လုပ်နိုင်သည်။ အဆိပ်မသင့်အောင် တားနိုင်သည်။ ဖြစ်စေချင်သော သက်ရှိသတ္တဝါအမျိုးမျိုး၊ ဝတ္ထုပစ္စည်းတခုခုကို ယာယီဖန်ဆင်း ဖြစ်ပေါ်လာစေနိုင်သည်။ သူ့ကိုယ်ကို ဖျောက်နိုင်သည်။ တပါးသူ၏ စိတ်အကြံအစည်ကို သိနိုင်သည်။ မည်မျှလောက်ဝေးသောအရပ်က ပြောသောစကားကိုဖြစ်စေ၊ အလုံခန်းမှာ ဝင်ပြောသောစကားကိုဖြစ်စေ ကြားလိုလျှင် ကြားအောင်တတ်နိုင်သည်။ ဘာသာမျိုးစုံ၊ စကားမျိုးစုံကို နားလည်နိုင်သည်။ မှောင်ချနိုင်သည်။ အလင်းရောင် ဖန်တီးနိုင်သည်။ ရှေးရှေးက ဖြစ်ပျက်ဖူးခဲ့သမျှကိုလည်း ပြန်ပြောင်းသိရှိနိုင်သည်။ ရှေ့မှာ ဘာဖြစ်လာလိမ့်မည်ဟုလည်း ကြိုတင်ပြောပြနိုင်သည်။ (ဣဒ္ဓိအကြောင်း ပြန်ကြည့်ပါ။)

အချုပ်အားဖြင့် သတ်ဖြတ်ညှဉ်းဆဲခြင်းစသော မကောင်းဆိုးဝါးအလုပ်များမှတပါး အပြစ်ကင်းသော အရာဟူသမျှကို အကုန်လုပ်နိုင်ပေသည်။ အဘိညာဉ် လူသားသည် လူယုတ်မာမဟုတ်သည့်အတွက် လုပ်ချင်ရာရာ အကုန်လုပ်နိုင်သော်လည်း အဖျက်လုပ်ငန်းများကို မလုပ်ပေ။ 'အကယ်၍' မကောင်းသည်ကို လုပ်ခဲ့မိသော် ချက်ခြင်း ဈာန်အဘိညာဉ် ကွယ်ပျောက်၍ ရိုးရိုးလူသားဘဝ ပြန်ရောက်သွားလေသည်။

**အကျဉ်းချုပ်။** ။ဤအခန်း၌ ဗုဒ္ဓနည်းဖြင့် ဈာန်၊ အဘိညာဉ်ရအောင် လက်တွေ့အားထုတ်နည်းကို ဖော်ပြပါသည်။ မကျင့်ခင်ကြိုတင်ပြင်ဆင်ရမည့် အချက်များ၊ အလုပ်ခွင်၌ နေရာယူပုံ

စိတ်ခေတ် တည်ဆောက်ပုံများနှင့် လုပ်ငန်း၏အနှောက်အယှက် ဖြစ်လာလျှင် ကျော်လွှားနည်းများကို အသေးစိတ် ဖော်ပြပါသည်။ ထို့ပြင် တစျာန်မှ တစျာန်တက်ရောက်ပုံ၊ ဈာန်ကစားပုံနှင့် အဘိညာဉ်ရ၍ မည်သို့သောစွမ်းရည်များ ရှိလာပုံတို့ကို လွယ်လွယ်ရှင်းရှင်း တင်ပြထားပါသည်။

# ကမ္မဝိပါကော အစိန္တေယျာ

## လူ့စိတ်နှင့် လူ့အလုပ်

### 'ကံ'ကို ယုံသလား

'လူ'တိုင်း၌ 'ကံ၊ ဉာဏ်၊ ဝီရိယ' သုံးမျိုးရှိသည်။ 'ဉာဏ်၊ ဝီရိယ' နှင့် ပတ်သက်၍ ပြဿနာမပေါ်ချေ။ လူတိုင်းက လက်ခံကြသည်။ 'ကံ'နှင့် စပ်လျဉ်းလာလျှင်မူကား 'ကံ' မရှိဘူးဆိုသူက ဆို၊ ကံကို မယုံဘူးဟု ပြောသူက ပြောကြသည်။

သို့သော် ကံမရှိဘူး၊ ကံမယုံဘူးဟု ပြောသူများသည် မိမိ၏ အခြေအနေ မိမိ၏အပြုအမူများကို မသုံးသပ်မဆင်ခြင်မိကြသဖြင့် မိမိကိုယ်ကို ပြန်လည်ဆန့်ကျင်မိကြသူများသာ ဖြစ်ကြသည်။

အဘယ့်ကြောင့်ဆိုသော် ထို ကံမယုံသူများသည် မိမိတို့မယုံဘူး ဆိုသည့် 'ကံ'ကိုပင် နေ့စဉ် နေ့တိုင်း ပြုလုပ်နေကြသောကြောင့် ဖြစ်ပေသည်။

ဆိုဦးအံ့။ ပါဠိဘာသာ 'ကမ္မ'မှ 'ကံ'ဟူသော ပါဠိသက်မြန်မာဝေါဟာရ ဖြစ်လာသည်။ အဓိပ္ပာယ်မှာ 'အလုပ်' ဟူ၍ဖြစ်ပေသည်။

နေ့စဉ် လှုပ်ရှားနေကြသော လောကသားတို့ကို ကြည့်ပါ။ မည်သူမဆို အလုပ်နှင့် ကင်းနိုင်ကြသည် မဟုတ်ပေ။ စား-ဝတ်-နေရေး ပြေလည်မှုအတွက် ရုန်းကန်နေကြရသူချည်း ဖြစ်ကြသည်။

## ကံနှင့် လက်တွေ့ဘဝ

အလုပ်လုပ်သဖြင့် လုပ်အားတန်ဖိုးကို ရရှိကြသည်။ အစိုးရအမှုထမ်းများသည် တိုင်းပြည်အတွက် အလုပ်လုပ်ကြသောကြောင့် ထိုလုပ်အားအတွက် တိုင်းပြည်က ပြန်လည်ချီးမြှင့်သော လစာရိက္ခာများ ရရှိနေကြသည်။ ကုန်သည်သည် ကုန်ရောင်းကုန်ဝယ် လုပ်ငန်းမှ အမြတ်အစွန်း ရရှိခံစားရ၏။ စိုက်ပျိုးရေးလုပ်သားတို့သည် စိုက်ပျိုးမှုလုပ်ငန်းမှ သီးနှံများ ဖြစ်ထွန်းလာပြီး၊ ထိုမှ အကျိုးအမြတ်ကို ပထမဦးဆုံး ခံစားကြရ၏။

နိုင်ငံတိုင်းတွင် လူမှုပညတ်ချက် ဥပဒေဟူသည် ရှိ၏။ ထိုဥပဒေကို လူတိုင်း လိုက်နာကျင့်သုံးနေကြရ၏။ ခိုးယူခြင်း၊ လုယက်ခြင်း၊ သတ်ဖြတ်ခြင်း၊ မုဒိမ်းကျင့်ခြင်း၊ သူ့သားမယားကို ကျူးလွန်ခြင်း၊ ပုန်ကန်ခြင်း စသော အပြစ်တို့ကို ကျူးလွန်မိသူသည် မိမိ၏ မကောင်းသောအလုပ်ကြောင့် ဥပဒေအရ ငွေဒဏ်၊ ကြိမ်ဒဏ်၊ ထောင်ဒဏ်၊ ကြိုးဒဏ် ခံကြရသည်။

အစိုးရ ဥပဒေကို ရိုသေလေးစားလိုက်နာပြီး ရာဇဝတ် ပြစ်မှုများကို ရှောင်ကြဉ်သူများမှာသာ စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေကြရသည်။ အများကောင်းကျိုးကို ဆောင်ရွက်သူများ၊ တိုင်းပြည်အတွက် အလုပ်လုပ်သူများလည်း အစိုးရ ဥပဒေအရ ဆုလာဘ်ပဏ္ဏာ ခံယူကြရသည်။

ကမ္ဘာ့နိုင်ငံ အသီးသီး၌လည်း အစိုးရ ဥပဒေများ ရှိကြ၏။ ထိုလူမှုပညတ်ချက် ဥပဒေများကိုလည်း ကျင့်သုံးလိုက်နာနေကြရသည်သာ ဖြစ်၏။ ၎င်းပြင် အများအကျိုးအတွက် မိမိတို့ ပါဝင်နေသော ပါတီအဖွဲ့အစည်းတို့၏ စည်းမျဉ်းများကို ဦးလည်မသုန် လိုက်နာနေကြမှုများသည်လည်း ကံကို လုပ်နေကြခြင်းပင် ဖြစ်သည်။

တိုင်းပြည်တိုးတက်ရေး၊ ပြည်သူပြည်သားတို့ ဘဝသာယာရေးကို ဦးစီးဦးကိုင် ပြုလုပ်ဆောင်ရွက်နေကြသူများလည်း မိမိတို့၏ ကောင်းသောလုပ်ငန်းကြောင့်ကျော်စောကိတ္တိရရှိကြသည်၊ တန်ခိုးအာဏာရှိကြသည်၊ ချမ်းသောင့်ချမ်းသာ နေကြရသည်။

ဤကဲ့သို့ ကံကို ကိုယ်တိုင်လုပ်နေကြပြီး ကံအကျိုးကို နေ့စဉ်ခံစားနေကြပါလျက် ကံမရှိဘူး၊ ကံမယုံဘူးဟု ပြောဆိုမိကြပါက **ဘူးသမားများ သာ** ဖြစ်ကြရာသည်။

ထို့ပြင် သက်ဆိုင်ရာ လူမှုပညတ်ချက်နှင့် ဝါဒသဘောတရားအရ ပရဟိတလုပ်အားကို သရုပ်ဖော်ကြ၏။ စုပေါင်းလုပ်ကိုင်ကြ၏။ တဦးနှင့်တဦး ကူညီယိုင်းပင်းကြ၏။ ထောက်ပံ့ သင်္ဂြိုဟ်ကြ၏။ ဖေးမကူညီကြ၏။ ဤအလုပ်တို့သည်လည်း ကံမဟုတ်လျှင် အဘယ်နည်း။

ဘာသာရေး လမ်းညွှန်ချက်များကြောင့် ကိုယ်ကျင့်တရား ထိန်းသိမ်းကြ၏။ တဦးနှင့်တဦး ရိုသေကိုင်းညွတ်ကြ၏၊ ပေးကမ်း လှူဒါန်းစွန့်ကြဲကြ၏၊ ကူညီကြ၏၊ မေတ္တာထားကြ၏၊ ဤသည် တို့လည်း ကံ အလုပ်များပင် မဟုတ်ပါလော။

ဤသို့လျှင် လောကီရေးရှုဒေါင့်က ကြည့်ကြည့်၊ လောကုတ္တရာ ရေး ရှုဒေါင့်က မြင်မြင်၊ ကံကို နေ့စဉ်ပြုလုပ်နေကြပါလျက် ကံ မရှိဘူး၊ ကံမယုံဘူးဟု ပြောနေပါလျှင် မြင်းစီးပြီး မြင်းထီး-မြင်းမ မသိသူနှင့် အဘယ်သို့လျှင် ခြားနားပါတော့အံ့နည်း။

## အလုပ်ကံတွေ ဆန်းကြယ်ခြင်းမှာ

လူသားတို့သည် ကံကိုလုပ်နေကြသည်မှာ နဲနဲပါးပါးပင် မဟုတ်၊ အဆန်းတကြယ် အမြောက်အမြားပင်ဖြစ်၏။ လက်ရှိ ခေတ်တွင် လကမ္ဘာသို့ရောက်ပြီး အင်္ဂါဂြိုဟ်၌ ခြေချနိုင်ရန်အထိ ကံတွေကို အဆန်းတကြယ် ဖန်တီးနေကြပြီဖြစ်၏။

ဤကဲ့သို့ ကံတွေ အလုပ်တွေ ဆန်းကြယ်လေသည်မှာ လူသား တို့၏ စိတ်ဆန်းကြယ်၍ဖြစ်သည်။ ထိုစကား မှန်၏။ ကျွန်ုပ်တို့ လူသားတို့၏စိတ်ကား လောကတွင် ဆန်းကြယ်ပါသည်ဆိုသော အရာဟူသမျှထက် ဆန်းကြယ်လျက်ရှိ၏။ အကြောင်း ကား ထိုဆန်းကြောင့်ဆန်းကြယ် အသွယ်သွယ်ကို လူ့စိတ်ကူးဖြင့် ဖန်တီး ယူကြသောကြောင့်တည်း။

(အင်္ဂုတ္တိုရ်ပါဠိ၊ ပထမ၊ အဋ္ဌသာလိနီ-စသည်)

စိတ်ဆန်းကြယ်သည်နှင့်အမျှ လူတို့၏လုပ်ငန်းများလည်း ဆန်းကြယ်လာ၏။ အလုပ်မတူ၍ လူတို့၏ အသွင်အပြင်များလည်း ကွဲပြားလာ၏။ ဆင်ယင်ဝတ်စားမှု၊ သွားလာနေထိုင်မှုတို့လည်း လုပ်ငန်းအရ ကွဲပြားလာရတော့သည်။

ဤကဲ့သို့ အသွင်အပြင်တွေ၊ ပုံပဟန်သဏ္ဌာန်တွေ တခုနှင့်တခု မတူကြသောကြောင့် အမှတ်အသား အခေါ်အဝေါ်များလည်း သူ့နေရာနှင့်သူ ခေါ်ဝေါ်သုံးစွဲလာရသည်။ ဆရာ့ဆရာမဟုဍင်း၊ ရှေ့နေ့တရားသူကြီးဟူ၍ဍင်း၊ရဲသား့စခန်းမှူးဟူ၍ဍင်း၊တပ်သား့တပ်ဗိုလ်ဟူ၍ဍင်း ဝေါဟာရတွေ ကွဲပြားခြားနားလာရသည်။

အလုပ်ကို အခြေခံသော ဘဝအခြေအနေများ၊ အခေါ်အဝေါ်များ ကွဲပြားနေ၍ 'ဘာဖြစ်ချင်တယ်၊ ဘာလုပ်ချင်တယ်' စသည့် ဆန္ဒများ တဖွားဖွား ပေါ်လာရပေသည်။

မိမိစိတ်ဆန္ဒအလိုက် နှစ်ခြိုက်ရာလုပ်ငန်းများကို ပြုလုပ်ဆောင်ရွက်လာကြသည်။ အလုပ်၏ဂုဏ်သိက္ခာနှင့် ကျင့်ဝတ်များကိုလည်း ထိန်းသိမ်းလာကြရသည်။

တဘဝလုံး လုပ်ခဲ့သမျှ အလုပ်အတွက် လတ်လတ်ဆတ်ဆတ် လုပ်အားတန်ဖိုးကို ခံစားကြရသည့်အပြင် အလုပ်လုပ်သူ၏ စိတ်နေ စိတ်ထားပေါ်တည်မှီ၍ စိတ်စေတနာသတ္တိကလေးများလည်း လှုသဏ္ဌာန်၌စွဲမှီကျန်ရစ်ခဲ့၏။ထို စေတနာ သတ္တိကလေးများသည် အချည်းနှီး ပျောက်ပျက်သွားသည် မဟုတ်ပေ။

သေသောအခါ ထိုစိတ်စေတနာ၏စွမ်းရည်ကြောင့် ဘဝသစ်ဆက်၍ဖြစ်လာရသည်။ မိမိ၏ စိတ်စေတနာ ကောင်းမှု၊ ဆိုးမှု အပေါ် အခြေခံ၍ ဘဝကောင်း ဘဝဆိုးကို ရလာကြသည်။

ဤသည်မှာ စိတ်ကူးတွေးမြင်ချက် မဟုတ်၊ မျိုးစေ့မှအပင်ပေါက်သည်၊ မီးကြောင့် အခိုးထွက်သည် ဟူသကဲ့သို့ ကြောင်းကျိုးကွင်းဆက် ယထာဘူတ သဘောမှန်ဖြစ်သည်။

အလုပ်နှင့် လုပ်အားတန်ဖိုးကို မငြင်းနိုင်သူ မှန်သမျှ ကံကိုမငြင်းနိုင်ပေ။ မည်သူမဆို အလုပ်ကံကိုသာ နေ့စဉ် ကြိုးစားနေကြရသည် ဖြစ်သောကြောင့် ကမ္ဘာသားအားလုံးသည် ကံကို မယုံဘူးဟုပြောလျှင် မိမိအလုပ်ကို မယုံဘူးဟု ပြောမိလျက်သား ဖြစ်ရာသည်။ ဇာတ်ပွဲထဲက နတ်ကလေးပမာ ထွက်ဆိုလို့သာ ထွက်လာရသည်၊ ငါဘာကောင်ပါလိမ့်ဟု ဆိုရာကျချေမည်။

ဤသို့သော အကြောင်းများကြောင့် လူတိုင်းသည် မိမိတို့နေ့စဉ် ကံကို လုပ်နေကြကြောင်း၊ ကံ၏အကျိုးကို ခံစားနေကြကြောင်း ဆင်ခြင်သုံးသပ်မိသင့်၏။ / ကံမရှိ၊ ကံမယုံဟု မည်သည့်အခါမှ မယူဆထိုက်ကြောင်း ယထာဘူတကျကျ တွေးဆသိမြင်အပ်ပေသည်။

## ကံဟူသည် အဘယ်နည်း

'ကံ'ဟူသည် ရုပ်နာမ် ခန္ဓာ သမုဟာသာဖြစ်သော လူသား၏ ကာယ၊ ဝါစာ၊ ဥာဏ အမူအရာ၊ လုပ်အားဖြစ်ပေသည်။

ထိုစကား သင့်စွ၊ ကျွန်ုပ်တို့သည် သက်ရှိ လူသားတဦးစီအား စူးစူးစိုက်စိုက် ဉာဏ်ဖြင့်နှိုက်၍ ကြည့်ရှုဆင်ခြင်ပါမူ သူသည် သူ၏ ကိုယ်ကာယဖြင့်လည်း အလုပ်လုပ်နေသည်။ နှုတ်ဝစီဖြင့်လည်း ပြောဆိုနေသည်။ ကိုယ်လက်အမူအရာနှင့် ခံတွင်းမှ ထုတ်ဟ ပြော

ဆိုခြင်း မရှိသော်လည်း အဘိဇ္ဈာဖြစ်မှုကဲ့သို့ အတွင်း အဇ္ဈတ္တတွင် ကျိတ်ကာမှိတ်ကာ စိတ်သက်သက်ဖြင့်လည်း ကြံစည်လုပ်ကိုင်နေ တတ်သည်။ ဤသို့သော မူမှန်သဘာဝတို့ကို အမှန်အတိုင်း သိမြင် ကြရပေမည်။ ယင်း ကာယ၊ ဝါစာ၊ မန၊ အမူအရာများကို ဖယ် ရှားကြည့်လျှင် လူသားကို 'အသုဘ' အနေဖြင့်သာ တွေ့ရ ပေမည်။

ရင်းအလုပ်တို့ကို ပါဠိဘာသာအားဖြင့် ဝေါဟာရ တပ်ဆင် သောအခါ....

ကာယကမ္မ = ကာယကံ-ကိုယ်အမူအရာဖြင့် ပြုလုပ်ချက်၊
ဝစီကမ္မ = ဝစီကံ-စကားဖြင့် ပြုလုပ်ဆောင်ရွက်မှု။
မနောကမ္မ = မနောကံ-အတွင်းစိတ်သက်သက်ဖြင့် အတွင်း ကျိတ်ကြံစည်ပြုလုပ်မှု

ဟူ၍ ဖြစ်လာပေသည်။

ဝစီကမ္မ၌ 'ဝစီ' သို့မဟုတ် 'ဝစ' သဒ္ဒါမှာ နှုတ်ခံတွင်းကို မဟောဆို၊ 'စကား' ဟူသော အဓိပ္ပာယ်ကိုသာပေး၏။ သို့ကြောင့် 'ဝစီကံ'ကို နှုတ်ဖြင့် ပြုလုပ်ချက်ဟု ဘာသာပြန်ဆိုသည်ထက် 'စကားဖြင့် လုပ်ဆောင်ချက်'ဟု အနက်ဖော်ထုတ်သည်က ပို၍ ရှင်းလင်းသည်။

ကံနှင့်လူသားသည် တခြားစီမဟုတ်၊ ကံဟူသည် လူသား၏ စွမ်းရည်တမျိုးသာဖြစ်ကြောင်း သဘောပေါက်ရပေမည်။

ဗုဒ္ဓဘာသာအချို့သည် ကံကြမ္မာသည် သီးသီးသန့်သန့် ရှိနေ သလို အထင်အမှတ်မှားနေ၏။ 'အတ္တ'ရှိသည်ဟု ထင်သကဲ့သို့ဖြစ် ချေ၏။ အဘိဓမ္မာအရ ကံသည် စေတနာဖြစ်၍ ဥပါဒ်၊ ဋ္ဌီ၊ ဘင်

စနစ်ဖြင့် ချုပ်ပျက်မြဲဖြစ်၏။ ကမ္ဘာသတ္တိ ကံ၏စွမ်းရည်သည် မည်သည့် အဆင့်ရောက်မှ အကျိုးဖြစ်ထွန်းလာသည်၊ မိမိတွင် ဘယ်သို့သော ကမ္မသတ္တိရှိနေသည်ကို အတပ်မသိရှိဘဲ ရှေးအတိတ်ကံကို ယုံပြီး စောင်ခြုံအိပ်နေမည်၊ ပျော့စိစိ ဆုတ်ဆုတ်နစ်နစ် ဖြစ်နေမည် ဆိုပါက ပုဗ္ဗေကတ ဟေတုဒိဋ္ဌိ- ရှေးအကြောင်းကံရှိမှ ချမ်းသာ မည်ဟုကံတခုတည်း စွဲယူမှုမျိုးဖြစ်၍ဗုဒ္ဓလမ်းစဉ်မှ သွေဖည်နေပြီဟု နားလည်ရန်သာရှိတော့၏။ ဖြစ်သမျှ ရှေးအတိတ်ကံလက်ချက်ဟု ပုံမချရ၊ အတိတ်နှင့် ပစ္စုပ္ပန် ပေါင်းစပ်ယူရသည်။ အတိတ်ကံနှင့် ပစ္စုပ္ပန်ကံ ပေါင်းစပ်ပြီး လက်ရှိ ဘဝကောင်းကျိုး ရှာရမည်၊ အနာဂတ် ကောင်းကျိုး ထူထောင်ရမည်ဖြစ်ပါသည်။

ကံဟူသည် လူသား၏ ကိုယ်အပြု၊ နှုတ်အပြော၊ စိတ်အကြံဟု သုတ္တန်ကျကျ ဆိုခဲ့၏။ သို့သော် ဤကဲ့သို့ ပြုလုပ်ပြောဆိုကြံစည်မှု လုပ်အား၏ ဓာတ်မြစ်ကား အဘယ်နည်းဟု အဘိဓမ္မာကျကျ တွေးဆသုံးသပ်ရန် လိုအပ်ပေသေးသည်။ ကာယ၊ ဝစီ၊ ဉာဏ လုပ်အားသည် အမိဝမ်းမှ တပတ်ဂျမ်းဖြင့် ဆင်းလာပြီးသည်မှစ၍ သက်ပြတ်သေဆုံးသည့်အချိန်အထိ အလိုအလျောက် ဖြစ်ပေါ်နေ သည်ဟုဆိုလျှင်လည်း လူသားအား စျေးချပစ်ရာ ရောက်ပေမည်။ လူသား၏လုပ်အားမှာ ဖြစ်ကတတ်ဆန်း အလွှကျ ပေါ်ပေါက် လာမှုမျိုးသို့ သက်ရောက်ပြီး ဘဝပြဿနာများ ဖြေရှင်းရေးတွင် လက်တွေ့ကျသော အဖြစ်အပျက်များနှင့် မစပ်မဟပ်မိဘဲ ရှိပေဦး မည်။ သို့ကြောင့် ရုပ်ပိုင်းကိုကျော်လွန်ပြီး 'လုပ်အား၏မူလ'ကို ရှာဖွေရန် အမှန်လိုအပ်လှပေသည်။

## လုပ်အားကံ၏အခြေခံ

လုပ်အားသည် လူသား၏စွမ်းရည် ဖြစ်သောကြောင့် ယင်းလုပ်အား(ကံ)၏ အခြေခံကို စိစစ်ရှာဖွေရာ၌လည်း 'လူ'၌ပင်ရှာဖွေရပေသည်။ သို့ရှာဖွေရာ၌ လူသားအား ဝေဖန်ဉာဏ်ကဲရိယာဖြင့် တခုစီ ဖျက်ချကြည့်ရှုရာသည်။

လူကို ခေတ်ခွဲကြည့်လျှင် ပထမဦးစွာ ဒြပ်အိမ်ဖြစ်သော ရုပ်ကလာပ်တွဲကြီး ကွာကျလာသည်။ ၎င်းရုပ်အိမ်ကြီးကား အလုပ်၏အကြောင်းခံမဟုတ်သေး၊ အလုပ်၏ အသုံးခံပစ္စည်းသာ ဖြစ်၏။

ထို့နောက် ရုပ်ဒြပ်အား စေစားချယ်လှယ်နေကြသည့် နာမ်သဘာဝ ၅၃-မျိုးကို ဆက်လက် တွေ့ရှိနိုင်ပေသည်။ ထိုသဘာဝ ၅၃-မျိုးသည်လည်း အလုပ်၏အကြောင်းခံမဟုတ်သေးပေ။ ၎င်းတို့တွင် ထပ်မံရှာဖွေရန် လိုအပ်ပေ၏။

သို့သော် ဤသဘာဝ ၅၃-ပါးမှာ နက်နဲသိမ်မွေ့လွန်းသဖြင့် သဗ္ဗညုဘုရားရှင်မှတပါး မည်သူတဦးတယောက်မျှ အပိုအလိုမရှိ အတိအကျ သိရှိနိုင်ခြင်း မရှိပေ။ မြတ်ဗုဒ္ဓမှာမူ ဤသဘာဝများကို တပ်အပ်ထင်ထင် သိမြင်တော်မူရုံမျှမက တန်ရာတန်ရာ အမည်နာမများကိုပင် ပညတ်၍ သက်မှတ်တပ်ဆင်ပေးအပ်ခဲ့ပေသည်။

တွေ့ထိမှုသဘော ဖဿ၊ ခံစားမှုသဘော ဝေဒနာ၊ မှတ်သားမှုသဘော သညာ၊ ဆော်ဩတိုက်တွန်းမှုသဘော စေတနာ၊ ကြံစည်မှု အခြင်းအရာ ဝိတက္က၊ လိုချင်တပ်မက်မှုသဘော လောဘ၊ သက်ဝင်ယုံကြည်မှုသဘော သဒ္ဓါစသောအားဖြင့် ၅၃-ပါးသော သဘာဝတရားကို ခွဲခြားပြသတော်မူခဲ့၏။

ဤဖော်ပြပါ နာမ်သဘာဝ ၅၃-ပါးတွင် ပါဝင်သော 'စေတနာ'ဟူသော သဘောတရားမှာကား ကာယ၊ဉာဏလုပ်အား ဟူသမျှ၏ အခြေခံဖြစ်ပေသည်။

အလုပ်အကိုင်တခုခုကို ပြုလုပ်အံ့ဆဲဆဲတွင် 'လုပ်ဦးမှ' ဟူသော ညွှတ်ကိုင်းမှုသဘော၊ လုပ်ချင်သည့်သဘော(ဝါ)စေ့ဆော် တိုက်တွန်းသည့် သဘောသည် လှစ်ကနဲ ဖြစ်ရမြဲပင်တည်း။ ဤသဘောတရား ဖြစ်လာမှ ကာယ၊ဉာဏ လုပ်အား ပေါ်ပေါက်လာရသည်။

သို့သော် စိတ်သည် စာလုံးဖြင့် ရေးပြ၍ မဖြစ်သာအောင် လွန်စွာ လျင်မြန်လှသည်။ ဥပမာအားဖြင့် မျက်တောင်တခါခတ် အချိန်တွင်းမှာပင် ကုဋေနှင့်ချီ၍ ဖြစ်ပျက်သွားကြသည်။ စေတနာသည်လည်း စိတ်နှင့် ယှဉ်တွဲဖြစ်ပေါ်ရပြီး စိတ်ကဲ့သို့ပင် အဖြစ်အချုပ် လျင်မြန်လှသောကြောင့် သမာဓိအင်အား ချည့်နဲ့လျက်ရှိသော ရိုးရိုး လူသားများမှာ အလုပ်၏အခြေခံစေတနာ (ကံ) သဘောကို တွေးလုံး ကြံလုံးမျှဖြင့် ဖော်ပြနိုင်ခြင်း မရှိကြပေ။

မြတ်ဗုဒ္ဓသည် ရင်းမြစ်ကျကျ 'စေတနာ'ကို 'ကံ'ဟု ဤသို့ ဟောပြ၏။

(က) စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊
စေတနာကိုကံဟူ၍ ငါဘုရားဆို၏။

(ခ) စေတယိတွာ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာ။
စေ့ဆော်ပြီး၍ ကိုယ် နှုတ် စိတ်တမျိုးမျိုးဖြင့် လုပ်အားကို သရုပ်ဖော်သည်။

မမြင်သာသော စေတနာနှင့် မြင်သာသည့်လုပ်အား လှုပ်ရှားမှုတို့၏ ဆက်သွယ် ပေါင်းကူးမှုကို ပဋ္ဌာန်းဒေသနာတော်ကြီး၌ ဤသို့ ဖော်ပြပေသည်။

သဟဇာတာ စေတနာ စိတ္တသမုဋ္ဌာနာနံ
ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

"တိုက်ဆိုင်မိသော အာရုံအခိုက်၌ အုပ်စုလိုက် ဖြစ်ပေါ်လာသော စိတ် စေတသိက်နာမ်တရားစုတွင် တခုအပါအဝင်ဖြစ်သော စေတနာသည် စိတ်စွမ်းအားကြောင့် ဖြစ်ထွန်းပေါ်ထင်လာသော ရုပ်တရားမျာအား ကမ္မသတ္တိဖြင့် ကျေးဇူးပြုသည် (ဝါ)စေတနာက ကမ္မသတ္တိ (မျိုးစေ့သဘော) စွမ်းအားဖြင့် လုပ်အားတွေ လှုပ်ရှားလာအောင် ဖန်တီးသည်"။

'စေတယိတွာ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာ' ဟူသော ဒေသနာတော်အရ ကာယလုပ်အား၊ ဝါစာလုပ်အား၊ မနလုပ်အား (ဉာဏလုပ်အား)တို့သည် စေတနာကြောင့် သရုပ်ပေါ်လာသော ကံတို့ပေတည်းဟု သုတ္တန်ကျကျ နားလည်ရပေ၏၊

ထိုသို့သော သဘာဝယုတ္တိ၊ အာဂမယုတ္တိတို့ကြောင့် ကာယ ဉာဏ အလုပ်မှန်သမျှ၏ မြစ်ဖျားခံရာကား စေတနာသာဖြစ်ကြောင်း အခိုင်အမာ သိရှိမှတ်သားနိုင်၏။ စေတနာ၏ အမျိုးအစားအလိုက် လုပ်အားအမျိုးမျိုး ပေါ်ထင်လာမည်ဖြစ်သည်ကိုမူ တွေးဆကြည့်ရန်ပင် ဖြစ်ပေသည်။

'လူသားစွမ်းရည်' ဆိုသည်မှာလည်း စေတနာအရင်းခံပြီး ပေါ်လာသည့် ပစ္စက္ခ ကံ၊ ဉာဏ်၊ ဝီရိယတို့ပင် ဖြစ်၏။

စေတနာဖြစ်ပေါ်ပုံကာလကိုလိုက်၍ စေတနာအမျိုးအစားကို သတ်မှတ်နိုင်သေး၏။

ကောင်းသောအလုပ်၊ မကောင်းသောအလုပ် (ကံ)ကို ထ၍ မဆောင်ရွက်မီ စေ့ဆော်တိုက်တွန်းနေမှု၊ အားယူနေမှုမျိုး အနှေး နှင့်အမြန် ဖြစ်ရမြဲတည်း။ ထိုကဲ့သို့ အလုပ်မပေါ်မီ အားယူနေ သည့်အပိုင်း၌ ဖြစ်ပေါ်ခဲ့သော စေတနာများ (ပုဗ္ဗစေတနာများ) ကို 'သန်ါရ'ဟု ခေါ်ကြသည်။ 'သန်ါရ'ဟူသည် ဖန်တီးမှုသဘော ဖြစ်၏။

အလုပ်ကို တကယ်ထလုပ်သည့်အခါ လုပ်နေစဉ်ဖြစ်နေသော စေတနာများ (ပုဗ္ဗစေတနာများ)ကိုမူ ကမ္မဘဝဟု သတ်မှတ်ကြ သည်။အနာဂတ်ကာလ၌ အကျိုးဖြစ်ထွန်းစေမည့်အားတည်း။

ဤတွင် 'စေတနာ ကောင်းရှာတယ်၊ တယ် စေတနာသန့်တဲ့ လူဘဲ'စသော အရပ်ပြောစကားများတွင် ပါရှိသည့် **ဂါမေသိ စေတနာ**မျိုးကို ဆွဲ၍ မသွင်းယူသင့်၊ **စာပေအရှိစေတနာသဘော** ကိုသာ သုံးသပ်ရမည် ဖြစ်သတည်း။

## စေတနာ ဖြစ်ပေါ်လာပုံ

စေတနာသည် အလုပ်ကို ဖော်ထုတ်သည်ဟု သိရှိရပြီးသည့် နောက် ဤစေတနာသဘာဝသည် အဘယ်သို့ ဖြစ်ထွန်းပေါ် ပေါက်လာသနည်းဟူ၍ ဆက်လက်သုံးသပ်သင့်သည်။

သို့သုံးသပ်သောအခါ စေတနာသဘောသည် 'သန်ါရ'နှစ်ရပ် ကြောင့် တဖွားဖွားဖြစ်ပေါ်လာကြောင်း နားလည်နိုင်ပေသည်။

'သင်္ခါရ'ဟူသည် ဆော်သြတိုက်တွန်းမှုဖြစ်သည်။ပြုလုပ်ဆောင်ရွက်ချက် ပေါ်လာအောင် ပြင်ဆင်ပေးမှုမျိုးဖြစ်သည်။ ထို'သင်္ခါရ' နှစ်မျိုးကား သူတပါးက တိုက်တွန်းမှုမရှိဘဲ အကြောင်းအားလျော်စွာ အလိုလို ကိုယ့်ဟာကိုယ် ပြုပြင်မှု(ဆော်သြမှု)နှင့် တပါးသူ (ပတ်ဝန်းကျင်)က ပြုပြင်တိုက်တွန်းပေးမှုပင်ဖြစ်၏။

လူသားတွင် ယခင့်ယခင်ဘဝများစွာက လုပ်ကိုင်ဆည်းပူးရရှိခဲ့သော အတွေ့အကြုံများမှ အနယ်ထိုင်ကျန်ရစ်ခဲ့သည့် အထုံပါရမီ စွမ်းရည်သတ္တိရှိနေ၏။ လက်ရှိဘဝတွင်လည်း လုပ်ကိုင်တွေ့ကြုံဘူးပြီးဖြစ်သော ဘဝအတွေ့အကြုံများမှ စွဲကျန်နေသော အသိများရှိ၏။ ထိုအထုံ၊ ထိုအသိတို့ကြောင့် မိမိကိုယ်တိုင် တိုက်တွန်းမှု ဖြစ်လာတတ်ပေသည်။

ဤသို့ ကိုယ်တိုင် ဆော်သြပြုပြင်မှု (သင်္ခါရ) တခုခုကြောင့် စေတနာဖြစ်ပေါ်တတ်သည်။ ထိုစေတနာကို အရင်းခံပြီး ကာယ၊ ဥာဏလုပ်အားများ ဖြစ်ထွန်းလာကြပေသည်။

လူတရာအား မာဃဝတ္ထုတအုပ်စီပေး၍ ဖတ်ရှုခိုင်းသော်လည်း အားလုံးက စေတနာပေါက်ပြီး လမ်းဖောက်ကြမည်မဟုတ်ချေ။ လမ်းပြင်သူ၊ မပြင်ဘဲနေသူဟူ၍ နှစ်မျိုးနှစ်စား ကွဲပြားလာမည်သာဖြစ်သည်။ ဤသို့ဖြစ်ရခြင်း၌ ပင်ကိုယ်ဓာတ်ခံကို ထည့်၍ တွက်ဆခြင်း မပြုပါက ယထာဘူတကျသော အသိမှန်ကို မည်သည့်နည်းနှင့်မျှ မရပေ။

ဤကိစ္စတွင် အများနားလည်သော စကားတလုံးကား 'ပါရမီ'ပင် ဖြစ်၏။ဘဝအခြေခံပါရမီအလိုက် စေတနာကွန့်မြူး၏။ ဥပမာ–ကျောက်မျက်မျိုးစုံကို မီးရောင်အောက်တွင် ချပြရာ၌

ကျောက်ရိုးရိုးမှ အဖြူရောင်သာ ထွက်သည်။ စိန်သားအစစ်မှာမူ အရောင်တဖျတ်ဖျတ် ဝင်းလက်တောက်ပလျက်ရှိပေ၏။ ပတ္တမြားမှ အနီရောင်၊ မြမှ အစိမ်းရောင် စသည် ထွက်လာသည်။ မီးရောင်ကား မည်သည့်ကျောက်ပေါ်တွင်မျှ ပို၍ ထွန်းလင်းခြင်းမရှိပေ။ ကျောက်ညှို၊ ကျောက်ကောင်း အခြေခံအရည်အသွေး အမျိုးအစားလိုက်၍သာ အရောင်အရှိန် ကွာခြားခြင်းဖြစ်ရပေသည်။ ဤဥပမာအရပင် ပါရမီခေတ်ခံအလိုက် အသိစိတ်ခေတ်အလိုက် စေတနာအမျိုးမျိုး ပေါ်ပေါက်ရပေသည်။ ဤကား သူတပါး တိုက်တွန်းမှုမရှိဘဲ ကိုယ့်ဟာကိုယ် တိုက်တွန်းမှုကြောင့် စေတနာဖြစ်လာခြင်းတည်း။

## ပတ်ဝန်းကျင်က ပြုပြင်မှု

မိဘများ၊ ဆရာသမားများ၊ ရဟန်းသံဃာများ၊ မိတ်ကောင်းဆွေမှန်များ၊ အစိုးရအကြီးအမှူးများနှင့် အဖျက်သမား ဗာလများ၊ မိတ်တုများ၊ မြေခွေးများက သွေးဆောင်တိုက်တွန်းပြည့်နှင်းချက်ကြောင့်လည်း လူသားတွင် စေတနာ (အလုပ်တခုခု ထလုပ်ရန် စေ့ဆော်မှုသဘော)ဖြစ်ပေါ်လာတတ်သည်။

မိဘနှင့် ဆရာသမားများက လူကြီးသူမရှေ့မှာ ဂါရဝတရားနှင့် ကိုယ်ကို လျှိုး၊ ခေါင်းကို ငုံ့ပြီးသွားရသည်’ဟု သင်ပြလေရာ ထိုလူသားသည် ဤအတိုင်းပြုမူရန် စေတနာ(လုပ်အား ဆော်ဖန်သည့်သဘော)ပေါ်လာပြီး ယဉ်ကျေးသော ကိုယ့်အမူအရာကို ပြသ၏။

အစိုးရက သန့်ရှင်းရေးပြုလုပ်ရန် ကြောင်ကျိုးပြ၍ ပြဋ္ဌာန်းလေသောအခါ တံမြက်စီးလှဲကြလေသည်။ ဤတွင် တံမြက်စီးကိုဝှေ့ရမ်းလှဲဖယ်နေမှုကား ကာယလုပ်အားတည်း။ ထိုလုပ်အားကိုဆက်တိုက် ထုတ်ဖော်ပေးနေသောအရာမှာ စေတနာသဘောပင်ဖြစ်၏။

မကောင်းသူနှင့် ပေါင်းသင်းမိ၍ မကောင်းသောအတုကိုယူပြီး ဆိုးဝါးသောအလုပ်ကို လိုက်လံပြုလုပ်ရာ၌လည်း ပြင်ပကတိုက်တွန်းမှု(သင်္ခါရ)ကြောင့် စေတနာပေါ်လာပြီး အလုပ်ဖြစ်လာပုံကို စဉ်းစားသိရှိနိုင်ပေပြီ။

ဤသို့ဖြင့် လက်ရှိအဖြစ်အပျက် အချက်အလက်များကို ရှုံးစုဆင်ခြင်ပါလျှင် လူသား၏လုပ်အား၊ ၎င်း၏ အရင်းခံစေတနာတို့ကို ပတ်ဝန်းကျင်ကလည်း ပြုပြင်ဖော်ထုတ်ပေးနိုင်ကြောင်း သိရှိရပေသည်။

လူသား၏ စေတနာ၊ လူသား၏ လုပ်အားကို

၁။ လူသားကိုယ်တိုင်ကလည်း ပြုပြင် ဖော်ထုတ် ယူနိုင်သည်။

၂။ ပတ်ဝန်းကျင် အသိုင်းအဝိုင်းကလည်း ဖန်တီးပြုပြင်ပေးနိုင်သည်။

တနည်းအားဖြင့် လူသည် မိမိကိုယ်ကို မိမိသည်ပင်လျှင်ကောင်းအောင် ဆိုးအောင် ဖန်တီးနိုင်သည်ဟုဆို၏။ ဤသို့သောခံယူချက်မှန်ကို ရင်းမြစ်ကျကျသိရှိရသည်မှာ လူတို့၏ ဘဝပြဿနာကို ဖြေရှင်းရာ၌ အဖိုးမဖြတ်နိုင်အောင် ကြေးကြီးလှကြောင်းပညာရှိများ နားလည်ထားကြပေပြီ။

လူသားကို ပြုပြင်ပုံသွင်းရာ၌ (၀၁) လူ့အဖွဲ့အစည်းကြီးတည်ရှိရာ တိုင်းပြည်ကို ပြုပြင်တိုးတက်စေရာ၌ ဆိုခဲ့ပါ ခံယူချက်သည် စံမူဖြစ်ပေသည်။ အကြောင်းမှာ လုပ်အားကို ဖော်ထုတ်ရေးအတွက် စေတနာပေါက်အောင် လုပ်ပေးရမည့်အပိုင်းကို နားလည်သောကြောင့် ဖြစ်ပေသည်။

## စေတနာလမ်းခွဲ

'အလုပ်၏ရင်းမြစ်သည် စေ့ဆော်မှု စေတနာသဘောဖြစ်သည်။ ၎င်းစေတနာကို လူသားကိုယ်တိုင်နှင့် ပတ်ဝန်းကျင်က ပြုပြင် ဖြစ်ထွန်းလာစေနိုင်သည်'။ ဤအချက်အလက်တို့ကို သိရှိခဲ့ကြရပြီ။ ယခုအခါ၌ ထိုစေတနာလမ်းခွဲကို ခွဲပုံခွဲနည်းနှင့်တကွ လေ့လာသုံးသပ်ကြည့်သင့်ပေသည်။

ဆော်ဩဖန်တီးမှုသဘောရင်းစေတနာကို သူ့ချည်းသက်သက်ဆိုပါက ကောင်းသည် ဆိုးသည်ဟု ကင်ပွန်းတပ်ရန် မဖြစ်နိုင်ပေ။ ပရမတ္ထမူလအားဖြင့် သန့်စင်လျက်ရှိသည်ဟု နားလည်နိုင်သည်။

အဘိဓမ္မာကျကျ ရှုမြင်သောအခါတွင် စေတနာနှင့် တွဲဖက်ဖြစ်ပေါ်နေသော သဘောတရားများကို တွေ့သိလာရသည်။

လိုချင်တပ်မက်ခြင်းသဘော လောဘ၊ မတရားရယူလိုမှု ဝိသမလောဘ၊ စိတ်ဆိုးခြင်း၊ စိတ်နှလုံးပင်ပန်းခြင်းသဘော ဒေါသ၊ ရက်စက်ကြမ်းကြုတ်ခြင်းသဘော ဝိသမဒေါသ၊ လောကဖြစ်ရပ်များကို မှုရင်းအတိုင်း မသိရှိမှု မောဟ၊ ငြူစူစောင်းမြောင်းမှုသဘော ဣဿာ၊ အူတိုခြင်းသဘော မစ္ဆရိယ။ ဤသို့ အစရှိသော

သဘာဝညစ်ကျုတို့နှင့် ဖက်စပ် ဖြစ်ပေါ်လာသော စေတနာမှာ စေတနာယုတ်'ဖြစ်ရသည်။

စေတနာယုတ်က အလုပ်ကိုသရုပ်ဖော်ရာ၌ ဆိုးဝါးသော ကိုယ်, နှုတ်, စိတ် အမှုအရာများ ဖြစ်ထွန်းလာရသည်။

'အသက်သတ်မှုတွေ၊ ခိုးဆိုးလုယက်မှုတွေ၊ ကြာခိုမှုတွေ၊ ဝဿကာရစနစ်တွေ၊ နှုတ်ကြမ်းအာကြမ်းဖြင့်ဆဲရေးတိုင်းထွာ, ဖေတရာမောင်တကျိုပ် ဦးလေးအစိတ်နှင့် ကိုင်တုတ်မှုတွေ၊ စားဝတ်နေရေးနှင့် ဘဝကောင်းစားရေးအတွက် အကျိုးမရှိသော ရေးသား ပြောဟောမှုတွေ၊တပါးသူကြီးပွားချမ်းသာခြင်းကို မရှုစိမ့်မနာလိုနိုင်မှုတွေ၊ တပါးသူအားပျက်စီးရန် ကျိတ်ခဲကြံစည်မှုတွေ၊ ယထာဘူတ မကျသော အောက်တန်းစားခံယူချက် အမှားအယွင်းတွေ။ ဤသို့သော ဒုစရိုက်ကိစ္စအတွက် စေတနာယုတ်က တာဝန်ယူ ဖော်ထုတ်ပေးသည်။ မဖြစ်,ဖြစ်အောင် ဆော်ဆော်သြသြ အားပေး အားမြှောက် ပြုသည်။

အခြားတဖက်တွင် သုံးပါးရတနာနှင့် မိမိ၏လုပ်အားအပေါ် ယုံကြည်အားထားမှု သဘော သဒ္ဓါ၊ တွယ်တာမှုမှု သဘော အလောဘ၊ သူတထူးအကျိုးစီးပွားလိုလားခြင်း ပရဟိတသဘော သည်းခံခြင်း, မပြစ်မှားခြင်းသဘော အဒေါသ၊ အားထုတ် ကြိုးစားမှု သဘာဝ ဝီရိယ၊ ရိုးသားဖြောင့်မှန်မှု ဥဇု၊ ဝေဖန်ဆင်ခြင် အမှန်မြင်ခြင်းသဘောပညာ အစရှိသော သဘာဝမှန်များရှိ၏။ ထိုသဘာဝကောင်းများနှင့် ယှဉ်တွဲဖြစ်လာသော စေတနာမှာမူ 'စေတနာကောင်း'ဖြစ်ရသည်။

စေတနာကောင်း ဆော်ဖန်သောကြောင့် ဖြစ်ထွန်းပေါ် ပေါက်လာသော ကာယ ဝါစာ မနလုပ်အားသည် ကောင်းမွန် သောအလုပ် (ဝါ)သုစရိုက်ဖြစ်ချေသည်။ အတ္တဟိတ, ပရဟိတ နှစ်ဝအကျိုး ပြည့်ဖြိုးစေသည်။ ကောင်းမွန်သော စေတနာ အမျှင် အမျှင်ဖြင့် အဆင်လှလှ အသွေးကျကျ အလုပ်အထည်ကို ရက် လုပ်သည်။

## စွန့်လွှတ်မှုပို ချစ်ဖွယ်ဆို

စေတနာမွန် လူသားသည် အစစ်အရာရာတွင် 'ငို့ဘ'ချည်း သဘောထားခြင်းမရှိ၊ ရရှိသော ဥစ္စာခနကို အများဆိုင် ဘုံပစ္စည်း ကဲ့သို့ ဝေခြမ်းစားသုံးသည်။ မိမိလုပ်အားကို ပရဟိတအတွက်ပါ အသုံးချသည်။ အသာ့အနိုင်ရမှ 'မြိန်'တတ်သော လူ့သဘာဝတွင် အနစ်နာခံပြီး နှစ်သိမ့်ကြည်နူးမှု ရယူတတ်ခြင်းအလေ့ကို ပေါင်း ထည့်လာသည်။ ဤသည်တို့မှာ အလောဘအရင်းခံသော 'ဒါနဟန်' များဟု အဘိဓမ္မာကျကျ သိရှိရသည်။

အချို့ ဗုဒ္ဓဘာသာများသည် ဒါနဆိုတာ ဘုန်းကြီးနှင့်သာ သက်ဆိုင်သလိုလို၊ ဗျောပါမှ ဒါနဖြစ်သလိုလို၊ ဒါန ဟူသည် လူမှု ရေးနှင့် မပတ်သက်ပဲ တကယ့် လောကုတ္တရာကိစ္စကြီးလိုလို ထင်မှတ် မှားလျက် ရှိကြသည်။ ဤသို့ဖြစ်ရခြင်းမှာ သင်တန်းစနစ်ဖြင့် ဆရာ ကောင်း သမားကောင်းထံ၌ ဗုဒ္ဓယဉ်ကျေးမှုကို သင်ယူခွင့် မရရှိ ရှာကြခြင်း၏ အရှုံးထွက်မှုတရပ်ဖြစ်၏။

ဒါန ပြုရာတွင်....

၁။ သာခာရဏဘောဂီ၊ အများနှင့် သက်ဆိုင်သည်ကို ပြု၍ သုံးဆောင်ခြင်း။

၂။ အပ္ပဋိ ဝိဘတ္တဘောဂီ၊ မခွဲဝေဘဲ မသုံးဆောင်၊ ခွဲဝေ၍သာ သုံးဆောင်ခြင်း

ဟူသော ဒါနသည် ရိုးရိုးဒါနမျိုး မဟုတ်၊ ပါရမီမြောက်သော ဒါနမျိုးဖြစ်သောကြောင့်သူတော်ကောင်းတို့ မြတ်နိုးကြ၏။

အမှန်က ကောင်းသော ရည်ရွယ်ချက်တခုကို လက်ကိုင်ပြု၍ ဖြစ်စေ၊ ဝတ္တရားအရဖြစ်စေ၊ စွန့်ကြဲပေးကမ်းဖြန့်ဝေမှု (ပရိစ္စာဂ) မှန်သမျှသည် 'ဒါန'၏ နယ်ပယ်မှာချည်းဖြစ်သည်။ ဤဒါနသည် မိမိပစ္စည်းနှင့် မိမိကိုယ်ပေါ်တွင် တွယ်တာမှုမှု၊ သူတထူး အကျိုးရှိစေချင်မှုဟူသော အလောဘစေတ် အခြေခံလျက်ရှိသည်။

ဒါနစနစ်သည် လောကုတ္တရာရေးအဟုက်သာမက လက်ရှိလောကီလူမှုရေးတွင်လည်း အလွန်တရာ အရေးပါလှသည်။ ဒါနစနစ်ကို အကွက်ကျကျ ကျင့်သုံးကြလျှင် (ဝါ) ဒါနလက်နက်ကို မိမိရရ ပစ်ခွင်းတတ်လျှင်....

၁။ ဆိုးသွမ်းရိုင်းစိုင်းသူများကိုပင် ယဉ်ကျေး သိမ်မွေ့လာအောင် ပြုနိုင်စွမ်း၏။

၂။ မိမိအား အာခံတော်လှန်ရန် ကြံစည်နေသူများ၊ ကိုယ်ထိလက်ရောက် ဆန့်ကျင်နေသူများအား ကိုယ့်အလိုပါအောင် ဖန်တီးနိုင်၏။

၃။ မပြီးစီးနိုင်သော ကိစ္စဝိစ္စများအားလုံးကို ပြီးစီးစေနိုင်၏။

ဒါနစနစ်ကို ကျင့်သုံးသူတွင် မရှိလျှင်မဖြစ်သော အရည်အချင်း တခုမှာ သာယာနာပျော်ဘွယ် ပြောဆိုတတ်မှု (ပီယဝါစာ)ပင် ဖြစ်၏။ ရေဘ့ အင့်ဆိုဘိသကဲ့သို့ အထက်စီးဖြင့် မူးကြီးမာန်ထ ဟန် ရေးပြကာ ပေးကမ်းမည်ဆိုက လက်ခံရယူသူအဖို့ အောင့်သက်သက် နိုင်လှမည့်အပြင် ကျေးဇူးတင်ချင်စိတ်ကိုပင် သေ့ ခြောက်သွားပေ လိမ့်မည်။ သို့ကြောင့် ဒါနစနစ်နှင့် ပီယဝါစာမှာ ဒွန်တွဲလာမှ လိုအပ်သော အကျိုးကျေးဇူး တကယ်ပြီးမြောက်ပေလိမ့်မည်။

ဤသို့ အရေးကြီးသော လုပ်ငန်းများကို ဖြစ်ထွန်းအောင် ဆောင်ရွက်ပေးသောအရာမှာ စေတနာမွန်ပင်ဖြစ်သည်။

## တော်ဝင်သည့် ကျင့်စဉ်များ

ထို့အပြင် စေတနာမွန်လူသားသည် တပါးသူအား အနှောက် အယှက်ပေးခြင်းမရှိ၊ မိမိကိုယ်ကို စနစ်တကျ ထိန်းသိမ်း၏။ မိမိ၏ တိုင်းပြည်၊ မိမိလူမျိုး၏ ယဉ်ကျေးမှုဓလေ့ကို တကယ်မြတ်နိုးစွာ လိုက်နာ၏။ စာအသုံးအားဖြင့် စာရိတ္တသီလကို ကျင့်ဆောင်သည် ဟု ဆိုရ၏။

သူသည် လက်ရှိအခြေအနေကို အမြဲတစေ သုံးသပ်နေတတ်၏။ ကိုယ့်အထာ ကိုယ်သိအောင် ကြိုးစား၍ ကိုယ့်အကြောင်းကို အမှန်အတိုင်းသိနိုင်ရန် ရှာဖွေသည်၊ ဘာဝနာပွားသည်။

စေတနာမွန်လူသားသည် လူးတို့၏တန်ဖိုးကို သိရှိလာသည့် အားလျော်စွာ တန်ဖိုးအလိုက်၊ ဂုဏ်ရည်အလိုက် လေးစားရမည့်

တာဝန်ကိုလည်း နားလည်သည်။ နွင်းဆီကို ဘယ်လိုပြုစု၍ စပယ်ကို ဘယ်လိုယုယမည်၊မြတ်လေးကို ဘယ်လိုမှုရမည်ကို သိရှိနားလည်သော ဥယျာဉ်မှူးကဲ့သို့ ဖြစ်လာသည်။

များသောအားဖြင့် လူသားတို့သည် မိမိတို့၏ အသက်အရွယ်၊ ဂုဏ်အရည်အချင်းအလိုက် ထိုက်သင့်သောအရိုအသေကို မရလျှင် မကြိုက်နိုင်ကြပေ။ လက်တွေ့မျက်မြင်ဖြစ်ရပ်များသာတည်း။

သို့ကြောင့် စေတနာမွန်လူသား၏ ပရဟိတအခန်းကဏ္ဍတွင် အပစာယနဟူသော ရိုသေပျပ်ဝပ်မှုလုပ်ငန်းကိုလည်း ထည့်သွင်းထားရပေသည်။

သက်ကြီးရွယ်အိုများ၊ ဉာဏ်ကြီးရှင်များ၊ ကျေးဇူးရှင်များအား ကိုယ်ထိလက်ရောက် အကူအညီပေးရန်လည်း စေတနာမွန်လူသား၏ တာဝန်တရပ်ပင်ဖြစ်၏။ မိမိကိုယ်အား နိဝါတစနစ်ဖြင့် ရို့ကာ ထိုက်တန်သူများတွင် ဂါရဝစနစ်ဖြင့် ကြို့ပြီး လိုအပ်သောအကူအညီပေးတတ်မှုသည် မိမိကိုယ်တိုင်လည်း ကြည်နူးရ၊ ခံယူရသူ သိမြင်ကြရသူများလည်း နှစ်သိမ့်မှုရရှိကြသည်။ထို့အပြင် မိမိအောက် အသက်ငယ်ရွယ်သူ၊ ဉာဏ်နည်းသူ၊ ဆင်းရဲနွမ်းပါးသူများအား သနားငဲ့ညှာလျက် ကြင်ကြင်နာနာ အကူအညီပေးတတ်မှုလည်း လိုအပ်ပေသည်။

မိမိစုဆောင်းရရှိသော ကုသိုလ် ပညာစသည်တို့ကိုလည်း တပါးသူအား ခွဲဝေဖြန့်ဖြူး ပေးသည်၊ ထိမ်ချန်သိုဝှက်ခြင်းမပြုပေ။ သူတထူးတို့က ပေးလာသည်ကိုလည်း ဝမ်းမြောက်စွာ ကြိုဆိုလက်ခံသည်၊ မာနဖြင့် ပုတ်ထုတ်ခြင်းမရှိချေ။

သူသည် လောကီ လောကုတ္တရာကိစ္စများတွင် ယထာဘူတ ကျကျ အသိရရှိနိုင်စေရန် စာပေလိုက်စားသည်၊ ကျောင်းတက်သင် ယူသည်။ ကလျာဏသူတော်စင် ရဟန်းသီလဝန်များထံ ချဉ်းကပ် နာခံသည်။ ထိုသို့ အပင်တပန်း ဆည်းပူးရရှိလာသော အသိ ပညာ တရား ဓမ္မများကိုလည်း မိမိကဲ့သို့ ဆည်းပူးခွင့်မရရှိရှာသောသူ များအား ပြန်လည်၍ သင်ကြားဟောပြောပေးသည်။

အယူဝါဒဖြောင့်မှန် နည်းကျမှုသည် စေတနာမှန်လူသား၏ လုပ်အားများ တက်ကြွစွာ ပေါ်ထွက်လာရေးအတွက် လိုအပ်ချက် ဖြစ်သည်။ ထို့ကြောင့် မိမိလုပ်အားစွမ်းရည် (ကံ)ပေါ်တွင် မှီခို အားထားမှု (ကမ္မသကတာ)ဟူသော ယထာဘူတကျသည့်ဝါဒကို လက်ခံကျင့်သုံးရပေသည်။ လုပ်အားနှင့် လုပ်ခ (ကမ္မ၊ ဖလ)ကို နှစ်နှစ်ပါပါ ယုံကြည်စွဲမြဲမှုသည် စေတနာမှန်လူသား၏ အရည် အချင်းကောင်းတရပ် ဖြစ်ရပေသည်။

ဆိုခဲ့ပါ စေတနာမှန်လူသား၏ လုပ်ငန်းသဘောတရားများတွင် ဘယ်ဟာဖြင့် မကောင်းပါဘူး၊ လက်တွေ့နှင့် ကွာဟနေပါတယ်ဟု လက်ညှိုးထိုးပြစရာရှိလိမ့်မည်မ ဟုတ်ချေ။ ထို့အပြင် လူလူချင်း မတရားလက်ဝါးကြီးအုပ် ဂုတ်သွေးစုပ်စနစ်ဆိုသည်မှာ စေတနာ မှန်လူသားလောကတွင် နေရာယူနိုင်မည်လည်း မဟုတ်ချေ။ ထိုစနစ် နှင့် စေတနာမှန်လူသား၏ ကာယ၊ ဉာဏ သရုပ်ဖော်မှုများသည် မိုးမြေမက ကွာဟနေသည်မဟုတ်လော။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာအလိုတော်ကျ (ဂါမေအသိမဟုတ်၊ စာပေအရှိအတိုင်း)စေတနာမှန်လူသားရုပ်လုံးကို ပီပီသသ ထုလုပ် အသုံးပြုနိုင်သော တိုက်ကြီးတိုင်း၊ နိုင်ငံတိုင်း၊ မြို့ရွာတိုင်းမှာ

ဂုတ်သွေးစုတ်ဆိုသောစနစ်အတွက် နေရာမရှိပေ။ စေတနာမှန် လူသား၏ အဘိဓာန်တွင် ဂုတ်သွေးစုတ်ဆိုသော စကားလုံး မရှိချေ။

အကျဉ်းရုံး၍စသုံးကျကျပြောလျှင် စေတနာယုတ်ဖြင့် ပြုလုပ်သော အလုပ်မှန်သမျှမှာ ဒုစရိုက်မှုများသာဖြစ်ပြီး၊ ကောင်းမွန်သောစေတနာ၏ ထုတ်ဖော်ချက်များမှာ သုစရိုက်ကိစ္စများဖြစ်ပေသည်။သုစရိုက်လွှမ်းမိုးပါမှ လူ့ကမ္ဘာ၏ စစ်မှန်သောကောင်းကျိုးသည် ကြွားဝင့်စွာ တည်ရှိမည်ဖြစ်သတည်း။

## အလုပ်နှင့် ပတ်ဝန်းကျင်ဆွဲအား

စေတနာသည် ကာယကံရှင်လူသားကိုယ်တိုင်နှင့် ပတ်ဝန်းကျင်၏ ပြုပြင်ပေးမှုကြောင့် အလုပ်ကို ဖန်တီးပေးကြောင်း သိခဲ့ရပြီ။ စေတနာနည်းတူ အခြားသောနာမ်တရားတို့လည်း ဆိုခဲ့ပါအချက်နှစ်ရပ်ကြောင့်ပင် ပေါ်ထင်လာတတ်ကြပေသည်။

နာမ်တရားတို့သည် အာရုံကိုခံယူတတ်သော အာရမ္မဏိကတို့ဖြစ်ကြရာ ရုပ်ခတ်နှင့် မိမိတို့မကြွင်းသော နာမ်သဘာဝအာရုံတို့ကို ခိုလှုံဖြစ်ပေါ်ကြစမြဲတည်း။အာရမ္မဏိကတရားစုမှာ အဖိုးအိုသဖွယ်ဖြစ်ပြီး အာရုံတို့မှာ တောင်ဝှေးကဲ့သို့ဖြစ်၏။ အဖိုးသည် တောင်ဝှေးကို အားပြုရမှ ထ၍ သွား၍ ရရှာ၏။ ထိုနည်းတူ စေတနာစသောနာမ်တရားတို့သည်လည်း အတွင်းအပ အာရုံများ အဆင်သင့်ရှိပါမှ ဖြစ်လာနိုင်ကြပေသည်။

ဤတွင် ကောက်ချက်ချယူရမည့်အချက်မှာ(အများအားဖြင့်) ပြင်ပ ပတ်ဝန်းကျင် အမြင် အကြား အတွေ့ အထိအလိုက် စိတ်

စေတနာအမျိုးမျိုး အစားစား ဖြစ်ပေါ်လာတတ်သည်ဟူသော အချက်ဖြစ်၏။

ပတ်ဝန်းကျင်အဆွဲခတ်များကြောင့် စိတ်စေတနာဖြစ်ပေါ် လာရာတွင် လူတဦးနှင့်တဦး တူညီစွာ ဖြစ်လေ့မရှိကြ။ ဥပမာ ရွှေတိဂုံဘုရားသို့ ကလေးတယောက်နှင့် လူကြီးတဦး သွားကြရာ ကလေးသည် စောင်းတန်းဈေးဆိုင်များမှ အရုပ်များကို ဘုရား ထက် ပိုမိုစိတ်ဝင်စားပေမည်။ လူကြီးမှာမူ အရုပ်များအပေါ် သာမန်မျှသဘောထား၍ ဘုရားတွင် ပို၍စိတ်ရောက်ပေရာသည်။

## ပဲ့ကိုင်ကောင်းရေး

သို့ဖြစ်၍ လူသား၏ ကိုယ်ပိုင်တွေးမြင် နှလုံးသွင်းဆင်ခြင်မှု (မနသိကာရ)ကို ထည့်သွင်းတွက်ဆ ရပေတော့သည်။ မှန်မှန် ကန်ကန် နှလုံးသွင်းဆင်ခြင်နိုင်သော စွမ်းရည်သည် အကျိုးရှိမည့် နေရာမျိုး၌သာ စိတ်စေတနာကို တဖွားဖွားဖြစ်စေလေသည်။

သို့သော် သင့်သင့်တင့်တင့် ထောက်ချင့်ဆင်ခြင်နိုင်မှုကို အလိုလို ကြွယ်ကြွယ်ဝဝ ရရှိရန် မမြော်လင့်သင့်ပေ။ စဉ်းစားရမည့်ကိစ္စ မကြုံမီ အရင့်အရင်အခါက လိုအပ်သော အသိမှုမှန်ကို ဆည်းပူး စုဆောင်းထားနှင့်ရပေသည်။ သို့မှသာ အာရုံများစွာနှင့် တွေ့ဆုံ ခိုရာ၌ အကျိုးရှိရာကိုရွေးချယ်ပြီး စိတ်ကောင်း စေတနာကောင်း ဖြစ်မြောက်လာအောင် ကူညီနိုင်ပေရာသည်။

မနသိကောင်းကို လိုအပ်သည့်အခါတိုင်း လွယ်လင့်တကူ ရရှိ နိုင်စေရန် ဗဟုသုတကောင်း ရထားနှင့်ရန် လိုပေသည်။ ဂန္ထဝင်

စာကောင်းပေကောင်းများကို လေ့လာဖတ်ရှုမှတ်သားထားခြင်း၊ အမှုအရာသန့်စင်ပြီး ယထာဘူတကျကျ တွေးခေါ်မြော်မြင်တတ်သည့်သူများနှင့် ပေါင်းသင်းဆက်ဆံ၍ အသိဉာဏ်ရယူခြင်း၊ ဗုဒ္ဓမြတ်စွာ ချမှတ်ပေးထားသော လောကီကျင့်စဉ် လောကုတ္တရာကျင့်စဉ်တို့မှ လက်လှမ်းမှီရာကို နည်းများမဆို လက်တွေ့ကျကျ ပြုလုပ်လိုက်နာထားခြင်း၊ ဤသို့သော နည်းများဖြင့် နှလုံးသွင်းကောင်းမှုကို လွယ်လင့်တကူ ထုတ်ယူနိုင်ပေမည်။

နှလုံးသွင်းကောင်းလျှင် စိတ်စေတနာမှန်များ ရှင်သန်လာပြီး ကောင်းမွန်၍ အကျိုးရှိသော ကာယ ဉာဏ လုပ်အားများ ဖွံ့ဖြိုးလာသည်။ နှလုံးသွင်းကောင်းလည်းမရှိ၊ စိတ်စေတနာမှန်၏ စွမ်းရည်ကိုလည်း ဂရုမပြုဘဲ အခြားနည်းဖြင့် အထက်တန်းကျသော လူ့အကျိုးပြုလုပ်ငန်းများ မဖြစ်မထွန်းနိုင်၊ ဖြစ်ထွန်းနိုင်သည်ဟု ယူဆလျှင် ယထာဘူတလမ်းကြောင်းမှ ချော်ကျနေပြီ ဖြစ်သည်။ လိုအပ်သော လူ့ပန်းတိုင်သို့လည်း ရောက်နိုင်မည်မဟုတ်ချေ။

'စေတနာကောင်းမှ အလုပ်ကောင်းသို့'ဟူသော ကြွေးကြော်သံဖြင့် စေတနာကောင်း စုဆောင်းရေးအတွက်—

၁။ သင့်လျော်လျောက်ပတ်စွာ ကြံဆဝေဖန်တတ်ရမည်။

၂။ ဝိသမလောဘ၊ ဝိသမဒေါသ စသော မိစ္ဆာတရားတို့ ဖြစ်ပွားစရာ ပတ်ဝန်းကျင်တို့မှ ရှောင်ရှားရမည်။

၃။ မှုမှန်ဓမ္မကျမ်းစာများ (ဥပမာ- မင်္ဂလသုတ်တော်၊ ပရာဘဝသုတ်တော် စသည်)
မိမိပေါ် စိတ်ထားမှန်လူသားများ (ဥပမာ—မိဘ၊

ဆရာသမားစသည်)နှင့်ကောင်းရာကောင်းဖက်၌ချွန်
မွန်သော လူသားများတို့ထံ မပြတ်မလပ်ချဉ်းကပ်ပြီး
ကောင်းမွန်သော ဗဟုသုတ ကြွယ်ဝစေရမည်။

ဤနည်းအားဖြင့် လုပ်အားမွန်ကို ရင်းမြစ်မှနေပြီး ထုတ်လုပ်ပေးသော စေတနာကောင်း မွေးမြူနိုင်ပေသည်။ ဗဟုသုတစုမိပြီးသောအခါ ဘဝပါရမီအကူအညီရလျှင် စေတနာပို၍ ရှင်သန်လာပေသည်။

ဆိုးယုတ်သော ပတ်ဝန်းကျင် အာရုံများ၏ ဆွဲလှဲငေ့ယမ်းဆောင်ယူတိုင်း စိတ်စေတနာကို အပ်မခံ၊ ကောင်းရာ ကောင်းကြောင်း အလုပ်ကိုသာ ဦးတည်သည်။တော်တည့်ဖြောင့်မတ်သော မနသိမွန်ဖြင့် စေတနာကောင်းကို အားပေးတားလျှင် မိမိနှင့်တကွ လူ့လောကအကျိုးပြု လုပ်အားများကို ဖောဖောသီသီ ထုတ်သုံးနိုင်ပေသည်။ ဖျက်ဆီးရေးလုပ်အားများကိုလည်း ချိုးနှိမ်ဖယ်ရှားပစ်နိုင်မည်သာတည်း။

## အလုပ်မှ အကျိုးသို့

စေတနာကောင်းဖြင့် အလုပ်ကောင်းကိုပြုလုပ်သည်။ စေတနာဆိုးကြောင့် အလုပ်ဆိုး သရုပ်ပေါ်သည်။ ဤအချက်နှင့် ပတ်သက်၍—

အလုပ်(ကံ)၏ ကောင်းကျိုး ဆိုးပြစ်ရှိသလား။

ဤမေးခွန်းများကို ကြေကြေလည်လည်ဆွေးနွေးရန်လိုအပ်၏။

အချို့သော တိတ္ထိဆရာကြီးများသည် အလုပ်(ကံ)၏ ကောင်းကျိုး ဆိုးပြစ်မရှိဟူ၍(နတ္ထိကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ၊ အဟေတုက ဒိဋ္ဌိ

တို့ကို)ယူကြလေသည်။ ဤယူဆချက်များသည် လူသား၏စွမ်းရည်ကိုချိုးနှိမ်ပြီး သေးသိမ်စေရုံမျှမက လူသားအားလည်း စျေးချပစ်လျက်ရှိသည်။ တကယ်ဖြစ်ပျက်နေသော လက်ရှိလောကဖြစ်ရပ်များနှင့်လည်း မည်သို့မျှ ဟပ်မိခြင်းမရှိချေ။ မှားယွင်းသော အမြင်(မိစ္ဆာဒိဋ္ဌိ)များသာဖြစ်ကြသည်။

မိစ္ဆာဒိဋ္ဌိ-ဟူရာ၌ မိစ္ဆာ-မှားယွင်းသော၊ ဒိဋ္ဌိ-အမြင် တို့ကို ဆိုလို၏။ သုတ်သီလက္ခန်ပါဠိတော် ဗြဟ္မဇာလသုတ်၌ မြတ်ဗုဒ္ဓ ဝေဖန်ဟောကြားပြခဲ့သော မိစ္ဆာဒိဋ္ဌိ ၆၂-မျိုးကို မှတ်တမ်းတင်ထားလျက်ရှိ၏။

ထို ၆၂-မျိုးအနက် ကံ၏အကျိုးကိုပယ်ပစ်သော နတ္ထိကဒိဋ္ဌိ၊ ကံကိုပယ်သော အကိရိယဒိဋ္ဌိနှင့် ကံ၊ ကံနှင့်အကျိုးနှစ်ပါးစုံကိုပယ်သော အဟေတုကဒိဋ္ဌိတို့ကိုမြဲစွာယူဆကျင့်ကြံသူများသည်အပါယ်ကျနိုင်ကြောင်း အဘိဓမ္မာကျကျ ဟောထားသည်။ ကျန်မိစ္ဆာဒိဋ္ဌိတို့ကြောင့်မူ အပါယ်သို့ တိုက်ရိုက်ကျနိုင်သည်ဟု အဆိုမရှိချေ။

ထို့ပြင် မျက်မှောက်ဘဝ၌ ချမ်းသာမှု၊ ဆင်းရဲမှုသည် ပစ္စုပ္ပန် ကံ,ဉာဏ်,ဝီရိယနှင့် မပတ်သက်၊အတိတ်ကံအကြောင်းကြောင့်သာ ဖြစ်သည်ဟု ရှေးအကြောင်းခံ တခုတည်းကိုသာ ပုံချတတ်သော အမြင်မျိုးမှာ 'ပုဗ္ဗေကတဟေတုဒိဋ္ဌိ'ဟုခေါ်သောမိစ္ဆာဒိဋ္ဌိတမျိုးပင် ဖြစ်၏။ အတိတ်နှင့် ပစ္စုပ္ပန်ကံ,ဉာဏ်,ဝီရိယ မျှ၍ ယူဘက်မှ ဤမိစ္ဆာဒိဋ္ဌိမှ လွတ်သည်။ ဗုဒ္ဓဘာသာဆိုသူ အချို့ပင်လျှင် ဤမိစ္ဆာဒိဋ္ဌိမျိုးမှ မလွတ်ပဲ ရှိတတ်သည်။

## ကံ၏အကျိုးရှိကြောင်း မည်သို့သိနိုင်သလဲ

ကမ္ဘာပထမြောက်၍ အပါယ်သို့ လားရာလားကြောင်းဖြစ်သော နတ္ထိကဒိဋ္ဌိအမြင်ရှိသူများက အလုပ်ကံနှင့် ကံ၏အကျိုး(လုပ်အားတန်ဖိုး)မရှိဟု မှတ်ထင်ကြသော်လည်း အမှန်စင်စစ် လုပ်အား(ကံ)၏စွမ်းရည်သတ္တိ ကောင်းကျိုး ဆိုးပြစ်မှာ မီးနှင့် အခိုးအလျှံကဲ့သို့ ဒွန်တွဲလျက်သာတည်ရှိနေပေသည်။ အလုပ်(ကံ)၏ ကောင်းကျိုး ဆိုးပြစ်ရှိမှုကို....

၁။ ကိုယ်တွေ့အားဖြင့်ရင်း၊

၂။ ဆင်ခြင်ဝေဖန်ဉာဏ်အားဖြင့်ရင်း၊

၃။ ဘုရားသမ္ဗုဒ္ဓ၏ ဟောကြားချက်အရရင်း

ယထာဘူတကျကျ သိရှိနိုင်ပေသည်။

## ကျိုးပြစ်နှစ်ဝ မြင်နိုင်ကြ

လူသည် မိမိပတ်ဝန်းကျင်ရှိလူများအပေါ်တွင် ထောက်ထားကြင်နာခြင်း၊ နိုင်ထက်စီးနင်းမပြုလုပ်ခြင်း၊ လက်သီး, ဒုတ်, ဓား စသည်တို့ဖြင့် ထိုးရိုက်သတ်ဖြတ်မှု မပြုလုပ်ခြင်း၊ ဘုကျ, ဘောက်ပြောမှု မရှိခြင်း၊ တပါးသူ၏ ကြီးပွားချမ်းသာမှုကို လိုလားခြင်း၊ အရိုအသေပေးထိုက်သူအား အရိုအသေပေးခြင်း၊ ကြီးပွားတိုးတက်ရေး လမ်းစဉ်ကို ကျင့်သုံးခြင်း၊ ဟန်ပန်မူရာ ယဉ်ကျေးသိမ်မွေ့ခြင်း စသော ဂုဏ်ရည်တို့ဖြင့် ဒွေးကြွယ်လျက် ရှိငြားအံ့။

ဤသို့သောလူမျိုးအား မည်သူက ရှုတ်ချ၍ ရနိုင်အံ့နည်း။ အကယ်စင်စစ်မှာမူ ရင့်ကျက်သောလူတိုင်းက ထိုလူမျိုးကို လေး ပနာပြုကြရမည်သာဖြစ်သည်။ လူတော်လူကောင်းတယောက်ဟု သတ်မှတ်ရမည်သာဖြစ်သည်။

ထိုလူတော်လူကောင်းသည် မိမိ၏ ကောင်းသောကာယ၊ ဝစီ၊ စွမ်းရည်ကြောင့် မိမိကိုယ်တိုင် စိတ်ချမ်းသာတည်ငြိမ်မှုကိုရရှိသည့် အပြင် ပတ်ဝန်းကျင် လူသားလောကအားလည်း မိမိကြောင့် အနှောက်အယှက်မဖြစ်စေခြင်းအားဖြင့် ပရဟိတ တာဝန်တရပ်ကို ဆောင်ကြဉ်းနေရာရောက်သည်။

ဤသို့ မိမိကိုယ်တိုင်ငြိမ်းချမ်းသာယာ၍ ပတ်ဝန်းကျင်လောက သားများအား မိမိအတွက် ကြောင့်ကြမဲ့စေမှု၊ စိုးရိမ်ကင်းစေမှု သည် ကောင်းသောအလုပ် (ကံ)၏ အသီးအပွင့်ပင်ဖြစ်၏။ လုပ် အား၏ အကျိုးကျေးဇူးပင်ဖြစ်သည်။

အကယ်၍ လူသားသည် သွေးစွန်းသောလက်ဖြင့် လူ့အသင်း အပင်းမှာ မင်းမူနေလျှင်ရင်း၊ အရာရာမှာ ဘုတ္တနိး ဘောက်တော၍ ငါတကောပြုလုပ်နေလျှင်ရင်း၊ ဟော့ဟော့ရမ်းရမ်း သရမ်းချင် တိုင်း သရမ်းနေလျှင်ရင်း၊ သူ့အား လူကောင်းတယောက်အနေ ဖြင့် မည်သူကမျှ လက်ခံသိမ်းပိုက်မည်မဟုတ်။ 'ဖွတ်မိကျောင်းနှ မြစ်မချမ်းသာ' ဆိုဘိသကဲ့သို့ ထိုသို့သော လူ့ဘီလူး ရှိနေခြင်း အတွက် လူ့လောက သာယာစည်ပင်ရေးပျက်စီးမည်သာဖြစ်သည်။

ထိုသူကိုယ်တိုင်လည်း စစ်မှန်သော ချမ်းအေးသာစံ နန်းဗိမာန် သို့ မဝင်ရောက်နိုင်ပဲ ကန္တာရအတွင်းမှာ ပြေးလွှားနေရဘိသကဲ့သို့ စိတ်ပူ၊ စိတ်ကြမ်း၊ စိတ်သရမ်းတို့ဖြင့် အမြဲတန်း ပင်ပန်းလျက်သာ

ရှိရ၏။ ခွေးရူးကောင်းစား တမ္ဗန်းတည့်ပမာကဲ့သို့ ခဏတာဗိုလ်ကျနိုင်ရုံမျှသာ ဖြစ်၏။ သူ့အတွက် နီးစပ်ရာ လူသားများမှာ ကြိမ်မီးအုံးသကဲ့သို့ သွီးချုံးပူဆာ၍သာ နေကြရသည်။ ဒုစရိုက်လူသားအား မည်သူကမျှ စိတ်ပါလက်ပါ ပန်းကုံးစွပ်ပြီး ဂုဏ်ပြုကြမည်မဟုတ်ချေ။

ဤသို့ဖြစ်ရခြင်းမှာ ထိုသူ၏မကောင်းသောအလုပ်(ဒုစရိုက်ကံ)ကြောင့်ပင် ဖြစ်၏။ ထိုသူကိုယ်တိုင် ငြိမ်းချမ်းမှုမရရှိနိုင်ခြင်းနှင့် နီးစပ်ရာလူသားတို့ ဗျာများရခြင်းသည် ဆိုးညစ်သောအလုပ်(ကံ)၏ မြင်သာသောအပြစ်သာ ဖြစ်လေသည်။

သုစရိုက်အလုပ်အတွက် ဆုလပ်များ၊ သီရိဂေဟာများ၊ရာထူးကြီးများနှင့် နတ်, ဗြဟ္မာ ဗိမာန်များ စည်ရှိနှင့်သည့်နည်းတူ ဒုစရိုက်မှုအတွက်လည်း အချုပ်ထောင်တန်းများ၊ ကြိုးစင်များ၊ ငရဲဌာနများက တံခါးအသင့်ဖွင့်ထားလျက်ရှိလေ၏။

## ယုတ္တိချိန်ဆ စဉ်းစားက

အလုပ်အတွက် အကျိုးမရှိဘူးဆိုပါလျှင် လယ်သမားတို့လည်း ပျိုးကြဲကြတော့မည်မဟုတ်။ အလုပ်သမားတို့လည်း တူကိုင်ကြတော့မည် မဟုတ်ချေ။ စင်စစ် ကောင်းသော အလုပ်ကြောင့် ကျော်ဇောမှုရ၏။ ချီးကျူးခံရ၏။ ဆိုးညစ်သော အလုပ်ကြောင့် ဆုံးရှုံးရခြင်း၊ ရှုတ်ချခံရခြင်း၊ ပျက်စီးရခြင်း၊ အပယ်ခံရခြင်းတို့ ဖြစ်ကြ၏။

ဤမျှလောက်ကိုပင် သုံးသပ်ဆင်ခြင်ကြည့်ပါက အလုပ် (ကံ) မှာ အကျိုးအကြောင်း ထင်ရှား၏။ ခေါင်းသွားရာ အမြီးပါ သကဲ့သို့ အလုပ်ဖြစ်တိုင်း, ဖြစ်တိုင်း သက်ဆိုင်ရာ ကောင်းမှု မကောင်းမှု အကျိုးတရားသည် လိုက်ပါပေါ်ထွက်ရစမြဲ ဖြစ်ပေသည်။

ထို့ထက် လေးနက်စွာ နိုက်၍ကြည့်ပါမူ လုပ်အားစွမ်းရည်သည် လက်ငင်းဘဝမှာ အကျိုးကို ဖြစ်ထွန်းစေနိုင်ရုံမကသေး၊ ဘဝသစ်ကိုပင် တူထောင်နိုင်စွမ်းရှိကြောင်း သိရပေသည်။

သို့သော် ဤအချက်ကို ကာမဂုဏ်အကျဉ်းသားများအနေဖြင့် ဖော်ထုတ်နိုင်စွမ်း မရှိပေ။ သို့သော်လည်း အလုပ်(ကံ)မှာ ဘဝသစ် တူထောင်နိုင်သော စွမ်းရည်သတ္တိရှိသည့်အတိုင်း ကံတည်းဟူသော စက်ရုံမှ ဘဝသစ်ပစ္စည်းများ ထွက်နေသည်မှာကား ကမ္ဘာ့မှန်ကန်မှုနိယာမတရပ်သာ ဖြစ်ချေသည်။

## ကံအကျိုးပြ သာဓက

ဤနေရာတွင် လောကသဘာဝများကို အကျယ်ပြန့်ဆုံးသုံးသပ် ဖော်ပြထားသော ပဋ္ဌာန်းတရားတော်မြတ်ကို ထောက်ထား ကြည့်ရှုရပေမည်။

နာနာခဏိကာ စေတနာ ဝိပါကာနံ ခန္ဓာနံ
ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

(ပဋ္ဌာန်းပါဠိတော်)

သက္ကရာဇ်နှစ်လ၊ နေ့ညဆစ်ပိုင်း၊ မိနစ်တိုင်း, စက္ကန့်တိုင်းတွင်၊
မဆိုင်းမဆုတ်၊ ပြုလုပ်အားထုတ်ခဲ့သော လူသား၏စေတနာ၊

(ကံ)(အလုပ်စွမ်းရည်)သည် သန္ဓေရုပ်နာမ်၊ဘဝအတန်တန်ကို ပြုဖန်တီးသွင် မျိုးစေ့သွင်ဖြင့် စီရင်ဖော်ပြ အကျိုးရစေသည်။

ကံ ကံ၏အကျိုးရှိမှုနှင့် ပတ်သက်၍ အထက်တွင် ဖော်ပြခဲ့ပြီး သော ယုတ္တိချိန်ဆချက်များကိုင်း၊ ဘုရားဟော အမထောက် အထားများကိုင်း၊ သုံးသပ်ဆင်ခြင်သောအခါ လောကတွင် (ကံ)နှင့် ၎င်း၏ကောင်းကျိုးဆိုးပြစ်တို့ မသေမလှန် ကေန်ရှိ ခြင်းကို နားလည်ခံယူနိုင်လောက်ပေပြီ။

ဤ၍ဤမျှနှင့် အားရတင်းတိမ်ခြင်း မရှိနိုင်သေးသူများသည် အထက်တွင် ဖော်ပြပြီးသည့်အတိုင်း ဂေါတမရှင်တော်မြတ်ဘုရား ကိုယ်တော်တိုင် လူသားတို့အား ပေးအပ်ထားခဲ့သော အဘိညာဉ် စက္ခုကို ရအောင်ကျင့်ကြံ၍ ကမ္မ၊ ကမ္မဖလ သဘာဝကို ကြည့်ရှုနိုင်၏။ ဒိဗ္ဗစက္ခု(နတ်မျက်စိအမြင်)နှင့် ယထာကမ္မူပဂအဘိညာဉ် (ကံတရားအလိုက် သတ္တဝါတို့ ဖြစ်နေကြပုံကို သိသောဉာဏ်)ကို ရရှိလျှင် ဆိုခဲ့ပါ ဖြစ်ရပ်မှန်များကို ကွက်ကွက်ကွင်းကွင်း ကိုယ် တိုင်မြင်ရမည် ဖြစ်ပေသည်။

အဘိညာဉ်ကျင့်စဉ်၊ အဘိညာဉ်ရအောင် လုပ်နည်းမှန်များကို သံဃာတော်များကလည်း ထိန်းသိမ်း ထားလျက် ရှိကြသည်၊ လိုချင်ကျင့်ချင်သူများအား နည်းပေးလမ်းပြပြုရန် အသင့်ရှိကြပါ လိမ့်မည်။

## နိုပ်ကွပ်မှုနှင့် ချီးမြှောက်မှု(နိဂ္ဂဟ-ပဂ္ဂဟ)

အလုပ်မှ အကျိုးသို့ အရည်အချင်းပြောင်းလဲမှုနှင့် ပတ်သက်၍ အလေးမညီ ဘက်မမျှသော ကမ္ဘာ့စနစ်တခုကို သုံးသပ်ကြည့်သင့်၏။

ဒုစရိုက်အလုပ်နှင့် သုစရိုက်အလုပ်များအတွက် သဘာဝတရားက အကျိုးတရားပေးအပ်ရာတွင် တရားမျှတသည်။ မကောင်းမှုလုပ်အားအတွက် အပြစ်ပိုပေးပြီး ကောင်းသောအလုပ်အတွက် အခလျှော့ထားခြင်းမရှိ။ မသူတော်အား ဒဏ်ခတ်ရန် သဘာဝတရား၌ ဥပဒေ အတိအကျရှိသလို လူတော်လူကောင်းအား ဆုချရန်လည်း ပြဋ္ဌာန်းချက် အဆင်သင့်ရှိရသည်။ နှစ်ကိစ္စလုံး၌ပင် ညီညီမျှမျှ အရေးယူသည်။ ဤကား သဘာဝအတိုင်း မှန်ကန်မှု၏ ဆောင်ရွက်ချက်တည်း။

## ချီးမြှောက်မှု လျှော့နည်းခြင်း

သို့သော် ဒုစရိုက်နှင့် သုစရိုက်အပေါ်တွင် လူသားများ၏ ဆုံးဖြတ်ဆောင်ရွက်ချက်သည် သဘာဝတရားက အရေးယူပုံမျိုးနှင့် မတူလှဘဲ ဒုစရိုက်အလုပ်ကို ခပ်နာနာနှိပ်ပြီး သုစရိုက်ကိစ္စအတွက် ခပ်ပေါ့ပေါ့ဆုပေးလိုကြသည်ဟု ဆိုနိုင်၏။ ပြစ်မှုကျူးလွန်သူအား သွက်သွက်လက်လက် အပြစ်ပေးကြသော်လည်း အကျိုးထူးဆောင်သူအား ချက်ခြင်းဆုချရန် စိတ်ဝင်စားခြင်း နည်းလှသေးသည်။

ဤသို့သော လူ့သဘောထားသည် ယခုမှသာမဟုတ်၊ရှေးခေတ်တွင်လည်း ဤအတိုင်းပင် ဖြစ်ခဲ့သည်။ ရာဇသတ်၊ ဓမ္မသတ်နှင့် မင်းတို့၏ အမိန့်တော်ပြန်တမ်းများကို ဖတ်ရှုလေ့လာကြည့်သော အခါ ရာဇဝတ်မှုအတွက် အပြစ်ဒဏ်ခတ်ပုံ စီရင်ပုံများကို အသည်းတုန်အူတုန်ဖြင့် ဖတ်ရှုရလောက်အောင် ရက်စက်သောစနစ်တို့ကို တွေ့ရသည်။ 'ဒွတ္တိံသကမ္မကရဏ' ဟူသော သတ်ဖြတ်ညှဉ်းဆဲနည်း အထွေထွေကို မှတ်တမ်းတင်ထား၏။ ကျစွာမင်းကြီး၏ အမိန့်တော်ပြန်တမ်းကျောက်စာတွင် ရှေးခေတ်မင်းတို့၏ ရက်စက်နည်းများကို ပြည့်ပြည့်စုံစုံ ဖော်ပြထား၏။ ဤသို့ဖော်ပြထားနိုင်သည်မှာ တချိန်က တကယ်လုပ်ခဲ့ဘူး၍ ဖြစ်ရာသည်။ ဥရောပရာဇဝင်နှင့် အချို့သော ဘာသာရေးမှတ်တမ်းများ၌လည်း အပြစ်ပေး ရက်စက်ပုံများ တွေ့ရ၏။

မကောင်းသောအလုပ်အတွက် သို့စဉ်လောက် ရက်စက်သော အပြစ်ဒဏ်ခတ်မှုများကို တွေ့သိကြရသော်လည်း မြင့်မြတ်သော လုပ်အားအတွက် ပေးအပ်သောဆုနှင့်ပတ်သက်၍ ဝမ်းသာစရာကောင်းလောက်အောင် မှတ်တမ်းတင်ထားနိုင်ခြင်း မရှိချေ။

ဆိုလိုသည်မှာ ပြစ်မှုကျူးလွန်သူအား သုံးဆယ့်နှစ်ရပ်သောနည်းတို့ဖြင့် အမျိုးမျိုး ညှဉ်းဆဲသည်ဆိုသော်လည်း ပရဟိတဆောင် လူသားများ၊ တိုင်းပြည်အတွက် အသက်စွန့် ကြိုးပမ်းဆောင်ရွက်သူများအား နည်းစနစ်အဖုံဖုံဖြင့် မည်သို့မည်ပုံ ချီးမြှင့်မြှောက်စားခဲ့ကြကြောင်းကို ကျယ်ပြန့်စွာဖော်ပြနိုင်မှု မရှိခြင်းပင် ဖြစ်၏။

အချုပ်အားဖြင့် ပြစ်မှုကျူးလွန်သူအား ပတ်ဝန်းကျင် လူများက အပြစ်ပေးမှုနှင့် လူ့ကျိုးဆောင် ပြည်ကျိုးဆောင်လူများအား ဆုချမှုတွင်အလေးမညီမျှ။ အပြစ်ပေးမှုဘက်တွင် သာလွန်နေသည်ဟု မြင်နိုင်ပေသည်။

လူသား၏ဗရိုက်ဆိုးများကို ဥပဒေများ၊ အာဏာများဖြင့် ပြုပြင်ထိန်းသိမ်းပေးရန် အမှန်လို၏။ နိဂ္ဂဟ ပြုထိုက်သူကို နိဂ္ဂဟ ပြုရမည်ပင်ဖြစ်ပါ၏။ ဤနည်းတူ ပဂ္ဂဟ ပြုထိုက်သူကိုလည်း ထိရောက်အောင် ပဂ္ဂဟပြုထိုက်သည်။

ယခုလက်ရှိ အတိုင်းတိုင်းအပြည်ပြည်တွင် ထိုက်သင့်သလို ပဂ္ဂဟစနစ်များ မရှိမဟုတ်၊ ရှိပေ၏။ သို့သော် လက်ရှိ ပဂ္ဂဟစနစ်သည် နိဂ္ဂဟစနစ်နှင့် နှိုင်းစာကြည့်လျှင် နည်းနေသေးသည်ဟု ဆိုလိုခြင်းဖြစ်ပေသည်။

ဥပမာဆိုကြစို့–

သင်္ဘောစီးသွားကြစဉ်မောင်သူရက မောင်အာယုကို ရေထဲတွန်းချ သတ်လိုက်၏။ ထိုအခါ သင်္ဘောပေါ်ရှိလူများက မောင်သူရကို ဝိုင်းဖမ်းပြီး ရဲဌာန ပို့ကြမည်အမှန်။ မောင်သူရလည်း လူမှုပညတ်ချက် ဥပဒေအရ သေစားသေသည့်အထိ ဒဏ်ခတ်ခြင်း ခံရပေလိမ့်မည်။

သို့မဟုတ်၊ ရေမကူးတတ်သော မောင်အာယုသည် သင်္ဘောပေါ်မှ ရေထဲလိမ့်ကျသွား၏။ မောင်သူရသည် ရေထဲခုန်ချပြီး မောင်အာယုအသက်ကို ကယ်လိုက်၏။ ထိုအခါ သင်္ဘောပေါ်ရှိ လူများသည် မောင်သူရအပေါ် ချီးကျူးသော မျက်နှာအမူအရာ လောက်ဖြင့် ကြည့်ကြမည်။ တော်ပါပေ့ရဲ့ဟု ပါးစပ်ကထုတ်

ချီးကျူးချင် ချီးကျူးကြမည်။ စခန်းကား ဤတွင်ရပ်ပြီ။ သက်ဆန့်ကြိုးပမ်း သူတပါးအသက် ကယ်တင်သည့်အတွက် မောင်သူရကို ဘိုက်ထိုက်တန်တန် ဆုပေးဘို့ မည်သည့်နိုင်ငံမှာ ဥပဒေပြဋ္ဌာန်းထားသနည်း။ စင်စစ် မောင်အာယုက ကျေးဇူးသိတတ်လျှင် မောင်သူရ လက်ဖက်ရည်တခွက် သောက်ရမည်။ ဤမျှသာ။

ဤအချက်ကိုကြည့်လျှင် မျက်မှောက်ခေတ်၌ ပဂ္ဂဟ နိဂ္ဂဟ ဆုနှင့် ဒဏ်ခတ်ချက် မညီမမျှ ဖြစ်နေပုံကို သိရပေသည်။

## ဗုဒ္ဓမဟာက်ညီမျှ

ဤနိဂ္ဂဟ–ပဂ္ဂဟ ကိစ္စမျိုးနှင့်ပတ်သက်၍ ဗုဒ္ဓတရားတော်ဘက်သို့ လှည့်ကြည့်လျှင် နိဂ္ဂဟ ပဂ္ဂဟ ညီမျှသည်ကို တွေ့နိုင်၏။ အကြောင်းကား ဗုဒ္ဓတရားတော်သည် သဘာဝအမှန်ပေါ်တွင် ချပ်တည်သော တရားတော်ဖြစ်သောကြောင့်တည်း။

လူဆိုး၏ စံရာငရဲဘုံသည် ကြောက်ရွံရာအတိ ဖြစ်သည်ဟု ဆိုသကဲ့သို့ လူကောင်း၏ စံရာနတ်ပြဟ္မာဘုံသည်လည်း ပျော်စရာအပြည့်ဖြစ်သည်ဟု ဖော်ပြ၏။ အကုသိုလ်ဘက်၌ ပဉ္စာနန္တရိယကံနှင့် နိယတမိစ္ဆာဒိဋ္ဌိကံသည် ဂရုကံ (အပြစ်ကြီးလေးသောကံ) ဖြစ်သကဲ့သို့ ကုသိုလ်ဘက်၌ မဟဂ္ဂုတ်စျာန်များလည်း ဂရုကံပင် ဖြစ်သည်ဟု ဟောကြားတော်မူသည်။

ဤကား ဒုစရိုက် သုစရိုက်အတွက် အပြစ် အကျိုးညီမျှချက်ပေတည်း။

အကျဉ်းချုပ်ဆိုလိုချက်မှာ လူသားတို့၏ ပညတ်ချက်သည် (သဘာဝ၏ အရေးယူမှုမျိုးနှင့် မတူဘဲ) နှိပ်ကွပ်ရေးဘက်တွင် သွေး

ဆာသလောက် ချီးမြှင့်ရေးဘက်တွင် ပေါဟာဟာရှိသည်။ လူသား လောကရာဇူကြီးတွင် နှိပ်ကွပ်ရေးချိန်ခွင်ခွက်ကြီးမှာ လေးချင် တိုင်း လေးနေပြီး ချီးမြှောက်ရေးချိန်ခွင်ခွက်ကြီးတွင် ပေါ့ချင် တိုင်း ပေါ့နေသည်ဟူ၍ဖြစ်၏။

### ပဂ္ဂဟ–အနုဆေး

နိဂ္ဂဟ ပဂ္ဂဟ အလေးညီအောင် စီမံသင့်သည်ဟူ၍ အဆိုပြု ချက်၌ လူ၏အခြေခံသဘောတရားများကို နိုက်နိုက်ချွတ်ချွတ် ကြည့်မြင်တတ်ပါမှ လေးနက်စွာ ခံယူလုပ်ဆောင်နိုင်ရာသည်။ လူတွင် ဒေါသရှိသလို မေတ္တာလည်း ရှိသည်၊ လောဘရှိသလို ဒါနလည်း ရှိသည်၊ မာနရှိသလို နိဝါတလည်း ရှိ၏။ အရှက် အကြောက်မဲ့မှု (အဟိရိက၊အနောတ္တပ္ပ)နှင့် ရှက်တတ်မှု၊ ထိတ်လန့် သံဝေရမှုတို့သည် တဖက်စီမှနေပြီး လူသားအား လွန်ဆွဲသလို ဆွဲနေကြသည်။ ဂုဏ်ယူတတ်သောစိတ်၊ ထိုစိတ်ဖြင့် မိမိကိုယ်ကို မှန်ကန်စွာ ပွဲကိုင်ထိန်းသိမ်းတတ်သော ဝသီသည် လူတွင်ရှိ၏၊ ဖိနှိပ်မှုကို ခံပြင်းတတ်သလို ချီးမြှောက်မှုတွင်လည်း နှစ်သိမ့်ကြည်နူး တတ်၏။

လူမှုဒုစရိုက်များ ကင်းရှင်းစေရာ၌ (ဝါ) လူသားလောကအား ငြိမ်းချမ်းသာယာစေရာ၌ အထက်တွင် အမြွက်မျှဖော်ပြအပ်သော လူ့အခြေခံသဘောတရားကို မေ့ထား၍မဖြစ်ပေ။ လူတွင် ကောင်း သောလက္ခဏာများ ရှိပေသည်။ ထိုကောင်းသောလက္ခဏာများ၊ ပြည်းသူ့နီတိစိတ်ဓာတ်များကို 'မက်လုံး' များဖြင့် ဆွဲထုတ်ပေးရ

ပေမည်။ လူတိုင်းသည် ဘုရားအလောင်းအရင့်အမာများ မဟုတ်ကြောင်းကို အစဉ်သတိချပ်သင့်သည်။

လူ၏ ပင်ကိုယ် သဘာဝကောင်းများကို တိုင်းပြည်အတွက် အသုံးဝင်လာအောင် ဖန်တီးရာတွင် အကောင်းဆုံးသော အနုနည်းမှန်သည် ထိရောက်သော ပဂ္ဂဟာစနစ်ကို အသုံးပြုခြင်းပင်ဖြစ်သည်။ ပဂ္ဂဟာအနုဆေး ထိရောက်လာလျှင် နိဂ္ဂဟာကိုပင် သိပ်ပြုရန် လိုတော့မည်မဟုတ်။ လူမှုဒုစရိုက်များ သိသိသာသာ လျော့နည်းလာမည် စင်းစင်းတည်း။

ဒုစရိုက်မှုကို ကိုယ်ပိုင်အသိဖြင့် ဆင်ခြင်ပြီး မကျူးလွန်ဖြစ်အောင် စနစ်တကျ စီမံထားနှင့်ခြင်းနှင့် ဒုစရိုက်ဖြစ်ပြီးခါမှ ဒဏ်ခတ်ဆုံးမခြင်းတွင် ဘယ်သင်းက ပို၍လိုလားအပ်ပါသနည်း။

ဤမေးခွန်းအတွက် ထူးထူးထွေထွေ ဖြေရန်ပင် မလိုချေ။ ကိုယ့်အသိနှင့် ကိုယ် ဒုစရိုက် ကင်းအောင်နေလျှင် အကောင်းဆုံးဟူသောအဖြေကို လူတိုင်းနားလည်ကြ၏။ သို့သော် ဤသို့ဖြစ်စေရန် မည်သို့ စီမံသင့်သည်ဟူသောအချက်၌မူ အယူအဆ တူညီကောင်းမှ တူညီပေမည်။

ဤစာရေးသူယူဆချက်မှာ အထက်ပါပြဿနာအတွက် နိဂ္ဂဟာ ပဂ္ဂဟာ အလေးညီစေမှုသည်သာ (ဂါ) ပဂ္ဂဟာကိစ္စကို ယခုထက်တိုးမြှင့်ကျယ်ပြန့်စေခြင်းသည်သာ မှုမှန်လိုအပ်ချက်ဖြစ်သည်ဟူ၍ ဖြစ်၏။ လူမှုပညတ်ချက်အရ နိဂ္ဂဟာ ပဂ္ဂဟာ အလေးညီလာခဲ့လျှင် လူ့လောက၌ လူမှုဒုစရိုက်များ သိသိသာသာကြီး လျော့နည်းရမည် မလွဲတည်း။

လူသားသည် မိမိကိုယ်တိုင်အတွက်နှင့် ပတ်ဝန်းကျင်လူသားအတွက်ပါ ငြိမ်းချမ်းသာယာရေး၊ ဘေးဘျမ်းကင်းကွာရေး၊ ပူဆာကင်းပျောက်ရေးတို့ကို လိုလားအပ်၏။ သို့ဖြစ်၍ မိမိကိုယ်တိုင်၎င်း၊ ပတ်ဝန်းကျင်အပေါ်တွင်၎င်း၊ နိဂ္ဂဟ ပဂ္ဂဟ အလေးညီသောစနစ်ဖြင့် ပြုပြင်ရပေမည်။

သားငယ်ကို လိမ္မာယဉ်ကျေးအောင် ပဲ့ပြင်လိုသောမိခင်၌ လက်တဖက်တွင် ဒုတ်ကိုင်ထားရမည်ဖြစ်သော်လည်း အခြားလက်တဖက်၌ မုံ့ပဲသွားရည်စာ ကိုင်၍ပေးရမည်။ ဒုတ်ကိုင်ရန် လိုအပ်သည်မှာ သတ္တဝါတို့တွင် 'ပါပသ္မိံ ရမတိ မနော'ဆိုသည့်အတိုင်း မကောင်းမှု၌ မွေ့လျော်သည့် စိတ်ဆိုးညာဉ်ဆိုးကလေးများပါလာမြဲဖြစ်၍ ၎င်းကို 'ဖိ'ပေးရန်လည်း လိုသောကြောင့်ဖြစ်၏။ သို့သော် 'ဖိ'လွန်းလျှင် ကြွတက်သောသဘာဝကို၎င်း၊ လိမ္မာယဉ်ကျေးမှု၏ တန်ဖိုးကို နားလည်ဂုဏ်ယူသဘောပေါက်ပြီး အလိုလို တော်တည့်ဖြောင့်မတ်လာတတ်သည်ကို၎င်း ဂရုပြုကာ အခြားလက်တဖက်ဖြင့် ကလေး၏ ကောင်းကွက်ကို တွေ့တိုင်း ဆုချပေးနိုင်ရန် မုံ့ကိုင်ထားရခြင်းဖြစ်၏။

ဤသဘောအတိုင်းပင် နိဂ္ဂဟ၊ ပဂ္ဂဟ အလေးညီညီ စီမံချထားပေးပါက လူ့လောက၌ ဒုစရိုက်မှုများ အလိုလိုလျော့နည်းရချေမည်။ ပဂ္ဂဟစနစ်ထိရောက်မှုရှိ၍ လူကောင်း သူကောင်း ရောင်ခြည်ကျယ်ပြန့်လာလေလေ လူဆိုး သူဆိုးတို့၏ မှောင်ထုမှာ ကျဉ်းမြောင်းပျောက်ကွယ်သွားလေလေ ဖြစ်ရပေမည်။ လူထုအတွက်၊ တိုင်းပြည်အတွက် သက်စွန့်ကြိုးပမ်း၍ တကယ်လုပ်မည့်သူတွေလည်း ပိုမိုထွန်းကားလာမည် ဖြစ်ပါသတည်း။

## ကံသည် အကျိုးတရားကို ချက်ခြင်းဖော်ထုတ်သလော

ကံ၊ ကံ၏အကျိုး ဆက်သွယ်မှုတွင် ဗုဒ္ဓဘာသာတိုင်းလိုလိုပင် ဘုရားမြတ်အလိုတော်ကျအတိုင်း မှန်ကန်စွာ နားလည်ထားရင်း ရှိခဲ့၏။

ကောင်းသော အလုပ် (ကုသိုလ်ကံ)၊ ဆိုးညစ်သောအလုပ် (အကုသိုလ်ကံ)တို့၏ အကျိုးတရား ဖြစ်ထွန်းစေမှုနှင့်ပတ်သက်၍ ဓမ္မပဒဒေသနာတော်တွင် မြတ်ဗုဒ္ဓ ဤသို့ဟောကြားထား၏။

ပါပေပိ ပဿတိ ဘဒြံ၊ ယာဝ ပါပံ န ပစ္စတိ။

ယဒါ စ ပစ္စတိ ပါပံ၊ အထ ပါပေါ ပါပါနိ ပဿတိ။

(ဂါထာ ၁၁၉)

မကောင်းမှုကိုပြုလုပ်ထားသူပင်ဖြစ်လင့်ကစား ထိုအကုသိုလ်ကံ ရင့်ကျက်လာပြီး ဆိုးပြစ်ကိုထုတ်ဖော်၍ မပေးမီအချိန်ပိုင်း၌ ချမ်းသာသုခကို တွေ့မြင် ခံစားရရှိနေတတ်၏။ သို့သော်လည်း ပြုလုပ်ခဲ့သော ဒုစရိုက်ကံ ရင့်ကျက်၍ သူ၏သတ္တိကိုပြသလာသော အခါ ဆိုးညစ်သော ကံပိုင်ရှင်သည် ယုတ်မာဆိုးဝါးသော ဆင်းရဲ ဒုက္ခအမျိုးမျိုးကို တွေ့မြင်ခံစားရရှာတော့သည်။

ဘဒြောပိ ပဿတိ ပါပံ၊ ယာဝ ဘဒြံ န ပစ္စတိ။

ယဒါ စ ပစ္စတိ ဘဒြံ၊ အထ ဘဒြော ဘဒြာနိ ပဿတိ။

(ဂါထာ ၁၂၀)

ကောင်းသောအမှုကို ပြုလုပ်ဆောင်ရွက်ထားသည် ဖြစ်စေ၊ ထိုကောင်းမှုကုသိုလ်ကံ မရင့်ကျက်သေးသဖြင့် ကောင်းကျိုးသုခကို ပေးအပ်ဆက်နှင်းနိုင်ခြင်းမရှိသေးမီအတွင်း ဆင်းရဲဒုက္ခကို တွေ့ကြုံ ရတတ်၏။ သို့တစေလည်း ပြုထားသောကုသိုလ်ကံ ရင့်ကျက်လာ၍

သူ၏အကျိုးတရားကို ဖော်ထုတ်လာသောအခါ သုစရိုက်ကံသခင် လူသားသည် ချမ်းသာသုခဟူသမျှကို အားရပါးရ တွေ့မြင်ခံစား ရပေသည်။

ကြားကာလတွင် စံစား ခံစားရသော အကျိုးတရားများမှာ ယခင့် ယခင်က ပြုလုပ်ခဲ့ပြီး ရင့်ကျက်နှင့်သော ကံတမျိုးမျိုး ကြောင့်၎င်း၊ ဉာဏ် ဝီရိယအကြောင်းဆက်ကြောင့်၎င်း ဖြစ်ပေ၏။

အထက်ပါဒေသနာတော်၌ 'ယာဝ ပါပံ န ပစ္စတိ၊ မကောင်း မှုကံ ရင့်ကျက်မှုမဖြစ်မီ' 'ယာဝ ဘဒြံ န ပစ္စတိ၊ ကောင်းမှုကံ မရင့် မကျက်မီ' ဟူသော စကားတို့မှာ ကံတခုသည် ရင့်ကျက်လာမှသာ အကျိုးကို ဖြစ်စေနိုင်သည် (ဝါ) ငြုတ်သီးစပ်သလို လတ်တလော တထိုင်တည်း အကျိုးပေးနိုင်ခြင်းမရှိဟု ထင်ထင်ရှားရှား ဟောပြ ထားခြင်းဖြစ်၏။

ဤသို့ တိုက်ရိုက် ဟောပြထားသော ဘုရားမြတ်တရားတော် အရ၎င်း၊ နေ့စဉ်တွေ့မြင်နေကြရသော လက်တွေ့ကျသည့် အချက် အလက်ပေါ် သုံးသပ်၍၎င်း၊ ကံတခုသည် ချက်ခြင်းလက်ငင်း ဒရောသောပါး အကျိုးကို မပေးအပ်နိုင်ကြောင်း ယထာဘူတ ကျကျ ဗုဒ္ဓသာသနာဝင်များက ခံယူထားကြပေသည်။

ထိုမှတပါး တာဝတိံသာနတ်ရွာ၌ မယ်တော် မိနတ်သားနှင့် တကွ နတ်ဗြဟ္မာပညာရှိများအား၎င်း၊ လူ့ပြည်တွင် လကျ်ာ တော်ရံ ရှင်သာရိပုတ္တရာအား၎င်း၊ ရှင်သာရိပုတ္တရာမှတဆင့် ရဟန်း ငါးရာတို့အား၎င်း စတင်ထုတ်ဖော် ဟောပြခဲ့သော သဘာဝ ဒေသနာတော်ဖြစ်သည့်အဘိဓမ္မာတရားတော်အရလည်း ကံအကျိ

တရား၏ သန့်စင်ဖွားမြောက်လာပုံ အခါကာလအမျိုးမျိုးကို သိရှိမှတ်သားနိုင်ပေသေးသည်။

## ချိန်ကွဲကျိုးဖန် ကံသုံးတန်

ကောင်းမှုကံဖြစ်စေ၊ မကောင်းမှုကံဖြစ်စေ၊ ကံတခုသည် သူ၏ အကျိုးတရားကို–

၁။ လက်ရှိဘဝအတွင်း တချိန်ချိန်မှာ ဖော်ထုတ်သည်လည်း ရှိ၏။ ၎င်းကို ဒိဋ္ဌဓမ္မ ဝေဒနီယကံဟု ပါဠိလို ခေါ်၏။ မျက်မှောက်ဘဝမှာပင် အကျိုးကို ခံ၊ စံနိုင်စေရန် စွမ်းရည်ရှိသော ကံဟူ၍ ဆိုလို၏။

၂။ အချို့သောကံသည် ပစ္စုပ္ပန်ဘဝ၌ အကျိုးတရားကို ထုတ်ဆောင်အပ်နှင်းနိုင်ခြင်းမရှိ၊ ဒုတိယ ဘဝကျမှသာ ၎င်း၏ တန်ခိုးကို ပြသနိုင်၏။ ဤကံမျိုးကိုမူ နောက်ဘဝကျမှ ခံ၊ စံရမည့်အကျိုးကို ဖြစ်ထွန်းစေသည့်အတွက် ဥပပဇ္ဇ ဝေဒနီယကံဟူ၍ သတ်မှတ်သည်။

၃။ ကံတမျိုးမှာမူ ယခုဘဝမှာရော နောက်ဘဝမှာပါ သူ၏ အကျိုးတရားကို တုတ်ဖော်နိုင်ခြင်းမရှိ။ ရင့်ကျက်ရန် အချိန်လိုနေသေးသောကြောင့် ဖြစ်၏၊ ထိုကံမျိုးသည် တတိယဘဝမှစပြီး ကံပိုင်ရှင်လူသား နိဗ္ဗာန်မရ မရောက်သေးမီ ကြားကာလတချိန်ချိန်၌ အကျိုးပေးရန် အားစုနေရပေသည်။ အားပြည့်၍ ရင့်ကျက်လာသည်နှင့်တပြိုင်နက် ကောင်းသောကံဖြစ်က ကောင်းကျိုးချမ်းသာ

သီးပွင့်ကို ဝေဆာစေပြီး၊ဆိုးညစ်သော အကုသိုလ်ဖြစ်က မကောင်းကျိုးကို အညှိုးနှင့်ဖော်ထုတ်ပေသည်။ 'အပရာပရိယဝေဒနီယကံ' ဟူသည်မှာ ဤကံမျိုးဖြစ်ပေသည်။

ဆိုခဲ့ပါကံတို့သည် မိမိတို့သက်ဆိုင်ရာ အချိန်ပိုင်းအတွင်း၌ အကျိုးပေးရစမြဲဖြစ်၏။ အဘိဓမ္မာပါဠိတော်၊ (ကထာဝတ္ထု)၌–

ဒိဋ္ဌဓမ္မ ဝေဒနိယံ ကမ္မံ ဒိဋ္ဌဓမ္မဝေဒနိယဋ္ဌေန နိယတန္တိ၊ အာမန္တာ။

စသည်ဖြင့် ဝေဖန်ဟောပြထား၏။

မျက်မှောက်ဘဝတွင် အကျိုးပေးနိုင်စွမ်းရှိသော ကံတခုသည် မျက်မှောက်ဘဝမှာပင် အကျိုးပေးခြင်းသဘောနှင့် မြဲရဲ့လား။ (ဝါ) မျက်မှောက်ဘဝမှာပင် အကျိုးပေးရဲ့လား (မေး)။

အစွမ်းရှိသောကံသည် သူ၏အကျိုးကို ထုတ်ဖော်ရန် ပျက်ကွက်ခြင်း မရှိပါ၊ မြဲပါသည်၊ အကျိုးပေးပါသည် (ဖြေ)။

ဤတွင် သက်ဆိုင်ရာ အချိန်ပိုင်းနှင့် ကံ၏ရင့်ကျက်မှု အရည်အချင်းကို သတိပြုရန်လို၏။ သက်ဆိုင်ရာအချိန်ပိုင်း၌ ရင့်ကျက်ရမည့်ကံသည် တကယ်ရင့်ကျက်လာပါက ယင်းသို့ရင့်ကျက်သည်နှင့် တပြိုင်နက် အကျိုးတရားတို့ဖြစ်ထွန်းစေသည်။ ရင့်ကျက်ပြီးနောက် အချိန်ဆွဲနေသည် (ဝါ) ရင့်ကျက်ပြီးမှ အကျိုးမပေးလိုက်ရပဲ ပျက်စီးသွားသည်ဟူ၍ မရှိချေ။

အဟောသိကံ

သို့သော် သက်ဆိုင်ရာ အချိန်ပိုင်းအတွင်း၌ မရင့်ကျက်နိုင်သော ကံတို့လည်း ရှိပေသည်။ ရင့်ကျက်ဖို့ အလားအလာရှိသော်လည်း မိမိထက် အားကြီးလှသော ဆန့်ကျင်ဘက် ကံတမျိုးမျိုးတို့က (အကုသိုလ်ကံနှင့် ကုသိုလ်ကံဆန့်ကျင်ဘက်တည်း) အလဲထိုးလိုက်သဖြင့် ပျက်စီးသွားရသောကံတို့လည်း ရှိပေ၏။

ယင်းသို့ မရင့်မကျက်နိုင်သောကံ၊ အဖျက်အဆီးခံရသောကံတို့သည် မိမိတို့နှင့် သက်ဆိုင်ရာ ကောင်းကျိုးဆိုးပြစ်ကို ဖော်ထုတ်နိုင်သည့် အခွင့်အရေးကို စွန့်လွှတ်ကြရ၏။ ကံအနေဖြင့် ဖြစ်ခဲ့ရသော်လည်း အကျိုးတရားကို ဖော်ထုတ်နိုင်ခြင်း မရှိတော့သောကြောင့် အလကားကံ၊ အချည်းအနှီးကံတို့ဖြစ်ရသည်။ အပွင့်သာပွင့်နိုင်ပြီး အသီးအဖြစ်သို့ မရောက်လာနိုင်သကဲ့သို့တည်း။ ဥ သာဖြစ်လာပြီး အကောင်မပေါက်နိုင်သည့် လေဥ ပမာတည်း။ ဤသို့သော ကံမျိုးကို ပါဠိလို အဟောသိကံဟူ၍ ခေါ်ပေသည်။

ဤ၌ ရှင်အင်္ဂုလိမာလ၏ လူသတ်မှု အကုသိုလ်ကံတို့သည် ရှင်အင်္ဂုလိမာလ ရဟန္တာဖြစ်သွား၍ အကျိုးမပေးနိုင်ကြသောကြောင့် အဟောသိကံဖြစ်သွားပုံကို သတိရနိုင်၏။

အဘိဓမ္မာနည်းအရ ဝီထိတခုတွင် ပါဝင်သော ဇောစိတ် ခုနစ်ကြိမ်အနက် ပထမ ဇောစိတ်နှင့်ယှဉ်သော စေတနာ ကံသည်

ဒိဋ္ဌဓမ္မအကျိုးပေး၏။ သတ္တမဇောဥ္ယှဉ်သော စေတနာကံသည် ဥပပဇ္ဇ (ဒုတိယဘဝ၌ အကျိုးပေးသောကံ)ဖြစ်၏။ အလယ်ဇော ၅-ချက်၌ယှဉ်သော စေတနာကံတို့သည် အပရာပရိယ(နိဗ္ဗာန်မရမီ ဘဝတခုခု၌အကျိုးပေးသောကံ)ဖြစ်သည်။ ထိုကံတို့သည်ပင် မရင့်မကျက်နိုင်လျှင် အဟောသိကံ ဖြစ်သွားကြသည်။

ဤ၌ အရေးကြီးသော သင်ခန်းစာမှာ အကုသိုလ်လုပ်မိလျှင် မတိုးပွားအောင် တိုတိုနှင့်ဖြတ်၊ ကံမရင့်ကျက်နိုင်၍ (အား မကောင်း၍)အကျိုးမပေးနိုင်ဘဲ အဟောသိကံဖြစ်သွားလိမ့်မည်။ ကုသိုလ်ကောင်းမှုလုပ်ပြီးလျှင် အထပ်ထပ်ပွားအောင် အားဆင့်ပေး၊ သို့မှသာ အားစွမ်းရည် တိုးတက်ရင့်ကျက်လာပြီး ကောင်းကျိုး ပေးမည်။ ဤအချက်ကို အထူး မှတ်သား၍ လက်တွေ့ကျင့်သုံးသင့်ပေသည်။

**လေးပါးအင်္ဂါ**

ဒိဋ္ဌဓမ္မ ဝေဒနိယကံနှင့် ပတ်သက်၍....

၁။ စေတနာစင်ကြယ်ထက်သန်ခြင်း၊
၂။ တရားသဖြင့် ရရှိထားသော လှူဘွယ်ဝတ္ထုဖြစ်ခြင်း၊
၃။ အလှူခံပုဂ္ဂိုလ်မှာ အနာဂါမ်၊ သို့မဟုတ် ရဟန္တာဖြစ်ခြင်း၊
၄။ နိရောဓသမာပတ်မှ ထပြီးခါစဖြစ်ခြင်း။

ဤအင်္ဂါလေးရပ်နှင့် ပြည့်စုံသော ဒါနကုသိုလ်ကံသည် ခုနစ်ရက်အတွင်း အကျိုးပေးမြဲဖြစ်သည်။ သို့သော် အင်္ဂါ(၃)နှင့် (၄) သည် ယခုခေတ်၌ပြည့်စုံရန် မလွယ်ပေ။

အထက်တွင် သုံးသပ်ဖော်ပြခဲ့ပြီးသော ပါဠိတော်ကြီးများ၏ အဆိုအမိန့်အရ မည်သည့်ကံမျှ လောလောလတ်လတ် အကျိုးမပေးနိုင်ကြောင်း နားလည်နိုင်ပြီ။

လက်တွေ့ကျသော အဖြစ်အပျက် အထောက်အထားများအရ လည်း အလုပ်(ကံ)ကို လုပ်လျှင်လုပ်ချင်း စက္ကန့်မဆိုင်း မိနစ်မဆိုင်း ဝုန်းဝုန်းဒိုင်းဒိုင်း ချက်ခြင်း အကျိုးပေးခြင်းမရှိကြောင်း ပြတ်သားစွာ သိမြင်နိုင်ကြ၏။

ပါဏာတိပါတကံကို အခု ကျူးလွန်-ခု ချက်ခြင်း အသက်တို-ခု ရောဂါထူပြောခြင်းမရှိမှု၊ ခု အလှူပေး-ခု ထပြီး ချမ်းသာခြင်း မရှိမှု၊ အခု ဝါပင်စိုက်-အခု ချက်ခြင်း အဝတ်အထည် ဖြစ်လာမှု မရှိနိုင်ခြင်း စသောအားဖြင့် အလုပ်(ကံ)နှင့်ဆိုင်ရာ စဉ်းစားပါလေ။

အကျဉ်းချုပ်အားဖြင့် ရိုးရိုး ကမ္မဝါဒနှင့်ပတ်သက်၍ ကျမ်းဂန်များအရင်း၊ လက်ရှိ လောကဖြစ်ရပ်များအရင်း အလုပ်(ကံ) တခုသည် ပူပူလောလော အကျိုးပေးနိုင်ခြင်းမရှိ။ အကျိုးပေးမြန်ဆန်လှသောကံသော်မှ ခုနစ်ရက်အတွင်း၌ အကျိုးပေးသည်။ ဘာအကျိုးကိုမှ ပေးအပ်ခြင်းမရှိသော ရင့်ကျက်ခွင့်မရသည့် ကံတွေလည်း ရှိသည်ဟု သိရပေသည်။

## ကံ၊ ကိစ္စ လေးမျိုး

အထက်တွင် တင်ပြခဲ့သည်မှာ လူသားတို့ နေ့စဉ် လုပ်ကိုင် ပြောဆို တွေးကြံမှု၌ စိတ်ဖြစ်တိုင်း ပါဝင်နေသော စေတနာကံ၏ အကျိုးပေးချိန်ကာလကို ခွဲပြခဲ့ခြင်းဖြစ်၏။

ဤစေတနာကံသည် အကျိုးပေးချိန် ကာလအားဖြင့်သာ ကွဲပြားသည်မဟုတ်သေး၊ ဆောင်ရွက်ချက်လုပ်ငန်းအနေဖြင့်လည်း ကွဲပြားလျက်ရှိသည်။

အကျိုးတရပ်ကို ကိုယ်တိုင်ဖြစ်ပေါ်စေသည့်ကံမျိုးလည်းရှိ၏။ စိတ်တွေ၊ ရုပ်တွေကို ထိုက်သင့်သလို ဖြစ်ပေါ်လာစေသည့် ဤကံမျိုးကို ဇနကကံဟု ခေါ်ပါသည်။ အချို့ကံမျိုးမှာမူ မိမိကိုယ်တိုင် အကျိုးကိုမဖြစ်စေဘဲ အခြားကံများအကျိုးပေးခွင့်ရအောင် ကူညီပေးပါသည်။ ဤကံမျိုးကို ဥပတ္ထမ္ဘကကံဟု ဆိုပါသည်။ ကုသိုလ်ကံက အခြားသော ကုသိုလ်ကံကို ထောက်ခံပေးပြီး အကုသိုလ်ကံက အခြားသော အကုသိုလ်ကံ ရင့်ကျက်အားသန်လာအောင် ကူညီပါသည်။

အချို့သောကုသိုလ်ကံသည် အကုသိုလ်ကံ အကျိုးပေးခွင့်မရအောင်၊ ပေးထားသည့်အကျိုး မဖွံ့ဖြိုးအောင် ကပ်၍နှိပ်စက်ဘိတ်သည်။ အချို့သောအကုသိုလ်ကံလည်း ကုသိုလ်ကံအကျိုးမပေးရအောင်၊ မထွန်းကားအောင် ကပ်၍ညှဉ်းဆဲဘိတ်ပြန်ပါသည်။ ထိုသို့ အခြားသော ဆန့်ကျင်ဘက်ကံကို နှိပ်စက်ဟန့်တားသည့်ကံ ၂-မျိုးကို ဥပပီဠကကံဟု သတ်မှတ်ကြ၏။

အင်အားကြီးလှသည့် ကုသိုလ်ကံသည် အကုသိုလ်ကံစွမ်းကို တခါတည်း ဖြတ်ချတတ်၏။ အားကြီးသော အကုသိုလ်ကံက လည်း အားပျော့သော ကုသိုလ်ကံသတ္တိစွမ်းရည်ကို ပယ်ဖျက် နိုင်သည်။ ကံတပါး၏စွမ်းရည်ကို ဟန့်တားဖျက်ဆီးသော ဤကံ မျိုးကို 'ဥပစ္ဆေဒကကံ'ဟု သမုတ်ကြသည်။

ခန္တီဝါဒီ ရှင်ရသေ့ကို စော်ကား၍ ကလာဗုမင်း မြေမျို သေရခြင်းသည် ကုသိုလ်ကံကျိုးဖြစ်သော လူ့ဘဝကို အကု သိုလ်ကံက ဖြတ်ချလိုက်ခြင်းတည်း။ ရှင်အင်္ဂုလိမာလ အရဟတ္တ မဂ်ဉာဏ် (ကုသိုလ်)ကို ရသောအခါ လူသတ်မှုအကုသိုလ်များ ပျက်ပြယ်ကုန်၏။ ကုသိုလ်က အကုသိုလ်ကို သတ်ခြင်းမျိုးတည်း။

ဤကား လုပ်ငန်းကိစ္စအားဖြင့် 'ကံ'လေးမျိုး ခွဲခြင်းတည်း။

## အလှည့်ကျ တာဝန်ယူသော ကံလေးမျိုး

ထို့ပြင် လာမည့်ဘဝသစ်၌ အလှည့်ကျ အကျိုးပေးမှုနှင့် စပ်လျဉ်း၍လည်း 'ကံ'လေးမျိုး ခွဲကြသေး၏။ မိဘကို သတ်ခြင်း ကဲ့သို့ အပြစ်ကြီးလေးသော 'ပဉ္စာနန္တရိယကံ'၊ ဈာန်ရခြင်းကဲ့သို့ ထွတ်မြတ်သော'မဟဂ္ဂုတ်ကံ'တို့သည် အခြား မည်သည့်ကံကိုမျှ အခွင့်မပေးဘဲ မိမိတို့ကိုယ်တိုင် ပဋိသန္ဓေကျိုး ပေးကြသည်။ ဤကံမျိုးကို ဂရုကံ (အင်အားစွမ်းရည် ကြီးလှသော ကံ) ဟု ခေါ်သည်။

ကြီးလေးသည့်ကံ မရှိသောလူများ၌ သေခါနီးတွင် ပြုလုပ် သော၊ သေခါနီးတွင် ပေါ်လာသော (ကုသိုလ်၊ သို့မဟုတ်

အကုသိုလ်)ကံက ဘဝသစ်၌ အကျိုးပေး၏။ ပဋိသန္ဓေဝိညာဉ်ကို ဖြစ်စေ၏။ ဤကံမျိုးကို'အာသန္နကံ'ဟု ခေါ်၏။ဘဝကူးကောင်း ရေးအတွက် အထူးသတိပြုရမည့် အချက်တည်း။

အကယ်၍ သေခါနီး၌ ထူးထူးခြားခြား အာသန္နကံမရှိလျှင် တဘဝတာလုံး မိမိ လေ့ကျက်ခဲ့သည့် (ကုသိုလ် သို့မဟုတ် အကုသိုလ်)ကံတမျိုးမျိုးက ဝင်လာပြီး ဘဝသစ်အတွက် အကျိုး (ပဋိသန္ဓေဝိညာဉ်)ကိုဖြစ်စေသည်။ဤကံမျိုးကို အာစိဏ္ဏကံ (အလေ့အကျက်များခဲ့သောကံ)ဟု ဆိုသည်။

ထိုသုံးမျိုးမှ အလွတ်ဖြစ်သော ကံတမျိုးကို ကဋတ္တာကံ (ပြုကာမတ္တ၊ဖြစ်ကာမတ္တ ကံ) ဟု ခေါ်လေသည်။ အထက်ပါ ကံသုံးမျိုး အကျိုးပေးခွင့်မကြုံလျှင် ဤကဋတ္တာကံများက အကျိုးပေးကြလေသည်။

နေ့စဉ် ဘဝတွင် လက်တွေ့အသုံးကျရုံမျှ အကျဉ်းတင်ပြပါသည်။ အကျယ်ကိုမူ အဘိဓမ္မာသင်္ဂြိုဟ် စသည်၌ ရှုပါ။

## အလုပ်အထွေထွေနှင့် ဘဝအခြေအနေ

ကျွန်ုပ်တို့၏ လက်ရှိလူသားလောကကို လေ့လာသုံးသပ်ကြည့်မည်ဆိုလျှင် နိုင်ငံတိုင်းရှိ သက်ရှိလူသားဟူသမျှသည် တပုံစံတည်း၊ တသွေးတရောင်တည်း မဟုတ်ချေ။

## လူချင်းမတူ

အချို့မှာ အသက်တိုတောင်း ဘဝပြောင်း မြန်ဆန်လှ၏။ အချို့မူကား ရှင်လန်းကျမ်းမာ သက်ဇိုးရှည်လှစွာ၏။ တရွာထဲနေ

တရေထဲသောက် လူသားချင်းအတူတူပင် ဖြစ်သော်လည်း ချုနာရှုနာသမားနှင့် ကျားကျားယားယား ခပ်ထွားထွားရှိသူဟူသော ကွဲပြားချက်ကိုလည်း တွေ့ကြရမည်ပင်ဖြစ်သည်။ လူအချို့မှာ အသစ်အမြစ် ပြေပြစ်လှပ အချိုးကျသလောက် တချို့မှာ ကတ်သီးကတ်သတ် အရုပ်ဆိုးတတ်၏။ ဟောမရ ပြောမရ သင်ကြားပြသ၍ မရနိုင်လောက်အောင် နုံလှသူ ထုံလှသူရှိသလို ချက်ဆို နားခွက်က မီးတောက်သည့် လူသားများလည်း ရှိကြ၏။ တဝမ်းတခါးအတွက် မပူမပင် မကြောင့်မကြရသူရှိသည့်နည်းတူ လူချင်းတူအောင် မစားရ မဝတ်ရ မနေရရှာသော လူ့ဒုက္ခိတများလည်း ဤကမ္ဘာတွင် မနည်းလှပေ။

## ဥာဏ်မှီသမျှ အဖြေရှာကြ

ဤကဲ့သို့ လူနှင့်လူချင်း အရာရာတိုင်းမှာ ထပ်တူညီမျှ မဖြစ်နိုင်ခြင်း၏ပြဿနာကို လူသားပညာရှင်တို့သည် မိမိဥာဏ်မှီသမျှ ကြိုးစားဖြေရှင်းခဲ့ကြလေပြီ။

အချို့သော ကမ္ဘာ့ပညာရှင်များက ဖန်ဆင်းရှင်ကို ရှာဖွေပြီး ဖန်ဆင်းရှင်၏ အလိုတော်အရ ဤကဲ့သို့သော လူ့စနစ်ကြီးဖြစ်နေရသည်ဟု 'ဖန်ဆင်းရှင်အကူအညီဖြင့်' ဖြေရှင်းပေးကြ၏။

လူ့ပြဿနာများသည် သူ့ဟာသူ ဖြစ်ချင်သလို ဖြစ်နေကြသည်။ လူတယောက် ကောင်းဘို့ ဆိုးဘို့အတွက် (အဟေတု) အကြောင်းကံ မရှိ၊ (အပစ္စယ)ကူညီထောက်ပံ့မှုလည်း မရှိ၊ လူမှာလည်း ဘာစွမ်းရည်မျှ မရှိဟု အချို့က ပြောပြကြ၏။

'ငှက်ပျောပင်စိုက် မိလိုက် ဖသာ' 'ဘမျိုး ဘိုးတူ ချိုကလေးနဲ့' ဆိုသကဲ့သို့ မိတူ ဖတူသဘောအရ မိဘက လူလျှင် သားသမီး လူပြီး၊ မိဘက ဉာဏ်ထိုင်းလျှင် သားသမီး ထုံတတ်သည်ဆိုသော ခံယူချက်မှာလည်း လူတိုင်းအပေါ် ပျံ့နှံ့ နိုင်လောက်အောင် ကျယ်ပြန့်ခြင်း မရှိချေ။ ထို့ပြင် 'တမိပေါက် တယောက်ထွန်း' 'လူချင်းတူပေသည့် အသက်ရှူကွဲသည်'ဟူသော ဗိုတိုအာဏာဖြင့် ပယ်ချခြင်းကိုလည်း ခံရပေသည်။

အချို့က ဦးနှောက်ကောင်း၍ ဉာဏ်ကောင်းသည်ဟု ရုပ်သာ ပဓာနအနေဖြင့် တင်ပြကြ၏။ သို့သော် ဦးနှောက် ဘာကြောင့် ကောင်းရသလဲဟု ထပ်ဆင့်မေးခွန်းထုတ်လာပါလျှင် စဉ်းစား ဉာဏ်ရှိသူတယောက်အား ကျေကျေနပ်နပ် လက်ခံနိုင်စေရန် အဖြေ ပေးနိုင်ကြမည်မဟုတ်ချေ။

အများအားဖြင့် ရုပ်ပိုင်းဆိုင်ရာ လောကဓာတ်သိပ္ပံပညာသည် ပြဿနာတရပ်နှင့်ပတ်သက်၍ 'ဘယ်လို'ဟူသော မေးခွန်းမျိုးကို သာ ဖြေကြားနိုင်ပြီး 'ဘာကြောင့်'ဟူသော ထပ်ဆင့်မေးခွန်းမျိုး နှင့် ကြုံရလျှင် ကျေလည်အောင် ဖြေဆိုနိုင်ခြင်း မရှိပေ။

ဥပမာ–လူသား ဘယ်လိုဖြစ်လာသလဲဟု မေးလျှင် အဖ သုက် သွေး၌ ပါရှိသော ခရိုမိုဆုန်း ၂၄၊ အမိသွေး၌ပါရှိသော ခရိုမို ဆုန်း ၂၄-တို့ ပေါင်းစပ်မိရာမှစပြီး အဆင့်ဆင့် တိုးတက်ကြီးပွား လာပုံကို လက်တွေ့သိပ္ပံနည်းကျကျ ပြသပေလိမ့်မည်။ သို့သော် ဘာကြောင့် လူဖြစ်ရပါသလဲဟူသော ထပ်ဆင့်မေးခွန်းမျိုးကို ဖြေ ဆိုရန်အတွက်မှာမူ သိပ္ပံကိရိယာများသည် လက်လှမ်းမမှီ ဖြစ်ရ လေသည်။

## မြတ်ဗုဒ္ဓ၏ အမြေမှန်

ပုထုဇဉ်လောကတွင် မရှင်းနိုင် မလင်းနိုင်အောင် ရှုပ်ထွေးနေသော အမယ်ဘုတ်၏ချည်ခင်ပမာ လူ့ပြဿနာများကို လုလင်ဘယောက်က မြတ်ဗုဒ္ဓအား မေးလျှောက်ခဲ့ဘူး၏။

ဗုဒ္ဓရှင်တော်မြတ်သည် လူ့ပြဿနာကို လူပေါ်မှာပင် အခြေစိုက်၍ဖြေဆိုခဲ့၏။ လူသားတွင်ရှိသော ရုပ်,နာမ်နှစ်ရပ်၏စွမ်းရည်ပေါ်၌ တည်မှီပြီး ပြည့်ဝမှန်ကန်စွာ ဖြေဆိုရှင်းလင်းခဲ့လေပြီ။

'အို...လုလင်၊ လူသားအသီးသီးသည် မိမိ၏ ကာယ, ဥာဏ လုပ်အားကို ပိုင်ဆိုင်ပေသည်။ မိမိကိုယ်တိုင် ပြုလုပ်သော ကောင်းသောအလုပ်၏ အကျိုးကျေးဇူးကို ခံစားရသည့်နည်းတူ ယုတ်မာသော အလုပ်၏ဆိုးပြစ်ကိုလည်း ခံယူကြရစမြဲဖြစ်၏။ သတ္တဝါတို့သည် မိမိတို့၏အပြုအမူ (ကံ) ပေါ်တွင် ရပ်တည်နေကြရသည်။ ကောင်းသော အလုပ်သည် လူ၏ အားအကိုးရဆုံးသော 'အရာ ဖြစ်၏။

လူသားတို့ကိုယ်တိုင် ပြုလုပ်နေကြသောအလုပ်(ကံ၊စေတနာ) အမျိုးမျိုးကပင် လူအမျိုးမျိုးအစားစား ကွဲပြားခြားနားမှုကို ဖန်တီးပေးသည်။ လူတဦး၏ ဖွားစာရင်းနှင့် သေစာရင်း မှတ်တမ်းဘင်ချိန်အတွင်းမှာ ထိုလူ၏ ကာယကံ, ဝစီကံ, မနောကံသည် အခြားလူတဦး၏ ကာယကံ,ဝစီကံ,မနောကံတို့နှင့် အရာရာမှာ မည်သည့်နည်းနှင့်မျှ တူညီခြင်းမရှိချေ။ ယင်းသို့ ပြုလုပ်သော အကြောင်းကံချင်းမတူကြသောကြောင့် လှ,မလှ၊ တော်,မတော်သော ဖြစ်ပေါ်လာသည့် အကျိုးတရားချင်း ကွဲပြားရသည်။

ထို့ကြောင့် သတ္တဝါတို့သည် တပြေးညီစွာ အဆင့်အတန်း တူညီခြင်း မရှိကြပေကုန်။

ထို့ပြင် သူတပါးအသက်ကို သတ်ဖြတ်ညှဉ်းဆဲခြင်းပြုလုပ်လေ့ရှိသူမှာ ဘဝအဆက်ဆက်၌ အသက်တို၍ အနာရောဂါ ထူပြောတတ်ပြီး ကြင်နာတတ်သည့် မေတ္တာလူသားမှာမူ ကျန်းမာ၍ အသက်ရှည်တတ်၏။ မျက်ကြူတ်ဒေါသ မုန်ပြင်းထလွန်းပါက ရုပ်ဝါမလှ ဖြစ်ရတတ်၏။ ငြူစူတ္တဿာ ထူပြောသူသည် တန်ခိုးနည်းပါးတတ်ပြီး သဘောထားပြည့်ဝသူမှာ ဘုန်းကြီး၍ အခြံအရံများတတ်၏။ ဝေခြမ်းပေးကမ်း သုံးစားလေ့ရှိသူမှာ ဥစ္စာဓနနှင့်ပြည့်စုံတတ်၏။ ငုံ့ဘသမားသည် ဘဝဆက်ကာ သံသရာ၌ဆင်းရဲကြုံတတ်၏။မာနခက်ထန်ပြီး မျက်မာန်ကြီးမားသူများမှာ စဏ္ဍာလမျိုး စသော အမျိုးယုတ်များ၌ဖြစ်ကြရပြီး ဂါရဝ,နိဝါတတရားလက်ကိုင်ထားသူများသည် အထက်တန်းစားများ ဖြစ်ကြရလေသည်။ ပညာရှိထံ ချဉ်းကပ်၍ မေးမြန်း မှတ်သားခြင်းပြုလေ့ရှိသူမှာ ဉာဏ်ပညာထက်မြက်၏။ ထိုသို့ မပြုခဲ့သူများ၊ သူတထူး၏ ပညာအခွင့်အရေးများကို ပိတ်ပင်ခဲ့သူများမှာ ဘဝအဆက်ဆက်၌ 'လူလေးကြီး'များသာ ဖြစ်ကြရ၏။

ဤသို့စသည်ဖြင့် လူနှင့်လူချင်း အရာရာတွင် ထပ်တူညီမျှမဖြစ်ကြခြင်း၏ပြဿနာကို လူ၏လုပ်ရှားမှုအပေါ်တွင်အခြေခံပြီး သဘာဝကျစွာ ဖြေဆိုဟောကြားတော်မူခဲ့လေပြီ။

ဆင်ခြင်တတ်သော ဉာဏ်ကို သုံး၍ ကံအမြင်သန့် ပြီး အလုပ်မှန်ကြပါစေသတည်း။

အကျဉ်းချုပ်။ ။ကံ–ဟူသည် လူသား၏ အလုပ်ပင်ဖြစ်၍ ကံမယုံဟု မယူဆသင့်ပေ။ ကံ၏အရင်းခံမှာ စေတနာပင်ဖြစ်သည်။ စေတနာကို ကာယကံရှင် လူသားကရင်း၊ ပတ်ဝန်းကျင်ကရင်း မွေးမြူပေးနိုင်သည်။ စေတနာယုတ်က လူမှုဒုစရိုက်များကို ဖြစ်လာစေသည်။ စေတနာကောင်းက ကောင်းသောအလုပ်များကို ဖော်ထုတ်ပေးသည်။ ကံ(အလုပ်)၏ ကောင်းကျိုး ဆိုးပြစ်ကို မျက်မြင်အားဖြင့်ပင် သိနိုင်သည်။ နိုပ်ကွပ်မှုနှင့် ချီးမြှောက်မှု ညီမျှစေသင့်သည်။ ယခုထက် ချီးမြှောက်မှုကို တိုးမြှင့်ပေးနိုင်လျှင် လောကကို ပို၍ငြိမ်းချမ်းလာစေမည်ဖြစ်သည်။

ကံသည် ရင့်ကျက်လာမှ အကျိုးကို ဖြစ်ထွန်းစေသည်။ ချက်ခြင်း အကျိုးမပေးချေ။ အဘိဓမ္မာအရ ကြည့်၍ပြောလျှင်မူကား ချက်ခြင်းပင် အကျိုးပေးသည်ဟု ဆိုနိုင်သည်။ သို့သော် ကံသည် အကျိုးပေးရာကာလအားဖြင့်ရင်း၊ စွမ်းရည်သတ္တိအားဖြင့်ရင်း၊ အကျိုးပေးရာအလှည့်အားဖြင့်ရင်း အမျိုးမျိုးရှိသည်။ ထို့ပြင် လူ့လူချင်း မတူညီမှု၊ လူတန်းစား မမျှတမှုများသည် လူတွေ ကံကို လုပ်ကြပုံချင်း မတူကြ၍သာ ဖြစ်ပေသည်။

အခန်း ၆

# လောကစိန္တာ နှင့် စိတ္တေဓာတုဗ္ဗာ

## လောကကြီးသုံးပါး

'လောက'ဟူသည် 'လုဇ္ဇတိ၊ ပလုဇ္ဇတိ'ဟူသော အထောက် အသားအရ ပျက်စီးတတ်သောအရာ ဖရမ်းဗတာ ပြိုကွဲတတ်သော အရာဟုဆိုလိုသည်။ ဖြစ်လာပြီး ဖြစ်လာတဲ့အတိုင်း ထာဝရတည် တံ့မနေဘဲ တချိန်ချိန်တွင် ကြေမွပျက်ပြုန်း လက်စတုံးတတ် သောအရာကို'လောက'ဟု ခေါ်ထားသည်။

လောကသည် သတ္တလောက၊ သင်္ခါရလောကနှင့် ဩကာသ လောကဟူ၍ သုံးမျိုးရှိသည်။ သတ္တလောကအရ'သတ္တဝါ'ဟူသည် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတို့ကို ကြိုက်တတ်သူ များဟု အဓိပ္ပာယ်ရသည်။ အာရုံများကို ကြိုက်နှစ်သက်သူများ ကို 'သတ္တဝါ'ဟု ခေါ်ပါသည်။ ထိုသတ္တဝါတို့သည် အကြောင်း တရားများ ပေါင်းဆုံညီညွတ်၍ ဖြစ်လာကြပြီး နောက် တချိန်ချိန် မှာ တနည်းနည်းဖြင့် သေဆုံးပျက်ပြုန်းသွားကြရစမြဲ မမွဘာဖြစ် ပါသည်။ ထို့ကြောင့် သတ္တဝါအပေါင်းကို သတ္တလောကဟု ဆိုပါသည်။

'ဩကာသ'ဟူသည် သတ္တဝါများတည်နေရာ ဒေသဖြစ်၏။ ရေ၊ မြေ၊ တောတောင်၊ တိုင်းပြည်၊ မြို့နယ်၊ အိမ်၊ကျောင်းစသည် တို့မှာ သတ္တဝါတို့၏တည်နေရာ 'ဩကာသ'များပင် ဖြစ်ကြပါ သည်။ ထို ရေမြေ တောတောင်စသော ကမ္ဘာ့နယ်ကြီး တရပ်လုံး သည်လည်း ပျက်စီးကုန်ဆုံးရမှု ဓမ္မတာကို မလွန်ဆန်နိုင်ကြချေ။ ထို့ကြောင့် အနန္တကမ္ဘာနှင့်တကွ ကမ္ဘာ့ နယ်ပယ်အားလုံးကို 'ဩကာသလောက'ဟူ၍ အမည်ပြုအပ်ပါသည်။

'သင်္ခါရ'ဟူသည် ပြုပြင်မှုသဘောဖြစ်ပါသည်။ ပြုပြင်သည် ဆိုကာဘည်းက ဖြစ်ပေါ်လာမှုနှင့် ပျက်စီးသွားမှု နှစ်မျိုး ပါဝင် လာသည်ပင်ဖြစ်သည်။ အဘယ်၌ ပြုပြင်သနည်းဟူမူ သတ္တဝါနှင့် ဩကာသတို့၌ ပြုပြင်ခြင်းဖြစ်၏။

သတ္တဝါများတွင် ငယ်ရာမှကြီးလာမူ၊သေဆုံးမှုစသည်ဖြင့် မြင် သာသော ပြုပြင်မှုများရှိသလို စက္ကန့်နှင့်အမျှ သတ္တဝါတို့၏ ကိုယ် ခန္ဓာရှိ သိစိတ်, သိနာမ်နှင့် ရုပ်တရားများ တဖွားဖွား ပြုပြင် ပြောင်းလဲနေမှုလည်း ရှိပေသည်။ ဩကာသလောကကြီးဖြစ် သော အိမ်ယာ၊ ကျောင်းကန်၊ ရေ၊ မြေ၊ တော၊ တောင်၊ နေ၊ လ၊ နက္ခတ်စသည်တို့လည်း အချိန်နှင့်အမျှ ပြုပြင်ပြောင်းလဲနေ ကြသည်သာ ဖြစ်ကြ၏။

ဤသို့လျှင် ထာဝရ မတည်မြဲ ပြုပြင်ပြောင်းလဲနေသော သဘောကို 'သင်္ခါရလောက'ဟူ၍ ဆိုအပ်ပါသည်။

ဤ လောကကြီးသုံးပါးတို့၏ ဖြစ်ပေါ်လာပုံ၊ တည်ရှိနေပုံ၊ ပျက်စီးနေပုံနှင့် နောင်ပျက်စီးမည့် အခြင်းအရာများမှာ အလွန် ဘရာမှ ဆန်းကြယ်လေးနက်ပြီး အသိခက်ပါဘိသည်။ ဤလောက

ကြီးသုံးပါး၏ အကြောင်းအရာ အခြေအနေအထွေထွေ(လောက ဝိသယ)ကို ကြံစည်တွက်ဆကြည့်ကာမျှဖြင့် အတိအကျ အပြည့် အဝ တည်တည်ပပ သိမြင်နိုင်ခြင်းငှာ မစွမ်းနိုင်၊ တချို့တဝက် လောက်ကိုသာ သိမြင်နိုင်ရာ၏။ ထို့ကြောင့်ပင်'လောကဝိသယော အစိန္တေယျော'ဟု ဟောကြားခဲ့ခြင်း ဖြစ်လေသည်။

ဤ၌ 'လောက'အကြောင်း ကြံစည်တွေးဆလာကြပုံ'လောက အပေါ် လူ့အမြင်' အပိုင်းကို အကျဉ်းချုပ် မဖော်ပြမီ လောက ဝိဒူ သဗ္ဗညုမြတ်စွာဘုရားက လောကအကြောင်းကို မည်သို့မည်ပုံ ထုတ်ဖော်ဟောကြားခဲ့ကြောင်း 'လောကအပေါ် ဘုရားအမြင်' ကို ဆက်ပါမည်။

## လောကကြီးသုံးပါးနှင့် ယထာဘူတ အသွင်

လောကကြီးသုံးပါးနှင့် စပ်လျဉ်း၍ ဘုရားအမြင်ဟု ဆိုအပ် သော သင်္ဂါယနာတင် ကျမ်းစာများ၏ အဆိုအမိန့်နှင့် သင်္ဂါ ယနာလွတ် ကျမ်းစာအချို့၏ ဖော်ပြချက်များကို စုပေါင်း၍ လောကကြီးသုံးပါးအကြောင်းကို အနည်းငယ်မျှ တင်ပြပါမည်။

'အနည်းငယ်မျှ'ဟု စကားခံရခြင်းသည် လောကအကြောင်း အရာမှာ လွန်စွာကျယ်ဝန်းလှသောကြောင့် ဖြစ်ပါသည်။ ကျမ်း ဂန်များတွင် အကျယ်တဝင့် ဖော်ပြထားသည့်အတိုင်း အပြည့်အစုံ ဖော်ပြရလျှင် ဤလောကကြီးသုံးပါး ကဏ္ဍဖြင့်ပင် ကျမ်း စာအုပ်ကြီးတအုပ် ဖြစ်လာရပါမည်။ သို့သော် ဤစာအုပ်၌မူ ဓမ္မနိယာမအားဖြင့် လောကကြီးများ ထင်ရှား ဖြစ်ပေါ်နေပုံကို

ငုံမိရုံမျှ ဖော်ပြရန် ရည်ရွယ်ပါသည်။ သို့နှင့် 'လောကဝိသယော အစိန္တေယျော'ကို သဘောပေါက်စေရန် ဖြစ်ပါသည်။

## သတ္တလောကနှင့် ဘုရားအမြင်

သတ္တလောကဆိုရာဝယ် ရုပ်ဇီဝိတ၊ နာမ်ဇီဝိတ (ရုပ်သက်၊ နာမ်သက်) နှစ်မျိုးလုံးရှိသော တိရစ္ဆာန်၊ လူ၊ နတ်၊ ဗြဟ္မာများကိုသာ သတ္တဝါဟု ယူရပါသည်။ ရေညှိ၊ရေမှော်၊စိမ်းလန်းသော သစ်ပင်စသည်တို့မှာ ဇီဝိတရုပ် မရှိ၊ ဇီဝိတနာမ် မရှိသောကြောင့် အဝိညာဏက သက်မဲ့များသာ ဖြစ်ကြပါသည်။ ဤအချက်သည် 'သက်ရှိ'သတ်မှတ်မှုနှင့် ပတ်သက်၍ သိပ္ပံနှင့် မတူသောအချက် ဖြစ်ပါသည်။

သစ်ပင်၊ တော၊ တောင်၊ လ၊ နေစသည်တို့သည် ဥတုဇကလာပ် ရုပ်များ၏ အဖွဲ့အစည်းမျှသာ ဖြစ်သည်။ ယင်းတို့၌ ဝိညာဉ်မရှိချေ။ ထို့ကြောင့် 'သတ္တဝါ'မဟုတ်ကြကုန်။ တိရစ္ဆာန်ဟူသမျှနှင့် လူ၊ နတ်၊ ဗြဟ္မာတို့မှာမူ ထိုက်သင့်သလို ရုပ်နာမ်နှစ်မျိုးလုံး၏ အဖွဲ့အစည်းများ ဖြစ်ကြသောကြောင့် 'သတ္တဝါ'များဖြစ်ကြ၏။

## သတ္တဝါ၏အသက်

သိပ္ပံပညာရှင်တို့သည် လနန်းပေါ်၌ ခြေချနိုင်ကြပြီ ဖြစ်သော်လည်း သူတို့အပါအဝင် လူသား၏'အသက်ဇီဝ'ကိုမူ ယနေ့အထိ အတိအကျ မတွေ့မသိကြသေး ဖြစ်သည်။ သို့သော် သူတို့အဖို့ နီးလျက်နှင့်ဝေးရသော 'အသက်'ကို သဗ္ဗညုမြတ်ဘုရား

သည် လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်ကာဘည်းက ဒိဌ သိမြင်ခဲ့ပြီးဖြစ်သည်။

ထို့ကြောင့် 'အသက်'ဟူသည် နာမ်ဇီဝိတနှင့် ရုပ်ဇီဝိတ နှစ်ရပ်ပေါင်းဖြစ်သော 'အာယု'ဓာတ် ဖြစ်သည်ဟု ဟောကြားခဲ့လေပြီ။ ဤအာယုဓာတ်သည် လူသားသန္ဓေဦးနှင့် တပါတည်း ပါဝင်ခဲ့သည်။ လူတွင် နာမ်ဇီဝိတသည် နှလုံးသွေး၌ တည်မှီ၍ ဒလစပ်ဖြစ်နေသည်။ စိတ်နာမ်တရားတို့ကို စောင့်ရှောက် စိုးမိုးသည်။ ရုပ်ဇီဝိတသည့် ဆံဖျား၊ ခြေသည်းဖျား၊ လက်သည်းဖျား စသော သွေးမရောက်သည့် နေရာများမှတပါး ကျန်သော လူတကိုယ်လုံး၌ ပြန့်နှံ့၍တည်နေပြီး လူ၏ ရုပ်ပိုင်းအဖွဲ့အစည်းကို တာဝန်ယူ စောင့်ရှောက်လျက်ရှိသည်။

သို့ဖြစ်၍ ယနေ့ 'အသက်'အကြောင်း ရှာဖွေနေကြသော ပညာရှင်တို့သည် လူ့နှလုံးအိမ်နှင့် သွေးပြန့်နှံ့တည်နေသောလူ့ တကိုယ်လုံး၌ သိုင်းဝိုင်း ရှာဖွေကြရမည်ဖြစ်သည်။

## 'သေခြင်း'ကို သတ်မှတ်ချက်

ဤသို့ 'အသက်'ကို အတိအကျသိထားပြီးဖြစ်၍ 'သေသည်'ဆိုသည်ကိုလည်း နှလုံးခုန်ရပ်လျှင် သေသည်ဆိုသော ဥရောပဆေးပညာသဘောတရားထက် နက်ရှိုင်းစွာ ဤသို့ဖွင့်ဆိုခဲ့သည်။

'သေသည်'ဟူသည်ကား....

(၁) ဆိုခဲ့ပါ နာမ်ဇီဝိတ၊ ရုပ်ဇီဝိတ ချုပ်ငြိမ်းခြင်း၊

(၂) နာမ်ဇီဝိတနှင့်ယှဉ်တွဲဖြစ်ပေါ်နေသော သိစိတ်ဝိညာဉ် လုံးဝပြတ်စဲခြင်း၊

(၃) 'ဥသ္မာ'ခေါ် ကိုယ်ငွေ့ဥတုမီး အကြွင်းမရှိ ငြိမ်းခြင်း၊ ဖြစ်လေသည်။

ဤသို့ ဇီဝိတ၊ စိတ်၊ ဥသ္မာ တေဇောတို့ ချုပ်ငြိမ်းလျှင် 'သေသည်'ဟု ခေါ်ရပေသည်။

အသက်ရှူမှု၊ မရှူမှု၊ နှလုံးခုန်မှု၊ မခုန်မှုသည် 'သေခြင်း'၏ အဓိကလက္ခဏာမဟုတ်။ ထို့ကြောင့်လည်း ရေခဲထဲတွင် နစ်နေခြင်း စသည်ကြောင့် နှလုံးခုန်ရပ်နေသော(ဝါ)ဥရောပဆေးပညာအရ သေသည်ဟု မှတ်ယူရသော လူနှင့် သတ္တဝါတို့ကို ပြန်လည် နှလုံးခုန်စေခြင်းဖြင့် အသက်ရှင်လာအောင် ကုစားနိုင်ခြင်း ဖြစ်သည်။ အမှန်က ထိုကဲ့သို့ နှလုံးခုန်ရပ်နေသော သတ္တဝါ၌ ဆိုခဲ့ပါ ဇီဝိတဝိညာဉ်နှင့် ဥတုမီးတို့ လုံးဝမချုပ်သေးသောကြောင့် ပြန်လည်ကုသ၍ ရခြင်းဖြစ်သည်။

အထက်ပါ အဘိဓမ္မာ၏ ဥပဒေအတိုင်း ဇီဝိတ၊ စိတ်၊ ဥသ္မာ တေဇောချုပ်၍ သေပြီးသူဖြစ်ပါမူကား ပြကတိအတိုင်း အသက် ပြန်ရှင်လာအောင် မည်သူမျှ၊ မည်သည့်အခါမှာမှ ပြုလုပ်နိုင်မည် မဟုတ်ကြောင်း ယထာဘူတကျကျ ခြွင်းချက်မရှိ မှတ်သားရမည် ဖြစ်သည်။ သို့သော် သစ်သားရုပ်ကို သိပ္ပံနည်းဖြင့် လှုပ်ရှားသွားလာနိုင်စေသကဲ့သို့ ဖုတ်တန်ခိုး၊ သိပ္ပံပညာတန်ခိုးတို့ဖြင့် ထိုသေ

ပြီးသား အသုဘကောင်ကို လှုပ်ရှားစေခြင်းကိုမူ ပြုလုပ်ကောင်း ပြုလုပ်နိုင်ရာပါသည်။

သေရာ၌ အသက်ဇီဝိတနှင့် ဝိညာဉ်တို့သည် အတူတူချုပ်ငြိမ်းကြသည်။ ဥတုမီး(ကမ္မဇ)သည်လည်း သေစိတ်ချုပ်သည်နှင့်တပြိုင်နက် ချုပ်လေတော့သည်။ စိတ်ကြောင့်ဖြစ်သောရုပ်သည် သေစိတ်ချုပ်ပြီး ခဏငယ် ၄၇-ချက်၊ အာဟာရကြောင့်ဖြစ်သော ရုပ်သည် ခဏငယ် ၅၀-ချက် ဆက်၍ဖြစ်ပြီးမှ ချုပ်ငြိမ်းသွားသည်။အသုဘအကောင်တွင် ဥတုကြောင့်ဖြစ်သော ရုပ်အဆက်ဆက်သာလျှင် ကျန်ရှိသည်။ ငှက်ပျောတုံး၊ လက်ပံတုံးနှင့် အတူတူပင်ဖြစ်သည်။

ထိုဥတုဇအလောင်းကောင်သည် ဆန့်ကျင်ဖက်ဥတု များများ တိုက်လျှင် မကြာခင် ပုပ်ပွပျက်စီးသည်။ အားပြု သည့်မိတ်ဖက် ဥတုနှင့် ထောက်ပံ့ထားလျှင် ကြာကြာခံလေသည်။

## အပင်တို့၏ သဘော

'သစ်ပင်'ကား လူ၊ တိရစ္ဆာန်တို့နှင့် လုံးဝခြားနားသည်။ 'သစ်ပင်'သည် တည်ရာ ပထဝီမြေဓာတ်၊ ခံဆောင်ဖွဲ့စည်းသည့် အာပေါရေဓာတ်၊ ပေါင်းနွေးရင့်ကျက်စေသည့် တေဇောမီးဓာတ်၊ တက်ကြွစေသည့် ဝါယောလေဓာတ်၊ ဝဏ္ဏအဆင်းဓာတ်၊ ဂန္ဓ ရနံ့ ဓာတ်၊ ရသဓာတ်၊ ဩဇာဓာတ် ဟူသော အဋ္ဌကလာပ်၏ အဖွဲ့ အစည်းသာဖြစ်သည်။ သဒ္ဒရုပ်ခေါ် အသံဓာတ်လည်း တည်ကိန်း ပါလာသည်။

ထိုအဋ္ဌကလာပ်အဖွဲ့အစည်းသည် မျိုးစေ့ဗီဇနှင့် ပြင်ပမှ ဥတု အထောက်အပံ့စသော အကြောင်းတရားများ ညီညွတ်လျှင် ဗီဇ နိယာမ သဘောအရ–

၁။ ပေါက်ရောက်လာမှု (အာစယ)

၂။ တိုးပွားကြီးပြင်းမှု (ဥပစယ)

၃။ ရှင်သန်တည်နေမှု (သန္တတိ)

ဟူသည်တို့ ထင်ရှားဖြစ်ပေါ်လာရသည်။ သစ်စေ့ဟူသော ရုပ်ဝတ္ထုသည် ဗီဇနိယာမသဘောနှင့်ဥတု၏အထောက်အပံ့ကြောင့် အပင်ပေါက်လာခြင်း၊ ကြီးထွားလာခြင်း ဖြစ်ပေသည်။

ထို့နောက်-

၄။ ဆုတ်ယုတ်လျော့ပါးရင့်ရော်လာမှု (ဇရတာ)

၅။ ပျက်ပြားသေဆုံးမှု (အနိစ္စတာ)

ဟူသော အပြောင်းအလဲတို့ ဖြစ်လာရသည်။

သစ်ပင်ပေါက်လာရာမှ သေသည်အထိ အပြင်ဘန်းမြင်သာ သော အပြောင်းအလဲသည် အတွင်းပိုင်းရှိ ရုပ်တို့၏ဥပါဒ်၊ ဌီ၊ ဘင်စနစ်ဖြင့် ခဏတိုင်း တဖွားဖွား ပြောင်းလဲမှုအပေါ် အခြေခံ လျက်ရှိသည်။

သစ်ပင်တွင် ပါဝင်လျက်ရှိသည့် ပထဝီမြေဓာတ် စသော အတွင်းပိုင်း ရုပ်အဖွဲ့အစည်းများ၊ သို့မဟုတ် ဗီဇစွမ်းအား၊ သို့မဟုတ် ပြင်ပဥတု၊ ဩဇာ စသည်တို့ ပျက်စီးလျှင်သော်၎င်း၊ လူ့ပယောဂဖြင့် ခုတ်ပိုင်းတူးဖော်ပစ်လိုက်လျှင်သော်၎င်း သစ်ပင် သေသည်။

ဤတွင် အကျဉ်းချုပ်ကိုသာ ပြအပ်ပါသည်။ သက်ရှိသက်မဲ့ ပြဿနာနှင့်ပတ်သက်၍ စနစ်တကျ ဖြေရှင်းထားသော သိမှတ်ဖွယ် အကျယ်ရှုခင်းကို ကမ္ဘာ့ပညာရှိများက လေးစားလျက်ရှိသော ဗုဒ္ဓအဘိဓမ္မာကျမ်းစာများ၌ ဆက်လက်လေ့လာကြပါကုန်။

## နိယာမသဘော တရားဟော

'နိယာမ'၏ အဓိပ္ပာယ်ကို 'မြဲဘာလမ်းဖြစ်မြဲတမ်း'ဟု ခေါ်နိုင်သည်။ နိယာမတရား ငါးပါးရှိသည့်အနက် စိတ္တနိယာမ၊ ဥတုနိယာမ၊ ဗီဇနိယာမ၊ ကမ္မနိယာမဟူသော နိယာမ လေးပါး၏ ဥပဒေနှင့်တကွ ကြွင်းသမျှ လောကကိစ္စအားလုံး၏ မြဲဘာလမ်းကို 'ဓမ္မနိယာမ'ဟု ခေါ်ပါသည်။ 'ဓမ္မနိယာမ'ကို လောကဓမ္မတာ အားဖြင့် မှန်မှန်မြဲမြဲ ဆောင်ကြဉ်းမှုဟု အကျဉ်းချုပ် နားလည်နိုင်ပါသည်။ မည်သူတဦးတယောက်ကမျှ တမင်လာ ပြုလုပ်ဖန်တီး ရသည်မရှိဘဲ သူ့အလိုလိုဖြစ်လာမှုမှန်သမျှသည် ဓမ္မနိယာမဘောင် အတွင်း ဝင်ပေသည်။ လောကအခင်းအကျင်း အခြေအနေ မှန်သမျှသည် သူ့သဘောသူဆောင်၍ သူ့သဘာဝ သူ့စွမ်းရည် အလိုက် ဖြစ်တွင်းနေကြမှုသာ ဖြစ်သည်။ တစုံတယောက်သော တန်ခိုးရှင် အာဏာရှင် ဖန်ဆင်း၍ တည်ဆောက်၍ ဖြစ်လာကြ သည်မဟုတ် ဟူသောအချက်ကို ဓမ္မနိယာမက အလေးအနက် ပြုသည်။

နိယာမတရား လေးပါးမှ အလွတ်ဖြစ်သော သီလ၊ သမာဓိ၊ ပညာတန်ခိုးကြောင့် မြေမိုးတုန်ဟီးခြင်း စသည်သည်လည်း ဓမ္မ

နိယာမတွင် ပါဝင်သည်။ ဤသို့ဖြစ်ရခြင်းသည် ဓမ္မတာတရပ်ပင် ဖြစ်သည်ဟု ဆိုလိုသည်။

လောကကြီးသုံးပါး ဖြစ်ထွန်းတည်ရှိနေမှုနှင့် ပတ်သက်၍ ဤ 'နိယာမ'တရားများ၏ သဘောသဘာဝသည် အရေးကြီးသော အခန်းမှ ပါဝင်လျက် ရှိနေပေသည်။ လောကကြီးသုံးပါး၏ အခြေခံသဘာဝသည် ဤနိယာမဥပဒေ၌ အခြေစိုက်လျက် ရှိနေပေသည်။

## သတ္တဝါ စတင်ဖြစ်လာပုံ

ဓမ္မ နိယာမလမ်းမှနေ၍ သတ္တဝါတို့၏ မူလအစကို ရှာဖွေရာတွင် 'အဝိဇ္ဇာ'ကို တွေ့ရလေသည်။ အမှန်သစ္စာကို မသိမမြင်မှုဟူသော အဝိဇ္ဇာခေတ်သည် သတ္တဝါများကို စတင်ဖြစ်ပေါ်စေသည့် အခြေခံ အပြစ်တရားဖြစ်ပါသည်။

ဘုရင်ထွက်တော်မူလာသည်ဟု ဆိုရာတွင် နောက်လိုက် ငယ်သားများလည်း ပါဝင်ကြောင်း သိရသော ပဓာနနည်းမျိုးဖြင့် အဝိဇ္ဇာသည် သတ္တဝါ၏အစဟုဆိုထားပေသည်။ သို့ဖြစ်၍ အဘိဓမ္မာကျကျ ကြည့်မြင်လျှင် အဝိဇ္ဇာသည် တခုတည်းသတ်သတ် ဖြစ်ပေါ်နိုင်ခြင်းမရှိ။ ယှဉ်တွဲဘက် တဏှာစသော နာမ်ခေတ်များ၊ ပထဝီစသော ရုပ်ခေတ်များလည်း ပါဝင်လျက် ရှိသည်ပင်။ ထို့ကြောင့် အဝိဇ္ဇာဦးဆောင်သော နာမ်ခေတ်၊ ရုပ်ခေတ်များ ဖွဲ့စည်းပြီး သတ္တဝါဟူ၍ ဖြစ်ပေါ်လာသည်ဟု သိအပ်ပေသည်။

နိယာမကိစ္စနှင့်ပတ်သက်၍ ဤပဓာနနည်းကို အထူး သတိပြုရမည် ဖြစ်ပါသည်။ ပဓာနနည်း၊ ပဓာနစကားကို သတိမပြုမိပါက အသိရှုပ်ထွေးတတ်ပါသည်။ 'အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ' စသော

ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးဆက်သဘာဝ၌လည်း ပဓာနစကား အများအပြားပါဝင်ပါသည်။

သစ္စာလေးပါးတရားကို ဒိဋ္ဌမမြင်၍ ကုသိုလ်,အကုသိုလ် တခုခုကိုပြုလုပ်သည်။ ကုသိုလ်,အကုသိုလ်တခုခုကြောင့် စိတ်ဝိညာဉ်ဖြစ်ပေါ်လာသည်။ ဝိညာဉ်ကြောင့် နာမ်,ရုပ် နှစ်ပါး ဖြစ်လာသည်။ ယင်း နာမ်ရုပ်ကို အရင်းခံ၍ မျက်စိ,နား,နှာ စသည်တို့ဖြစ်ထွန်းလာကြသည်။ ယင်း မျက်စိစသည်ရှိ၍ တွေ့ထိမှုအမျိုးမျိုးဖြစ်လာသည်။ တွေ့ထိမှုရှိသောကြောင့် ခံစားမှု ရှိလာသည်။ ခံစား၍ တွယ်တာလာသည်။ တွယ်တာမိ၍ စွဲလာသည်။ စွဲလမ်းမှုကြောင့် ကြိုးစားပြုလုပ်လာသည်။ ပြုလုပ်ရာတွင် ကောင်းမှု, မကောင်းမှု ပါဝင်လာပြီး ကောင်းမှုကံ, မကောင်းမှုကံ တမျိုးမျိုးကြောင့် ဘဝသစ်တခုဖြစ်ရပြန်သည်။ ဖြစ်ပေါ်မှု ဇာတိရှိလာ၍ ရင့်ရော်မှု ဇရာ၊ ချွဲလျောပျက်စီးမှု မရဏတို့ရှိလာရသည်။ စိုးရိမ်မှု သောက၊ ပြင်းစွာ စိုးရိမ်မှု ပရိဒေဝ၊ ဆင်းရဲမှု ဒုက္ခ၊ စိတ်မချမ်းသာမှု ဒေါမနဿ၊ ပြင်းစွာ ငိုကြွေးရမှု ဥပါယာသတို့ ဖြစ်လာကြရသည်။ ဤနည်းဖြင့် သတ္တဝါတို့သည် တဘဝမှ တဘဝသို့ ကူးပြောင်းကျင်လည်နေကြရတော့သည်။

ဤ၌ အဝိဇ္ဇာသည် ပဓာနအခန်းမှ ပါဝင်လာပြီး ယှဉ်တွဲဘက် နာမ်,ရုပ်တရားနှင့် အတူတကွ သတ္တဝါဟူ၍ စတင် ဖြစ်လာသည်။ ထိုသတ္တဝါတို့သည် ဖော်ပြပါအစီအစဉ်အတိုင်း တဘဝမှ တဘဝ ကျင်လည်နေရသည်ဟူသောအချက် ထင်ရှားသည်။

ဤ ကြောင်းကျိုးဆက်သွယ်မှုသဘောတရားကို သုံးပိုင်း ပိုင်း ယူနိုင်သည်။ သစ္စာလေးရပ်ကို မသိမှု အဝိဇ္ဇာနှင့် ကုသိုလ်, အကု

သို့လ် သင်္ခါရတရားတို့သည် အတိတ်ကာလ၌ပါဝင်သည်။ ဝိညာဉ်၊ နာမ်ရုပ်၊ မျက်စိစသော အာယတနခြောက်ပါး၊ တွေ့ထိမှု ဖဿ၊ ခံစားမှု ဝေဒနာ၊ တွယ်တာမှု တဏှာ၊ စွဲလမ်းမှု ဥပါဒါန်နှင့် ပြုလုပ်ဖြစ်ပေါ်မှု ဘဝ၊ ဤ ရှစ်မျိုးသည် ပစ္စုပ္ပန်ကာလ၌ ပါဝင်သည်။ ဇာတိ၊ ဇရာနှင့် မရဏ၊ ဤသုံးပါးသည် အနာဂတ်ကာလတွင် ပါဝင်သည်။

ဤ လမ်းစဉ်ကို ပဋိစ္စသမုပ္ပါဒ (The Theory of Dependent Origination) ဟု ခေါ်သည်။

## မေးသင့်သော မေးခွန်း

ဤ၌ မေးသင့်သော မေးခွန်းတခုမှာ 'သတ္တဝါသည် အဝိဇ္ဇာမှ စတင်ဖြစ်လာသည်ဆိုလျှင် ထိုအဝိဇ္ဇာသည် မည်သည့်အခါက စတင်ဖြစ်ပေါ်ခဲ့သနည်း' ဟူသော မေးခွန်းဖြစ်ပါသည်။

အဖြေကား....အဝိဇ္ဇာ၏ အစနှင့်ပတ်သက်၍ အချိန်ကာလကို သတ်မှတ်ဖော်ပြ၍ မဖြစ်နိုင်။ အဝိဇ္ဇာသည် မည်သည့်ကာလက စတင်ဖြစ်ပေါ်ခဲ့သည်ဟု အဝိဇ္ဇာ၏ အစကာလသည် မရှိချေ။ ဆိုလိုသည်မှာ မည်သည့်ခေတ်နှစ်လောက်အထိ အဝိဇ္ဇာ မပေါ်ပေါက်သေး၊ မည်သည့်ခေတ်နှစ်ရောက်မှ 'အဝိဇ္ဇာ' စတင် ဖြစ်ပေါ်လာသည်ဟု မဆိုနိုင်ပေ။

ဤ၌ 'အချိန်ကာလ' သည် မည်သည့်ခေတ်၊ နှစ်၊ သက္ကရာဇ်က စတင်ဖြစ်ပေါ်ခဲ့သနည်းဟူသော မေးခွန်းမျိုးကို ပြေလည်အောင် ဖြေနိုင်လျှင် အဝိဇ္ဇာ၏ အစနှင့် ပတ်သက်၍ အဖြေတွေ့ရာ၏။ သို့သော် 'အချိန်ကာလ' ဟူသည် အစလည်း မရှိ၊ အဆုံးလည်းမရှိ

ချေ။ ဤနည်းတူပင် အဝိဇ္ဇာဟူသော သဘာဝသည်လည်း ကာလ အားဖြင့် အစမရှိ၊ အဆုံးမရှိ ဖြစ်ပေသည်။

'သတ္တဝါ'၏အခြေအမြစ်ဖြစ်သော အဝိဇ္ဇာဓာတ်သည် ကာလ အားဖြင့် အစမရှိသောကြောင့် 'သတ္တဝါတို့သည်လည်း မည်သည့် အခါက စတင်ဖြစ်ပေါ်လာကြသည်ဟု အစမရှိကြောင်း' ကောက်ချက် ချအပ်ပေသည်။

တနည်းအားဖြင့် အဝိဇ္ဇာသည် နာမ်အမှောင်ဖြစ်၏။ ယင်း အဝိဇ္ဇာ နာမ်အမှောင်မိုက်ကို ညအမှောင်နှင့် နှိုင်းယှဉ်စဉ်းစားသင့် သည်။ ညအမှောင်သည် အလင်းရှိလျှင် ပျောက်နေသည်။ အလင်း ရောင် မရှိသည်နှင့် အမှောင်လွှမ်းလာသည်။ ဤ ညအမှောင်မျိုး သည် မည်သည့်အခါက စတင်ခဲ့သနည်းဟုအစကိုရှာရန်သော်၎င်း၊ ယင်း အမှောင် ထာဝရတည်နေသည့် နေရာဒေသကို ရှာဖွေရန် သော်၎င်း မဖြစ်နိုင်ချေ။

## ကွာခြားချက်ကြီး

ဤ၌ ဗုဒ္ဓမြတ်စွာ၏ သတ္တလောကအမြင်၊ သြကာသလောက အမြင်သည် သိပ္ပံလူသားတို့၏အမြင်နှင့် သိသိသာသာ ကွာခြား ချက်ကို သတိပြုအပ်သည်။

သိပ္ပံလူသားတို့က ယနေ့ လက်ရှိသတ္တဝါတို့သည် ယနေ့လက်ရှိ ကမ္ဘာတွင် ဘယ်အခါက ဘယ်လိုစတင်ဖြစ်ခဲ့သလဲဟူသောအချက် ကို စူးစိုက်ရှာဖွေနေခြင်းသာဖြစ်သည်။

ဗုဒ္ဓမြတ်စွာကမူ လက်ရှိကမ္ဘာမျိုး, လောကမျိုးသည် အသင်္ချေ အနန္တ ဖြစ်ခဲ့ပျက်ခဲ့ပြီဟု မြင်တော်မူသောကြောင့် အကျယ်ဝန်း

ဆုံးကို ကြည့်သည်။ လက်ရှိ ကမ္ဘာကိုသာမက ကမ္ဘာအသင်္ချေ အနန္တ၏အတိတ်နောက်ကြောင်းကို ပြန်ကြည့်ပြီး သတ္တဝါ၏အစ၊ အဝိဇ္ဇာအစ မထင်ရှားဟုဟောခြင်း ဖြစ်သည်။

ဤကဲ့သို့ အစမရှိခဲ့သော အချိန်ကာလပတ်လုံး အဝိဇ္ဇာ အခြေခံပြီး သတ္တဝါများဖြစ်ပေါ်မှုကို မည်သူ တဦးတယောက်ကမျှ တာဝန်ယူ ဖြစ်ပေါ်စေသည်မဟုတ်ပဲ ဓမ္မနိယာမ ဓမ္မတာသဘောအားဖြင့်သာလျှင် ဖြစ်ပျက်ပုံပြင်ပြောင်းလဲနေကြခြင်း ဖြစ်ပေ၏။

ယခုမှ ရှေ့အနာဂတ်တွင်လည်း အဆုံးမရှိသော ကာလကြီးတလျှောက်လုံး အဆုံးမရှိသော ကမ္ဘာအသင်္ချေနှင့် သတ္တဝါအနန္တတို့ ထာဝစဉ် ဆက်လက် ဖြစ်ပေါ်နေဦးမည်သာ ဖြစ်တော့သည်။
(နိယာမဒီပနီ)

ဤသည်ကား သတ္တလောကအပေါ် အကျယ်ပြန့်ဆုံးသော ဘုရားအမြင်ဖြစ်ပေသည်။ ရှေ့တွင် ဩကာသလောကနှင့် ပတ်သက်၍ ဖော်ပြရာ၌လည်း သတ္တလောကအကြောင်း သိကောင်းစရာများ ပါဝင်ဦးမည်ဖြစ်ပါသည်။

## ဩကာသလောကနှင့် ဘုရားအမြင်

ဩကာကလောကနှင့် ပတ်သက်၍မူ ဘုရားအမြင်တွင် ၃၁-ဘုံရှိကြောင်း အများသိကြပြီးဖြစ်၏။ စကြာဝဠာအကြောင်းအရာနှင့်ပတ်သက်၍ သိပ္ပံပညာရှင်တို့၏ ခန့်မှန်းတွက်ဆချက်များကို လက်ခံလေ့လာနေသော လက်ရှိ ခေတ်မျိုးတွင် ခန့်မှန်းချက်မဟုတ်၊ ဒိဋ္ဌမြင်၍ ဟောကြားချက်ဖြစ်သည်ဟု အတိအလင်း

ကြေးကြော်ထားသော ပညာရပ်ကြီးကို ထည့်သွင်းစဉ်းစားခြင်း မပြုလျှင် ကျွန်ုပ်တို့သည် အဂတိတရားလိုက်စားသူများဖြစ်ရာသည်။

### ဘုံဌာနစစ်-၃၁

၃၁-ဘုံဆိုရာတွင် ၃၁-ဘဝဟုလည်း ဆိုရာသည်။ ဘဝအမျိုးအစား ၃၁-မျိုးဖြစ်၏။ အချို့မှာ ဘဝခြားသော်လည်း နေရာဌာနချင်း တူသည်လည်းရှိ၏။ ဘဝခြား၍ ဘုံဌာနကွဲပြားသည်လည်း ရှိပေသည်။

၃၁-ဘုံကား အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ခြောက်ဘုံ၊ ရုပ်နာမ်နှစ်ပါးရှိသော ဗြဟ္မာ ၁၅၊ ရုပ်သက်သက်သာရှိသော ဗြဟ္မာဘုံ ၁၊ နာမ်တရားသက်သက်သာရှိသော ဗြဟ္မာဘုံ ၄၊ စုစုပေါင်း ၃၁ဘုံ ဖြစ်၏။ ဤဘုံဘဝ အားလုံးကိုမှ 'ဩကာသလောက' ဟူ၍ ဆိုသည်။ သိပ္ပံနယ်က သတ်မှတ်ထားသော လောကနှင့် မည်သို့ ကွာခြားကြောင်း သတိပြုရမည်ဖြစ်သည်။

အနာဂတ်တွင် သိပ္ပံပညာ မည်မျှတိုးတက်ထွန်းကားလာသည် ဖြစ်စေ၊ သိပ္ပံပညာထက် အဆင့်မြင့်သည့် ပညာသစ်တမျိုး ပေါ်ပေါက်လာသည်ဖြစ်စေ၊ ထိုပညာရပ်တို့သည် ၃၁ ဘုံထက် ပိုမို၍ မတွေ့နိုင်ဟု ဆိုရပေမည်။ ၃၁ဘုံ ရှာဖွေအောင် မတွေ့သေးလျှင်လည်း ဆက်လက်ရှာဖွေရန် လိုသေးသည်ဟု မှတ်ယူရန်ရှိပေသည်။ အချို့က ၃၁ဘုံကို ဘုရားမဟောဟု ပြောကြသည်။ ထိုစကားမှားသည်။ ၃၁ဘုံကို ဂေါတမမြတ်စွာဘုရားက အသေအချာ ဟောခဲ့သည်။ မည်သည့်ကျမ်း၌ ဟောခဲ့သနည်း။ သုတ်၊ ဝိနည်း၊

အတိခမ္မာ သုံးမျိုးလုံးမှာပင် ၃၁ဘုံရှိကြောင်း ဟောခဲ့သည်။ အထူးသဖြင့် ယမိုက်ကျမ်းတွင် ၃၁ဘုံ စုံအောင်ဟောကြားချက် တွေ့ရမည်ဖြစ်သည်။

သတ္တဝါတို့၏ ပဋိသန္ဓေစိတ်နှင့် ကံ၏အကျိုးပေးရာအလိုက် ဖြစ်ပေါ်နေသော ဘုံဘာဝများကို ရရာပေါင်းစု၍ ၃၁ဘုံဟု ရေတွက်သတ်မှတ်ထားခြင်းဖြစ်သည်။ သတ္တာဝါကို အခြေခံသည်။ သတ္တဝါတမျိုးမျိုးမရှိသော ဗလာကွက်လပ်များ ၃၁ဘုံစာရင်းတွင် မပါချေ။ ဤအချက်ကို သတိ အထူးထားသင့်သည်။

လက်ရှိ မျက်စိ၊ လက်ရှိ မိုက်ကရိုစကုပ်များဖြင့်ကြည့်၍ မမြင်ရသောကြောင့် မရှိနိုင်ဟု ထင်မြင်ခြင်းမျိုးကား ချာဝကာဒါဒီတို့၏ အယူအဆမျိုးသာဖြစ်၏။ စဉ်းစားဉာဏ်ရှိသူများနှင့် အဆင့်အတန်းမြင့်သော သိပ္ပံပညာရှင်များကလည်း မြင်ရမှရှိနိုင်သည်ဟု မယူဆကြ။ မမြင်ရသေး၊ မတွေ့ရသေးသောအရာများ အမြောက်အမြား ကျန်ရှိနေသေးကြောင်း ဝန်ခံလျက် ရှိနေကြသည်ပင်။

## နိမ့်ကျသော ဘုံဘာဝများ

အပါယ်လေးပါးတွင်ပါဝင်သော တိရစ္ဆာန်နှင့် ပြိတ္တာတို့မှာ လူ့လောက၌ မှီတင်းနေကြ၏။ ဌာနသီးခြား မရှိချေ။ လူနှင့် ဘုံဌာနတူသော်လည်း ပဋိသန္ဓေစိတ်နှင့် ဘဝဇာတ်အားဖြင့် လူနှင့်ကွာခြားလျက်ရှိသည်။

ငရဲဘုံ(ချမ်းသာသုခ ကင်းသောဘုံ)သည် ရှစ်ဘုံရှိ၏။ ယင်းတို့ကား–သိဉ္ဇိဝ်းငရဲ၊ကာလသုတ်ငရဲ၊ သံဃာတငရဲ၊ ရောရုဝငရဲ၊

မဟာရောရုဝငရဲ၊ တာပနငရဲ၊ မဟာတာပနငရဲနှင့် အဝီစိငရဲတို့ ဖြစ်ကြသည်။ (နေမိဇာတ် စသည်)

သိဥ္စုဝင်းငရဲဘုံသည် ကျွန်ုပ်တို့ ကမ္ဘာမြေပြင်မှ ယူဇနာ တသောင်းငါးထောင် ကွာဝေးသောအရပ်၌ တည်ရှိသည်။ ထို နည်းတူ ငရဲဘုံရှစ်ဘုံသည် တခုနှင့်တခု ယူဇနာတသောင်းစီအကွာ အဝေး၌ အသီးသီး တည်ရှိကြ၏။

ဤငရဲတို့သည် ဤကမ္ဘာမြေကြီးအောက်၌ အဆင့်ဆင့် တည်ရှိ ကြသည်ဟုလည်း ဆိုသည်။ ကျွန်ုပ်တို့ကမ္ဘာသည် ထုထယ်အား ဖြင့် ယူဇနာပေါင်း နှစ်သိန်းလေးသောင်း ရှိသည်ဖြစ်ရာ ဤကမ္ဘာ မြေ၏အောက်၌ ငရဲဘုံများ တည်ရှိကြသည်ဟု ဆိုလိုသည်။

ငရဲမြေများသည် သံမြေများဖြစ်ကြပြီး မီးဟုန်းဟုန်းတောက် လောင်၍နေသည်က များသည်။ ကျိုက်ကျိုက်ဆူသောရေများ လည်း ရှိသည်ဟု ကျမ်းဂန်များက ဆိုသည်။

သိပ္ပံပညာရှင်တို့က ကမ္ဘာမြေ၏ထုထယ်သည် မိုင်သန်းပေါင်း နှစ်သိန်းခြောက်သောင်းရှိသည်။ မြေပြင်မှ ၆၆-မိုင်ခန့်ထူသော ကျောက်လွှာကြီးနှစ်ထပ်အတွင်း၌ အရေပျော်နေသောသံနှစ်ကဲလ် နှင့် ကိုဘောလ် သတ္တုများကို ထိန်းချုပ်ထားသည်၊ ကမ္ဘာ၏ ဗဟိုချက်သည် အစိုင်အခဲလော၊ အရည်လောဟူ၍ ယနေ့အထိ မည်သူမျှ မပြောပြနိုင်ကြသေးချေ၊ စသည်ဖြင့် ပြောဆိုသွားသည် ကို ဤနေရာ၌ သတိပြုရမည် ဖြစ်ပါသည်။

ငရဲဘုံတွင် မဟာဒုက္ခ ခံစားနေကြရသော သတ္တဝါများ၏ ပဋိသန္ဓေစိတ်နှင့် တိရစ္ဆာန်ပြိတ္တာတို့၏ သန္ဓေစိတ်မှာ တူကြသည်။ ငရဲဘုံ ရှစ်ဘုံရှိသော်လည်း ငရဲအနေဖြင့် ပေါင်းစုကာ ဘုံတည်း

ပင် ရေတွက်၏။ ငရဲဘုံများ၌ အသက်တမ်း သတ်မှတ်ချက်မရှိ၊ ပြုလုပ်ခဲ့သောအကုသိုလ် အနည်းအများအလိုက် ခံနေကြရ၏။

အချို့ပါဠိတော်များတွင် ငရဲ၊တိရစ္ဆာန်၊ပြိတ္တာဟူ၍ အပါယ် သုံးဘုံသာ ဟောပြသည်။ အသူရာတို့ကို တာဝတိံသာနတ်တို့နှင့် အတူထား၍ ချန်ထားခဲ့ဟန်တူသည်။ သို့မဟုတ် ပြိတ္တာမျိုးဇာတ် တွင် ပေါင်းထည့်ဟန်တူသည်။ အများအားဖြင့် အပါယ်လေးဘုံ ဟု ခေါ်ဝေါ်ရေတွက်သည်က များသည်။ အသူရကာယ်တို့၏ သန္တေစိတ်ကိုကြည့်လျှင် ဤအပါယ်ဘုံသားတို့နှင့် တူရမည်ပင် ဖြစ်၍ အပါယ်လေးဘုံဆိုသည်မှာ သန္တေစိတ်ဖက်ကနေပြီး ရေ တွက်ခြင်းဖြစ်၏။ အသူရကာယ်ဘုံသည် မြင့်မိုရ်တောင်အခြေ၌ တည်ရှိသောကြောင့် ဘုံဌာနဘက်ကကြည့်လျှင် စတုမဟာရာဇ် ဘုံနှင့် နီးစပ်နေသည်။

သတ္တဝါတို့၌ လောဘ၊ ဒေါသ၊ မောဟစသော ပြစ်မှားယုတ် ညံ့သည့် သဘာဝများရှိသည်။ ထိုသဘာဝများက ဒုစရိုက်များကို ဖော်ဆောင်နေသည်။ ဤမျှဆိုးဝါးသော သဘာဝများ၊ လုပ်ငန်း များ၏ အကျိုး...ရားသည် ချမ်းသာမြင့်မြတ်မည် မဟုတ်ချေ။ အပါယ်ဘုံဘဝတို့ကား ထိုတရားဆိုးများ၊ အလုပ်ဆိုးများကြောင့် ဖြစ်ပေါ်လာသော ဆိုးပြစ်ခံရာ ဌာနတို့ပေတည်း။

ငရဲဘုံသည် ထုထယ်ကြီးမားလှသော ဤမြေပထဝီ၏ အတွင်း ပိုင်း၌ တည်ရှိကြသည်ဆိုသော အချက်ကိုလည်း(မြေပြင်အောက် ယူဇနာ့တသောင်းငါးထောင်အထိ တူးဖော်၍ မကြည့်နိုင်မခြင်း) မည်သူမျှ တရားဝင် ငြင်းဆိုခြင်း မပြုနိုင်ချေ။

အရေးကြီးသောအချက်မှာကား လောဘ၊ ဒေါသ၊ မောဟ စသော သဘာဝ ယုတ်မာမှုများ၊ ဒုစရိုက် လုပ်ငန်းများအတွက် မကောင်းပြစ်ခံရမည့် ဒုက္ခအတိပြီးသော ဘုံဌာနနေရာ တခုခုရှိရ မည်ဆိုသော အချက်ဖြစ်သည်။

## တစ္ဆေ မကြောက်နှင့်

ပြိတ္တာဆိုသော အပါယ်သားများကား သန္ဓေမျိုးဇာတ်အား ဖြင့် လူသားတို့မမြင်နိုင်သော သတ္တဝါများဖြစ်ကြသည်။ လက်ရှိ သိပ္ပံခေတ်တွင် သိပ္ပံပညာကို တကယ်နားလည်သူများ အနေဖြင့် မျက်စိဖြင့်မြင်ရမှ ရှိနိုင်သည်ဟူသော အယူအဆကို ဝိုင်းပယ်ခဲ့ပြီး ဖြစ်သည်။ ထူးဆန်းသော အဖြစ်အပျက်များနှင့် ပတ်သက်၍ ဝိညာဏဗေဒ သုတေသန (Psychical Research) ကိုပင် အနောက်နိုင်ငံများ၌ သိပ္ပံပညာရှင်တို့ ပြုလုပ်နေကြချေပြီ။

ပြိတ္တာ(တစ္ဆေ၊ သရဲ စသည်)တို့သည် ဒုစရိုက်မိုက်ပြစ်များကို ခံစားနေကြရသည့် ဒုက္ခိတသတ္တဝါ အညံ့စားများ ဖြစ်ကြ၍ မြင့်မြတ်သောလူသားတို့က ကြောက်စရာလည်း မဟုတ်၊ ပူဇော် ပသစရာလည်း မဟုတ်ကြောင်း ရှင်းလှသည်။

## ကမ္ဘာမြေ တည်နေပုံ

လက်ရှိ လူသားတို့ နေထိုင်သောကမ္ဘာ၌ မြေနှင့် ကျောက် နှစ်မျိုးပေါင်း၏ ထုသည် ယူဇနာ ၂-သိန်းလေးသောင်းရှိသည်။

ဤမြေထုသည် ရေခဲထုကြီးပေါ်၌ တည်နေ၏။ ထိုရေခဲထုမှာ ယူဇနာ ၄-သိန်းရှစ်သောင်း ရှိသည်။ ဤမြေထုနှင့် ရေခဲထု (စုစုပေါင်း ယူဇနာ ၇-သိန်း ၂-သောင်း)ကို ယူဇနာပေါင်း ၉-သိန်းခြောက်သောင်းအထုရှိသော လေထုကြီးက သယ်ဆောင်ထားသည်။ ဤလေထုကြီး၏အောက်၌မူ အဆုံး အပိုင်းအခြား မရှိသော ကောင်းကင်ကြီးရှိသည်။ ထိုကမ္ဘာ့ဝန်းကျင်ကောင်းကင်ကြီးအတွင်း၌ မီးကလပ်တွေ အပြည့်ရှိသည်ဟုဆိုသည်။

အဝိုင်းဖြစ်စေ၊ အလုံးဖြစ်စေ ပစ္စည်းတခုကို လေဖြင့်မှုတ်တင်ကြည့်လျှင် ထိုပစ္စည်း၏ဘေးဝန်းကျင်နှင့်အပေါ်ပိုင်းတို့ပါ ဝိုင်း၍ဝိုင်း၍ လေတွေရောက်နေမည်ဖြစ်ကြောင်း၊ ထိုပစ္စည်း၏ အထက်မျက်နှာပြင်တွင် လေနည်း၍ ပို၍မြင့်သော အာကာသသို့အရောက်တွင် လေညှန့်တုံး၍ ဆုံးသွားမည်ဖြစ်ကြောင်း စဉ်းစားသာသည်။

အထက်ပါအချက်ကို ကောက်ချက်ချလျှင် ကျွန်ုပ်တို့ကမ္ဘာသည် အထက်ကောင်းကင်၊ အောက်ကောင်းကင် နှစ်ခုကြား၌ တည်ရှိနေကြောင်း၊လေထုက သယ်ပိုးဆောင်ကြဉ်းထား၍ လေ၏သဘာဝအလိုက် ရွေ့လျားမှုရှိနေရမည်ဖြစ်ကြောင်းနှင့် လ-စသော အခြားသောဂြိုဟ်များကဲ့သို့ အာကာသတွင် တွဲလောင်းတည်ရှိနေသော အရာဝတ္ထုကြီးတခုသာ ဖြစ်ကြောင်းတို့ကို (ကျမ်းဂန်များအရပင်) သိရှိနိုင်လေသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀-ကျော် ကတည်းက ဖော်ပြခဲ့သော အထက်ပါ ကမ္ဘာအကြောင်းအရာကို ယခု သိပ္ပံပညာရှင်တို့ တင်ပြလာသော 'ကမ္ဘာကို ဝိုင်းပတ်ထားသော လေထုသည် တန်ချိန် ၅၇၀၀၀၀၀၀၀၀၀၀၀၀၀၀၀-ခန့်ရှိသည်' ဟူသော

စကားနှင့် နှိုင်းယှဉ်ကြည့်လျှင် လွန်စွာစိတ်ဝင်စားဖွယ်ရာကောင်းကြောင်း တွေ့ရပေမည်။

## လူ့ကမ္ဘာနှင့် အာကာသနက္ခတ်တို့၏ အကွာအဝေး

ကျွန်ုပ်တို့ လူ့ကမ္ဘာ၏ အထက်ယူဇနာ ၄-သောင်း ၂-ထောင် ကွာဝေးသော အရပ်၌ စတုမဟာရာဇ်နတ်ဘုံ တည်ရှိသည်။ ဤနတ်ဘုံသည် နတ်ခြောက်ဘုံအနက် အောက်ဆုံးဘုံ ဖြစ်သည်။ စတုမဟာရာဇ်ဘုံသည် အဓိကအားဖြင့် ယုဂန္ဓိုရ်တောင်ထိပ်၌ တည်သည်။ စတုလောကပါလ နတ်မင်းကြီးတို့ နေထိုင်ကြသည်။

ထိုယုဂန္ဓိုရ်တောင်ထိပ်လောက်မြင့်သော ကောင်းကင်ပြင်ထဲ၌ နေ၊ လနှင့် ကြယ်တာရာအမြောက်အမြား တည်ရှိကြပြီး ပင်လိုက်သောမြားအဟုန်ထက် ဆယ်ဆမက မြန်သော အပြေးနှုန်းဖြင့် မြင့်မိုရ်တောင်ကို လက်ျာရစ် လှည့်ပတ်ပြေးသွား နေကြသည်။ ယင်းတို့လည်း စတုမဟာရာဇ်နတ်ဘုံ၌ ပါဝင်ကြသည်။ (လောကဝိဒူမော်ကွန်း)

## နေ၊ လ၊ နက္ခတ်တို့မှာ လူလိုသတ္တဝါမျိုး ရှိသလော

ဤ နေ၊ လနှင့် ကြယ်တာရာတို့၌ လူကဲ့သို့သော သက်ရှိသတ္တဝါများမရှိဟု ကျမ်းဂန်များ၌ ဖော်ပြထားသည်။ သိပ္ပံပညာရှင်တို့သည် လနှင့် အင်္ဂါဂြိုဟ်စသည်များ၌ သက်ရှိသတ္တဝါ မရှိဟု စူးစမ်းတွေ့ရှိနေကြပြီ ဖြစ်၏။ လကိုယ်တိုင်ပင် လပေါ်သို့ ရောက်၍ ကျမ်းဂန်များ၏ အဆိုအမိန့်မှန်ကန်ကြောင်း သိကြရပေပြီ။

အချို့ကျမ်းဂန်များ၌ လနတ်သား၊ နေနတ်သား စသည်တို့ကို ဖော်ပြကြသည်။ လူနှင့်နတ်သည် မတူချေ။ လူသည် လူသာဖြစ်သည်။ နတ်သည် နတ်သာဖြစ်သည်။ ထို့ကြောင့် လူက သူကိုရင်း၊ လူနှင့်အများဆုံးတူသော သတ္တဝါကိုရင်း တွေ့ရှိမြင်သိနိုင်မည်ဖြစ်သော်လည်း နတ်ကိုမူ လူ၏ပကတိသဘောဖြင့် မတွေ့မမြင်နိုင်ချေ။ သို့မဟုတ် လူက နတ်အခြေအနေနှင့် တည်နေသော နတ်ကိုမမြင်နိုင်ချေ။ သို့မဟုတ် နတ်သည် တန်ခိုးစွမ်းရည်ထူးရှိသော သတ္တဝါတမျိုးဖြစ်သောကြောင့် လူမျက်စိဖြင့် မြင်သာအောင် တမင်လာ ဖန်ဆင်းပြလျှင်မူကား လူက နတ်ကိုမြင်တွေ့ပေမည်။

ဤစတုမဟာရာဇ် နတ်ဘုံ၏အထက် ယူဇနာ ၄-သောင်း ၂-ထောင် ကွာဝေးသောအရပ်၌ တာဝတိံသာနတ်ဘုံတည်ရှိ၏။ ဤတာဝတိံသာနတ်ဘုံမှာ မြင့်မိုရ်တောင်ထိပ်၌ တည်ရှိသည်ဟု ဆိုသည်။ စတုမဟာရာဇ်ဘုံသည် မြေနှင့်ရေ ကောင်းကင်ပြင်နှင့်ပါ နှစ်မျိုးလုံးနှင့် သက်ဆိုင်၏။ ဤတာဝတိံသာဘုံမှာမူ မြင့်မိုရ် တောင်ပေါ်၌သာ တည်ရှိလေသည်။

တာဝတိံသာဘုံ၏ အထက်ကောင်းကင်၌ ယာမာနတ်ဘုံ၊ တုသိတာ နတ်ဘုံ၊ နိမ္မာနရတိ နတ်ဘုံနှင့် ပရနိမ္မိတဝသဝတ္တီနတ်ဘုံတို့သည် ပန်းဆိုင်းဆွဲသကဲ့သို့ အဆင့်ဆင့်တည်ရှိကြသည်။တဘုံနှင့် တဘုံ ယူဇနာ ၄-သောင်း ၂-ထောင်စီပင် ကွာခြားကြ၏။ တဘုံနှင့်တဘုံ အထက်အောက် ယူဇနာ ၄-သောင်း ၂-ထောင်စီ ကွာခြားသည်ဟုသာ ယူသင့်သည်။ တဘုံနှင့်တဘုံ အထက်အောက် တည့်တည့်တန်းတန်း တည်နေကြသည် ဟူ၍ကား ဆိုလိုဟန် မရှိချေ။

## ဗြဟ္မာ့ခန်းဝါများ

နတ်ခြောက်ဘုံတွင် အပေါ်ဆုံးဖြစ်သော ဝသဝတ္တီနတ်ဘုံ၏ အထက်ကောင်းကင်တွင် ယူဇနာ ၅-သန်း ၅-သိန်း ၈-သောင်း ကွာဝေးသောနေရာ၌ အောက်ဆုံး ဗြဟ္မာဘုံများ တည်ရှိကြသည်။ ယင်း ဗြဟ္မာဘုံများကား ဗြဟ္မပါရိသဇ္ဇာဘုံ၊ ဗြဟ္မပုရောဟိတာဘုံ နှင့် မဟာဗြဟ္မာဘုံတို့ဖြစ်ကြ၏။ ဤဘုံတို့ကို ပထမစျာန်ဘုံများဟု ခေါ်သည်။ ဤသုံးဘုံမှာမူ အချင်းချင်း မျဉ်းတပြေးတည်း တည်ရှိကြသည်။

ပထမစျာန် သုံးဘုံ၏အထက် ယူဇနာ ၅-သန်း ၅-သိန်း ၈-သောင်းပင် အလှမ်းကွာသောနေရာ၌ ပရိတ္တာဘာ၊ အပ္ပမာဏာဘာ၊ အာဘဿရာ ဟူသော ဒုတိယစျာန်သုံးဘုံ တပြေးညီစွာ တည်ရှိကြပြန်သည်။

ထို့အထက် ထိုမျှသောအကွာအဝေး၌ ပရိတ္တသုဘာ၊အပ္ပမာဏသုဘာ၊ သုဘကိဏှာဟူသော တတိယစျာန်သုံးဘုံ တပြေးညီစွာ တည်ရှိသည်။ ထိုအထက် ထိုမျှသော အကွာအဝေး၌ပင် ဝေဟပ္ဖိုလ်ဘုံ၊ အသညသတ်ဘုံနှင့် သုဒ္ဓာဝါသဗြဟ္မာငါးဘုံတို့ တပြေးညီစွာ တည်ရှိကြသည်။ ယင်းတို့ကား စတုတ္ထစျာန်ဘုံ များတည်း။

ဤ စတုတ္ထစျာန်ဘုံများ၏ အထက် ယူဇနာ ၅-သန်း ၅-သိန်း ၈-သောင်းအမြင့်၌ အာကာသာနဉ္စာယတန ဗြဟ္မာဘုံ တည်ရှိ၏။ ဤဘုံ၏အထက် ကောင်းကင်၌ ဝိညာဏဉ္စာယတန ဗြဟ္မာဘုံ၊ အာကိဉ္စညာယတန ဗြဟ္မာဘုံနှင့် နေဝသညာ နာသညာယတန ဗြဟ္မာဘုံတို့သည် တဘုံနှင့်တဘုံ ယူဇနာ ၅-သန်း ၅သိန်း

၈-ထောင်စီ ကွာခြား၍ အဆင့်ဆင့်တည်ရှိကြပေ၏။ ဤလေးဘုံရှိ ပြဟ္မာကြီးတို့သည် နာမ်သက်သက်၏ အစုအဝေးသာ ဖြစ်ကြ၏။ ရုပ်ခန္ဓာမရှိကြချေ။ ထို့ကြောင့် ဤပြဟ္မာကြီးတို့နေသော ဤဘုံလေးဘုံကို 'အရူပဘုံ'ဟုခေါ်သည်။

စတုတ္ထစျာန်ဘုံတွင် ပါဝင်သော အသညသတ်ဘုံရှိ ပြဟ္မာများမှုကား ရုပ်တရားသက်သက်၏ သဏ္ဍာန်ကြီးများသာဖြစ်ကြသည်။ သိစိတ်၊ သိနာမ်ဟူ၍ မရှိချေ။ ကျန် ပြဟ္မာတဆယ့်ငါးဘုံ၌နေသော ပြဟ္မာကြီးတို့သည်ကား ရုပ်၊ နာမ်နှစ်မျိုး စုပေါင်းဖွဲ့စည်းထားသော သတ္တဝါကြီးများ ဖြစ်ကြသည်။

အထက်ဆုံး ပြဟ္မာဘုံနှင့်ကျွန်ုပ်တို့လူ့ပြည်သည် ယူဇနာပေါင်း ၂၂၂၈၄၀၀၀ (နှစ်ကုဋေ၊ နှစ်သန်း၊ နှစ်သိန်း၊ ရှစ်သောင်း၊ လေးထောင်)ကွာဝေးသည်။

## ယူဇနာ အယူအဆအမျိုးမျိုး

ဤ၌အရေးကြီးသောကိစ္စာရပ်မှာ တယူဇနာ မည်မျှရှိသနည်းဟူသော ပြဿနာဖြစ်သည်။ မြတ်ဗုဒ္ဓကလည်း တယူဇနာ ဘယ်နှစ်မိုင်ရှိသည်ဟု မဟောခဲ့ပေ။ သူ့ခေတ်တွင် သူ့စနစ်ရှိနေ၍ငင်း၊ ဤကိစ္စတို့မှာ သံသရာဝဋ်ဒုက္ခမှ လွတ်ကင်းကြောင်း မဟုတ်သည့်အပြင် သံသရာရှည်စရာပင်ဖြစ်၍ငင်း ဟောတော်မမူခဲ့ခြင်း ဖြစ်ရာသည်။

ထို့ကြောင့် မာဂဓတိုင်းသားတို့ အသုံးပြုခဲ့သည်ဆိုသော ယူဇနာစနစ် လေးမျိုးမှ မည်သည့်စနစ်အရ တွက်ဆအပ်သည်ဟု

အတိအကျ ပြောဘိုခက်သည်။ သို့သော် ပညာရှိများကမူ အောက်ဖော်ပြပါ ၄-မျိုးအနက် နောက်ဆုံးနည်းကို ဩကာသလောက အတိုင်းအထွာ၌ အသုံးပြုသည်ဟု မိန့်ဆိုကြပါသည်။

ယူဇနာ အတိုင်းအထွာ လေးမျိုး....

၁။ ရထားထမ်းပိုးတပြန် တယူဇနာ။

၂။ ခုနစ်တောင်တတာ၊ တာတထောင် တယူဇနာ။

၃။ လေးကောသ တယူဇနာ။

၄။ လေးဂါဝုတ်တယူဇနာ(၁၂-မိုင်,၅-ဖာလုံ,ဂ-သံကြိုးနှင့် ၄-ယာဒ်)။

ပထမနည်းသည် မဟာဇနက ဇာတ်တော်လာ ရွှေအိုးမြှုပ်ပဟေဠိစကား(ယောဇနေသုမဟာနိဓိ)စသည်တို့၌ အသုံးပြုသောနည်းဖြစ်၏။ ဒုတိယနည်းသည် ဝေဿန္တရာဇာတ်တော်လာ မဒ္ဒီဒေဝီသည် တညတွင်းမှာပင် အသွားအပြန် ၁၅-ယူဇနာ ခရီးပေါက်သည်ဆိုရာမျိုး၌ တိုင်းတာအပ်သောနည်းဖြစ်၏။

တတိယနည်းတွင် '၄-ကောသ၊ ၁-ယူဇနာ' ဆိုရာ၌ '၁-ကောသ' မည်မျှရှိသနည်းဟု စိစစ်အပ်သည်။ ကျော်အောင်စံထား ဆရာတော်က 'အတောင် ၂၀၀၀ – ၁-ကောသ၊ အတောင် ၈၀၀၀– ၁-ကောသ၊ အသံအားဖြင့် တခေါ်ဝေးသော အရပ်သည် တကောသ' ဟု အဘိဓာန်နိသျ၌ဆိုသည်။ စတုရင်္ဂဗလ အမတ်ကြီးကလည်း ဤနည်းအတူ အဘိဓာန်၌ဋီကာ၌ ဖော်ပြ၏။

အတောင် ၂၀၀၀–၁-ကောသဟူသောစကားသည် မာနသတ္တကျမ်းစကားနှင့် ညီညွတ်သည်။ အတောင် ၈၀၀၀–၁-ကောသ

ဟူသော စကားသည် သက္ကတအဘိဓာန်များ၏ ဖော်ပြချက်နှင့် ဟပ်မိသည်။

အတောင် ၈၀၀၀–၁-ကောသနှုန်းဖြင့်တွက်လျှင် ၄-ကောသ သည် (ဝါ) ၁-ယူဇနာသည် ၉-မိုင်တိတိရှိသည်။ အာသာ အန် တော်နီမက်ဒွန်နယ်လ်၏ နာဂရီသက္ကတ အင်္ဂလိပ်အဘိဓာန်ကြီး၌ '၁-ယူဇနာ ၉-မိုင်ခန့်ရှိသည်' ဟု ဖော်ပြချက်နှင့်ကိုက်ညီသည်။ ဤ တတိယနည်းကို အိန္ဒိယပြည်တွင် ရှေးဟောင်းဒေသများ အကွာ အဝေးကို တိုင်းတာရာ၌ အသုံးပြုသည်။

ဗြဟ္မဇာလသုတ်အဋ္ဌကထာ၌ ရာဇဂြိုဟ်နှင့် နာလန္ဒမြို့သည် ၁-ယူဇနာကွာဝေးသည်ဟု ရှင်မဟာဗုဒ္ဓဃောသ ဖော်ပြခဲ့သည်။ ထိုနှစ်မြို့သည် လက်ရှိ အင်္ဂလိပ်မိုင်အားဖြင့် (ရထားလမ်း) ၈-မိုင် တိတိ ကွာဝေးသည်။ သို့ဖြစ်၍ ၂-မိုင် တကောသ၊ ၄-ကောသ ၁-ယူဇနာဟုလည်း ယူ၏။

ဖာယိယန်မှတ်တမ်း၌ ပေါရာဏဝါဒအရ အင်္ဂလိပ် ၁၆-မိုင်ကို ၁-ယူဇနာဟုဆိုသည်။ ယင်း ပေါရာဏဝါဒကိုဖယ်၍ နောက်ပိုင်း ခေတ် သိပ္ပံပညာရှိများသည် ၈-မိုင်ကို ၁-ယူဇနာ၊ ၇-မိုင်ခွဲ ၁-ယူဇနာ၊ ၇-မိုင် ၁-ယူဇနာ၊ ၆-မိုင်ခွဲ ၁-ယူဇနာဟူ၍ လေးနည်း ထားပြီး ထိုက်သင့်သလို တွက်ယူကြကြောင်း ဖော်ပြထား၏။ အချို့ကလည်း ၁-ယူဇနာသည် ၅-မိုင်ခန့်သာ ရှိသည်ဟု ဆိုကြ သေး၏။

ဤသို့ ယူဇနာတိုင်းတာရာ၌ ကုန်းလမ်း, ရေလမ်းအလိုက် တိုင်းတာအပ်ကြောင်းလည်း မိန့်ဆိုကြကုန်သည်။

နောက်ဆုံး စတုတ္ထနည်းကား 'ဆယ်ဆံခြည် တနှမ်း'စသော ရှေးခေတ်ကျောင်းသုံးလင်္ကာအရဖြစ်သည်။ဤလင်္ကာ၌ ၇-တောင် ၁-တာ'မှစ၍ ဖော်ပြသောတွက်နည်းသည် သီဟိုဠ် ရှင်မောဂ္ဂလာန် ပြုစုသော မာဂဓအဘိဓာန်ဘူမိဝဂ်လာ သင်္ချာ စကားများနှင့် ညီညွတ်သည်။

**အမှာ။** ။ရွှေထုံနဂရာပုံနှိပ်တိုက်၌ ၁၂၈၉-ခုနှစ်က တတိယအကြိမ် ရိုက်နှိပ်ခဲ့သော ဦးကျော်ထွန်း၏ 'ကိုးခန်းပျို့ဒီကာကျမ်းကြီး' မျက်နှာ ၂၂၂-၌ (၈-ဥသဘ ၁-ဂါဝုတ်)ဟု ပါရှိနေရာ ယင်းကိုးကားသော မာဂဓအဘိဓာန်၌ (ဂါဝုတမှ သဘာသီတိ၊ ၈၀ ဥသဘ ၁-ဂါဝုတ်)ဟူ၍ရှိကြောင်း သုတေသီတို့ သတိပြုရန် ဖြစ်သည်။ သညကျရစ်ဟန်တူ၏။

## နတ်ပြည်၊ဗြဟ္မာပြည်မှ မြေအမျိုးအစား

နတ်ပြည်၊ ဗြဟ္မာပြည်၌မြေသည် လူ့ပြည်မှာကဲ့သို့ ဖုံမှုန့်ထူထပ်သော မြေမျိုးမဟုတ်၊ ဖလ်မြေ, မှန်မြေသာလျှင် ဖြစ်၏။ ဖုံမှုန့်အညစ်အကြေးကင်း၍ နတ်ဗြဟ္မာတို့၏ ကိုယ်ကာယ အဆင်းသည် ကြည်လင်၏၊ ရောင်ရှင် ပဝင်း၏။

## နတ် အစားအစာ

နတ်တို့သည် နတ်သုဓာခေါ် ဩဇာအဆီအနှစ် အနည်းငယ်မျှကိုသာ စားသုံးကြသည်။ ထိုသုဓာသည် လူတို့၏ အစာအာဟာရမျိုးကဲ့သို့ ကာဘဠ်ပါသော အစာ မျိုးမဟုတ်။ ခန္ဓာကိုယ်၌

လိုအပ်သော 'အား'ကို ဖြစ်စေနိုင်သည့် အစွမ်းထက်သော အဆီ အနှစ်တမျိုးသာ ဖြစ်၏။ ထို့ကြောင့် ခန္ဓာကိုယ်အတွက် အသုံး မဝင်သော ကာဘွန်များကို ပြန်လည်ထုတ်ပစ်ရန်မလိုတော့သဖြင့် နတ်များသည် အပေါ့အလေး စွန့်ရခြင်း မရှိပေ။

လူတို့၏ အစာအာဟာရများ၌ ခန္ဓာကိုယ်အတွက် အသုံးဝင် သော အဆီအနှစ်ကို ရယူပြီးနောက် ကာဘွန်များကျန်နေသည်။ ထိုကာဘွန်များကို ကျင်ကြီး၊ ကျင်ငယ်၊ နှပ်၊ တံတွေးစသည်အနေ ဖြင့် ပြန်လည်စွန့်ထုတ်ကြရ၏။

၁၉၆၅-ခုနှစ်က အမေရိကန် အာကာသသိပ္ပံပညာပြပွဲတွင် အာကာသ၌ လှည့်ပတ်နေစဉ် အာကာသမောင်များ စားသောက် ရန် အစာအာဟာရအမျိုးမျိုး ပြသထားသည်ကို တွေ့ခဲ့ရ၏။ သက်ဆိုင်ရာပြပွဲတာဝန်ခံများနှင့်လည်း ဆွေးနွေး ကြည့်ရာ ထိုအစာ များသည် ကာဘွန်ထုတ်၍ အဆီအနှစ်ကို ယူထားသောအစာ များဖြစ်ကြောင်း၊ နည်းနည်းစားရုံမျှဖြင့် လူတွင်လိုအပ်သော (အပူခေတ်) 'အား'ကို ရရှိစေနိုင်ကြောင်း ရှင်းပြကြသည်။

## ဗြဟ္မာ့ အစားအစာ

ဗြဟ္မာများမှကား ရုပ်ဝတ္ထုအာဟာရတစုံတရာကိုပင် စားသုံး ခြင်းမရှိကြတော့ပေ။ ပီတိခေါ် စိတ်၏ နှစ်သက်ငြိမ်းချမ်းမှုဖြင့် သာ ကမ္ဘာပတ်လုံး တည်နေကြတော့သည်။ စားသုံးသောအာဟာ ရက နူးညံ့သောကြောင့် နတ်ကိုယ်ကာယ၊ ဗြဟ္မာကိုယ်ကာယတို့ သည် လွန်စွာနူးညံ့သိမ့်မွေ့ကြ၏။

ဗြဟ္မာများ အစာမစားဘဲ ပီတိဖြင့်သာ နေနိုင်သည်ဆိုသော အချက်ကို ယခင်က စဉ်းစားဉာဏ်ဖြင့် ဝေဖန်ကြည့်ပြီး ယုံကြည်ရန် ခပ်ခက်ခက်ပဲဟု မှတ်ယူမိခဲ့သည်။ သို့သော် ကံအားလျော်စွာပင် ၄၅-ရက်တာမျှ ကမ္မဋ္ဌာန်းအားထုတ်ခွင့်ရခဲ့၍ ဝီရိယကို အားကုန်လွှတ်လျက် ပြင်းပြင်းပြပြ စနစ်တကျ အားထုတ်နေစဉ် ၃-ရက်ခန့်မျှ တရက်လျှင် ထမင်း လေး ငါးလုပ်လောက်သာ စားသော်လည်း ဆာလောင်မွတ်သိပ်မှု မရှိခြင်း၊ ၃-ညတိုင်တိုင် မအိပ်စက်သော်လည်း ကြည်ကြည်လင်လင်ပင် ရှိနေခြင်းတို့ကို ကိုယ်တိုင် တွေ့ကြုံခံစားရ၏။ အလွတ်နေသောအခါ၌ တနေ့ ၂-ထပ် အစားနေသည့်ကြားထဲမှ ဆာလောင်ခြင်း၊ ရွှေမန်း တင်မောင်ဇာတ်ပွဲ တညကြည့်ပြီး နောက်တနေ့ ခေါင်းမထူနိုင်ခြင်း၊ ခေါင်းခဲခြင်းစသည်တို့နှင့် နှိုင်းယှဉ်ကြည့်ကာ ဗြဟ္မာတို့အပေါ် သံသယ ကင်းခဲ့ရလေပြီ။

နတ်ပြည်တွင် နတ်သား၊ နတ်သမီးဟူ၍ လိင်ကွဲ ရှိ၏။ လူများကဲ့သို့ ချစ်ကြိုက်ပြုမူကြသည်။ ဗြဟ္မာပြည်၌မူကား ဗြဟ္မာထီး၊ ဗြဟ္မာမဟူ၍ မရှိချေ။ အားလုံး ယောကျ်ားသဏ္ဌာန်များသာ ဖြစ်ကြသည်။ ကာမဂုဏ်စိတ်ဓာတ်များလည်း လုံးဝမရှိကြပေကုန်။

### နတ်သက်တမ်း

နတ်ပြည်၊ ဗြဟ္မာပြည်များသည် ကုသိုလ်ကောင်းမှု အကျိုးပေးရာဘုံဌာနတို့ ဖြစ်ကြသည်။ ထို့ကြောင့် နတ်ဗြဟ္မာတို့သည် လွန်စွာအသက်ရှည်ကြ၏။

ပထဝီအနေအထားအရ ကြည့်လျှင် အောက်ဆုံးနတ်ပြည်၏ တနေ့တညချိန်ခါသည် လူ့အချိန်အားဖြင့် နှစ် ၅၀-တိတိ ကြာသည်။ အထက်အထက်နတ်ဌာနတို့၌ နေ့တာ ညတာသည် နှစ်ဆတက်ပို၍ ရှည်သွားပြီး အသက်တမ်းလည်း (လူ့အရေ အတွက်အားဖြင့်) လေးဆ လေးဆပို၍ ရှည်ကြာသွားသည်။ မြင့်လေ နေ့တာ ညတာ ပို၍ ရှည်သွားလေဖြစ်သည်။

အာကာသယာဉ်များဖြင့် ကမ္ဘာကို လှည့်ပတ်ခဲ့သော အာကာသမောင်မယ်များ၏ ဖော်ပြချက်အရ ကမ္ဘာပတ်လမ်းကြောင်း အမြင့်၌ နေ့တာ ညတာသည် ကမ္ဘာ့နေ့တာ ညတာထက် ပို၍ ရှည်ကြာသည်ဟု မှတ်သားရဘူးသည်။ အထူးသဖြင့် လပေါ်က တနေ့သည် ကမ္ဘာက ၁၅-ရက်တိတိ ကြာသည်။ လ၏ တညသည် လည်း ကမ္ဘာက ၁၅-ရက်နှင့် ညီမျှသည်။ ထို့ကြောင့် လပေါ် တွင် တနေ့တညသည် လူ့ကမ္ဘာ၌ တလဖြစ်သည်ဟု သိပ္ပံပညာ ရှင်တို့က ဖော်ပြကြသည်။

အဘိဓမ္မာအရ နတ်ဘုံအသီးသီးရှိ နတ်တို့၏သက်တမ်းကာလ ကို ဤသို့ ဖော်ပြနိုင်ပါသည်။

| နတ်ဘုံ | နတ်တွက်ကိန်းအသက် | လူ့တွက်ကိန်းအသက် |
|---|---|---|
| စတုမဟာရာဇ် | အနှစ် ၅၀၀ | အနှစ် ၉၀၀၀၀၀၀ |
| တာဝတိံသာ | ၁၀၀၀ | ၃၆၀၀၀၀၀၀ |
| ယာမာ | ၂၀၀၀ | ၁၄၄၀၀၀၀၀၀ |
| တုသိတာ | ၄၀၀၀ | ၅၇၆၀၀၀၀၀၀ |
| နိမ္မာနရတိ | ၈၀၀၀ | ၂၃၀၄၀၀၀၀၀၀ |
| ပရနိမ္မိတဝသဝတ္တိ | ၁၆၀၀၀ | ၉၂၁၆၀၀၀၀၀၀ |

## ဗြဟ္မာ့သက်တမ်း

ရိုးရိုး ကုသိုလ်ကောင်းမှုရှိရုံမျှဖြင့် ဗြဟ္မာမဖြစ်နိုင်။ ဈာန်ရမှ ဗြဟ္မာဖြစ်နိုင်သည်။ ပထမဈာန်ရလျှင် ပထမဈာန်ဗြဟ္မာဘုံသို့ ရောက်နိုင်သည်။ ဒုတိယဈာန်စသည်ကိုရလျှင်လည်းဒုတိယဈာန်ဘုံ စသည်တို့၌ ဗြဟ္မာဖြစ်နိုင်ကြသည်။

ဗြဟ္မာတို့၏အသက်မှာမူ ရှည်ကြာလှသောကြောင့် နှစ်ဖြင့် ရေတွက်၍မဖြစ်နိုင်ပေ။ ထို့ကြောင့် ကမ္ဘာဖြင့် ရေတွက်ရလေ၏။

ပထမဈာန်သုံးဘုံအနက် ဗြဟ္မပါရိသဇ္ဇာဗြဟ္မာတို့၏အသက် သည် အသင်္ချေယျကပ်၏ သုံးပုံတပုံ၊ ဗြဟ္မပုရောဟိတာဗြဟ္မာတို့၏အသက်သည် အသင်္ချေယျကပ် ထက်ဝက်၊ မဟာဗြဟ္မာတို့၏ အသက်သည် အသင်္ချေယျတကပ်ကြာမျှ အသက်ရှည်ကြသည်။

ဒုတိယဈာန်သုံးဘုံအနက် ပရိတ္တာဘာဗြဟ္မာတို့၏အသက်သည် မဟာ ကပ် နှစ်ကပ်၊ အပ္ပမာဏာဘာဗြဟ္မာတို့၏အသက်သည်မဟာ ကပ် လေးကပ်၊ အာဘဿရာဗြဟ္မာတို့၏ အသက်သည် မဟာကပ် ရှစ်ကပ်အသက်ရှည်၏။

တတိယဈာန်သုံးဘုံတွင်ပါဝင်သော ပရိတ္တသုဘာဗြဟ္မာတို့၏ အသက်သည် မဟာကပ် ၁၆-ကပ်၊ အပ္ပမာဏသုဘာဗြဟ္မာတို့၏ အသက်သည် မဟာကပ် ၃၂-ကပ်၊ သုဘကိဏှာဗြဟ္မာတို့၏အသက် သည် မဟာကပ် ၆၄-ကပ်ရှည်ကြာ၏။

စတုတ္ထဈာန်ဘုံတွင်ပါဝင်သော ဝေဟပ္ဖိုလ်ဗြဟ္မာနှင့် အသညသတ်ဗြဟ္မာတို့၏ အသက်တမ်းသည် မဟာကပ် ငါးရာဖြစ်၏။ သုဒ္ဓါဝါသဗြဟ္မာဘုံ ၅-မျိုးအနက် အဝိဟာဘုံရှိ ဗြဟ္မာတို့၏

အသက်သည် မဟာကပ်တထောင်၊ အတပ္ပာဗြဟ္မာသက် မဟာကပ် နှစ်ထောင်၊ သုဒဿာဗြဟ္မာသက် မဟာကပ် လေးထောင်၊ သုဒဿီဗြဟ္မာသက် မဟာကပ် ရှစ်ထောင်၊ အကနိဋ္ဌာ ဗြဟ္မာ သက် မဟာကပ် တသောင်းခြောက်ထောင်ဖြစ်၏။

အရူပဗြဟ္မာများအနက် အာကာသာနဉ္စာယတန ဗြဟ္မာသက် မဟာကပ် နှစ်သောင်း၊ ဝိညာဏဉ္စာယတန ဗြဟ္မာသက် မဟာကပ် လေးသောင်း၊ အာကိဉ္စညာယတန ဗြဟ္မာသက် မဟာကပ် ခြောက်သောင်း၊ နေဝသညာ နာသညာယတန ဗြဟ္မာသက် မဟာကပ် ရှစ်သောင်းလေးထောင် ဖြစ်ကြ၏။

(အသင်္ချေယျကပ်နှင့် မဟာကပ်ကွာခြားပုံ ရှေ့၌ ထင်ရှားပါမည်။)

ဤအထိဖတ်မိလျှင် အောက်ဆုံးငရဲဘုံများမှ အထက်ဆုံး ဗြဟ္မာဘုံများအထိ ၃၁ ဘုံ၏ အမည်နာမများ၊ တဘုံနှင့်တဘုံ အကွာအဝေးများ၊ ဘုံသားတို့သုံးဆောင်သည့် အစာအာဟာရ များနှင့် ဘုံသားအသီးသီး၏ အသက်တမ်းများအကြောင်း သိအပ်ပေပြီ။

## ကမ္ဘာလောကဓာတ်ကြီး ပျက်စီးပုံနှင့် သတ္တဝါတို့အနေအထား

ယခုအခါ ကမ္ဘာတည်လာပုံနှင့်ပတ်သက်၍ အကျဉ်းချုပ် လေ့လာကြည့်သင့်၏။ ကမ္ဘာကြီး စတင်ဖြစ်ထွန်းလာသည်ကို လေ့လာသောအခါ ကမ္ဘာမတည်မီက အခြေအနေကို ပြန်လည် သုံးသပ်ကြည့်ရမည်ဖြစ်သည်။

ဗုဒ္ဓစာပေကျမ်းဂန်များအရ ကမ္ဘာအသင်္ချေအနန္တ ဖြစ်လည်းဖြစ်ခဲ့ပြီ၊ တည်လည်းတည်ခဲ့ပြီ၊ ပျက်လည်းပျက်ခဲ့ပြီဟု သိရ၏။ ဤအချက်သည် ကမ္ဘာ အစရှာမှုနှင့် ပတ်သက်၍ လွန်စွာ အရေးကြီးသည်။ ဤခံယူချက်ကို(ခေတ္တဖြစ်စေ) လက်ခံထားနိုင်မှ ယခုပြဆိုမည့် ကမ္ဘာတည်ပုံကို သဘောပေါက်ပေမည်။

## စကြာဝဠာ အနန္တ

ကပ္ပ(ကမ္ဘာ)ဟူသည်ကား ပျက်စီးတတ်သောအနန္တ ဩကာသလောကကြီး၏ အမည်ဖြစ်သည်။ စကြာဝဠာဟူသည် လေးကျွန်း တမြင့်မိုရ်နှင့်တကွ ဝန်းဝိုင်းသော တံတိုင်းကြီးတခုအတွင်းရှိ ရေ၊ မြေ၊ ကောင်းကင် အားလုံး၏ အမည်ဖြစ်သည်။ ဤသို့သော စကြာဝဠာတို့သည် ဩကာသလောကအတွင်း၌ အသင်္ချေအနန္တပင် ရှိကြသည်ဟုဆိုသည်။

ထိုအနန္တစကြာဝဠာများအနက် စကြာဝဠာပေါင်း ကုဋေတသိန်းလျှင် တအုပ်စုစီဆက်စပ်နေပြီး ဖြစ်လည်းအတူ၊ပျက်လည်းအတူဟုဆိုသည်။ တည်ရှိနေစဉ်၌လည်း အခြေအနေ တူညီရသည်။ သိန်းစုစကြာဝဠာ အချင်းချင်းမှာမူ ဖြစ်တူပျက်တူ မဟုတ်ပေ။

ဖြစ်တူပျက်တူ စကြာဝဠာ ကုဋေတသိန်းအနက် ကျွန်ုပ်တို့ စကြာဝဠာကို ကောက်ယူ၍ လေ့လာအပ်ပေသည်။ ကျွန်ုပ်တို့ လက်ရှိကမ္ဘာ မတိုင်မီက ပျက်ခဲ့ပြီးသောကမ္ဘာ၏ အကြောင်းအရာများကို ပထမဦးစွာ သိရန်လိုအပ်သည်။

## ကမ္ဘာပျက်ခါနီး အခြေအနေ

ကမ္ဘာပျက်ခါနီးတွင် သတ္တဝါတို့သည် လွန်စွာ တရားမဲ့ကြသည်ဟုဆိုသည်။ အမေကို မယားလုပ်၊ သားကို လင်လုပ်သည့် အခြေအထိ ဆိုက်နေသည်။ ဟိရိဩတ္တပ္ပတရား လုံးဝကင်းနေကြသည်။ မေတ္တာတရား၊ အကြင်နာတရား၊ ချမ်းသာသူကို ကြည်ဖြူနိုင်သော မုဒိတာတရားများ ခန်းခြောက်နေသည်။ လူလူချင်း ညှဉ်းဆဲကြသည်၊ သတ်ဖြတ်ကြသည်၊ တယောက်စားရ တယောက်မနာလို မရှုစိမ့်ဖြစ်ကြသည်။ ထိုခေတ်ထိုအခါမှာ ပေါ်တွန်းခေတ်စားနေသော ဝါဒဆိုးကြောင့် ဤကဲ့သို့ တရားမဲ့မှုများသည်ပင် ဂုဏ်ရှိသောအလုပ်များ ဖြစ်နေကြသည်။

ကမ္ဘာမပျက်မီ အနှစ်တသိန်း တင်ကြိုပြီး 'ကမ္ဘာကြီး လုံးဝပျက်စီးတော့မည်တဲ့' ဟူသော ကောဠာဟာလကြီး ပေါ်ပေါက်ခဲ့သည်။ လောကဗျူဟာနတ်များကလည်း မကြာခင် ကမ္ဘာပျက်တော့မည်။ သတ္တဝါအချင်းချင်းမေတ္တာထား၍ ကောင်းမှုကုသိုလ်ပြုလုပ်ကြပါဟု ဆော်ဩလာကြသည်။

ထိုအခါ လူသားတို့နှင့်တကွ သတ္တဝါအားလုံးတို့သည် လွန်စွာ စိုးရွံ့ထိတ်လန့်ကြပြီး မဟုတ်တယုတ် တရားမဲ့ဝါဒများကို စွန့်ပယ်လျက် တရားဖက်ကြပြန်သောကြောင့် သေလျှင် အထက်အထက်သောဘုံများသို့ ရောက်ကြသည်။

နောက်ဆုံး၌ အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ဘုံနှင့် ပထမစျာန်ဗြဟ္မာဘုံတို့ရှိ သတ္တဝါတို့သည် အထက်ဖြစ်သော ဗြဟ္မာဘုံတို့၌ ဗြဟ္မာချည်း ဖြစ်ကြရပြန်သည်။

ကမ္ဘာပျက်ခါနီးလာသောအခါ မိုးကြီးသည်းထန်စွာရွာသွန်းပြီး မြည်းအောင်သံကဲ့သို့ အသံကြီးမြည်ဟီးလျက် တချီတည်း မိုးပြတ်လေတော့သည်။ ကျန်ရှိသော သတ္တဝါအနည်းငယ်တို့သည် ကမ္ဘာ့နိဂုံးချုပ် မိုးကြီးမှန်း မသိကြ၍ ပျော်ပျော်ရွှင်ရွှင် စိုက်ပျိုးလုပ်ဆောင်ကြ၏။ နောက်တဖန် မိုးကျချိန်ရောက်၍ မိုးမရွာတော့မှ ပြင်းထန်စွာ ထိတ်လန့်ကြောက်ရွံ့ကြပြီး သံဝေဂဉာဏ်ဖြင့် ဗြဟ္မစိုရ်တရား ပွားများကြတော့သည်။ ထို့ကြောင့် စုတေကြသောအခါ အထက်ထက်သောဘုံများ၌ ဖြစ်ကြ၏။ နောက်ဆုံး ဗြဟ္မာချည်းဖြစ်ကြသည်။

### ကမ္ဘာ စတင်ပျက်ပုံ

အောက်ဘုံများ၌ သတ္တဝါဟူ၍ မရှိတော့သောအခါ နေဝင်ပြီး တဆက်တည်းပင် နောက်ထပ် နေတစင်းပေါ်လာသည်။ (ပါ) နေဝင်သည်ဟူ၍ မရှိတော့ပေ။ အပူဓာတ်လွန်ကဲလာ၍ နုနယ်သော ကမ္ဘာ့ပစ္စည်းများ စတင်ပျက်စီးလာ၏။ နောက် နှစ်သန်းပေါင်းများစွာ ကြာပြန်သောအခါ နောက်ထပ်နေတစင်းပေါ်လာပြန်သည်။ ဤနည်းအားဖြင့် ဓာတ်သဘာဝများ ပေါက်ကွဲ၍ နေခုနစ်စင်းအထိ ထွက်ပေါ်လာသည်။ ထိုအခါတွင် ကမ္ဘာ့ရေ၊မြေ၊တောတောင်အားလုံး လောင်ကျွမ်းပျက်စီးကုန်တော့၏။ ကမ္ဘာလောကဓာတ်တခုလုံး အနှုမ္မူမျှ မကျန်တော့သောအခါ နေခုနစ်စင်းလည်း ပေါက်ကွဲလောင်ကျွမ်း ကွယ်ပျောက်သွားပြီး အမိုက်မှောင်ကြီး ကျလာသည်။ အပါယ်လေးဘုံ၊ ကမ္ဘာ့တိုက်ကြီး

ခြောက်တိုက် အပါအဝင် လူ့ပြည်၊ နတ်ပြည်ခြောက်ထပ်နှင့် ပထမစျာန် ဗြဟ္မာသုံးဘုံ၊ စုစုပေါင်း ဘုံဌာန ၁၄-ခုလုံး ပျောက်ကွယ်သွား၏။ ပထမစျာန်ဘုံက ဗြဟ္မာများလည်း အထက်ဗြဟ္မာဘုံများသို့ ပြောင်းရွှေ့ဖြစ်ကြသည်။

ဒုတိယစျာန်ဗြဟ္မာဘုံအောက် တခွင်တပြင်လုံး၌ အာကာသကောင်းကင်ပြင်ကြီးသာ မင်းမူနေတော့သည်။ အမိုက်မှောင်ကြီး အတိ ဖြစ်နေသည်။ ထိုဟင်းလင်းပြင်ကြီးထဲ၌ တေဇောဓာတ်ဦးဆောင်သော မီးကလာပ်များ (ဥတုအသိုက်အအုံများ)သာ တည်ရှိနေလေသည်။ ကမ္ဘာလောကဓာတ်၏ မျိုးစေ့ဓာတ်ကြွင်းမျှသာ ကျန်ရှိနေရစ်သည်။

**အမှာ။** ။ကမ္ဘာလောကဓာတ်နှင့်တကွ သတ္တဝါအားလုံးသည် သဘာဝဓမ္မများ၏ ယာယီအဖွဲ့အစည်းသာဖြစ်ကြောင်း အဘိဓမ္မာကျကျ သတိပြုပါ။

ကမ္ဘာ့နိဂုံးချုပ် မီးကျချိန်မှစ၍ လောကဓာတ်ကြီး လုံးဝပျက်စီးပြီး ကောင်းကင်နှင့် ထိုဓာတ်သဘာဝမျှသာ ကျန်သည့်အချိန်အထိ နှစ်ပေါင်း အသင်္ချေအနန္တကြာလေသည်။ တရွေ့ရွေ့ခြင်း တတိ တတိပျက်စီးနေခြင်းသာဖြစ်သည်။ဤသို့လောကဓာတ်ကြီး ပျက်စီးနေသော ကာလအပိုင်းအခြားကို 'သံဝဋ္ဋကပ်' (ပျက်နေဆဲကမ္ဘာ)ဟု ခေါ်သည်။

## ကမ္ဘာဖျက် လက်နက်ကြီးများ

ဤ၌ လောကဓာတ်ကို ဖျက်ဆီးသော သဘာဝကြီးများ အကြောင်း သိသင့်လေသည်။ ကမ္ဘာဖျက်သဘာဝကြီးများသည်

မီး, ရေ, လေတို့ဖြစ်ကြ၏။ သြကာသလောကဓာတ်ပေါင်း အသင်္ချေ အနန္တ ပျက်စီးရာဟှင် မီး ခုနစ်ကြိမ်၊ ရေတကြိမ်ဖျက်ပြီး ၆၄-ကြိမ် မြောက်၌ လေတကြိမ်ဖျက်သည်ဟု ဆိုသည်။

ဆိုလိုသည်မှာ ကမ္ဘာလောကဓာတ်တခုလုံး နေခုနစ်စင်းပေါ်၍ မီးဖြင့်ဖျက်ဆီးပြီးနောက် ကမ္ဘာသစ်ဘည်လှာပြန်သည်။ ထိုဒုတိယ ကမ္ဘာလောကဓာတ်ကိုလည်း ပျက်ချိန်တန်သောအခါ မီး ကပင် ဖျက်ဆီးပြန်သည်။ ဤနည်းအားဖြင့် ခုနစ်ကမ္ဘာ ဆက်တိုက် မီး ဖျက်သည်။ ရှစ်ခုမြောက် ကမ္ဘာလောကဓာတ်ကိုမူ ရေဖျက်လာ သည်။ ဤနည်းအတိုင်း မီး ခုနစ်ကြိမ်လျှင် ရေတကြိမ်ကျဖျက်ဆီး လာရာ (၈×၈-လီ) ၆၄-ကြိမ်မြောက်၍ ရေဖျက်ရမည့် အလှည့်တွင် လေကြီးက ဝင်၍ဖျက်ဆီးလေသည်။ မီးဓာတ်, ရေဓာတ်, လေဓာတ်တို့ အလှည့်ကျ အဖျက်အားဖြစ်လာသည်။

သို့ဖြစ်၍ ၆၄-ကမ္ဘာ၊ ၆၄-ကြိမ်ပျက်ရာ၌ မီးဖျက်ကြိမ် ၅၆၊ ရေဖျက်ကြိမ် ၇၊ လေဖျက်ကြိမ် ၁-ဖြစ်ပေသည်။ ဤသို့လျှင် ၆၄-ကမ္ဘာ တတွဲကို မီး, ရေ, လေတို့က ဆိုခဲ့ပါ အစီအစဉ်အတိုင်း အလှည့်ကျ ဖျက်ဆီးကြသည်။ အခြား အခြားသော ကမ္ဘာ လောကဓာတ် အသင်္ချေအနန္တတို့ ပျက်စီးရာ၌လည်း ဤနည်းတူ ၆၄-ကမ္ဘာ တတွဲကျစနစ်ဖြင့်ပင် ပျက်စီးကြလေသည်။

ဤသို့သောစနစ်ကို မည်သည့် တန်ခိုးရှင်ကမှ ဖန်တီးရသည် မဟုတ်၊ ဓမ္မနိယာမ ဓမ္မတာသဘောအားဖြင့်သာ ဖြစ်နေခြင်း တည်း။ အတိတ်ကလည်း ဤစနစ်အတိုင်း လောကဓာတ်အနန္တ ပျက်ပြုန်းခဲ့ပြီ။ နောင်တွင်လည်း ဤစနစ်အတိုင်းပင် ကမ္ဘာ လောကအသင်္ချေ ပျက်စီးရပေဦးမည်။ ကျွန်ုပ်တို့ လက်ရှိ ကမ္ဘာ

လောကခေတ်ကြီးသည်ကား ပျက်ချိန်တန်လျှင် မီးဖျက်၍ ပျက်စီးပေလတ့်။

ရေဖျက်မည့် ကမ္ဘာမျိုး၌ ဒုတိယနေတစင်းထွက်ရမည့် အချိန်မှစ၍ မိုးကြီးအဆက်မပြတ် ရွာသွန်းလာကာ ကမ္ဘာ့အဆောက်အဦများကို ဆွေးမြေ့ပျက်စီးစေသည်။ နှစ် သန်းပေါင်းများစွာ ကြာ၍ ပျက်ရမည့် ဘုံဌာနအားလုံး ကုန်ဆုံးလေမှ ကမ္ဘာဖျက်မိုး ရပ်စဲသွားသည်။ ရေနှင့်တကွ ဝတ္ထုပစ္စည်းမှန်သမျှ ခတ်သဘာဝ အဖြစ် ရုပ်ပြောင်းသွားပြီး ကောင်းကင် အမိုက်တိုက်အတိသာ ပေါ်လာ၏။

အထူးမှာ ဤရေဖျက်သောအကြိမ်တွင် မီးဖျက်စဉ်များက လွတ်ကင်းခဲ့သော ဒုတိယဈာန် ဗြဟ္မာသုံးဘုံလည်း ပါသွားတော့၏။ သို့ဖြစ်၍ တတိယဈာန် ဗြဟ္မာဘုံများ၏ အောက်တခွင်တပြင်လုံး ဟင်းလင်းပွင့်ကာ အနန္တအာကာသကြီး ဖြစ်ပေါ်နေသည်။ မြေ့,ရေ့,လေ့,မီး သဘာဝမျှသာ ဝေဟင်အပြည့်တည်နေပေသည်။

လေဖျက်မည့်ကမ္ဘာ၌မူ ဒုတိယနေတစင်း ပေါ်ရမည့်အချိန်မှ စပြီး လေမုန်တိုင်းကြီး ကျလာသည်။ နှစ် သန်းပေါင်းများစွာ အတွင်း တစထက်တစ လေဟုန်ပြင်းထန်စွာ တိုက်ခတ်လာသော ကြောင့် ကမ္ဘာ့အဆောက်အဦများ အချင်းချင်းထိခိုက်ပွတ်တိုက်၍ မှုန့်မှုန့်ညက်ညက်ဖြစ်ကုန်သည်။ အချို့မှာ လေထုနှင့်ပွတ်ပြီး မီးဟုန်းဟုန်းတောက်၍ ပျက်စီးကုန်ကြ၏။ ဖျက်စရာဟူသမျှကုန်မှ လေမုန်တိုင်းရပ်သည်။

ဤအကြိမ်၌ ထူးခြားချက်မှာ မီးနှင့် ရေဖျက်စဉ်က လွတ်ကျန်ခဲ့သော တတိယဈာန် ဗြဟ္မာဘုံများလည်း အပျက်ထဲပါကြရခြင်း

ဖြစ်၏။ သို့ဖြစ်၍ စတုတ္ထစျာန်ဘုံများ (ဝေဟပ္ဖိုလ်၊ အသညသတ် နှင့် သုဒ္ဓါဝါသဘုံများ)အောက်တလျှောက်လုံး ဟင်းလင်းပွင့်ပြီး အနန္တကောင်းကင် အမိုက်တိုက်ကြီးသာ လွှမ်းမိုးနေတော့သည်။ ဤကောင်းကင်ကြီးအပြည့် မဟာဘုတ်ရုပ်ခဲတ်ကြီးများ တည်ရှိနေပေသည်။

၁၁-ဘုံအနက် စတုတ္ထစျာန် ဗြဟ္မာဘုံ ခုနစ်ဘုံ၊ အရူပ လေးဘုံ၊ စုစုပေါင်း ၁၁-ဘုံတို့သည် မည်သည့်အခါမျှ မပျက်စီးသော ဘုံများ ဖြစ်ကြ၏။ အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ခြောက်ဘုံနှင့် ပထမစျာန် ဗြဟ္မာဘုံ၊ စုစုပေါင်း ၁၄-ဘုံသည် ကမ္ဘာလောကခဲတ်ကြီး ပျက်စီးတိုင်း အမြဲပါဝင်ရသောဘုံများဖြစ်ကြသည်။ ဒုတိယစျာန် ဗြဟ္မာဘုံနှင့် တတိယစျာန် ဗြဟ္မာဘုံတို့မှာကား ရေနှင့် လေဖျက်ဆီးသော အကြိမ်များ၌သာ ပျက်စီးကြရလေသည်။

သံဝဋ္ဋကပ် ( ပျက်ဆဲကမ္ဘာကာလ ) ပြီးဆုံးသွားသောအခါ နှစ်ပေါင်း အသင်္ချေ၊ အနန္တကာလပတ်လုံး အပျက်အတိုင်း (ကောင်းကင်နှင့် ရုပ်ဥတုခဲတ်သဘောမျှဖြင့်သာ) တည်နေလေသည်။ ဤသို့ ပျက်စီးနေသည့်အတိုင်း တည်နေသောအချိန်ပိုင်းကို ‘သံဝဋ္ဋဋ္ဌာယီကပ်’ (အပျက်အတိုင်းတည်နေသော ကမ္ဘာကာလ) ဟု ခေါ်သည်။

## စကြဝဠာကြီး ပြန်တည်လာပုံ

ဤ သံဝဋ္ဋဋ္ဌာယီကပ်အချိန်အတွင်းတွင် မီးကလာပ်(သီတဥတု၊ ဥဏှဥတု)တို့သည် တရွေ့ရွေ့ချင်း တိုးတက်ပွားစီးလာသည်၊

ပြောင်းလဲလာသည်။ ဝါယောဓာတ်(လေ)နှင့် အာပေါဓာတ် (ရေ)တို့ကို တိုးပွားလာစေသည်။ ဤသို့ ပြောင်းလဲတိုးတက်လာရာ၌ အလျင်အမြန် 'ဘွား'ကနဲ ဖြစ်ထွန်းလာခြင်းမျိုး မဟုတ်၊ နှစ်ပေါင်း အသင်္ချေ၊အနန္တအတွင်း တစတစ ပြောင်းလဲတိုးတက်လာခြင်းမျိုးသာ ဖြစ်သည်။

ဤသို့သော ပြောင်းလဲမှုကို မည်သူမျှ ဖန်တီးရသည်မဟုတ်၊ ဓမ္မနိယာမအားဖြင့် အလိုလို ဖြစ်လာခြင်းသာတည်း။ အလိုလိုဖြစ်လာသည်ဆိုရာတွင် တဦးဦးသော တန်ခိုးရှင်က ဖန်တီးရမှု မရှိခြင်းကိုသာ ဆိုလိုသည်။ ဓမ္မနိယာမနယ်၌မူ ရုပ်သဘာဝ၊ နာမ်သဘာဝတို့သည် အကြောင်းအကျိုး ဆက်သွယ်ပေါင်းစပ်မှုစနစ်အားဖြင့် စနစ်တကျ ဖြစ်ပေါ်မှု ရှိလေသည်။

သံဝဋ္ဋဋ္ဌာယီကပ်အတွင်းရှိ မြေ၊ ရေ၊ လေ၊ မီး (မဟာဘုတ်) သဘာဝတို့သည် အထက်ပြဟ္မာပြည်များရှိ သတ္တဝါတို့၏ ကံသတ္တိနှင့်လည်း မကင်းကြချေ။ အချိန်ကာလ ကြာမြင့်သည်နှင့်အမျှ ဓာတ်သဘာဝတို့သည် ပြောင်းလဲတိုးတက်လာပြီး သတ္တဝါများ နေစရာ စကြာဝဠာများ ဖြစ်ပေါ်ရေးဘက်သို့ တရွေ့ရွေ့ခြင်း ပြန်လည်ချီတက်လာသည်။

## ကမ္ဘာပြု မီး၊ လေ၊ ရေ

မြေ၊ ရေ၊ လေ၊ မီး သဘာဝတို့အနက် ဥတုတေဇောဓာတ်များသည် လေဓာတ်ကို ပွားပီး တိုးတက်လာစေသည်။ ကာလကြာသောအခါ ထိုရေသည် အလွန်အေးမြလာသည်။ သီတတေဇောဓာတ် (ဥတု) တို့သည် ရေဓာတ်များကို အားပေးလာ

သည်။ အနန္တကောင်းကင်ကြီးထဲ၌ ထင်ရှားသော လေ၊ ရေ ဟူ၍ မရှိခဲ့ရာမှ ဟိုတစ၊ ဒီတစ လေညှင်းကလေးများ ထလာသည်။ အခိုးပြန့်သကဲ့သို့ ရေငွေ့ကလေးများ စတင်သန်းလာသည်။

နောက် နှစ်သန်းပေါင်းများစွာကြာလွန်သောအခါ ဓမ္မနိယာမအားဖြင့် လေညှင်းများမှတဆင့် လေပို၍ထလာပြီး ကမ္ဘာပျက်လေကြီး အဆက်မပြတ် တိုက်ခတ်လာသည်။ ထို့နောက် ရေငွေ့များမှတဆင့် ကမ္ဘာပျက်မိုးကြီး ဖွိုင်ဖွိုင်ကျလာသည်။ အနန္တရေပြင်ကြီးကို အလွန်အားကြီးမြသော မဟာလေထုကြီးက ထက်အောက် ဝန်းကျင်မှ ခံဆောင်ထားသည်။

ရေထုသည်မပျက်ပဲ ကျန်ရှိနေသော အောက်ဆုံး ဗြဟ္မာဘုံ တိုင်အောင် တက်သည်။ ထိုအခါကျမှ ကမ္ဘာပျက်မိုးလည်း ရပ်စဲလေ တော့သည်။

ဤနေရာတွင် 'ကမ္ဘာလေကြီးကသာ ဆက်တိုက် တိုက်ခတ်၍ ခံဆောင်မထားလျှင်တော့' ဟူသော သံသယမျိုး ဖြစ်ဖွယ်မရှိပါ။ အကြောင်းမှာ ဤသို့ သံသယဖြစ်ခြင်းမျိုးသည် 'ငါတို့ အသက်ရှူဖို့ လေတွေပြတ်သွားရင်ဖြင့်' ဟူသော ကြောင့်ကြမှုမျိုးကဲ့သို့ဖြစ်သော ကြောင့်ပေတည်း။ အမှန်မှာ သတ္တဝါတို့အသက်ရှူနိုင်ဖို့ လေသည် ဓမ္မနိယာမအားဖြင့် ထာဝစဉ်ရှိနေသလိုပင် သြကာသ လောက ဓာတ်ကြီးတခုလုံးကို ခံဆောင်ထားသော ကမ္ဘာဆောင်လေသေ ထုကြီးမှာလည်း ကမ္ဘာမပျက်မခြင်း ထာဝရ တည်နေသည်ပင် ဖြစ်သည်။

ဒုတိယစျာန်ဗြဟ္မာဘုံ၏ အောက်တခွင်တပြင်လုံး၌ တည်နေ သော ရေထုကြီးသည် နှစ်ပေါင်း ကုဋေကုဋာကြာမြင့်လာသော

အခါ တဖြေးဖြေး ခန်းကျလာသည်။ တတိ တတိ ရေခန်းလာသောအခါ ယခင် ကမ္ဘာ့ကမ္ဘာက သက်ဆိုင်ရာ ဘုံဌာနနေရာဟောင်းများတွင် ဘုံဌာနသစ်များ ဖြစ်ထွန်းလာကြပြန်သည်။

(မီးဖျက်သောကမ္ဘာ၌) ရှေးဦးစွာ ပထမဈာန် ဗြဟ္မာသုံးဘုံပြန်လည်ဖြစ်ထွန်းလာသည်။ ထိုနောက် ယူဇနာ ၅-သန်း ၅-သိန်း ၈-ထောင်ရှိသော ပေဟာင်တွင် ပရိနိမ္မိတဝသဝတ္တီနတ်ဘုံ ဖြစ်ပေါ်လာသည်။ ဤနည်းအားဖြင့် အောက် အောက်သောနတ်ဘုံများ၊ လူ့ဘုံနှင့် ငရဲဌာနများ ပြန်လည်တည်ရှိလာပေသည်။

## စကြာဝဠာဟူသည်

လူ့လောကတွင် စကြာဝဠာဖွဲ့ကြသည်။ 'စကြာဝဠာ'ဟူသောစကား၏ရင်းမြစ်အနက်မှာ 'အဝန်းအဝိုင်း' ဖြစ်သည်။ ဗုဒ္ဓစာပေနယ်က ဆိုလိုသော စကြာဝဠာဟူသည် ဤသို့ဖြစ်၏။

ဩကာသ လောကခေတ်ကြီး ပြန်လည် ထွန်းကားလာသောအခါ ကောင်းကင်၌တည်သော ယာမာနတ်ဘုံ၏အောက် ယူဇနာပေါင်း ၄-သောင်း ၂-ထောင် အကွာအဝေး၌ ပထဝီဒြမြေသားပေါ်လာသည်။ ဦးစွာ ပေါ်လာသော ဤ မြေပြင် ထက်၌ တာဝတိံသာနတ်ပြည်ဖြစ်လာ၏။ ထို့အောက် ယူဇနာ ၄-သောင်း ၂-ထောင် အမြင့်၌ ယုဂန္ဓိုရ်တောင်ဖြစ်လာမည့် မြေသားပေါ်လာသည်။ ဤမြေသားထက်၌ စတုမဟာရာဇ်နတ်ဘုံ ဖြစ်လာ၏။ နေ့လတို့လည်းယူဇနာ ၄-သောင်း ၂-ထောင်မြင့်သောအာကာသထဲ၌ တည်ဖြစ်လာကြသည်။

ထိုနောက် ဤသန္ဓရတောင်၊ကရဝိကတောင်၊သုဒဿနတောင်၊ နေမိန္ဓရတောင်၊ ဝိနတကတောင်နှင့် အဿကဏ်တောင် ဟူ၍ တောင်စဉ်များပေါ်လာသည်။တတောင်နှင့်တတောင် ထက်ဝက်စီ နိမ့်လာသည်။ တတောင်နှင့် တတောင်ကြား၌ သီတာသမုဒ္ဒရာ တခုစီရှိသည်။ ထိုတောင်နှင့် ထိုသမုဒ္ဒရာတို့သည် မြင့်မိုရ်တောင်ကို ဝိုင်းပတ်တည်နေကြသည်။

ထိုတောင်စဉ်ခုနစ်ထပ်၏ပြင်ပ၌ စကြာဝဠာ တောင်ဝိုင်းကြီး အထိ မဟာသမုဒ္ဒရာချည်းသာဖြစ်၏။ ထိုသမုဒ္ဒရာပြင်ပေါ်၌ ကျွန်း ကြီးလေးကျွန်းနှင့် ကျွန်းငယ်များ ဖြစ်ထွန်းနေကြသည်။ မြင့်မိုရ် တောင်သည် မဟာသမုဒ္ဒရာကြီး၌ ယူဇနာ ရှစ်သောင်း လေးထောင် နစ်မြုပ်နေသည်။ ရေပေါ်အမြင့်လည်း ယူဇနာ ရှစ်သောင်း လေးထောင် မြင့်သည်။

စကြာဝဠာ တောင်ဝိုင်းကြီးကား မဟာ သမုဒ္ဒရာအောက် ယူဇနာ ရှစ်သောင်း နှစ်ထောင် နစ်လျက်ရှိပြီး၊ ရေပေါ်၌လည်း ယူဇနာ ရှစ်သောင်း နှစ်ထောင်ပင် မြင့်မားလျက် တည်ရှိသည်။ မြင့်မိုရ်တောင်နှင့် စကြာဝဠာ တောင်တို့၏ အကွာအဝေးမှာ ယူဇနာ ၅၅၉၇၂၅ ဖြစ်သည်။ စကြာဝဠာ တောင်ဝိုင်းကြီး၏ အဝန်းသည် ယူဇနာပေါင်း ၃၆၁၀၃၅၀(သုံးသန်း ခြောက်သိန်း တသောင်း သုံးရာ့ငါးဆယ်)ရှိသည်။

ဤကဲ့သို့ မြင့်မိုရ်တောင်နှင့်တကွ တောင်စဉ်ခုနစ်ခွေ၊ သီတာ သမုဒ်ခုနစ်တန်တို့ပြင်ပ၌ တည်သော မဟာ သမုဒ္ဒရာကြီး၊ ကျွန်းကြီး လေးကျွန်းနှင့်တကွ ကျွန်းငယ်များ၊ ကောင်းကင်ရှိ နေ့လနက္ခတ်တာရာများ၊ မြေအောက်ရှိ ငရဲဌာနများအားလုံးကို

စုပေါင်း၍ 'စကြာဝဠာ' တခုဟု သတ်မှတ်လေသည်။ တာဝတိံသာ နတ်ဘုံ၏ အထက်နတ်ဘုံများ၊ ဗြဟ္မာဘုံများလည်း ပါဝင်ရပေမည်။

ထို့ကြောင့် 'စကြာဝဠာ' ဟူသည် တိုက်ရိုက်အားဖြင့် လေးကျွန်း တမြင့်မိုရ်ကျစီရှိသော ကမ္ဘာအဖွဲ့အစည်းတခု၏ အမည်ဖြစ်သည်။ ဆင့်ပွားအနက်အားဖြင့် ၃၁-ဘုံလုံးကိုပင် စကြာဝဠာတခုဟူ၍ ဆိုအပ်ပေသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကမ္ဘာပြုမိုး ရွာသွန်းပြီး တဖြေးဖြေး ခန်းကျလာရာမှ ဘုံဌာနအသစ်များ၊ နေ လ တာရာ နက္ခတ်များ စုံစုံညီညီ ပြန်လည်တည်ဆောက်မိသော အချိန်ပိုင်းကို ဝိဝဋ္ဋကပ်ဟု ခေါ်သည်။ ကမ္ဘာတည်ဆောက်ဆဲ ကာလအပိုင်းအခြားဟု ဆိုလိုသည်။

## ကမ္ဘာဦးကာလ အခြေအနေ

နေစရာဘုံဌာနများ အသင့်ရှိလာသောအခါ အထက် ဗြဟ္မာဘုံများရှိ ဗြဟ္မာတို့အနက် ကုသိုလ်ကံအားနည်းလာသော ဗြဟ္မာတို့သည် စုတေကြပြီး အောက်ဗြဟ္မာဘုံ၊ နတ်ဘုံ၊ လူ့ဘုံများ၌ ထိုက်သင့်သလို လာရောက်ဖြစ်ပေါ်ကြသည်။

ကုသိုလ်ဗျာန်ဟုန် ကုန်ဆုံးသော ဗြဟ္မာတို့သည် ဗြဟ္မာ ဆက်လက် မဖြစ်နိုင်တော့ပဲ လူ့ပြည်၌ လူလာ၍ဖြစ်ကြရသည်။ ကမ္ဘာဦးလူသားတို့သည် မမ္မနိယာမလမ်းစဉ်အတိုင်း ဥပပတ် ပဋိသန္ဓေဖြင့် နတ်များလို 'ဘွား' ကနဲ လူ့အသွင် လာဖြစ်ကြရသည်။ အမေ့

အဖေ မလိုချေ။ သူတို့၏ အသက်တမ်းသည်လည်း အသင်္ချေ၊အနန္တ ရှည်ကြာလေသည်။

## ကျား,မ, နေ့,လ

ထိုကမ္ဘာဦးလူသားတို့သည် ယနေ့ လက်ရှိလူသားများနှင့် မတူချေ။ အစစအရာရာ၌ ကွဲပြားခြားနားလေသည်။ သူတို့သည် လွန်စွာ အဆင်းလှကြ၏။ သူတို့သည် ဈာန်ရနေသူများဖြစ်၍ ဗြဟ္မာများလိုပင် ဝေဟင်၌ သွားလာနိုင်ကြသည်။ အစာမစားပဲ ပီတိဖြင့် အသက်ရှည်ကြာနေနိုင်ကြသည်။ ထိုစဉ်က နေ့,လ မပေါ်သေး၍ မိမိတို့၏ကိုယ်ရောင်ကိုယ်ဝါဖြင့် ပတ်ဝန်းကျင်ကို အလင်းရောင် ပေးနိုင်သည်။ အဖို့,အမ မျိုးစေ့ပါနေသော်လည်း အင်္ဂါအစိတ်အပိုင်း မထင်ရှားသေးပေ။

ထိုဗြဟ္မာ ထိုကမ္ဘာဦးလူသားတို့သည် နှစ်ပေါင်း ကုဋေကုဋာ ကြာမြင့်လာသောအခါ ဗြဟ္မာ့ဟန်, ဗြဟ္မာ့အမူအကျင့်များကို တစတစ စွန့်လွှတ်လာပြီး လူကျင့် လူကြံ့,ကြံလာကြသည်။ အစာမစားပဲ ပီတိဖြင့် နေနိုင်ပါလျက် ရသ ပထဝီ၊ ပဒါလတာ၊သလေးဆန် စသည်တို့ကို စားသုံးလာကြသည်။

ထိုကမ္ဘာဦး အစာအာဟာရတို့မှာ လွန်စွာကောင်းမြတ်လှသောကြောင့် တဏှာလောဘ ထောထလာစေသည်။ ကိလေသာတဏှာစိတ်ကြောင့် ဘဝအဆင့်အတန်း နိမ့်ကျလာသည်။ ကိုယ်ရောင်ကိုယ်ဝါများ ကွယ်ပျောက်သွား၍ မြေပြင်တွင် ခြေတင်လျှောက်

ကြရတော့သည်။ ယောကျ်ား မိန်းမ အသွင်သဏ္ဍာန်လည်း ထင်ရှားလာသည်။ ထိုအချိန်တွင် ခမ္မနိယာမ အားဖြင့် နေ စတင်ထင်ရှားပေါ်ထွက်လာသည်။ ထိုနောက် စန်းလ ထွန်းပလာသည်။ နက္ခတ်တာရာများလည်း ထင်ရှားလာသည်။

(အဂ္ဂညသုတ်)

ဤကမ္ဘာတည်ဖြစ်ပြီးမှ သတ္တဝါ စတင်ပေါ်ပေါက်လာသည်မဟုတ်၊ ယခင်ယခင် ကမ္ဘာအနန္တထဲက ရှိနှင့်ပြီး၍ ဗြဟ္မာဖြစ်နေကြသော သတ္တဝါတို့ ဤကမ္ဘာသို့ စတင်ရောက်လာကြပုံကိုသာ ဗုဒ္ဓစာပေကျမ်းဂန်များက ဖော်ပြသည်။

သို့သော် ကမ္ဘာဦးက ရောက်သစ်စ သတ္တဝါတို့သည် ယခုလူများနှင့် အစစအရာရာ ချွတ်စွပ်တူကြသည်ဟု ဖော်ပြခြင်းမရှိချေ။ ယခုလူတွေထက် စိတ်ယုတ်မာနည်းကြောင်းကိုမူ အလေးပေး ဖော်ပြထားသည်။ စိတ်ယုတ်မာနည်းပြီး စိတ်ကောင်းများကြ၍လည်း သူတို့ဘဝမွေးမြူမှု လွယ်ကူသည်၊ သူတို့ခေတ် ငြိမ်းချမ်းသည်။

ဤတွင် အထက်နတ်ပြည်၊ ဗြဟ္မာပြည်များ၌ လူ့ပြည်မှာလို နေ့လ ရှိသလားဟု တွေးဆရန်မလိုပါချေ။ အကြောင်းမှာ နေ့လတို့သည် အောက်ဆုံးနတ်ဘုံ စတုမဟာရာဇ် အဆင့်အတန်းမျှသာ ရှိသည်။ အထက်တန်းကျသောဘုံများ၌ ဗိမာန်ရောင် ကိုယ်ရောင် ကိုယ်ဝါတို့ဖြင့် အလင်းရောင်လုံလောက်စွာရနေသည်။ ထို့ကြောင့် အထက်ဘုံများ၌ နေ့လ မရှိနိုင်ချေ။ သို့သော် ကျွန်ုပ်တို့ စကြာဝဠာ၌ နေ့လ ရှိသလို အခြားသော စကြာဝဠာအသီးသီး၌လည်း နေနက္ခတ်များ ရှိပေရာသည်။

တည်ဆောက်ပြီးသော သြကာသ လောကဓာတ်ကြီးသည် နောက်တကြိမ်ပျက်သည်အထိ သတ္တဝါများနှင့် စည်စည်ကားကား ဆက်လက်တည်တံ့နေသည်။ ဤသို့ တည်ဆောက်ပြီးသည့်အတိုင်း ဆက်လက်တည်ရှိနေသော ကမ္ဘာ့အချိန်ပိုင်းကို ဝိဝဋ္ဋဋ္ဌာယီကပ်ဟု ခေါ်သည်။

## ကမ္ဘာအမျိုးမျိုး

'ကပ်'များကို ပြန်လည်ရုံးပေါင်းကြည့်လျှင် ကမ္ဘာလော ကဓာတ်ပျက်ဆဲကာလ သံဝဋ္ဋကပ်၊ အပျက်အတိုင်းတည်နေသော ကာလ သံဝဋ္ဋဋ္ဌာယီကပ်၊ ပြန်လည်ထူထောင်ရေးကာလ ဝိဝဋ္ဋကပ်၊ ထူထောင်ပြီးသည့်အတိုင်း တည်မြဲနေသောကာလ ဝိဝဋ္ဋဋ္ဌာယီကပ် ဟူ၍ ကပ်(ကမ္ဘာ)လေးမျိုး တွေ့ရပေမည်။ လက်ရှိအချိန်ပိုင်း သည် ဝိဝဋ္ဋဋ္ဌာယီကပ်ဖြစ်သည်။

ဤကပ်လေးမျိုးတို့သည် အချိန်ကာလကြာပုံချင်း တူညီကြ သည်။ တကပ်တကပ်သည် နှစ်ပေါင်း အသင်္ချေ ကြာမြင့်၏။ ထို့ကြောင့် ထိုကပ်လေးမျိုးကို အသင်္ချေယျကပ်လေးကပ်ဟုလည်း ခေါ်သည်။

'အသင်္ချေယျ'ရေတွက်ရာ၌ အချိုနေရာတွင် ၁-နောက် သုည ၁၄၀-ရှိသော အရေအတွက်သည် အသင်္ချေယျဟုဆိုသည်။ ဤ ကပ်များ ရေတွက်ရာ၌မူ အန္တရကပ် ၆၄-ကပ်သည် အသင်္ချေယျ တကပ်မည်၏ဟု ဆိုသည်။

အန္တရကပ်(ကြားကာလအပိုင်းအခြားချိန်တာ) တခုတွင် တိုးတက်သော အာယုကပ်(အသက်တမ်း ပို၍ပို၍ရှည်လာသောခေတ်) နှင့် ကျဆင်းသော အာယုကပ်(အသက်တမ်း တဖြေးဖြေးတိုလာသောခေတ်)ဟူ၍ နှစ်မျိုးရှိသည်။

## အသက်ရှည်ခြင်း၊ အသက်တိုခြင်း အကြောင်းရင်း

ကမ္ဘာဦး လူသားတို့သည် အသက်အသချေ ရှည်ကြာကြကြောင်း သိခဲ့ပြီ။ လူတို့သည် ဒုစရိုက်အကျင့်ယုတ်တို့ကို တိုး၍တိုး၍ ပြုလုပ်လာရာ အသက်တမ်းသည် တို၍ တို၍လာသည်။ ၁၀-နှစ်တမ်းအထိ ရောက်လာသည်။ ထိုအခါ ရောဂါဘယဘေးဆိုးကြီး၊ ခေတ်မီလက်နက်ဘေးဆိုးကြီး၊ ငတ်မွတ်ခေါင်းပါးမှုဘေးဆိုးကြီး တမျိုးမျိုးကျရောက်၍ သတ္တဝါအများ သေကြေပျက်စီးကြကုန်သည်။

အသက်တရာတမ်းအောက် ၁၀-နှစ်တမ်းတဝိုက်ဆီတွင် လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ မည်မျှ သောင်းကျန်းသနည်းဆိုမူ ယောက်ျားချင်းချင်း လိင်တူသံဝါသပြုမှု၊ဖခင်နှင့်သမီး၊ မိခင်နှင့်သား အကျင့်မှားကြမှုတို့သည် ခလေ့မှန်တခု (ဖက်ရှင်)ကဲ့သို့ဖြစ်လာသည်။ သိပ္ပံပညာရှင်ကြီးများက မောင်းပြန်သေနတ်တွေ အမြောက်အမြားထုတ်လုပ်ပေးစရာမလိုတော့ဘဲ လူသတ်လက်နက်တွေ အလျှံပယ် ပေါလွန်းပြီး လူ့လူချင်း တိရစ္ဆာန်ကဲ့သို့ ရက်ရက်စက်စက် သတ်ဖြတ်ကြသည်။ မြို့ရွာတွေ ပျက်စီးကုန်ကြ၏။ သူတော်ကောင်း စိတ်ခတ်ရှိသူ အနည်းငယ်မျှသည် ဘေးလွတ်ရာပြေးကြပြီး ကျောက်ဂူ့ကျောက်လိုဏ် စသည်တို့၌နေထိုင်ကြရ၏။

မသေမပျောက်ကျန်ရစ်ခဲ့သော လောကသားအနည်းငယ်သည် အလွန်အမင်း ကြောက်ရွံ့ထိတ်လန့်ပြီး (ဘာ၀ါဒ၊ ညာ၀ါဒ၊ ဘာအကြောင်း၊ ညာအကြောင်းကြောင့်) တဦးနှင့်တဦး သတ်ဖြတ်ဖျက်ဆီးနေကြမည့်အစား တဦးနှင့်တဦး ချစ်ချစ် ခင်ခင် နေကြရပါမှကား ကောင်းလေစွဟု ခံယူလာကြသည်။ ဘေးဒုက္ခကြီးများ ကိုယ်တွေ့ကြုံကြရမှ အမြင်မှန်ရလာသော ထိုကမ္ဘာသားတစုသည် အချင်းချင်း မေတ္တာစိတ်ဖြင့် ဆက်ဆံလာကြသည်။ လောဘ၊ ဒေါသ၊ မောဟတွေ အတတ်နိုင်ဆုံး ချောင်ထိုးလိုက်ကြသည်။

ဤကဲ့သို့ စိတ်ဓာတ်ယဉ်ကျေးမှု တိုးတက်လာသည်နှင့် အမျိုးလူတို့၏ အသက်တမ်းလည်း ပို၍ ပို၍ ရှည်ကြာလာသည်။ အသင်္ချေယျတမ်းအထိ တစတစ တက်သွားပြန်သည်။

ဤကဲ့သို့ အသင်္ချေယျတမ်းမှ ၁၀-နှစ်တမ်းအထိ အသက်တမ်း လျော့ကျလာသောခေတ်ကို 'ဆုတ်ကပ်'ဟု ခေါ်သည်။ ၁၀-နှစ်တမ်းမှ အသင်္ချေယျတမ်းအထိ အသက်တမ်းပြန်တိုးနေသောခေတ်ကို 'တက်ကပ်'ဟု ခေါ်သည်။ ဤသို့သော ဆုတ်ကပ်၊ တက်ကပ် တစုံကို အန္တရကပ် တကပ်ဟု ခေါ်လေသည်။ ထိုကဲ့သို့သော အန္တရကပ်မျိုး ၆၄ ကပ်ကြာမှ အသင်္ချေယျတကပ်ဟု ရေတွက်ပေသည်။ အသက်တမ်းအဆုတ်တွင် နှေးသည်။ အတက်တွင် မြန်သည်ဟု ဆိုကြ၏။

သံ၀ဋ္ဋကပ်၊ သံ၀ဋ္ဋဋ္ဌာယီကပ်၊ ဝိဝဋ္ဋကပ်၊ ဝိဝဋ္ဋဋ္ဌာယီကပ် ဟူသော အသင်္ချေယျလေးကပ်ပေါင်းကို မဟာကပ် တကပ်ဟု ခေါ်လေသည်။

မဟာကပ် = အသင်္ချေယျလေးကပ်၊(သံဝဋ္ဋကပ်-စသည်)
အသင်္ချေယျကပ်= အန္တရကပ် ၆၄ ကပ်၊
အန္တရကပ် = အတက် အာယုကပ်၊ အဆုတ် အာယုကပ် တစုံ။

'အာယုကပ်'ဟူသည် သက်ဆိုင်ရာ ခေတ်ကာလရှိ လူတို့၏ အသက်တမ်းကာလဖြစ်သည်။ အသက်တမ်းတိုလျှင် သတ္တဝါတို့၏ ကိုယ်ကာယအရွယ်အစား သေးငယ်သည်။ အသက်တမ်း ရှည်လေ ကိုယ်ကာယကြီးထွားလေ ဖြစ်သည်။

အထက်ပါအချက်များကို ကောက်ချက်ချကြည့်လျှင် သတ္တဝါ တို့သည် ကမ္ဘာပျက်ဆဲအခါ၊ အပျက်အတိုင်း တည်နေစဉ်အခါ၊ ပြန်လည်တည်ဆောက်နေသောအခါများ၌ ဗြဟ္မာပြည်၌ နေကြ ရသည်။ ကမ္ဘာတည်ပြီးနောက် ဆက်လက်တည်တံ့နေစဉ်အချိန်၌ သာ နတ်၊ လူ၊ တိရစ္ဆာန်၊ ငရဲ စသည်တို့၌ ကျင်လည်ကြရသည်။ အချိန်၏ ၄-ပုံ ၃-ပုံ၌ ဗြဟ္မာဖြစ်နေကြရသည်။ တပုံမျှသော ကာလ၌သာ နတ်၊ လူ၊ တိရစ္ဆာန် စသည်တို့ဖြစ်ကြရသည်ဟု သိနိုင် ပေသည်။

## ဘဒ္ဒကပ် ဤကမ္ဘာ

ကျွန်ုပ်တို့ လက်ရှိချိန်ခါသည် ဝိဝဋ္ဋဋ္ဌာယီအသင်္ချေကပ်ကာလ ဖြစ်သည်။ ဤကမ္ဘာဖြစ်ကြိမ်၌ စကြာဝဠာ ကုဋေသိန်းအနက် ကျွန်ုပ်တို့ စကြာဝဠာ၊ ကျွန်ုပ်တို့ တောင်ကျွန်းတွင် သဗ္ဗညု ဘုရားရှင်ငါးဆူပွင့်တော်မူမည်ဖြစ်သည်။အခြားသောစကြာဝဠာ၊

အခြားသောကျွန်းတို့၌ သဗ္ဗညုဘုရားမြတ်စွာတို့ ပွင့်ပေါ်ရိုး မရှိ။ ဘုရားအများဆုံးပွင့်၍ လက်ရှိ ကျွန်ုပ်တို့ကမ္ဘာကို 'ကောင်းမြတ်သောကမ္ဘာ' (ဘဒ္ဒကပ်)ဟု ခေါ်သည်။

လက်ရှိ ကျွန်ုပ်တို့နေသော ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်တွင် အန္တရကပ်ပေါင်း ၆၄ ကပ်ရှိမည် ဖြစ်သည်။ ပထမအန္တရကပ်၌ ကကုသန်မြတ်စွာဘုရား ပွင့်တော်မူခဲ့သည်။ ဆုတ်ကပ်အသက်တမ်း ၄-သောင်း၌ဖြစ်၏။ ထိုခေတ်လူသားတို့သည် အတောင် ၄၀ မျှ အရပ်အမောင်း မြင့်ကြသည်။

ဒုတိယ အန္တရကပ်၌ ကောဏာဂုံ မြတ်စွာဘုရား ပွင့်တော်မူခဲ့သည်။ ဆုတ်ကပ်သက်တမ်း ၃-သောင်း၌ဖြစ်၏။ ထိုခေတ်လူတို့သည် အတောင် ၃၀ မျှ အရပ်မြင့်ကြသည်။

တတိယ အန္တရကပ်၌ကဿပမြတ်စွာဘုရား ပွင့်တော်မူခဲ့သည်။ ဆုတ်ကပ်အသက်တမ်း ၂-သောင်းကာလ၌ဖြစ်၏။ အတောင် ၂၀ အရပ်မြင့်ကြသည်။

စတုတ္ထ အန္တရကပ်၌ ဂေါတမမြတ်စွာဘုရားပွင့် တော်မူခဲ့သည်။ ဆုတ်ကပ်အသက် ၁၀၀ တမ်း၌ဖြစ်၏။ ထိုခေတ်လူတို့သည် အရပ်အမောင်း ၄-တောင် မြင့်ကြသည်။

ပဉ္စမ အန္တရကပ်၌ မေတ္တေယျမြတ်စွာဘုရား ပွင့်တော်မူမည်။ ဆုတ်ကပ် တသိန်းတမ်း၌ ပွင့်စရာရှိ၏။ ကျန်သော အန္တရကပ် ၅၉-ကပ်တွင် ဘုရားသဗ္ဗညု ပွင့်ပေါ်တော့မည်မဟုတ်။ ၆၄ ကပ် စေ့သောအခါ လက်ရှိ စကြာဝဠာနှင့်တကွ စကြာဝဠာ ကုဋေ တသိန်းချီ ပျက်ပေဦးမည်။

ယခုအခါသည် စတုတ္ထ အန္တရကပ်၏ အသက်တမ်း ဆုတ်ကပ် ကာလဖြစ်သည်။ ကျမ်းဂန်များအရဆိုမူ လက်ရှိ လူမျိုးနွယ်များ သည် ဆယ်နှစ်သက်တမ်းအထိ ဆုတ်သွားစရာရှိသည်။

ဤသို့ တက်ရာဆုတ်ရာ၌ ချောချောမောမော တက်သည်၊ ဆုတ်သည်ဟု မယူဆသင့်ပေ။ ရာသီဥတုကလည်း ယခုကဲ့သို့ အမြဲတမ်း မှန်ကန်နေသည်မဟုတ်၊ ပြောင်းလဲ၍သာ နေသည်။ နှစ်သန်းပေါင်းများစွာ ကြာသောအခါ တချို့တချို့ ပြောင်းလဲ ပြောင်းလဲသွားတတ်သည်။ရေမြေအနေအထား၊ လူဦးရေ အနည်း အများလည်း ပြောင်းလဲလျက် ရှိသည်။ တချို့တချို့ ကပ်ကြီး ၃-ပါးဆိုက်၍ ကမ္ဘာ့လူဦးရေ ပါးသွားတတ်သည်။တောင်အောင်း ချုံလျှိုးဘဝ ရောက်သွားတတ်သည်။ဗြဟ္မစိုရ်တရားများ ထွန်းကား လာသောအခါ လူဦးရေ တိုးပွားစည်ကားလာပြန်သည်။

လက်ရှိသိပ္ပံရှင်များ ကမ္ဘာအစ၊ လူအစဟု ယူဆနေချက်များ သည် တခါက ထွန်းကားခဲ့သော ယဉ်ကျေးမှုခေတ်ကြီး ပျက်သုဉ်း ခဲ့ရာမှ လက်ရှိခေတ်သို့ ပြန်လည်တက်လာရန် အခြေပြု အစပိုင်း ကာလလောက် ဖြစ်ရာသည်။

## ကမ္ဘာကြီးကို ကောင်းစေချင်လျှင်

လက်ရှိ ကမ္ဘာခေတ်သည် ပိုမိုဆုတ်ယုတ်မည့် အဆင့်ဆီသို့ ဦးတည်နေသည်ဟု ကျမ်းဂန်များက ဆိုထားသည်။ မှန် မမှန် ရှေ့တွင် သိရပေမည်။ သို့သော် သိရမည့်အချိန်တွင် သိနိုင်မည့် ပညာရှိလူသားမှ ကျန်ပါလေဦးစ။

မည်သို့ပင်ဖြစ်စေ၊ ကမ္ဘာလောကဓာတ် ဖြစ်ရပ်အထွေထွေကို ဓမ္မနိယာမ ဥပဒေကြီးက အဆုံးအဖြတ်ပေးမည် ဖြစ်သတည်း။ ဓမ္မနိယာမ ဥပဒေအရ ကမ္ဘာအသချေ ပျက်ခဲ့ပြီ။ ကမ္ဘာအသချေလည်း ဖြစ်ထွန်းခဲ့ပြီဖြစ်သည်။

ကမ္ဘာကြီး ကောင်းမကောင်း တွက်ဆရန်ကား လွယ်ကူပါသည်။ ကမ္ဘာ့လူသားများ၌ လောဘ၊ ဒေါသ၊ မောဟ သဘာဝတွေ အဖြစ်များလျှင် ဘေးဒုက္ခအမျိုးမျိုး ကျလာမည်။ အဖြစ်နည်းလျှင် ကောင်းသော အခြေအနေများ ပေါ်လာမည်။ ထို့ကြောင့် လူ့လောက တကယ်တိုးတက်အောင် စိတ်ကောင်းမွေးကြဘို့ လိုသည်။

လူသားအားလုံး မဆိုးနိုင်၊ လူသားအားလုံး မကောင်းနိုင်။ အဆိုးများလျှင် အကောင်းလည်း ကြားကာလ၌ ဒုက္ခတွေ့ပြီး နောင်မှ ကောင်းမည်။ အကောင်းများလျှင် အဆိုးသည် ကြားကာလ၌ သုခတွေ့ပြီး နောင်တွင် သူ့ဟာသူ ဒုက္ခကျေန်တွေ့မည်။

## အမြင်အမျိုးမျိုး

'လောကဝိသယ'နှင့် ပတ်သက်၍ ယနေ့လူသားတို့ အမြင်နှင့် ဗုဒ္ဓစာပေ ကျမ်းဂန်လာ သိမှတ်စရာတို့ကို ဖော်ပြခဲ့ပြီဖြစ်သည်။ သိပ္ပံလူသားတို့သည် ရုပ်ပိုင်းကျကျ လေ့လာသုံးသပ်ကြသည်။ နာမ်တရား၏ ပစ္စည်းဆက်မှုဟူသမျှကိုမူ မျက်ခြည်ပြတ်နေတတ်၏။ နာမ်တရား၏ ဆက်သွယ်မှုကလည်း လွန်စွာ သိနိုင်ခက်သော သဘာဝ ဖြစ်နေသည်။

ဗုဒ္ဓကျမ်းစာများကမူ လောကအကြောင်းကို ရုပ်ပိုင်းနှင့် စိတ်ပိုင်း ဒွန်တွဲ၍ သုံးသပ်ထားသည်။ သတ္တဝါတို့၏ စိတ်နေစိတ်ထား စွမ်းရည်များကို များစွာ အသိအမှတ်ပြု၍ သောသွဲ့စုံအောင် ဆက်စပ်ဖော်ပြထား၏။

လက်ရှိ ကမ္ဘာလောက ဖြစ်ထွန်းလာပုံနှင့် ပတ်သက်၍ ခရစ်ယာန် ကျမ်းစာများက ထာဝရဘုရားသခင်က ဖန်ဆင်းတော်မူခဲ့ကြောင်းဆိုသည်။ အစ္စလာမ်ကျမ်းစာများက တေဇောတေဇကုဒ်ရတ်တန်ခိုးတော်ဖြင့် အလ္လာဟို့သခင်မြတ်က ဖန်ဆင်းခဲ့သည်ဟု ဖော်ပြသည်။ ဗြဟ္မာဏဝါဒီများက ဗြဟ္မာကြီးက ကမ္ဘာကို ဖန်ဆင်းသည်၊ ဗိဿနိုးနတ်မင်းက စောင့်ရှောက်သည်၊ သီဝနတ်မင်းက ဖျက်ဆီးမည်ဟု ယုံကြည်ကြသည်။ သိပ္ပံ ပညာရှင်တို့က ခေတ်ငွေ့များ စုပေါင်း ပေါက်ကွဲရာမှ ကမ္ဘာ့လောကခေတ်ကြီး ဖြစ်ထွန်းလာသည်ဟု ပြောကြသည်။

ဗုဒ္ဓကျမ်းစာများကမူ ယခင်ကမ္ဘာဟောင်း ပျက်ပြီးနောက် ကျန်ရှိနေသောဥတု (တေဇောဓာတ်) သည် ဗြဟ္မာပြည်၌ ရှိနေသော သတ္တဝါတို့အား ကံအားစွမ်း အထောက်အပံ့ဖြင့် ဓမ္မနိယာမ လမ်းစဉ်အရ ကမ္ဘာလောကဓာတ်ကြီးကို ပြန်လည်ထွန်းကားလာစေသည်ဟု ဆိုသည်။

## အကျိုးကျေးဇူးနှင့် အကျိုးရှိအောင် လုပ်ရေး

ရုပ်ပိုင်းကျကျ ကြည့်မြင်သော သိပ္ပံနည်း၏ အကျိုးကျေးဇူးအရ လူ့လောကတွင် ယာဉ်ရထားတို့ဖြင့် တနေရာမှ တနေရာသို့

လှုယ်လှုယ်ကူကူ သွားရောက်နိုင်ပေသည်၊ ပို့ဆောင်နိုင်ပေသည်။ ရုပ်ပိုင်းနှင့်နာမ်ပိုင်း ပေါင်းစပ်ပြီး ကြည့်မြင်သောဗုဒ္ဓနည်းအရ စကြာဝဠာ အနန္တလောကဓာတ်ကြီး၏ မမှန်ယာမလမ်းစဉ်အတိုင်း ဖြစ်တည်ပျက်နေပုံကို သိရ၍ သဘောထားကြီးကြီးဖြင့် ငြိမ်းချမ်းစွာ နေနိုင်ပြီး' လောကကြီးမှာ ဘာမျှ အနှစ်သာရမရှိပါတကား ဟု နောက်ဆုံး သံသရာမြေကြော ရှုံ့ရမည့်အသိဉာဏ်ကို ရလာစေသည်။ ဒုက္ခ လုံးဝ ငြိမ်းချမ်းသောအဆင့်သို့ ရောက်စေနိုင်သည်။

သိပ္ပံပညာရှင်တို့က ကမ္ဘာလောကဓာတ်အကြောင်းနှင့် ပတ်သက်၍ မိမိတို့၏ တင်ပြချက်များအနက် အချို့ကို ရုပ်ပိုင်းကျကျ သက်သေ ပြနိုင်ကြသည်။ ဗုဒ္ဓ ကျမ်းစာများကလည်း ကမ္ဘာ အကြောင်း ဖော်ပြချက်ကို တကယ်သိမြင်လိုသော လူသားတို့ ကိုယ်တိုင် ဒိဋ္ဌမြင်နိုင်ဘို့ နည်းလမ်းပေးခဲ့သည်။ ဤနည်းလမ်း ကား အခြားမဟုတ်၊ဒိဗ္ဗစက္ခုအဘိညာဉ်နှင့် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ် အသိထူး ရနည်းဖြစ်သည်။ ဤနည်းကောင်းသည် ပိဋကတ်စာပေတွင် အပြည့်အမှန်ရှိနေသည်။ လက်တွေ့ ကြိုးစား ကျင့်ကြံနေသူများလည်း ၃၁ ဘုံ သြကာသလောကအပေါ် ယုံ ကြည်၍ သံသယကင်းပျောက်၍ မျက်မှောက်ပြုနေကြလေသည်။

အထက်တွင် တင်ပြခဲ့သော သြကာသလောက၊ စကြာဝဠာ လောကဓာတ်အကြောင်းသည် ပိဋကတ်စာပေများမှ အနည်းငယ် ဆွဲထုတ်ပြချက်များသာ ဖြစ်၏။

အထူးသဖြင့်–အင်္ဂုတ္တိုရ်ပါဠိတော်၊ သံယုတ်ပါဠိတော်၊ ဇာတ် ပါဠိတော်၊ သုတ်ပါထေယျပါဠိတော်၊ အဋ္ဌကထာ၊ သုတ် မဟာဝါ ပါဠိတော်၊ အဋ္ဌကထာ၊ အဘိဓမ္မာ ပါဠိတော်

နှင့် အဋ္ဌကထာများ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ပါရာဇိကဏ်
အဋ္ဌကထာ၊ သာရတ္ထဒီပနီဋီကာစသော ကျမ်းများ။

လောကပညတ္တိကျမ်း၊ လောကဒီပက စသော ကျမ်း
များမှ–

အကျဉ်းချုပ် ကောက်နုတ်ချက်များ ဖြစ်ပါသည်။

ဤနေရာ၌ 'စကြဝဠာ'၊ 'လောက'၊ 'ဩကာသလောက'၊ 'ကပ္ပ' (ကမ္ဘာ)ဟူသော ပါဠိ၊ သက္ကတ ဝေါဟာရများ၏ အနက်ရင်း (Definition)နှင့် Universe, Worldစသည်တို့၏ အဓိပ္ပာယ်တို့ကို သီးခြားကန့်သတ်၍ မှတ်သားသင့်ပေသည်။ သို့မှ ခေတ်စာပေနယ်က ဆိုလိုချက်များနှင့် ဗုဒ္ဓစာပေနယ်က ဖော်ပြချက်များ၌ အသိဉာဏ်ရှုပ်ထွေးမှု ကင်းပေမည်။

## လောကနှင့် ကမ္ဘာ

'လောက'ဟူသည် အထက်၌ဖော်ပြခဲ့ပြီးသည့်အတိုင်း သက်ရှိ၊ သက်မဲ့ ၃၁-ဘုံလုံးနှင့် သက်ဆိုင်သည်။ လောကဓာတု (လောကဓာတ်)ဟုဆိုလျှင် ၃၁-ဘုံရှိ သက်ရှိ၊ သက်မဲ့အားလုံး၏ သဘာဝ အလျောက် ဖြစ်ပျက်နေမှုကို အလေးပေး၍ဆိုခြင်း ဖြစ်သည်။ သို့သော် လောကဓာတ်ပညာ ဆိုရာ၌မူ လောကီရေးဆိုင်ရာပညာဟု ဆိုလိုသည်။ လောကုတ္တရာရေးကို ကန့်လို၏။ ဩကာသလောကဟူသည် ၃၁ ဘုံဌာန၏ အမည်ဖြစ်သည်။ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်အာလုံးနှင့် သက်ဆိုင်သည်။ သက်ရှိလောကနှင့် သက်ဆိုင်ခြင်း မရှိချေ။

မာဂဓဘာသာ'ကပ္ပ'သက္ကတဘာသာ'ကလ္ပ'မှအဆင့်ဆင့်ပြောင်းလာပြီး 'ကမ္ဘာ'ဟူသော ဝေါဟာရဖြစ်လာကြောင်း ဝေါဟာရဗေဒ ပညာရှင်တို့က ယူဆကြသည်။ ထို့ကြောင့် ကပ္ပ(ကမ္ဘာ) ဟူသောစကား၏ ရင်းမြစ်အဓိပ္ပာယ်မှာ 'အပိုင်းအခြား'ဟူ၍ ဖြစ်သည်။ အချိန်ကာလ အပိုင်းအခြားကို ကပ္ပ(ကမ္ဘာ)ဟူ၍ ဆိုလိုသည်။ ပုံစံအားဖြင့် အာယုကပ်(ကမ္ဘာ)ဟူသည် အသက်အပိုင်းအခြား၊ သံဝဋ္ဋကပ် (ကမ္ဘာ)ဟူသည် ပျက်နေဆဲကာလ အပိုင်းအခြား စသည်တို့ကို ကြည့်နိုင်သည်။

ဆိုခဲ့ပါ ရင်းမြစ်အနက်ကိုကြည့်လျှင် အရှင်းခံ ဗုဒ္ဓစာပေနယ်၌ ကပ္ပ (ကမ္ဘာ) ဟူသည်ကို မည်သို့သောအဓိပ္ပာယ်ဖြင့် သုံးနှုန်းကြောင်း သိအပ်ပေသည်။ တစုံတခုသော ကာလအပိုင်းအခြားကြီးနှင့် ထိုကာလအတွင်းရှိ အခြေအနေများကို ကပ္ပ(ကမ္ဘာ)ဟူ၍ ဆိုပေသည်။

ဤအထိဖတ်လိုက်လျှင် 'စကြာဝဠာ' နှင့် 'လောက' သည် အဓိပ္ပာယ်ကွာခြားကြောင်း ကပ္ပ(ကမ္ဘာ)နှင့်လည်း မတူကြောင်း ဆင်ခြင်နိုင်ပေပြီ။ (စကြာဝဠာကို ဖွင့်ဆိုခဲ့ပြီ။)

### ယူနီဗာ့စ်နှင့် ဝေါလ်ဒ်

'Universe' ဟူသောစကားသည် 'Universim'ဟူသော လက်တင်စကားမှ ဆင်းသက်လာသောပုဒ် ဖြစ်၏။ 'Universe' ကို အဘိဓာန်ကျမ်းများက ဤသို့ဖွင့်ပြကြသည်။

1. The whole system of created things: all created thing viewed as one whole-etc.

(CHAMBER'S T.C.D)

2. Everything that existes: the world, the stars, living creatures etc.

(LEARNER'S DICT)

3 All created things viewed as constituting one system or whole. The entire celestial cosmos: the totality of the observed or postulated physical whole.

(webster's N. C. D)

'World'ကိုလည်း ဤသို့ ဖွင့်ပြကြသည်။

1. The earth and its inhabitants: the system of things......etc.

The earth and sky: the earth and all living things......etc.

3 The earth and heavens: the universe... ...etc.

ခြုံ၍ကြည့်လျှင် ယူနီဗာ့စ် (Universe)ဆိုသည်မှာ တလုံးတစည်းတည်းအနေဖြင့် ပိုင်းခြားသတ်မှတ်အပ်သော ထာဝရဘုရားက ဖန်ဆင်းတော်မူထားသည်ဆိုသော မြေပြင်၊ သက်ရှိသတ္တဝါနှင့် ကောင်းကင်ကြယ်တာရာ နက္ခတ်အားလုံး၏ အမည်ဖြစ်၏။

ဝေါလ်ဒ် (World) ဟူသည် မြေပြင်နှင့် မြေပြင်၌နေထိုင်သူများ၊ ကောင်းကင်နှင့် ကောင်းကင်ဘုံများ၏ အမည်ဖြစ်သည်။

ဤတွင် 'Create' (ဖန်ဆင်းသည်) ဟူသောစကားသည် အရေးကြီးသည်။ ဤ Universe နှင့် World ဟူသောစကား တို့သည် ဖန်ဆင်းရှင်နယ်က ဝေါဟာရများဖြစ်ကြောင်း ထင်ရှား စေသည်။

## ဘာသာရင်း၊ ဘာသာပြန်နှင့် ခံယူချက်

Universe ကို စကြာဝဠာ၊ လောကဓာတ်၊ World ကို ကမ္ဘာဟု ဆိုသောဘာသာပြန်ဆရာတို့၏ လက်ရာတွင် မူရင်းစကား နှင့် ဘာသာပြန်စကားတို့ မည်မျှအဓိပ္ပာယ်နီးစပ်မှုရှိသည်ကို ရှုဆ ဆင်ခြင်ရန်လိုအပ်ပေသည်။ ကမ္ဘာ (ကပ္ပ)ဟူသည် အပိုင်းအခြား ကာလဟု အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်ရာ ဆိုခဲ့ပါ World အဖွင့် နှင့် မည်မျှကွာခြားကြောင်း ချင့်ချိန်နိုင်သည်။

လက်ရှိသိပ္ပံပညာရှင်တို့ စူးစမ်းနေသော နယ်သည်လည်း World နှင့် Universe တို့၏ ဘောင်အတွင်းမှာပင် ဖြစ်ပေ သည်။ စကြာဝဠာနှင့် ဩကာသလောက၏ တစိတ်တဒေသ၌သာ ဖြစ်ပေသေးသည်။ သိပ္ပံပညာရှင်တို့ ခြေချရန် ကြိုးစားနေကြသော 'လ'သည်ပင် အောက်ဆုံးနတ်ဘုံ စတုမဟာရာဇ်နယ်၌သာ ပါသည် ဟု ဆိုသောအချက်ကိုလည်း မမေ့အပ်ချေ။

တဦးက ဆိုလိုသည့်အဓိပ္ပာယ်ကိုဆောင်သည့် ဝေါဟာရကို တခြားတဦးက နားလည်မှု လွဲမှားလေသဖြင့် ရာဇာဓိရာဇ်၏ သံအမတ်ကြီး အသက်ဘေးမှ သီသီလေးလွတ်ရပုံမှစပြီး ဘာသာ ပြန်မှား၍ ဂျပန်ကို အမေရိကန်က အနုမြူဗုံးကြဲရသည်အထိ ဖြစ်ခဲ့ ရကြောင်း သမိုင်းအထောက်အထားများ ရှိနေ၏။

ထို့ကြောင့် နက်ရှိုင်းသောပညာရပ်များကို လေ့လာသူများသည် သူ့နယ်က သူ့ဝေါဟာရ၏ အဝှန်းကို စုံစုံလင်လင် သိအောင် ကြိုးစားမှုအဆင့်ကို လျော့ကားခံဘွင် ထားသင့်သည်ဟု ထင်မှတ်ပေသည်။ ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းပြီးမှ ရှေ့တဆင့်တက်ကာ သဘောတရားကို လေ့လာအပ်ပေသည်။ စာရေးသူ၊ဘာသာပြန်သူ၏လက်ပေါ်တွင် လမ်းဆုံး၍ မနေသင့်ပါချေ။

ဤနေရာ၌ ဆိုလိုသည်မှာ စကြာဝဠာ၊ ကပ္ပ (ကမ္ဘာ)၊လောက တို့၏ အဓိပ္ပာယ်နှင့်– Universe, World တို့၏အနက်တို့မှာ ထပ်တူညီမျှမဟုတ်ကြောင်းကို သတိပြုစေရန် ဖြစ်ပါသည်။ ဤသို့ သတိပြုမိပါမှ သူ့ပညာက သူ့အဆိုကို ရှင်းလင်းစွာ သဘော ပေါက်နိုင်မည် ဖြစ်ပေသည်။

'ပညာ'နှင့် 'သဒ္ဓါ' ဤနှစ်ဖြာတွင် တခုခုကို အစွန်းတဖက်သို့ မရောက်စေဘဲ အကျိုးရှိအောင် အသုံးချနိုင်ကြပါစေ။

ပညာမဖက်၊ သဒ္ဓါထက်က၊
နက်၏ဆင်းရဲ၊ အမြဲမှန်စွာ၊
သဒ္ဓါနှန့်ဆွန့်၊ တွန့်၍ ဥာဏ်ကွန့်၊
ပညာလွန်သော်၊ ဝက်န်ကောက်ကျစ်၊
ကျိုးမဖြစ်ဘူး။

(မာဃဒေဝ)

**အကျဉ်းချုပ်။** ။ဤအခန်းတွင် ဘုရားဟောကျမ်းစာများမှ လာသော အသိပညာတို့ကို ခေတ်မှီမှီ တင်ပြထားသည်။ သတ္တဝါ ၏ အသက်နှင့် 'သေခြင်း' အဓိပ္ပာယ် သတ်မှတ်ချက်ကို ဖော်ပြ ထားသည်။ ယနေ့ သိပ္ပံပညာလောက၌ 'သေခြင်း' အဓိပ္ပာယ်

သတ်မှတ်ရေး အခက်တွေ့နေရာ ဤ၌ ဘုရားဟောအတိုင်း အတိအကျ သတ်မှတ်ထားသည်။ ဩကာသလောကနှင့်ပတ်သက်၍ ၃၁ ဘုံ၊ ၃၁ ဘဝကို ခေတ်မီမီ တင်ပြထားသည်။ ဘုံဘဝဌာနတို့၏ တည်နေရာအနေအထားကို ပြသည်။ လူ့ကမ္ဘာနှင့်နတ်၊ ဗြဟ္မာနန်းတို့ အကွာအဝေး၊ သက်တမ်းခြားနားချက်များကို တိတိကျကျ ဖော်ပြထား၏။ နတ်၊ ဗြဟ္မာတို့၏ အနေအထား၊ အစားအစာကိုပါ ပြသထားသည်။ထို့ပြင် စကြာဝဠာတည်လာပုံ၊ ပျက်စီးမည့်ပုံများကိုလည်း ပါဠိတော်များအဆိုအမိန့်အတိုင်း ဖော်ပြထားလေသည်။ ထို့ပြင် ကမ္ဘာပျက်ရခြင်းအကြောင်းရင်းများကို ဖော်ပြထားသည်။ ကမ္ဘာတည်လာပြန်သောအခါ ကမ္ဘာဦးအခြေအနေနှင့် ကျွန်ုပ်တို့ လက်ရှိဘဒ္ဒကမ္ဘာအကြောင်းကိုပါ သုံးသပ်ပြထား၏။ ထို့ပြင် ကမ္ဘာကြီးကို ငြိမ်းချမ်းသာယာအောင် လုပ်ဖို့အထိ ညွှန်းထားသည်။

ဤအခန်းကို သိပ္ပံပညာရှင်တို့သုံးသော ယူနီဗာ့စ်၊ ဝေါလ်ဒ် စသော စကားလုံးတို့နှင့် ဗုဒ္ဓကျမ်းစာများ၌လာသော 'စကြာဝဠာ၊ ကပ္ပ၊ ကမ္ဘာ' စသော ဝေါဟာရစကားတို့၏ ဘာသာပြန်ကူးလူး ဆက်ဆံရာ၌ သတိပြုဘွယ်အချက်များဖြင့် နိဂုံးချုပ်ထားပါသည်။

အခန်း ၇

# လောကအပေါ် လူ့အမြင်

## သတ္တလောကနှင့် လူ့အမြင်

လူ့အမြင်ပိုင်းတွင် ပထမဦးစွာ သတ္တလောက အကြောင်းကို ဖော်ပြပါမည်။ လူတို့သည် ဤကမ္ဘာမြေပေါ်၌ သက်ရှိသတ္တဝါများ၊ လူသားများ မည်သို့မည်ပုံ စတင် ဖြစ်ထွန်းလာခဲ့ကြောင်း ကြံစည်တွေးဆခဲ့ကြပါသည်။

သတ္တလောက၏ အခြေပါဒကို ရှေးအကျဆုံး စဉ်းစားခဲ့သူ တဦးမှာ ဂရိလူမျိုးပညာရှိ သဲလိ(စ်)ဖြစ်၏။ သဲလိ(စ်)က 'ကမ္ဘာဦးရှိ လွန်စွာ ကျိခွဲသော အရာများသည် အပူဓာတ်ရလာရာမှ သက်ရှိသတ္တဝါများ စတင်ဖြစ်ထွန်းလာကြသည်'ဟု ကြံဆကြည့်ခဲ့သည်။

သူ့နောက် အနက်ဆီမင်ဒါ (Anaximander) ဆိုသူကမူ 'ပင်လယ်ရေမှနေ၍ တဖြေးဖြေးချင်း သက်ရှိသတ္တဝါများ ပေါ်ပေါက်လာသည်'ဟုတွေးထင်ခဲ့၏။ ဇီနိုဖင်း(န်) (Xenophene)

ဆိုသူကလည်း 'သက်ရှိဟူသမျှ မြေကြီးနှင့်ရေမှ အစပြုခဲ့သည်'ဟု ဆိုခဲ့၏။

သဲလိ(စ်)ခေတ်သည် ဘီစီ ၀၀၀-ကျော် ၉၀၀-ခန့် (လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀-ကျော်)က ဖြစ်ကြောင်း သိခဲ့ကြပြီး ဖြစ်၏။ ထိုစဉ်မှစတင်၍ ယနေ့အထိ လူသားတို့သည် ကြိုကြား ကြိုကြား သတ္တလောကအကြောင်းကို ကြံဆခဲ့ကြသည်။ သို့သော် ယနေ့ထက်တိုင်ပင်လျှင် မည်သည့်အကြောင်းကြောင့် သတ္တလောကကြီး ပေါ်ပေါက်လာရသည်။ မည်သို့မည်ပုံ သတ္တဝါများ ဖြစ်ထွန်းလာကြသည်။ သတ္တဝါများ အဘယ်ကြောင့် ထာဝရ ဘည်နေနိုင်သော အခြေအနေမရှိသည်။ သတ္တဝါတိုင်း၌ရှိသော စိတ်ဓာတ်နှင့် ပတ်သက်၍ နက်ရှိုင်းသောပြဿနာများ အဘယ်ပုံရှိနေသည်။ နောက်ဆုံး သတ္တဝါတယောက်သည် သတ္တဝါတယောက် အဖြစ်မှ မည်သို့သောနည်းဖြင့် လုံးဝ ရပ်စဲသွားနိုင်သည် စသော ကြီးလေးသည့် ပြဿနာများ၏အဖြေကို ယသာဘူတကျကျ ကိုယ်တိုင်လည်း မမြင်ကြသေး။ ကိုယ်တိုင်မမြင်၍ တပါးသူအားလည်း ဒိဋ္ဌမြင်အောင် ပြသနိုင်ခြင်း မရှိသေးချေ။

သို့သော် လူသားပညာရှိတို့၏ ကြိုးစားကြံဆချက်များသည် လူသားတို့၏ အတိုင်းအတာအရ လွန်စွာ တန်ကြေး ကြီးလှပေသည်။ ဗဟုသုတကောင်းများလည်းဖြစ်၍ ဘာသာရေးအမြင်တခုဘည်းဖြင့် ခုန်ကျော်သွားရန် မသင့်ပေ။

သက်ရှိအကြောင်း ကြံဆကြမှုနှင့်ပတ်သက်၍ ၁၉၊ ၂၀-ရာစုနှစ် အစပိုင်းတွင် သိသိသာသာကြီးတိုးတက်လာပေသည်။ အကြောင်းမှာ ၁၉အချိန်တွင် သိပ္ပံပညာထွန်းကားလာသောကြောင့် ဖြစ်၏။

ယနေ့အထိ ခေတ်အဆက်ဆက် လူသားတို့ သက်ရှိအကြောင်း ကြံဆကြရာ၌ ရုပ်တရားတခုတည်းကိုသာ အခြေခံ၍ ကြံဆခဲ့ကြကြောင်းကိုမူ အထူးသတိပြုသင့်လှသည်။

ထိုသို့ ရုပ်ကိုသာ အခြေခံထားသောကြောင့် 'သက်ရှိ' အယူအဆနှင့် ပတ်သက်၍ ထိုပညာရှိများ၏ သတ်မှတ်ချက်နှင့် ရုပ်နာမ်ကို အခြေခံသော ဗုဒ္ဓအဘိဓမ္မာလာ ဖော်ပြချက်တို့ အလွန်ကွဲပြားလျက်ရှိကြောင်းကိုလည်း မှတ်သားရမည်ပင်ဖြစ်သည်။

## သက်ရှိ သင်္ကေတများ

သိပ္ပံပညာရှင်တို့က ဇီဝကိစ္စရှိလျှင် 'သက်ရှိ'ဟု သတ်မှတ်ကြသည်။ ဇီဝကိစ္စဆိုသည်မှာ....

၁။ အစာစားခြင်း၊

၂။ အစာကို ဖြိုခွဲ၍ စွမ်းအင်ကို အသုံးချခြင်း၊

၃။ ပျက်ပြုန်းကုန်ဆုံးသွားသော ခန္ဓာအစိတ်အပိုင်းများနေရာတွင် လိုအပ်သော ဒြပ်ပေါင်းများကို အစာမှ ရယူခြင်း၊

၄။ ကြီးထွားနိုင်ခြင်း၊

၅။ မိမိ မိမိတို့နှင့်ဆိုင်ရာ ဝိသေသအချက်များကို သိုလှောင်ထိန်းသိမ်းထားနိုင်ခြင်း၊

၆။ မျိုးပွားနိုင်ခြင်း

တို့ ဖြစ်ပေသည်။

ထို ဇီဝကိစ္စ ခြောက်မျိုးအနက် မိမိ၏ အရည် အချင်း ကို သိလျှောင်ထိန်းသိမ်းထားခြင်းနှင့် မျိုးပေါက်ပွားနိုင်ခြင်းကိစ္စ နှစ်ရပ်သည်သာ အရေးကြီးဆုံးဖြစ်သည်။ ဤအချက်နှစ်ရပ်နှင့်ပြည့်စုံလျှင်ပင် 'သက်ရှိ'နယ်ထဲ ပါဝင်နိုင်သည်ဟု ယူဆကြ၏။

ထိုသို့ ယူဆသောကြောင့် ရေညှိ, ရေမှော်, သစ်ပင်, ပန်းပင် စသည်တို့နှင့် လူတိရစ္ဆာန် စသည်တို့သည် ဇီဝကိစ္စဟူ၍ သက်ရှိချင်း အတူတူပင် ဖြစ်ကြသည်ဟု သတ်မှတ်ကြလေသည်။

ဤသို့သော သက်ရှိ, သက်မဲ့ သတ်မှတ်မှုသည် သိပ္ပံနည်းအရ ဘဝအစရှာဖွေရေးကိစ္စ၌ လွန်စွာ အရေးကြီးလေသည်။ ဤသို့ ရေညှိ,ရေမှော် စသည်တို့နှင့် မျောက်,လူ စသည်တို့ သက်ရှိချင်း တူသည်ဟူသော ယူဆချက်မှ နောက်လုပ်ငန်းအဆင့်ဆင့်ဖြစ်ထွန်းလာခြင်းဖြစ်သည်။

## ဘဝအစ ပင်လယ်က

အတွေးအမြင် ပညာရှင်တို့သည် ယနေ့ လူ့လောကအဆင့်အထိ တက်ရောက်လာသောဘဝလှေကား၏ အောက်ဆုံးဆင့်ကို ပင်လယ်သမုဒ္ဒရာ၌ စိုက်ထားလိုက်ကြသည်။ သမုဒ္ဒရာ ရေထဲတွင် သက်ရှိ အမျိုးမျိုးဖြစ်ထွန်းလာစေရန် ဒြပ်စင်၊ ဒြပ်ပေါင်းများ အလွန်စုံလင်ခဲ့သည်ဟု ယူဆကြ၏။

ထို ဒြပ်ပေါင်းတို့သည် ရေနှင့် ရောပြီး ပင်လယ်ကမ်းခြေ တလျှောက်ရှိ ချိုင့်ခွက်ကလေးများ၌ တင်ကျန်ရစ်ခဲ့ကြ၏။ ထို

ချိုင့်ခွက်ကလေးများ၏ ရွှံ့နွံမျက်နှာပြင်တို့၌ ဒြပ်ပေါင်းတို့ ကပ်ငြိ ကျန်ရစ်ခဲ့ကြသည်။

ဤ၌ ရေးပင်လယ်ကမ်းခြေ ချိုင့်ခွက်ကလေးများမှ နေပြီး ယနေ့ လူအဆင့်အထိ လျှောကားထောင်ရမည်ဖြစ်ရာ မြန်ဆန်စွာ ဖြစ်လာသည်ဆိုကမည်သူမျှလက်သင့်ခံမည်မဟုတ်ချေ။ထို့ကြောင့် အီဗိုလူးရှင်းစနစ်(တရွေ့ရွေ့ချင်း တိုးတက်ဖြစ်ထွန်းလာမှု)ကိုဖော် ထုတ် အသုံးပြုပြီး နှစ်ကို ကုဋေကုဋာချီ၍ နောက်သို့ ဆုတ်ယူကြ လေသည်။

ဤစာအုပ်တွင် ပင်လယ်ကမ်းခြေ ချိုင့်ခွက်အတွင်းရှိ ဒြပ် ပေါင်းများမှ လူ့အဆင့်အထိ ရောက်လာပုံကို အကျဉ်းချုပ်သာ ဖော်ပြပါမည်။ အကျယ်ကိုမူ ဥရောပ ပညာရှင်များ ရေးသားပြုစု ထားသော 'Origin of Life' စသော ကျမ်းစာများ၌ရှုပါ။

## ပင်လယ်ရေမှ လူအထိ ဖြစ်လာပုံ

ပင်လယ်ရေထဲ၌ စိမ့်ဝင်ပြန့်နှံ့နေသော သက်မဲ့ဒြပ်စင်များသည် နှစ်သန်းပေါင်းများစွာ ကြာမြင့်သောအခါ သက်မဲ့ဒြပ်ပေါင်း များဖြစ်လာပြီး ပင်လယ်ကမ်းခြေ ချိုင့်ခွက်ကလေးများ၌ တင်ကျန်ရစ်လာသည်။ နောက် နှစ်သန်းချီ၍ ကြာပြန်သောအခါ ထိုသက်မဲ့ ဒြပ်ပေါင်းများမှ တဆင့်တိုးတက်ပြီး သက်မဲ့ရောနှော ဒြပ်ပေါင်းများ ဖြစ်လာကြသည်။

ထိုမှနောက် နှစ်သန်းပေါင်းများစွာ ကြာပြန်သောအခါ သက်မဲ့ရောနှော ဒြပ်ပေါင်းများမှတဆင့် နူကလိယပ်စ်အက်ဆစ်

များ ဖြစ်ထွန်းလာကြပြန်သည်။ ဤနူကာလိယပ်စ်အက်ဆစ်အဆင့် ရောက်လာသောအခါ ဗီဝကိစ္စလက္ခဏာများ ပေါ်ပေါက်လာ၍ 'သက်ရှိ'အဆင့် ရောက်လာပြီဟု သတ်မှတ်ကြ၏။

ဤအဆင့်မှတဖန် နှစ်သန်းပေါင်းများစွာ လွန်ပြီးနောက် ကလာပ်စည်း (Cell-ဆဲလ်)များ ဖြစ်ပေါ်လာသည်။ ဤဆဲလ်များမှာ လွန်စွာရှေးကျလှ၍ ယင်း ရှေးဆဲလ်များမှတဆင့် လက်ရှိသက်ရှိများ၏ အခြေခံဆဲလ်တမျိုး ဖြစ်ထွန်းလာပြန်သည်။

ဤဆဲလ်ခေါ် ကလာပ်စည်းအဆင့် ရောက်လာသောအခါ အစာယူပုံယူနည်းအလိုက် 'သက်ရှိ'ကို ခြောက်မျိုး ခွဲချလိုက်ကြလေသည်။

## သက်ရှိ ခြောက်မျိုး

၁။ ပီမိုးဆင်းသဆစ်နည်းဖြင့် အစာပြုလုပ်သော သက်ရှိများ၊ ပုံစံ–ဗက်တီးရီးယားအချို့ဖြစ်၏။ ပီမိုးဆင်းသဆစ်နည်း ဆိုသည်မှာ ဓာတ်ပြုခြင်း ဒြပ်ပေါင်းတခုကို စုပ်ယူဖြိုခွဲခြင်းမှ စွမ်းအင်ထွက်ပေါ်လာစေသောနည်း ဖြစ်၏။

၂။ ဖိုတိုဆင်းသဆစ်နည်းဖြင့် အစာပြုလုပ်သော သက်ရှိများ၊ ပုံစံ–ရေညှိ ရေမှော်များ၊ စိမ်းလန်းသော သစ်ပင်များ။ ဖိုတိုဆင်းသဆစ်နည်း ဆိုသည်မှာ နေ၏ရောင်ခြည်မှ စွမ်းအင်ကို စုပ်ယူပြီး အစာပြုလုပ်သောနည်း ဖြစ်သည်။

၃။ မိမိအတွက် အစာကို အခြားသက်ရှိ အသေကောင်၏ အပြင်ဖက်မှ စုပ်ယူတတ်သော သက်ရှိတို့၌ ပေါက်သော မှိုမျိုးဖြစ်၏။

၄။ အချင်းချင်း အပေးအယူလုပ်၍ နားလည်မှုဖြင့် အသက်ရှင်နေသော သက်ရှိများ၊ ပုံစံ -ဗက်တီးရီးယားနှင့် ပဲပင်၊ ပဲပင်၏ အမြစ်ဖုများတွင် ဗက်တီးရီးယားများ ရှိကြ၏။ ယင်းတို့သည် အပြန်အလှန်အားဖြင့် တမျိုးက စွန့်လိုက်သောဒြပ်ပေါင်းကို ကျန်တမျိုးအတွက် အသုံးကျစေပြီး မိမိအတွက် လိုအပ်သောအစာကိုလည်း ပြန်ယူသည်။

၅။ အခြားသော သက်ရှိတို့၏ ကလာပ်စည်းထဲတွင် မှီခိုလျက် အစာယူသည့် သက်ရှိများ၊ ပုံစံ–ဗိုင်းရပ်များ။

၆။ အစာကို မျိုချသောသက်ရှိများ၊ပုံစံ–ကျွဲ၊နွား တိရစ္ဆာန် လူ စသော သတ္တဝါများ။

## လူ့အဖြစ် ခုနစ်ခေတ်

ဤသက်ရှိ ခြောက်မျိုးအနက် အရေးအကြီးဆုံးသော 'လူ' အကြောင်းကို ဆက်ပါဦးမည်။ ပင်လယ်ကမ်းခြေ ချိုင့်ခွက်များမှ လူ့အဆင့်အထိ တက်လှမ်းလာရာတွင် ကြာညောင်းခဲ့သောအချိန်ကို ခေတ်များပိုင်းခြား၍ ဖော်ပြကြပါသည်။

ပထမ ခေတ်ကို အဇိုအစ်ခေတ် (**Azoic**) ဟု ခေါ်သည်။ ဤခေတ်တွင် လူနှင့်ပတ်သက်၍ အထောက်အထား တစုံတရာ မတွေ့ရှိရသေးချေ။ မြေအောက်တွင် နှစ်မြုပ်လျက် နေတန်ရာ

သော ရုပ်ကြွင်းတစုံတရာကိုမျှ မတွေ့ကြရဟုဆိုသည်။ ထို့ကြောင့် ဤအဇိုအစ်ခေတ်၌ ကမ္ဘာပေါ်တွင် သက်ရှိဟူ၍ပင် မပေါ်ပေါက်သေးဟု မှတ်ချက်ချကြသည်။ ဤခေတ်ကို လွန်ခဲ့သော နှစ်သန်းပေါင်း ၅-ထောင်ကျော် ၆-ထောင်တဝိုက်ဟု သတ်မှတ်ကြ၏။

ဒုတိယခေတ်ကို အာချီယိုဇိုအစ် (Archaeozic) ဟု ခေါ်သည်။ ဤခေတ်တွင် ပင်လယ်ကမ်းစပ်ချိုင့်ခွက်များ၌ သက်ရှိလက္ခဏာများကို တွေ့ရသော်လည်း မသေချာသေးဟု ဆိုသည်။ သို့သော် သက်ရှိခေတ်ကို ဤမှစတင်ပြီဟု အချို့ကသတ်မှတ်ကြ၏။ ဤ၌ 'သက်ရှိ' ဟူသည် 'သတ္တဝါ' ဆိုသည်နှင့်မတူကြောင်း မမေ့သင့်ပါချေ။

တတိယခေတ်ကို ပြိုတဲရိုဇိုအစ် (Proterozoic) ဟု ခေါ်သည်။ ဤခေတ်တွင်မူ သက်ရှိစတင်မှု သေချာလာပြီဟုဆိုသည်။ အကြောင်းမှာ မြေလွှာများအတွင်းမှ ကျောက်ဖြစ် ရုပ်ကြွင်းများကို တူးဖော်တွေ့ရှိကြသောကြောင့်ဖြစ်၏။

စတုတ္ထဖြစ်သော ပလီယိုဇိုအစ် (Palaeozoic) ခေတ်၌မူ ပင်လယ်တွင်း၌ ငါးသတ္တဝါများ ဖြစ်ပေါ်လာကြပြီဟု ဆိုသည်။ ထိုငါးများသည် မိမိတို့ အသက်ရှည်ကြာ တည်နေနိုင်ရေးအတွက် ပတ်ဝန်းကျင်နှင့် အဆင်ပြေအောင် ကျင့်ကြံပြုမူလာကြသည်ဟု ဆိုသည်။

ငါးအဆင့်မှ ဖားတပိုင်း ငါးတပိုင်းလို သတ္တဝါမျိုးဖြစ်လာသည်။ ဆူးတောင်နေရာမှ ခြေထောက်သဏ္ဍာန် ဖြစ်လာသည်။ မိကျောင်းကဲ့သို့သော သတ္တဝါမျိုးလည်း ဖြစ်လာကြသည်။ ခြေထောက်ပေါက်လာသော သတ္တဝါများသည် ဤမြေပေါ်၌

တွားသွားတတ်လာကြသည်။ထိုတွားသွားသော သတ္တဝါခေတ်ကို မယ်ဆိုဇိုအစ်(Mesozoic)ဟုခေါ်သည်။ ပဉ္စမ ခေတ်တည်း။

ဆဋ္ဌမခေတ်ကို ဆီနိုဇိုအစ်(Cenozoic)ဟုခေါ်၏။ဤဆဋ္ဌမ ခေတ်၌ အဲနီမဲလ်ခေါ် သက်ရှိသတ္တဝါများ အတော်လေး စုံစုံ လင်လင် ပေါ်ပေါက်ဖြစ်ထွန်းနေပြီဟု ဆိုသည်။ လူတူ မျောက် များ ဤခေတ်တွင် စတင်ပေါ်ပေါက်နေရာပေပြီ။

ပင်လယ်ငါးများမှတဆင့် တိုးတက်လာသည့် တွားသွားသော သတ္တဝါများထဲမှ အချို့မှာ အတောင်ပေါက်၍ ငှက်ဖြစ်လာကြ သည်ဟုဆို၏။ ဤသို့ပြောင်းလဲရာ၌ 'ပတ်ဝန်းကျင်'နှင့် အဆင်ပြေ အောင် အဆင့်ဆင့် ပြောင်းလဲဖြစ်ပေါ်ကြကြောင်းယူဆကြသည်။

နောက်ဆုံး သတ္တမမြောက် ပလဲစတိုးဆင်းခေတ် (Pleisto-ceive) သည် နှင်းထူထပ်သော ခေတ်ဖြစ်၏။ ဤခေတ်တွင်မှ လူသားများဖြစ်ပေါ်လာကြသည်။သို့သော် ထိုပေါ်ခါစ လူသား တို့သည် ဂုတ်တိုပြီး ဦးနှောက်သေး၍ အသိဉာဏ်လည်း နည်းပါး ကြသေးသည်ဟု ဆိုသည်။

ဖော်ပြခဲ့သောခေတ်တို့သည် တခေတ်နှင့်တခေတ် နှစ်ပေါင်း သန်းလေးရာထက်မနည်း ကွာခြားသည်ဟု သတ်မှတ်ကြသည်။ ဤတွင် တွေ့ရသောအချက်တရပ်မှာ ဒါဝင်အပါအဝင် 'လူနှင့် ဗ-ကွ သက်ရှိသမိုင်း'ကို ပြုစုကြသူများသည် ရှေးခေတ် ဂရိပညာ ရှင်များ ကြံဆခဲ့သည့် ပင်လယ်သမုဒ္ဒရာမှ သက်ရှိစတင်လာသည် ဟူသော လမ်းစကို ကောက်ပြီး ပိုမိုခိုင်မာအောင် ပြုလုပ်ကြသည် ဟူသော အချက်ဖြစ်သည်။

သက်ရှိအစကို ရှာဖွေသော ဤစနစ်သည်လွန်ခဲ့သောနှစ်ပေါင်း ကုဋေကုဋာက ပြန်စရသောကြောင့် မည်သူမျှ အတတ်မပြောနိုင်ကြ၍ 'အကယ်၍' 'ဖြစ်ပေမည်'စသော သံသယနယများကို အသုံးပြုကြရကြောင်း သတိပြုအပ်ပေသည်။ ယနေ့ထက်တိုင်လည်း သိပ္ပံနည်းဖြင့် အသက်ဇီဝနှင့် ယင်း၏အစကို တိကျစွာ ရှာဖွေမတွေ့သေး ဖြစ်သည်။

တင်ပြပြီးခဲ့သမျှမှာ ပညာရှိကြီးများ ရေးသားပြုစုသော လူ့ဘဝသမိုင်းဆိုင်ရာကျမ်းများမှ အကျဉ်းချုပ် ကောက်နုတ်ချက်ဖြစ်ပါသည်။ ဤစာအုပ်တွင်'သတ္တလောက'နှင့်ပတ်သက်၍ လူသားပညာရှိများမည်သို့မြင်ကြသည်ကိုသိသာရုံမျှသာဖော်ပြရန်ရည်ရွယ်ပါသည်။ သို့ဖြစ်၍ သတ္တလောကအကြောင်း ဤမျှနှင့် ရပ်ဆိုင်းလိုက်ပြီး ဩကာသလောကအပေါ် လူသားတို့၏ အမြင်ကို ဆက်လက်၍ ကောက်နုတ်တင်ပြပါမည်။

## ဩကာသလောကနှင့် လူ့အမြင်

သိပ္ပံပညာရှင်များသည် အင်အားကြီးသော နက္ခတ်ကြည့်မှန်ပြောင်းကြီးများဖြင့် ကြည့်မြင်တွက်ဆကြပြီး ဤဩကာသလောကကြီး၌ 'ဂလက်စီ'အုပ်စု များစွာရှိနေသည်ဟု ဆိုကြ၏။ 'ဂလက်စီ'ဆိုသည်မှာ ကြယ်အမြောက်အမြားနှင့် မြူမှုန်များ၊ ဓာတ်ငွေ့များ စုဝေးနေသော အစုအဝေးဟု အဓိပ္ပာယ်ရသည်။ ဂလက်စီကို မီးလ်ကီးဝေး (နို့ရည်လမ်းကြောင်း) ဟုလည်း ခေါ်၏။ မြန်မာတို့က နဂါးငွေ့တန်းသည်ဟု ခေါ်ကြသည်။

ဂဲလ်လက်စီတခု မည်မျှကြီးမားကျယ်ဝန်းကြောင်း ခန့်မှန်းတိုင်းတာရာ၌ 'ရောင်ခြည်နှစ်'ကို အသုံးပြုကြသည်။ အလင်းရောင်သည် တစက္ကန့်အချိန်တွင် မိုင်ပေါင်း–၁၈၆၂၃၄ မိုင် ပြေးသွားသည်။ ထို့ကြောင့် တနှစ်အချိန်တွင် မိုင်ပေါင်း ၅၈၆၅၆၉၆၀-၀၀၀၀ မိုင်ပြေးသွားလေသည်။အနီးဆုံးယူ၍ပြောရလျှင်မိုင်ပေါင်း ကုဋေ ၆ သိန်းခန့် ဖြစ်သည်။ ထို့ကြောင့် 'အလင်းရောင်နှစ်' ဆိုလျှင် မိုင်ပေါင်း ကုဋေပေါင်း ၆ သိန်းခန့်ရှိသည်ဟု ဆိုအပ်၏။ ဥပမာ–၁ ပေဟုဆိုလျှင် ၁၂ လက်မရှည်သည်ဟု နားလည်ရခြင်းမျိုးပင် ဖြစ်သည်။

ဂဲလ်လက်စီတခု၏ အချင်း (အလယ်ကန့်လန့်ဖြတ်) ပမာဏသည် ရောင်ခြည်နှစ်တသိန်း (မိုင်ကုဋေ ၆ သိန်း၏ အပြန်တသိန်း) ခန့်ရှိသည်။ ဗဟိုချက်မဒုထယ်မှာ ရောင်ခြည်နှစ် ၅-သောင်း (မိုင်ကုဋေ ၆ သိန်း၏ အဆအပြန် ၅ သောင်း)ခန့် ထူထဲသည်ဟု ဆိုသည်။ ကြယ်ကုဋေပေါင်း ထောင်ချီ၍ ပါဝင်တည်ရှိနေသည်။ ကြယ်အများစုမှာ ၂ လုံးတွဲများဖြစ်သည်ဟု ဆိုပါသည်။

ဤမျှ ကျယ်ပြန့်လှသော ဂဲလ်လက်စီမျိုးသည်လည်း တခုမက အများအပြားပင် ဤသြကာသလောကကြီးထဲ၌ တည်ရှိနေသည်ဟု သိပ္ပံပညာရှင်တို့ ယုံကြည်နေကြသည်။

## နေစကြာဝဠာ

ကျွန်ုပ်တို့၏ကမ္ဘာဂြိုဟ်နှင့်တကွ ဂြိုဟ်ကြီးကိုးလုံးတို့သည် နေကိုသက်ဆိုင်ရာအကွာအဝေးမှ လှည့်ပတ်နေကြသည်။ ဤနေနှင့်

တကွ ဂြိုဟ်များ၊ နက္ခတ်တာရာများ၊ ကြယ်များကို နေစကြာဝဠာ ဟု ခေါ်၏။

ဤစကြာဝဠာသည် ဂဲလ်လက်စီ (မီးလ်ကီးဝေး)၏ ဗဟိုချက်မှ ခရီးတာအားဖြင့် သုံးပုံနှစ်ပုံခန့်နေရာဖြစ်သော ဂဲလ်လက်စီ၏ အတွင်းတွင် ပါဝင်တည်ရှိနေသည်။ နေစကြာဝဠာသည် ဂဲလ်လက်စီ၏ ဗဟိုချက်ကို လှည့်ပတ်နေသည်။ တစက္ကန့်လျှင် မိုင် ၁၅၀ အမြန်နှုန်းဖြင့် လှည့်ပတ်နေရာ တပတ်ပတ်မိရန်အတွက် နှစ်ပေါင်း သန်းနှစ်ရာများကြာလေသည်။ ဤဂဲလ်လက်စီထဲတွင် နေသည် အပြောက်အစက်ငယ်မျှသာ ဖြစ်လေသည်။ ဤကား ဂဲလ်လက်စီ တခု၏ အဖွဲ့အစည်းတည်း။

ဤ ဂဲလ်လက်စီနည်းတူ အခြားအခြားသော ဂဲလ်လက်စီများ၌လည်း နေစကြာဝဠာများ တည်ရှိနေပေရာသည်။ ကျွန်ုပ်တို့ ကမ္ဘာမျိုး အများအပြားလည်း တည်ရှိနေပေရာသည်။

## ကျွန်ုပ်တို့ကမ္ဘာ

နေစကြာဝဠာအတွင်းရှိ ဂြိုဟ်တခုဖြစ်သော ကျွန်ုပ်တို့ကမ္ဘာသည် အချင်းအားဖြင့် အီကွေတာ၌ ၇၉၁၇-မိုင်၊ ပတ်လည်အနားအား ၃၄၉၀၂-မိုင်၊ အနံ ဒုသယ်အားဖြင့် သန်းပေါင်း ၂-သိန်း ၆-သောင်းမိုင်ရှိသည်။ နှင်းသီးပုံသဏ္ဌာန်ရှိသည်။ နေနှင့် ၉၂.၉-သန်း မိုင်ခန့် ကွာဝေးသည်။ တနာရီလျှင် ၆၆၀၀၀-မိုင်နှုန်းဖြင့် နေကို လှည့်ပတ်နေရာ ၃၆၅¼ ရက်တွင် တပတ်ပတ်မိသည်။

ဤကမ္ဘာမြေပြင်မှ အောက်၌ ၆၆-မိုင်ခန့်ထုသော ကျောက်လွှာကြီး ၂-လွှာရှိသည်။ ထိုကျောက်လွှာကြီးများ၏အတွင်းပိုင်း၌

သံနှစ်ကယ်နှင့် ကိုဘောလ်သတ္တုများ ရှိနေသည်။ ကမ္ဘာကို ဝိုင်းပတ်ခံဆောင်ထားသော လေထုမှာ ခန့်မှန်းခြေအားဖြင့် တန်ချိန် ၅၇၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀-ခန့် လေးသည်။ကမ္ဘာ့အလေးချိန်မှာမူ ၆၆၀၀ (၁၀၀၀၀၀၀)ဝ်ရှိသည်။ ကမ္ဘာမြေပြင် အထက်မိုင် ၅၅၀၀-ခန့်အထိဟိုက်ဒရိုဂျင်ဓာတ်ငွေ့များရှိသည်။ ထိုပြင်ပဌမှု လေဟာပြင်ဖြစ်သည်ဟု ဆိုကြပါသည်။

## စကြာဝဠာ တည်ပုံ,ပျက်ပုံ

စကြာဝဠာပေါ်ပေါက်လာပြီး တည်ရှိနေမှုနှင့် ပတ်သက်၍ သိပ္ပံပညာရှင်များ အယူကွဲပြားလျက်ရှိသည်။ အချို့သော သိပ္ပံပညာရှင်တို့က စကြာဝဠာကြီးသည် မည်သည့်အချိန်က စတင်ခဲ့သည်ဟု အစလည်းမရှိ၊ အဆုံးလည်းမရှိ၊ သဘာဝနိယာမ အားလျော်စွာ ပုံသဏ္ဍာန်အမျိုးမျိုးရှိသော ကြယ်စုကြီးများ အဆက်မပြတ် ဖြစ်ပေါ်နေကာ အဆုံးမရှိသော အရပ်မျက်နှာဘက်သို့ ပြန့်ထွက်ပြေးသွားနေကြသည်ဟု ယုံကြည်ကြသည်။

သိပ္ပံပညာရှင်အချို့ကမူ လွန်ခဲ့သော နှစ်ပေါင်း ကုဋေတသိန်းခန့်က လွန်စွာ သိပ်သည်းသော ဓာတ်ငွေ့အစိုင်အခဲကြီးတခုသည် ပြင်းထန်စွာပေါက်ကွဲပြီး ထိုပေါက်ကွဲမှုမှ ပေါ်ထွက်လာသည့် အစအနများသည် ကြယ်တာရာများ,ဂြိုဟ်များဖြစ်လာကြသည်။ နေစကြာဝဠာနှင့် ကျွန်ုပ်တို့ကမ္ဘာလည်း ဤနည်းဖြင့် ဖြစ်ပေါ်လာကြသည်ဟု ယူဆကြသည်။ မမှန်းဆနိုင်သော တနေ့နေ့တွင် အပြင်သို့ ပြေးထွက်နေသော ကြယ်တာရာနက္ခတ်တို့သည် စတင်ပေါက်ကွဲရာ ဗဟိုချက်မဆီသို့ နောက်ကြောင်းပြန်လာကြပြီး

တခုနှင့်တခု အရှိန်ပြင်းထန်စွာ တိုက်မိကြ၍ ပျက်ပြုန်းကုန်ကြမည် ဟုလည်း တွက်ဆကြ၏။

ထို့ပြင် ဆိုခဲ့ပါနည်းဖြင့် ဖြစ်ပေါ်လာသော ဂြိုဟ်တာရာ နက္ခတ်တို့သည် ရောင်ခြည်နှစ်၏ လေးပုံ့သုံးပုံ အကွာအဝေးဖြင့် တခုမှတခု ဖဲခွာနေကြသည်။ ဤမျှသော အကွာအဝေးဖြင့် နောက်ထပ် နှစ်ပေါင်း ကုဋေသုံးသန်းတိုင်တိုင် ဆက်လက်လွင့်ပျံ နေကြဦးမည်။ နှစ်ပေါင်း ကုဋေသုံးသန်းကြာရှိပြီးသောအခါ၌မူ ကြယ်စုကြီးပါကြယ်တို့သည် နောက်ကြောင်းပြန် လှည့်ကြပြီး ဗဟိုချက်မတွင် လာ၍စုကြမည်။ နောက်ကြောင်း ပြန်ချိန်သည် နှစ်ပေါင်းကုဋေလေးသန်းခန့်ကြာမည်။ ဗဟိုတွင် စုမိကြသော အခါ တခုနှင့်တခု ပြန်လည်တွန်းကန်ကာ အဝေးသို့ ပြန်လည် ပြေးသွားကြဦးမည်။ ဤသို့သောနည်းဖြင့် ခွဲခွာချည်၊ ပြန်လည် ပေါင်းစုချည်ဖြင့် လူးလာခတ်ကာ ထာဝရတည်နေပေမည်ဟု သိပ္ပံ ပညာရှင်အချို့က ယူဆကြ၏။

## နေ့၊လ၊ကမ္ဘာ သက်တမ်း

နေပေါ်လာမှုနှင့်ပတ်သက်၍ ဤသို့ယူဆကြသည်။ မီးလ်ကီး ဝေးကြယ်စုကြီးထဲတွင် နေစကြာဝဠာပါဝင်ကြောင်း သိခဲ့ရပြီး ဖြစ်၏။ ထို နေစကြာဝဠာဖြစ်လာမည့် ဓာတ်ငွေ့ဒုထယ်ကြီးသည် အစတွင် အလင်းရောင် မရှိသေး၊ မှောင်မဲနေသည်။ နောက်ပိုင်း တွင် ဗဟိုချက်မှ ဟိုက်ဒရိုဂျင်ဓာတ်သည် ဟယ်လီယံဓာတ်သဘော သို့ ပြောင်းပြီး အဆက်မပြတ် ပေါက်ကွဲမှုဖြစ်လာသည်။ ထိုပေါက် ကွဲမှုများမှ အလင်းရောင်နှင့် အပူဓာတ်များထွက်လာသည်။ ဤသို့

အဆက်မပြတ် ပေါက်ကွဲနေသောဂြိုဟ်ကို 'နေ'ဟု ခေါ်သည်။ နေသည် အဆက်မပြတ် ပေါက်ကွဲနေသော ဟိုက်ဒရိုဂျင်ဗုံး အစုအဝေးသဖွယ်ဖြစ်သည်ဟု ဆိုကြသည်။ ထိုနေမှ အလင်းရောင်နှင့် အပူဓာတ်ကို ပတ်ဝန်းကျင်ဂြိုဟ်ကိုးလုံးက ရယူနေသည်။

နေစကြာဝဠာ၏သက်တမ်းကို နှစ်ပေါင်း သန်း ၅-ထောင်မှ ၁-သောင်းအတွင်းရှိမည်ဟု ခန့်မှန်းကြသည်။ ကျွန်ုပ်တို့ ကမ္ဘာ၏သက်တမ်းသည် နှစ်ပေါင်း သန်း ၅-ထောင်ကျော်ခန့် ရှိနေပြီး၊ လမှာမူ နှစ်ပေါင်း သန်း ၄-ထောင်ခန့် သက်တမ်းရှိပြီဟု တွက်ဆကြ၏။ လသည် ကမ္ဘာ့နောက်မှ ပေါ်လာကြောင်းမူ ထင်ရှား၏။

ဤသည်မှာ ဩကာသလောကကြီးနှင့်ပတ်သက်၍ လူသားတို့ အမြင် ဖြစ်ပါသည်။

သတ္တဝါအားလုံးနှင့် ကမ္ဘာလောကခေတ်ကြီးတခုလုံး အမြဲတမ်း ပြောင်းလဲနေကြသည်ဟူ၍ သိပ္ပံပညာရှင်အများ လက်ခံကြသည်။ သို့သော် တချို့က ပိုမိုတိုးတက်သော အဆင့်သို့ ပြောင်းလဲနေသည်ဟု ယူဆကြသည်။ တချို့ကမူ ပျက်စီးရေးအဆင့်ဆီသို့ တဖြေးဖြေး နီးကပ်သွားစေသည်ဟု ယုံကြည်ကြသည်။

အကျဉ်းချုပ်။ ။သိပ္ပံပညာရှင်တို့သည် သက်ရှိသတ္တဝါများ စတင်ဖြစ်ထွန်းလာပုံ ကြံဆခဲ့ကြသည်။ ပင်လယ်ရေမှ စသည်ဟု ရှေးဂရိခေတ်ထဲက ယူဆခဲ့သည်။ သက်ရှိဟု သတ်မှတ်နိုင်ဘို့ ဇီဝကိစ္စများကို သတ်မှတ်ကြသည်။ လူ့အဆင့်အထိ တိုးတက်လာပုံကိုလည်း ခေတ်များ ခွဲခြားတင်ပြကြ၏။

သြကာသလောကအကြောင်းတွင် ဂဲလ်လက်စီများမှ နေစကြာဝဠာများဖွဲ့ကြသည်။ ကျွန်ုပ်တို့ကမ္ဘာသည် တခုသော နေစကြာဝဠာ၏ ဂြိုဟ်ရံတခုသာဟုဆိုသည်။ စကြာဝဠာကြီး စတင်ဖြစ်လာပုံနှင့် သက်တမ်းများအကြောင်းကိုလည်း တွေးဆထားကြလေသည်။ သို့သော် ဆက်လက်ရှာကြံဆဲသာဖြစ်ကြသည်။

## အခန်း ၈

# လဝန်းကျင် အာကာသအခြေအနေ

အနန္တကောင်းကင်ကြီးထဲ၌ နေ၊လ၊နက္ခတ်တာရာတို့သည်၎င်း၊ ကျွန်ုပ်တို့ကမ္ဘာသည်၎င်း၊ မိုးပျံဗူဗောင်းများသဖွယ် အတွယ်အတာမဲ့ တည်နေကြသည်ဟု မြန်မာ့ကျမ်းဂန်များအရ ပြောနိုင်ပေသည်။ ကမ္ဘာတည်ပုံပြအခန်းကို လေ့လာကြည့်လျှင် လူ့ကမ္ဘာ၏ အထက်အမြင့်တွင် ရှိနေသော နေ၊လ၊နက္ခတ်တို့က ကမ္ဘာထက် အရင်ဖြစ်ထွန်းနှင့်ကြသည်။ နောက်မှ ကမ္ဘာပေါ်လာသည်ဟု ယူဆနိုင်ပေသည်။

ကမ္ဘာဦးကလူတွေ ကိုယ်ရောင်ကိုယ်ဝါပျောက်ခါမှ နေထွက်လာသည်။ သူတို့ဆန္ဒပြုကြ၍ လ၊ပေါ်လာသည်ဆိုသော စကားတို့မှာ 'ရောင်ခြည်' ကို အဓိကထား၍ပြောကြောင်း ထင်ရှားသည်။ နေရောင်၊လရောင်မပေါ်ခင် နေအဆောက်အဦ၊လအဆောက်အဦ မရှိသေးဟု မဆိုသာချေ။ နေအိမ်ဝန်း၊လအိမ်ဝန်းဖွဲ့စမှု ရောင်ခြည်

မထွက်သေးခြင်းလည်း ဖြစ်နိုင်သည်။ ကမ္ဘာနှင့် မတည့်သေး၍ ကမ္ဘာဦးလူတွေက မမြင်ရခြင်းလည်းဖြစ်နိုင်သည်။ ကမ္ဘာဦးလူတွေ ကိုယ်ရောင်ကိုယ်ဝါ ပျောက်ချိန်ကျမှ နေရောင်, လရောင် စတင် ပေါ်လာခြင်းမှာ မိုးနှင့် ပျိုးတို့ နှုတ်ထည့် စည်းဝါးရိုက်ထားကြ သလို သဘာဝဓမ္မနိယာမက လက်ဝါးရိုက်ပေးလိုက်မှုဖြစ်ရာသည်။

'ဩကာသလောကနှင့် ယတာဘူတအသွင်' အခန်းကို တစိမ့်စိမ့် ဖတ်ရှုကြည့်ပြီးပါက စကြာဝဠာ အနန္တ၊ နေ အနန္တ၊ လ အနန္တ၊ ကမ္ဘာ အနန္တ ရှိနိုင်ကြောင်း အတွေးပေါက်စရာရှိပေသည်။ ယခု ကျွန်ုပ်တို့ခေါင်းပေါ်ကို မော့ကြည့်ပါက ဂြိုဟ်ကြီး ကိုးလုံး၊နက္ခတ် ၂၇-လုံးနှင့် တာရာပေါင်းစုံကိုလည်း တွေ့မြင်နိုင်ပေသည်။

ဂြိုဟ်ကြီးကိုးလုံးကား....တနင်္ဂနွေဂြိုဟ်(နေ)၊ တနင်္လာဂြိုဟ် (လ)၊ အင်္ဂါဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ ကြာသပတေးဂြိုဟ်၊ သောကြာ ဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုဂြိုဟ်နှင့် ကိတ်ဂြိုဟ်တို့ ဖြစ်ကြသည်။ အဿဝဏီ၊ ဘရဏီ၊ ကြတ္တိကာစသော နက္ခတ် ၂၇-လုံးကိုလည်း မြင်နိုင်သည်။ ဆင်တာရာ၊ ကျီးတာရာစသည်ဖြင့် အမည်နာမ ရှိသော တာရာများ၊ အမျိုးအမည်မထင်ရှားသော နက္ခတ်တာရာ များလည်း မိုးလုံးပြည့်ရှိကြ၏။

ထို နက္ခတ်တာရာများအနက် စိတြနက္ခတ်၊ ဝိသာခါနက္ခတ်၊ ဇေဋ္ဌနက္ခတ်၊ အာသဠ်နက္ခတ်၊ သရဝဏ်နက္ခတ်၊ပေါဋ္ဌပိုဒ်နက္ခတ်၊ အဿဝဏီနက္ခတ်၊ ကြတ္တိကာနက္ခတ်၊ မိဂသီနက္ခတ်၊ ဖုဿနက္ခတ်၊ မာဃနက္ခတ်၊ ဖဂ္ဂုနီနက္ခတ်၊ဤနက္ခတ် ၁၂-လုံးတို့သည် အဆောင် ရ မိဖုရားများသဖွယ် ဖြစ်ကြသည်။ လစန္ဒာ မောင်တော်ဖုရားက ရက်သုံးဆယ်လျှင် တကြိမ်ကျ၊ တလှည့်စီလာ၍ နီးနီးကပ်ကပ်စံနေ

တတ်သည်။ စန္ဒာမောင်နှင့် နက္ခတ်မိဖုရားများ အတူယှဉ်စံသည့်အချိန်အလိုက် မြန်မာတို့က ၁၂-လ၊ ၁၂-ရာသီဖွဲ့ကြသည်။ စန္ဒာဘုရင်သည် ကြင်ယာတော် စိတြထံ အဆောင်တော်ကူးချိန်ကို 'စိတြမာသ' တန်ခူးလဟု ခေါ်သည်။ ကျန် ဆယ့်ဘလသတ်မှတ်ရာ၌လည်း ဤနည်းအတူပင်။

## ဝေရမ္ဘလေ

လ၏ဝန်းကျင်ကောင်းကင်တခွင်တပြင်၌'ဝေရမ္ဘလေ' ရှိသည်ဟု ကျမ်းဂန်များ၌ ဖော်ပြသည်။ 'ဝေရမ္ဘလေ'သည် ဘယ်လိုလေမျိုးလဲဟု စဉ်းစားစရာဖြစ်လာသည်။ ကမ္ဘာမှာရှိနေသောလေမျိုးမဟုတ်ကြောင်းကား သိသာသည်။ အကြောင်းမှာ ကျွန်ုပ်တို့ ကမ္ဘာပတ်ဝန်းကျင်တွင် ဝေရမ္ဘလေရှိသည်ဟု ပြောပြထားချက် မရှိ၍ဖြစ်သည်။

ဤကမ္ဘာရှိ အသက်ရှူ၍ရသောလေကား အောက်စီဂျင်ဓာတ်နှင့် နိုက်တရိုဂျင်ဓာတ်တို့ အချိုးကျ . ဖွဲ့စည်းပါဝင်နေသောဓာတ်ရောတမျိုးသာဖြစ်သည်။ လနယ်၌ ဤကဲ့သို့သော ကမ္ဘာလေမရှိ၊ ဝေရမ္ဘလေသာ ရှိသောကြောင့် ကမ္ဘာ့နယ်နှင့် လနယ်တို့အခြေအနေချင်း ကွဲပြားရမည် မုချ။ ကမ္ဘာလူသားသည် ကမ္ဘာ့နယ်၌ အသက်ရှူ၍ရသော်လည်း လနယ်၌ ဝေရမ္ဘလေကို လူ့နှာခေါင်းဖြင့် ရှူ၍ရမည်မဟုတ်။ ကမ္ဘာလေနှင့် ဝေရမ္ဘလေတို့ မတူကြသောကြောင့် ထိုလေနှစ်ခု၌ လူသား၏ အခြေအနေချင်းလည်း ကွဲပြားသွားရမည် ဓမ္မတာပင်။

ခုဒ္ဒကနိကာယ်၊ နဝကနိပါတ်၊ ဂိဇ္ဈဇာတ်တွင် မိဘစကား နား မထောင်ဘဲ ဝေဟင်အမြင့်ထဲ ထိုးတက်ပျံဝင်သွားသော ငှက်တ ကောင်သည် ဝေရမ္ဘလေနှင့်တွေ့၍ သေပွဲဝင်ရကြောင်း ဖော်ပြထား သည်။ မိဘစကား နာယူသင့်ကြောင်း သင်ခန်းစာပေး ဇာတ် ထုပ်ဖြစ်၍လားမသိ၊ ဝေရမ္ဘလေအကြောင်း အကျယ်မပြချေ။ သို့သော် ထိုလေနယ်၌ ရိုးရိုး ကမ္ဘာလူသားတဦး ကမ္ဘာမှာ နေ နေကျ အခြေအနေဖြင့် အသက်မရှင်နိုင်ကြောင်းကား ပေါ်လွင် ပေသည်။

## ထူးခြားသော ဇဝနဟံသာ

ဇဝနဟံသ ဇာတ်တော်တွင်ကား အလောင်းတော် ဇဝန ဟံသာမင်းသည် နေနှင့်တကွ အပြေးပြိုင်ကြောင်း လာရှိသည်။ ဟံသာမင်းမှာမူ မသေချေ။ နေနှင့် အပြေးပြိုင်သည်ဆိုရာ၌ နေ ရောင်ရှိရာ လျှောက်လိုက်သည့်သဘော ဖြစ်ရာသည်။ ယခုလည်း လေယာဉ်ပျံတစင်းဖြင့် နေနောက် လျှောက်လိုက်လျှင် ဖြစ်နိုင် သည်။ ရောက်လေရာရာမှာ နေ့အချိန်ချည်း ဖြစ်နေမည်ဟူလို။

ဤဇာတ်တော်၌လည်း ဝေရမ္ဘလေနှင့် ယင်း၏ နယ်ပယ် အကြောင်း အထူး ပြဆိုမထားပေ။ အသက်ဇီဝ အပျက်အချုပ် လျင်မြန်ပုံပြဆိုရာ၌ လေးနက်စေရန်သာ ထည့်သွင်းဟောကြား ချက်ဖြစ်၍ အာကာသ အခြေအနေ အသေးစိတ် မဟောချေ။ သို့သော် ဟံသာမင်း လျင်မြန်ပုံကို ဤသို့ပြဆိုထားသည်။

ဗာရာဏသီမြို့အနီးရှိ ကွင်းကျယ်ကြီးတခု၏ အလယ်မှာ ၄ ကျောက်တိုင်တခု စိုက်စေသည်။ ဟံသာမင်းက ကျောက်တိုင်ထိပ်

မှာ နားနေသည်။ နိုင်ငံတော် လေးသည်ကျော် လေးဦးတို့သည် အရှေ့၊ အနောက်၊ တောင်၊ မြောက်သို့ အသီးသီး မျက်နှာမူကြ လျက် ကျောက်တိုင်ကို ကျောပြု၍ ကျောက်တိုင်ရင်းမှာ ရပ်နေ ကြသည်။ အချက်ပေးလိုက်သောအခါ လေးသည်ကျော် လေးဦး တို့သည် မိမိတို့ မျက်နှာမူရာဘက်သို့ မြှားတစင်းစီ တပြိုင်နက် တအားကုန် ပစ်လွှတ်လိုက်ကြသည်။ ထိုအခါ ဟသ်ာမင်းသည် လျင်မြန်လှသောအဟုန်ဖြင့် သွား၍ ထိုမြှားအသီးသီး မြေမကျ ခင် ကောက်ယူလိုက်ပြီး သူ့မြှားနှင့် သူ့လေးသမား အံကျ ချက် ခြင်း ပြန်ချပေးလိုက်နိုင်သည်ဟု ဆိုသည်။

ဤသို့ မြှားကောက်၊ မြှားပြန် ပြုလုပ်ရာ၌ လျင်မြန်လွန်းသဖြင့် ဟသ်ာမင်းကို သဲကွဲစွာ မမြင်ကြရဘဲ သူ၏လည်ပင်း၌ဆွဲထား သော ဆွဲလွဲသံကိုသာ လေးသည်တို့ ကြားကြရသည်ဟု ဆိုသည်။ ထို့ပြင် ဟသ်ာမင်းသည် ဗာရာဏသီမြို့ပေါ်၌ အတောင်နှစ်ဖက် ကို ဆန့်တန်းလိုက်ရာ ၁၂ ယူဇနာကျယ်ဝန်းသော ဗာရာဏသီ မြို့ကို အုပ်သည်ဟုလည်း ဖော်ပြထား၏။

ဤမျှ လျင်မြန်ပုံ၊ ကြီးမားပုံတို့ကို ထောက်ရှုလျှင် ဝေဟင္ဘ လေနယ်၌ မသေခဲ့သော ဟသ်ာမင်းမှာ ထူးခြားသော အခြား အရည်အသွေးများလည်း ရှိမည်အမှန်ပင်။ ယင်းတို့အနက် ကမ္ဘာ လေမရှိသောနယ်၌ ကျက်စားနိုင်သည့် သတ္တိစွမ်းရည်လည်း ပါဝင် ရာသည်။ ရိုးရိုးသာဆိုပါက သူလည်း ငွင်းတယေ်ကဲ့သို့ သေပွဲ ဝင်ရမည်ဟု တွက်ဆနိုင်ပေသည်။

ဤ၌ ကောက်ချက်ချကြည့်လျှင် ကမ္ဘာရှိ သူလိုငါလို အခြေ အနေမျိုးဖြင့်ဆိုပါက ဝေဟင္ဘလေနယ်မှာ သေပွဲဝင်ရမည်။ အစွမ်း

သတ္တဝါထူး၊ အကာအကွယ်ထူး ရှိလျှင်ကား အသက်မသေနိုင် ဟူသောအချက် ပေါ်လာသည်။

**မှတ်ချက်။** ။အသံသည် တစက္ကန့် ၁၁၀၆ ပေ ပြေးသည်။အလင်းရောင်သည် တစက္ကန့်၁၈၆,၀၀၀ မိုင်ပြေးသည်။ ကိုယ့်မျက်စိအောက်မှာ အရာဝတ္ထုတခု အသွားအပြန် ပြေးသည်ကို မမြင်လိုက်ရဟု ဆိုရာ၌ တစက္ကန့်နှုန်း မည်မျှရှိမည်ဟု တွက်ချက်စမ်းသပ်ကြည့်သင့်၏။ မျက်မြင်အကွာအဝေး၊ ဝတ္ထုအရွယ်အစားကိုပါထည့်တွက်၍ ‘စံ’ပြုနိုင်ပေသည်။

## သိပ္ပံပညာရှင် စကား

‘သြကာသလောကနှင့် လူသားအမြင်’ခေါင်းစဉ်ဖြင့် လောကဓာတ်ဆရာတို့၏ အမြင်အချို့ကို ဖော်ပြခဲ့ပြီးဖြစ်သည်။ နောက်ပိုင်း လောကဓာတ်ဆရာတို့က နေကို ဗဟိုရပ်မှတ်ထားပြီး နေစကြာဝဠာ ဖွဲ့ကြသည်။ ကမ္ဘာကိုလည်း ဂြိုဟ်တခုအဖြစ် ယူသည်။

နေကို လှည့်ပတ်ကစားနေကြသော ဂြိုဟ်ကြီးကိုးလုံးတို့မှာ (နေနှင့်အနီးအဝေး အစဉ်လိုက်) ဗုဒ္ဓဟူးဂြိုဟ်၊ သောကြာဂြိုဟ်၊ ကမ္ဘာ၊ အင်္ဂါဂြိုဟ်၊ ကြာသပတေးဂြိုဟ်၊ ယူရေးနပ်စ်၊ နက်ပ်ကျွန်းနှင့် ပလူတို တို့ဖြစ်ကြသည်။ ဤ ဂြိုဟ်စာရင်း၌ လမပါသည်ကို သတိပြုပါ။ လ,ကား ဂြိုဟ်ရံမျှသာဖြစ်သည်။

ဗုဒ္ဓဟူးဂြိုဟ်သည် နေနှင့် မိုင်ပေါင်း ၃၆ သန်းကွာသည်။ အနီးဆုံးတည်း။ ပလူတိုသည် နေနှင့် မိုင် သန်းပေါင်း ၃၆၆၆

ကွာသည်။ အဝေးဆုံးတည်း။ ကျွန်ုပ်တို့ကမ္ဘာမှာမူ နေနှင့်မိုင် ၉၂ သန်း၊ ၉ သိန်းကွာဝေးသည်။

ဗုဒ္ဓဟူးဂြိုဟ်နှင့် သောကြာ ဂြိုဟ်တို့မှာ လမရှိ။ ကမ္ဘာမှာ လ ၁ လုံး၊ အင်္ဂါဂြိုဟ်မှာ လ ၂လုံး၊ ကြာသပတေးဂြိုဟ်မှာ လ ၁၂ လုံး၊ စနေဂြိုဟ်မှာ လ ၉ လုံး၊ ယူရေးနပ်စ်မှာ လ ၅ လုံး၊ နက်ပ်ကျွန်းမှာ လ ၂ လုံးရှိသည်ဟု ဆိုသည်။

ကမ္ဘာရံ လ,နယ်ထဲတွင် အသက်ရှုစရာ လေမရှိ။ ကမ္ဘာမြေကြီး၏ဆွဲအားလွတ်ရာရောက်နေ၍ ကမ္ဘာတွင် အလေးချိန်ရှိသော သက်ရှိ၊ သက်မဲ့ပစ္စည်းတို့မှာ လ,နယ် လဟာထဲ၌ အလေးချိန်ကင်းမဲ့ကြသည်ဟု သိကြရသည်။

## လ အခြေအနေ

မြန်မာ့အစဉ်အလာ အယူအဆအရ လအကြောင်း ဤသို့ သိအပ်သည်။ လသည် ကမ္ဘာနှင့် ယူဇနာပေါင်း ၄၂၀၀၀ ကွာဝေးသည်။ လ၏ အရွယ်ပမာဏမှာ အလျား၊အနံ၊စောက်(အမြင့်) ၄၉ ယူဇနာစီရှိသည်။ အဝန်းမှာ ၁၄၇ ယူဇနာရှိသည်။ ဤအတိုင်းအထွာသည် ယခုခေတ် အတိုင်းအထွာကား မဟုတ်ချေ။ ရှေးခေတ်သုံး 'ယူဇနာ' အတိုင်းအထွာဖြစ်သည်။ 'ယူဇနာ' ယူပုံလေးမျိုးရှိသည့်အနက် တယူဇနာလျှင် ၁၂ မိုင်၊ ၅ ဖာလုံ၊ ဂ သံကြိုး၊ ၄ ယာဒ် ဆားသည်ရှိသော် ၄၉ ယူဇနာသည် မိုင် ၆၀၀ ခန့် ရှိမည်ဖြစ်၏။

လ၏အတွင်းအနှစ်ပိုင်းကား ပတ္တမြား (မြ) ဖြစ်သည်။ အပေါ် ယံပိုင်းအများစုကား ကျူငွေများဖြစ်ကြသည်။လသည် လူ့ကမ္ဘာသို့ အေးမြသောအရောင်ကို ပေးလွှတ်လျက်ရှိ၏။ ဤနေရာ၌ ကျွန်ုပ်တို့ကမ္ဘာမှသည်း ရွှေအမြောက်အမြား ထွက်သည်။ အခြားသောရတနာတို့လည်း ထွက်သည်။ ထိုနည်းတူ လ၌လည်း ရတနာများရှိခြင်း ဖြစ်ရာသည်။

လသည် တနေရာကဲ၌ အသေရပ်၍မနေ၊ ရွေ့၍သာနေသည်။ တောင်မှ မြောက်၊ မြောက်မှ တောင်၊ ဖီလာလည်း ရွေ့သည်။ အရှေ့မှ အနောက်၊ အနောက်မှ အရှေ့၊ လကျ်ာရစ်ခရုပတ်လည်း ရွေ့သည်။ ထိုသို့ ရွေ့ရင်း စိတြစသော နက္ခတ် ၁၂ လုံးနှင့် အလှည့်ကျတွဲလေသည်။ နွားမကြီးက နွားကလေးထံ သွားသလို လက နက္ခတ်များထံ ချဉ်းကပ်သည်ဟု ဆိုသည်။ ကမ္ဘာက လှမ်း၍မြင်သောအမြင်ဖြင့် ဆိုထားခြင်း ဖြစ်ရာသည်။ (လောကဝိဒူမော်ကွန်းစသည်။)

လက်ရှိအာကာသပညာရှင်တို့က လ၏အချင်းမှာ မိုင် ၂၁၆၀ ရှိသည်။ ကမ္ဘာမှ အဝေးဆုံး မိုင်ပေါင်း ၂၅၂၉၄၀၊ အနီးဆုံး ၂၂၁၅၉၃ ဖြစ်သည်ဟု ဖော်ပြကြ၏။

လတွင် ရေမရှိ၊ လေမရှိ။ ရေ၊ လေမရှိသောကြောင့် သစ်ပင်များနှင့် သက်ရှိသတ္တဝါများမရှိ။ လေမရှိသောကြောင့် အသံဗလံလည်း မရှိနိုင်။ လ၏ နေ့ခင်းအပူဆုံးအချိန်၌ ဖာရင်ဟိုက်ဒီဂရီ ၂၁၅ ရှိသည်။ ၂၁၂ ဒီဂရီ အပူချိန်ရှိလျှင် ရေဆူသည်။ထို့ကြောင့် ရေဆူမှတ်ထက်ကျော်လွန်သည်။ ပူလွန်း၍ ရေမရှိခြင်းဖြစ်သည်။ လ၏ ညအအေးပိုင်း၌ ဖာရင်ဟိုက်ဒီဂရီ သုညမှတ်အောက် ၂၄၀

ရှိသည်။ သူ့ညအောက် ၃၂ ဒီဂရီ ကျဆင်းလျှင် ရေခဲသည်။ ထို့ကြောင့် လတွင် အပူအအေး အလွန်မမျှတလှန်းပေ။ နေ့တွင် အလွန်ထွန်းလင်းသည်၊ ညတွင် သိပ်ပြီးမှောင်မိုက်သည်။

လပေါ်မှာ နေ့တာ ညတာ ကမ္ဘာထက်ရှည်သည်။ လ၏တနေ့တာသည် နာရီပေါင်း ၃၆၀(၁၅ ရက်)ဖြစ်သည်၊ တညတာလည်း ထိုမျှပင်ရှည်သည်။ ထို့ကြောင့် လပေါ်မှာ တနေ့နှင့်တည( ဝါ) တရက်သည် ကမ္ဘာ့နာရီဖြင့် နာရီပေါင်း ၇၂၀၊ ရက်ပေါင်း ၃၀၊ (ဝါ)၁ လတိတိကြာသည်။ လ ၁ရက် ကမ္ဘာ ၁လဟူလို။

လသည် အခြားနေရာတို့၌ ကမ္ဘာထက် ပိုသော်လည်း ဆွဲအား၌မူ ကမ္ဘာ့ဆွဲအား၏ ၆ ပုံ ၁ ပုံ စသာရှိသည်ဟု ဆိုသည်။သဘောက ကမ္ဘာမှာ ၆ ပိဿာလေးသော ပစ္စည်းတခုသည် လပေါ်မှာ ၁ ပိဿာမျှသာ လေးတော့သည်။ ပစ္စည်း၊ ဝတ္ထုတွေ လပေါ် ရောက်လျှင် ပေါ့ကုန်ကြသည်ဟူလို။ ထို့ကြောင့် ကမ္ဘာ့မြေပြင်၌ ၁-ပေအမြင့်သာ ခုန်နိုင်သူသည် လပေါ်တွင် ၆-ပေမြင့်အောင် ခုန်နိုင်စရာရှိသည်။

မြန်မာ့ကျမ်းဂန်များတွင် လပေါ်မှာ လူလိုသတ္တဝါများ ရှိသည်ဟု မဖော်ပြကြချေ။ ယခု အာကာသမှောင်တို့သည် လပေါ်မှာ လူလို သွေးနှင့် သားနှင့်သတ္တဝါများ မရှိဟု ဒိဋ္ဌသိကြပြီ။ ရှေးယခင်ကဆိုလျှင် သိပ္ပံပညာရှင်တို့သည် လပေါ်မှာ သက်ရှိသတ္တဝါများ ရှိလေမလားဟု သံသယပွားခဲ့ကြဘူးသည်။ ထိုအချိန်ထဲက မြန်မာ့စာပေတို့က ဘာသတ္တဝါမျှမရှိဟု ကြိုတင်ဟောကိန်း ထုတ်ထားခဲ့ပြီး ဖြစ်ခဲ့သည်။ လတွင် သမုဒ္ဒရာရှိနိုင်သည်ဟု အချို

သိပ္ပံပညာရှင်တို့ မှန်းဆခဲ့ချက်များလည်း ယခု ပျက်ပြယ်သွားရလေပြီ။

**အကျဉ်းချုပ်။** ။ဤအခန်းတွင် မျက်မှောက်ခေတ်လူသားတို့၏ ခရီးပန်းတိုင်တခုဖြစ်သော လစန္ဒာအကြောင်းကို သီးသန့် ဖော်ပြပါသည်။ လဝန်းကျင်ရှိ ဝေရမ္ဘလေနှင့် နေနှင့် အပြေးပြိုင်ခဲ့သော ဇဝနရွှေဟံသာအကြောင်း၊ လနှင့် နက္ခတ်များအနေအထား၊ လနှင့် နေ့ညကာလအကြောင်းစသည်ကို မြန်မာ့အမြင်၊ သူတို့အမြင်နှစ်မျိုးဖြင့် ဖော်ပြထားပါသည်။

## အခန်း ၉

# အပြီးသတ် အောင်ပွဲခံစို့လား

လောကီရေးသည် သိပ္ပံဖြစ်စေ၊ ဝိဇ္ဇာဖြစ်စေ ကျယ်ပြောလှ၏။ ဘဝသံသရာသည် ရှည်လျား၏။ လိုက်၍ဆုံးဆမထင်နိုင်။ ယခု သံသရာကြောကိုမလိုက်ပဲ ဘဝသံသရာမှ ထွက်မြောက်နိုင်သည့် လမ်းကို ကြည့်ကြပါစို့။

'ဘဝ'ဟူသည် သုခနှင့်ဒုက္ခပေါင်းစပ်၍ တည်ဖြစ်နေသော အဖွဲ့အစည်းတမျိုးသာ ဖြစ်သည်။ လူ့ဘဝနယ်နိမိတ်အတွင်း၌ ဘဝသုခနှင့် ဘဝဒုက္ခတို့သည် အမြဲတမ်းယှဉ်ပြိုင်ပူးသတ် နေကြလေသည်။

လူသားသည် ဘဝသုခကို လွယ်လွယ်နှင့် ရနိုင်သည်မဟုတ်။ ကံ၊ ဉာဏ်၊ ဝီရိယ အရင်းအနှီး အများအပြားစိုက်ထုတ်နိုင်ပါမှ သုခအမြတ်အစွန်းကို အနည်းအပါးရရှိသည်။ ကံ၊ ဉာဏ်၊ ဝီရိယ

အရင်းစိုက်ထုတ်မှုနည်းလေလေဘဝသုခဓေါင်းပါးလေလေဖြစ်၏။

လူရယ်လို့ ဖြစ်လာသူတိုင်းအား သဘာဝတရားက အာမခံ၍ ပေးအပ်လှာသော သုခမှာ ကာမဂုဏ်ချမ်းသာမှုသာ ဖြစ်၏။ ထိုကာမဂုဏ်ချမ်းသာမှာ အများပိုင် ဘုံဆိုင်ဖြစ်နေပြန်သော ကြောင့် ကြောင့်ကြမှုမဲ့ လွတ်လွတ်ကျွတ်ကျွတ် 'စံ' နိုင်ကြသည် မဟုတ်။ ကိုယ့်လိုဘဲ 'စံ'ချင်သူများက လာရောက်လုယူမည့်ဘေး ကို တွေးတောပူပင်လျက် ကာကွယ်စောင့်ရှောက်နေရသည်သာ ဖြစ်၏။ ထို့ကြောင့် ဘဝတခုအတွက် သဘာဝက ပေးသောသုခ မှာ ခိုင်မြဲမှု မရှိချေ။

သို့ရာတွင် ဘဝဒုက္ခမှုကား လူသားက ရအောင်မကြိုးစားရဘဲ လျက် အကြမ်းပတမ်း ဝင်လာတတ်သည်။ ကံ၊ ဉာဏ်၊ ဝီရိယ စွမ်းပကားဖြင့် တွန်းလှန်ခုခံ၍ ဘဝဒုက္ခမှ ရှောင်ကွင်းသော်လည်း မလွတ်သာချေ။ လူရယ်လို့ဖြစ်လာသူတိုင်းအား နာရဘို့၊ သေရဘို့ ပြစ်ဒဏ်ကို သဘာဝစီးမင်းက ခတ်လိုက်ပြီးသား ဖြစ်သည်။ နာရ ပြီ၊ သေရပြီဆိုလျှင် အဘယ်သုခမျှ မကပ်နိုင်၊ မသိနိုင်တော့။ ဘဝ ကို နောက်ဆုံးဒုက္ခကသာ အောင်ပွဲခံသွားမြဲ ဖြစ်သည်။

ဆိုခဲ့ပါ တကယ့်သဘာဝအမှန်ကို စိစိကြည့်ရသူတိုင်းက တဒင်္ဂ ဘဝသုခအညံ့စားကို မမက်မောကြ။ ဘဝ၏ တကယ့်ရန်စစ်သည် ဖြစ်သော နာရခြင်း၊ သေရခြင်းဒုက္ခကိုသာ မဲ၍တိုက်ချင်ကြသည်။ ဘဝကို အလဲထိုးပြီး အမြဲတမ်း အနိုင်ယူနေရက်သော ဤနာခြင်း၊ သေခြင်းဒုက္ခအပေါ်၌ အောင်ပွဲခံလိုကြသည်။

ဘဝဒုက္ခကို စာရင်းရှင်းပစ်နိုင်ဘို့က တနည်းထဲသာရှိသည်။ ထိုနည်းကား အခြားမဟုတ်၊ မြတ်ဗုဒ္ဓ တီထွင်အသုံးပြုသွားပြီး

ဖြစ်သော နိဗ္ဗာန်ရအောင် လုပ်ယူနည်းပင် ဖြစ်သည်။ နိဗ္ဗာန်ရပြီဆိုလျှင် ဘဝဒုက္ခကို နိုင်ပြီ။ နိဗ္ဗာန်ကို ဘယ်ဘဝဒုက္ခမှ စစ်မခင်းနိုင်တော့။ နိဗ္ဗာန်ရအောင် လုပ်နည်းအပြင် ဘဝဒုက္ခကိုနိုင်သည့်နည်း အဘယ်မှာမှ မရှိချေ။

ထို့ကြောင့် မိမိ၏ဘဝပြဿနာကို စိတ်ဝင်စားသူတိုင်း နိဗ္ဗာန်ခေတ်မြတ်အကြောင်း ဖတ်ရှုရမည်၊ လေ့လာရမည်။ မိမိကို မကြာခင် လာ၍တိုက်တော့မည့် နာခြင်း၊ သေခြင်း ဒုက္ခသောင်းကျန်းသူများကို နိဗ္ဗာန်ရအောင် လုပ်နည်းပရိယာယ်ဖြင့် ခုခံကာကွယ်ရမည် ဖြစ်သည်။ အရေးကြုံက သက်လုံကောင်းနိုင်စေရန် ခုနေကကြိုကြိုတင်တင် လေ့ကျင့်ထားအပ်သည်။ သို့မဟုတ်က အသင်တနေ့ အငိုက်မိခံရမည် မချွတ်တည်း။

## ထာဝရ ငြိမ်းချမ်းရေးပန်းတိုင်သို့

နိဗ္ဗာန်နှင့်ပတ်သက်၍ သဘာဝမှန်ကို ခံယူပုံ ခံယူနည်း နှစ်မျိုးနှစ်စားရှိ၏။

၎င်းတို့မှာ–

၁။ ပစ္စက္ခသိဒ္ဓိ – ကိုယ်တွေ့ဉာဏ်မြင် သိရှိရခြင်း၊

၂။ အနုမာနသိဒ္ဓိ – ယုတ္တိနိုင်းချိန်၍ မှန်းဆသိရခြင်း၊

ဖြစ်ပေသည်။

## ပစ္စက္ခသိ

အဆူဆူသော ဘုရားရှင်တို့သည် နိဗ္ဗာန်ကို အမြတ်ဆုံး၊ အသာဆုံး၊ အကောင်းဆုံး သဘာဝဟူ၍ ဟောတော်မူကြကုန်

သည်။ထိုအမြတ်ဆုံးဖြစ်သော နိဗ္ဗာန်ချမ်းသာကို လူသားကိုယ်တိုင် ကိုယ်တွေ့ဉာဏ်မြင် ရရှိနိုင်စိမ့်သောငှာ ကိုယ်တော်တိုင် အောင်မြင်စွာ အသုံးချခဲ့ပြီးဖြစ်သော နိသျှည်းကောင်း နည်းကောင်းတို့ကိုလည်း ဟောပြတော်မူခဲ့ကြကုန်၏။

မြတ်စွာဘုရား ပေးအပ်သော နည်းမှန် လမ်းမှန် အတိုင်း တကယ်တန်း လက်တွေ့ကျင့်သုံးကြသဖြင့် နိဗ္ဗာန်ချမ်းသာကို လက်ကိုင်ရရှိကြရသူများ စာရင်းကိုလည်း သင်္ချာပါရဂူတို့ ရေတွက်မှတ်သား၍ ကုန်နိုင်စရာမရှိပြီ။

နိဗ္ဗာနသုခကို ကိုယ်တွေ့မူချ ရရှိခံစားနိုင်ကြစေရန် နိဗ္ဗာန်ရနည်း နိသျှည်းအနေဖြင့် ဝိပဿနာကမ္မဋ္ဌာန်း အလုပ်စခန်းကို သမ္ဗုဒ္ဓဘုရား ချထားပေးအပ်ခဲ့၏။ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါး၊ ဝိသုဒ္ဓိကျင့်စဉ် ခုနစ်ပါး စသည်ကို ထုတ်ဖော်ပေးခဲ့၏။

ဗောဓိပက္ခိယတရားတွင် ပါဝင်သော သတိပဋ္ဌာန်လမ်းစဉ်သည် နိဗ္ဗာန်လမ်းမဟာဖြစ်၏။ စနစ်ကျနသည်။ လောကုတ္တရာသိပ္ပံနည်းပင်ဖြစ်၏။ ထိုနည်းအတိုင်း အတိအကျ လိုက်နာကျင့်သုံးလျှင် ပါရမီရင့်ကျက်နေသူအဖို့ တဘဝအတွင်းမှာပင် နိဗ္ဗာန်ကို ရရှိနိုင်ပေသည်။

သတိပဋ္ဌာန်ကျင့်စဉ်အကျယ်သည် ပိဋကတ်တော်၌ မူရင်းကျကျ ရှိနေပြီ။ အကျဉ်းချုပ်သိရန်မှာ သရုပ်သဘောအားဖြင့် ရုပ်နာမ် မမှ သမူဟကျနေသော ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာတွင် မဟာဘုတ်ရုပ်သဘာဝ၏ 'အနိစ္စလက္ခဏာ' (အတည်မမြဲမှုအမှတ်အသား)ကို ထိုးထွင်း သိမြင်လာအောင် အထပ်ထပ် အခါခါ ရှုမှတ်ခြင်း (အနုပဿနာ)အလုပ်ကို လုပ်ရလေသည်။

သို့လုပ်ရာ၌ ဘုရားဟောသော သတိပဋ္ဌာန်နည်းကျကျ လုပ်ရသည်။ သို့မှ လမ်းမှန်ပေါ်ရောက်ပြီး နိဗ္ဗာန်ကို သိမြင်နိုင်သော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မိမိသန္တာန်မှာ ပေါ်လာမည်ဖြစ်၏။ရင်းမြစ်တဏှာနှင့်တကွ ကိလေသာဟူသမျှ ကွာကျပြီး သန္တိသုခခေတ်သို့ ဆိုက်ရောက်မည်ဖြစ်လေသည်။

စိတ်ကူးယဉ်မှု၊ ဝေဖန်မှု၊ လေ့လာမှုလောက်ဖြင့် နိဗ္ဗာန်ကို မရနိုင်ကြောင်း သံသယကင်းစွာ နားလည်ရမည်။နိဗ္ဗာန်လုပ်ငန်းနှင့် ပတ်သက်၍ မိမိတကယ်တန်း အားမထုတ်နိုင်ပါက တုံကျိဘာဝေ ဆိတ်ဆိတ်နေလျှင် ပို၍ကောင်းလိမ့်မည်ဟု ဝိပဿနာကို ကိုယ်တွေ့ လုပ်၍'မြည်း' စမ်းကြည့်ဘူးသော ဒေါက်တာအယ်တီဇဘတ်ကေ နေ့ဝ်တင်ဟန်က ရေးသားထားပေသည်။

သတိပဋ္ဌာန် ကျင့်စဉ်ကို ကိုယ်တိုင်ကိုယ်ကျ အားထုတ်ပြီး နိရောဓသစ္စာ ဆိုက်ရောက်သွားသူများ၏ နိဗ္ဗာန်ကို သိရှိခံယူရမှုသည် ပစ္စက္ခသိဒ္ဓိအသိမျိုး ဖြစ်ပါသည်။ဤသို့သိရှိပြီးလျှင် အပါယ် လေးပါးမှကျွတ်လွတ်ပြီး အကြာဆုံး ခုနစ်ဘဝတွင်းမှာ အို-နာ-သေမှု တို့ဖြင့် တည်ဆောက်ထားသော ဘဝဒုက္ခမီးကြီး အပြီး အပြတ် ငြိမ်းအေးရပေတော့မည်။

## သတိပြုစရာ

လေးနက်သောဘဝပြဿနာဆိုင်ရာတွင် ဗုဒ္ဓဘာသာ သာသနာတော်၏ ထူးခြားသော အချက်တရပ်ကို သတိပြုရန် လိုအပ်လှပေသည်။

ဗုဒ္ဓတရားတော်သည် ကာမဘောဂီ လောကီလူသားတို့အဖို့ အဆင့်မြင့်သော တရားအရသာများကိုရင်း၊ ဘုံနန်းရိပ်သာ အသွင် အပြင်များကိုရင်း ဖော်ပြ၏။ သို့သော် ဤသို့ ဖော်ပြထားရုံမျှဖြင့် နိဂုံးချုပ်ထားသည် မဟုတ်ပေ။ ထိုဓမ္မရသတို့ကို လူသားတို့ ကိုယ်တိုင်ကိုယ်ကျ ရရှိခံစားနိုင်ရန် ကျင့်စဉ်လုပ်ငန်းတို့ကိုပါ တပေါ် တည်းပေးအပ်ထားပေသည်။ နတ်စခန်းနှင့် ဗြဟ္မာနန်းတို့ကို သိမြင် နိုင်သော ဒိဗ္ဗစက္ခု စသော အသိဉာဏ်အမြင်သစ် တပ်ဆင်နိုင်စရာ နည်းနာ အဖြာဖြာကိုလည်း သင်ပြထားပေသည်။ ထိုလမ်းစဉ် တို့သည် ပိဋကတ်တော်၌ အတိအကျရှိနေ၏။

ယနေ့ လက်ငင်းကျင့်သုံး၍ တရားအရသာကို ခံစားနေကြသူ များလည်း အမြောက်အမြားရှိနေပေသည်။

သူတပါးအား မိမိတင်ပြချက်ကို ယုံကြည်လက်ခံအောင် ယုတ္တိ ပြသနိုင်မှုမျိုးဖြင့်သာ လမ်းဆုံးနေပါက မြတ်ဗုဒ္ဓအား သုံးလောက တွင် 'အတုလံ အတုမရှိ'ဟု ချီးကျူးစရာမလိုပေ။ လူတယောက် သည် ရွှေတိုက်ကြီး၏ သာယာခမ်းနားပုံကို ပြောပြပြီး မိမိ၏ပြော ပြချက် မှန်ကန်ကြောင်း လူသားကိုယ်တိုင် သိရှိပြီး၊ လူကိုယ်တိုင် ရွှေတိုက်စိုးကြီးဖြစ်လာရအောင် နည်းကောင်းလမ်းမှန်ကို ပြသပေး အပ်နိုင်ခြင်းမရှိပါက သူပြောသော ရွှေတိုက်ကြီးသည် သူ၏ စိတ်ကူးယဉ်အဆင့်အတန်းထက် မြင့်မားခြင်းမရှိရာပေ။ ဂေါတမ ဗုဒ္ဓကား ယုတ္တိရော လက်တွေ့လမ်းစဉ် မှုမှန်ကိုပါ ကျွန်ုပ်တို့အား ပေးအပ်ထား၏။ ထို့ကြောင့် လက်တွေ့လမ်းစဉ်ကို မလုပ်ဘဲ ဝေဖန်နေမည်ဆိုပါလျှင် ပုထုဇဉ်တို့၏ အမှားသာ ဖြစ်ပေသည်။

ကျောချမ်းစရာ

ဗြဟ္မာဇာလသုတ်တွင် ဖော်ပြသော ၆၂-ပါးသော မိစ္ဆာ အယူအဆတို့အနက် အချို့သော အယူအဆတို့မှာ စဉ်းစားဉာဏ် ရှိသူများအဖို့ ကျောချမ်းစရာဖြစ်၏။

ဆိုကြ၏။ လူသေလျှင် ဗြဟ္မာစသော အနန္တတန်ခိုးတော်ရှင်၏ အမအစကို ခံရသတတ်။ ထိုအချက်ကို မသေခင်ကလည်း လက်တွေ့ ပိုင်ပိုင် မသိရနိုင်ပေ။ သေသောအခါတွင် အမအစ မခံရလျှင်လည်း တဖန်ပြန်လာ၍ ထိုအယူအဆ လွဲမှားကြောင်း မပြောမပြနိုင် တော့ချေ။

ဆိုကြသေး၏။ လူသေလျှင် ဘဝပြတ်၏၊ နောင်ဘဝ မရှိ သတတ်။ နောင်ဘဝမရှိပုံကို စိတ်ကူးယဉ် ယုတ္တိမှန်ဘီလူးဖြင့် ပုံကြီးချဲ့ပြနိုင်ရုံမှတပါး လူသားကိုယ်တိုင် လက်ငင်းဒိဋ္ဌ သိမြင်နိုင် ရန် နည်းလမ်းကိုမူ နောင်ဘဝမရှိဝါဒီ စိတ်ကူးယဉ်သမားတော် ကြီးများက ကျွန်ုပ်တို့အား ပေးအပ်နိုင်ခြင်းမရှိချေ။ အကြောင်း ကား သူတို့ကိုယ်နှိုက်က နောင်ဘဝမရှိခြင်းကို မျက်မြင်ဒိဋ္ဌ ဉာဏ် အလင်းရကြသည် မဟုတ်ကြရှာသောကြောင့်တည်း။

ထို့ကြောင့် နောင်ဘဝမရှိဆိုသော မခိုင်မြဲသည့် အယူအဆကို နားယောင်နေကြပြီး သုစရိုက်ကိုလက်စွဲမပြုပဲ ဒုစရိုက်မိုက်ခဲဖြစ်နေ ကြသူများအဖို့ နောင်ဘဝ တကယ်ရှိနေဘိမူ ရင်လေးစရာကောင်း လှ၏။ သေပြီးမှ နောင်ဘဝမရှိဟူသောဝါဒကို ထူထောင်ခဲ့သူ

များအား လာရောက်ရန်တွေ့ရန် မဖြစ်နိုင်တော့ပေ။ ကိုယ့်မိုက်ပြစ်ကို ကိုယ်ပင် ကုန်း၍ခံရချေမည်။

## ဗုဒ္ဓတရား၏ တွက်သားကိုက်ပုံ

ဤနေရာတွင် ဗုဒ္ဓတရားတော်အရ ဒုစရိုက်၏မိုက်ပြစ်ရှိသည်ဟု ယူဆ၍ သုစရိုက်ဖြင့် ပျော်မွေ့နေသော လူသားသည် အောက်ဖော်ပြပါ 'သက်သာချက်ကြီး လေးမျိုး'ကို ရရှိလေသည်။

၁။ နောင်ဘဝမရှိလျှင် ဒုစရိုက် ရှောင်ခဲ့သည့်အတွက် ပိုပြီး မရှုံးခြင်း၊

၂။ နောင်ဘဝရှိလျှင် ဒုစရိုက်ကိုမုန်းပြီး သုစရိုက်နှင့် ပြီးလာသူမှာ ဘဝဆိုးမှ ကင်းလွတ်၍ ဘဝမှန်ကို ဆက်လက်ရရှိနိုင်သောကြောင့် အမြတ်ထွက်ခြင်း၊

၃။ ဒုစရိုက်လုပ်သော်လည်း ဘာဆိုးပြစ်မှ မရှိရိုးမှန်လျှင် ဒုစရိုက်ကို မလုပ်ခြင်းအတွက် မကောင်းကျိုး ထွက်စရာ လုံးဝမရှိခြင်း၊

၄။ ဒုစရိုက်အတွက် အပြစ်ရှိခဲ့သော် ဒုစရိုက်ကို မလုပ်ခဲ့သူ၌ နှစ်မျိုးလုံးမှ ငြိမ်းချမ်းရခြင်း (အင်္ဂုတ္တိုရ်ပါဠိတော်)။

(ဒါန၊ သီလ စသော သုစရိုက်မှုမျိုးကို ပြုလုပ်ရာ၌လည်း ဤနည်းကိုမှီ၍ စဉ်းစားပါ။)

ဗုဒ္ဓသာသနာတော်တွင် စိတ်ကူးယဉ်အတွေးအခေါ်ကို နေရာပေးထားချက် မရှိ။ ယုတ္တိပြသမှုဖြင့်သာ လမ်းဆုံးနေသည်လည်း

မဟုတ်။ တန်ခိုးတော်ဖြင့် လူသားအား ကျိတ်မှိတ်ယုံကြည်စေမှု အပေါ်တွင်လည်း အခြေစိုက်သည် မဟုတ်ပေ။

(သီလက္ခန်အဋ္ဌကထာ)

ယုတ္တိပြသ နားလည်စေမှု၊ သက်ဝင်ယုံကြည်စေမှုတို့၏အပေါ်တွင် မူမှန်လက်တွေ့ကျင့်စဉ် (သတိပဋ္ဌာန် စသည်)ဖြင့် သရဖူဆောင်းပေးထားပေသည်။ မြတ်ဗုဒ္ဓဟောပြချက် (ဝါ) တရားတော်၏ မှန်ကန်မှုနှင့် အရသာမွန်ကို လူသားကိုယ်တိုင် လက်ငင်းသိရှိခံစားနိုင်စေရန် လမ်းစဉ်မှန်ကိုပါ ပြသနိုင်ခြင်းသည် ဗုဒ္ဓဘာရေး၏ ထူးခြားချက်ကြီး ဖြစ်၏။

ထို့ကြောင့်ပင် မြတ်ဗုဒ္ဓတရားတော်သည် စ,လယ်,ဆုံး သုံးရပ်လုံး ကောင်းသည်။ ကိုယ်တိုင် ဒိဋ္ဌမြင်နိုင်သည်။ သေသည်အထိ စောင့်ရန် မလို။ တဘဝအတွင်းမှာပင် လက်ငင်းအကျိုးထူးရ၏။ ထို့ကြောင့် တရားတော်စည်းဝိုင်းထဲ မဝင်ရဲဘဲ ဝေဖန်နေ၍ အရာမရောက်။ ကိုယ်တိုင် လာပြီးကြည့်ပါလှည့်, ရှုပါလှည့်ဟု မမွလက်ပန်းပေါက်ခတ်ကာ ကမ္ဘာကြီးကိုဖိတ်ခေါ်ထားနိုင်ခြင်း ဖြစ်ပါပေသည်။

### အနုမာန သိ

အမြိုက်ခေတ်နှင့်ပတ်သက်၍ ပစ္စက္ခသိအကြောင်းကို ဆွေးနွေးခဲ့ပြီ။ ယခုအခါ အနုမာနသိဒွိ အသိ နှိုင်းရှိ၊ ဝေဖန်၊ အမြင်မှန်ရရေးနှင့် စပ်လျဉ်း၍ ဘုရားရှင်သိစေတော်မူခဲ့သည့်အတိုင်း တင်ပြပါဦးမည်။ အချို့လူသားသည် အနုမာနအသိအားဖြင့် နိဗ္ဗာန်

သဘာဝကို ဦးစွာသဘောကျ အရေးလည်ပြီးမှ ပစ္စက္ခသိဒ္ဓိ လက်ရှိ ဖြစ်ရန် အားထုတ်ရပေမည်။

## ရည်ရွယ်ချက် မှန်ရေး

နိဗ္ဗာန်ရောခသဘောကို မျက်မှောက်ပြုလိုရာ၌ ဇိမ်၊ အမြိန်ကို ရယူ သိမ်းပိုက်ရန် ရည်ရွယ်ချက်သည် ပျော့ညံ့၍ လူစဉ်မှီခြင်း မရှိချေ။

အမှန်ဖြစ်သင့်သည်ကား လက်ရှိဘဝ ခန္ဓာတွင် ဘယ်သူမှ မငြင်းသာ၊ မကွယ်သာသော အို့ဘေးဆိုးကြီး၊ နာ့ဘေးဆိုးကြီး၊ သေ့ဘေးဆိုးကြီးနှင့်တကွ မနည်းလှသော ဘဝဒုက္ခ ဟူသမျှကို ရွံရှာမုန်းတီး ငြီးငွေ့လှသဖြင့် ဤသို့သော အတိဒုက္ခများမှ ကင်း လွတ်ရာ ကင်းလွတ်ကြောင်း ရှာကြံလိုခြင်း ဆန္ဒမှန်ကို ရှေ့တန်း တင်ခြင်းသည်သာလျှင် မူမှန်၍ အောင်မြင်ခြင်း လမ်းကြောင်းကို ကောင်းကောင်းကြီး မမှိတ်မသုန် ချီတက်နိုင်ရာပေသည်။

## သုခ နှစ်မျိုး

နိဗ္ဗာန်၏သဘာဝကို အနုမာနအားဖြင့် လေ့လာရာ၌ –

၁။ ဝေဒယိတ သုခ – ခံစား ချမ်းသာ၊

၂။ သန္တိ သုခ – တည်ရှိ ချမ်းသာ။

ဤချမ်းသာနှစ်မျိုးကို ကွဲကွဲပြားပြား နားလည်ရန် လိုအပ်၏။

## ခံစားချမ်းသာနှင့် ဘုံဆိုင်ကာမ

ခံစားချမ်းသာဟူသည် လက်ဖက်စားရခြင်းမျိုး၊ သရက်ချိုကို သုံးဆောင်ရခြင်းမျိုး၊ ဝက်သားဟင်းကို လွေးရခြင်းမျိုး၊ မေထုန်မှီဝဲရခြင်းမျိုးဖြစ်၏။ တကယ့်ကို ခံစား စံစားရ၏။ လက်ရှိကိုယ်ကာယဖြင့် ရယူနိုင်၏။ သိမ်းပိုက်နိုင်၏။

သို့သော်ငြားလည်း ထိုခံစားချမ်းသာ၏နောက်တွင် ကပ်မှီ၍ ဆင်းရဲဒုက္ခသည် အုပ်ဖွဲ့၍ လိုက်ပါနေမြဲဖြစ်၏။ စဉ်းစားလော.... ဇိမ်,အမြိန်များကို ရရှိအောင် ဒုက္ခများစွာဖြင့် ရင်းနှီးယူရ၏။ ရရှိပြန်ပါလည်း မူပိုင်ဖြစ်နိုင်ရေးအတွက် ဒုက္ခများစွာခံပြီး ကာကွယ်ထားရ၏။ ယင်းဇိမ်အမြိန်ကို လွေးပြီးနောက်လည်း ကိုယ်နှင့်စိတ် နေမြဲပြန်ကျအောင် မနဲလုပ်ယူရ၏။

ထို ခံစားချမ်းသာ၏ တည်ရာ(သက်ရှိသက်မဲ့)ဒြပ်ဝတ္ထု (လင်၊ မယား၊ ရွှေငွေ စသည်)အား ဂရုတစိုက်ပြုစုရခြင်း၊ လုပ်ကျွေးစောင့်ရှောက်ရခြင်း၊ အနှံ့အတာ ဇွဲမျိုးခံရခြင်း၊ သူတပါးတို့၏ လုယူမှုဘေးမှ အသက်နှင့်လဲ၍ ကာကွယ်ရခြင်း စသည်ဖြင့် ဒုက္ခခွန်အားတွေကို အများကြီး စိုက်ထုတ်ရ၏။

အကြောင်းကား ခံစားချမ်းသာ၏တည်ရာ 'ကာမဝတ္ထု' ဟူသည်မှာ ဘုံဆိုင်ပစ္စည်းဖြစ်နေရကား ကိုယ်လိုပင် သူတပါးကလည်း ခံစား စံစားချင်ကြမည် ဖြစ်သောကြောင့်တည်း။

သို့ကြောင့် မြတ်ဗုဒ္ဓက "သုခဿ နန္တရံ ဒုက္ခံ"ဟူ၍ ဟောခဲ့လေပြီ။ ခံစားချမ်းသာ၏အခြားမဲ့၌ ဒုက္ခဆင်းရဲ အမြဲပါနေသည်

ဟူလို။ လက်တွေ့ သဘာဝများနှင့် မည်မျှ အံကိုက်နေသည်ကို ဆင်ခြင်သုံးသပ်လော။

## ခံစားမိလျှင် ငိုရသည်

ခံစားချမ်းသာဟူရာ၌ ခံစားတော့ တဏှာဖြစ်ပေါ်လာသည်၊ တွယ်တာစွဲမက်လာသည်၊ မခွဲနိုင် မခွာရက်ဖြစ်လာသည်။ ထိုအခါတွင် ထိုချမ်းသာနှင့်ပတ်သက်၍ ကောင်းတာရော၊ မကောင်းတာကိုပါ ပြုလုပ်လာသည်။ လုပ်ခအနေဖြင့် ဘဝတွေကို ရရှိလာသည်။

ဘဝ ဖြစ်ပေါ်လာသည်နှင့်တပြိုင်နက် အိုရခြင်း၊ နာရခြင်း၊ မချိမဆန့် သေရခြင်းတို့သည် မပင့်ဖိတ်ဘဲ ကြွရောက်လာကြတော့၏။ သတ်ဖြတ်သေဆုံးမှု မဖြစ်သေးမီ ခံစားချမ်းသာများဖြင့် တလုံးလုံးလည်နေသည့် ကြားကာလမှာလည်း ချစ်သူနှင့်ကွဲ၍ ငိုပွဲဆင်ရမှု၊ မုန်းသူနှင့်တွဲရ၍ ရင်ထဲဗလောင်ဆူ ဒေါသမူထန်ရမှု၊ လိုတာမရ၍ အပူကြွရမှု စသည်တို့ကိုလည်း မည်သည့်နည်းနှင့်မျှ ရှောင်ကွင်းခွာချ၍ မရနိုင်ချေ။

ထိုအဖြစ်ဆိုးတို့၏ လက်သည်ကား 'ခံစားခြင်း'ပင် ဖြစ်၏။ မှန်၏။ ခံစားမှုကြောင့် စွဲလမ်းမှုသအော၊ ဖန်တီးလုပ်ဆောင်ရမှု သဘောတို့ အရှိ အရှိ ပေါ်ပေါက်လာကြလေသည်။

ထို့ကြောင့် သဘောတရားရေးတွင် အရေလည် အပါးဝလာသူသည် 'ခံစားချမ်းသာ'၏ အဖြစ်ကို မြင်လာသည်။ ခံစားချမ်းသာသည် လူသားတို့အား နှစ်နေသည်၊ သံသရာရေယဉ်ကြောမှာ ရေရှည်မျောအောင် ဖန်တီးနေသည်ဟု ယထာဘူတကျကျ

ခံယူလာသည်။ ခံစားချမ်းသာမှာ မက်စရာမဟုတ်၊ အထင်ကြီးစရာမဟုတ်၊ လိုက်စားစရာမဟုတ်ဟု သိလာသည်။ တောင့်တမှု၊ ကြောင့်ကြမှု ဒုက္ခစု၏ စနက်တံသာဖြစ်ကြောင်း နားလည်လာလေသည်။

## တည်ရှိချမ်းသာ ဟူသည်

တဖန် တည်ရှိချမ်းသာ(သန္တိသုခ)ဘက်သို့ လှည့်လည်၍ ကြည့်ကြပါဦးစို့။ ၎င်းသည် ခံစားချမ်းသာ၏ ဆန့်ကျင်ဘက်ဖြစ်၏။ ခံစားခြင်းကင်းသော ချမ်းသာစစ် သုခမှန်ဖြစ်၏။

လောကဥပမာအားဖြင့် တွေးဆကြည့်လျှင် အချုပ်ခန်းထောင်တန်းမှ လွတ်မြောက်၍ ရရှိသောချမ်းသာမျိုး၊ မြွေဆိပ် ကင်းဆိပ်ကျ၍ ပေါ်လာသော သုခမျိုး၊ အနာ့ပဆုပ်, ဆင်ကိုလည်ဖြတ်, ကာလဝမ်း, ကျောက်ရောဂါ, တီဘီ, ကုဋ္ဌနာ စသော ရောဂါဘယတို့မှ ကင်းပျောက်၍ ငြိမ်းချမ်းမှုမျိုးနှင့် ယှဉ်ထိုးစာနာ၍ ခံစားမှုမရှိသော(ဝါ)လိုချင်တောင့်တမှု၊ ကြောင့်ကြမှု ဆိတ်သုဉ်း ငြိမ်းအေးသော တည်ရှိချမ်းသာအကြောင်းကို ရိပ်စားမိနိုင်သည်။

အချုပ်ကျနေရရှာသူသည် အစားဆင်းရဲ၊ အအိပ်အနေဆင်းရဲ၊ စိတ်ဆင်းရဲတို့ဖြင့် ဒုက္ခကြီးစွာရောက်နေရသည်။ အချုပ်မှ လွတ်လာသောအခါ ဝဝ လင်လင်၊ မျှမျှ တတ၊ လွတ်လွတ် လပ်လပ်စားသောက်နေထိုင်ရ၍ စိတ်ချမ်းသာလာသည်။ အချုပ်သားဘဝက ဖြစ်ခဲ့ရသမျှ ဆင်းရဲဒုက္ခတို့သည် အချုပ်ပြင်ပ ရောက်သောအခါ ကင်းပျောက်ကြတော့၏။

ထိုနည်းတူ ကျောက်ပေါက်ခံရသူတဦးမှာ ပူလှချည့်၊ လောင်လှချည့်ဟု အော်ညည်းထွန့်ထွန့်လူး၍ နေရရှာသည်။ မစားနိုင်ရှာ၊ မအိပ်နိုင်ရှာ၊ မသွားနိုင်ရှာ၊ ကျောက်ဖုတွေ ထွက်လာလျက် နာကျင်ကိုက်ခဲသမျှ ခံနေရရှာသည်။ ကျောက်ရောဂါ ပျောက်ပဟေ့ဆိုလျှင် ထိုပူလောင်မှု၊ နာကျင်ကိုက်ခဲမှု ဒုက္ခတွေ လုံးဝမရှိတော့။ စားနိုင် သွားနိုင်သည်။ ရယ်နိုင် ပြုံးနိုင်သည်။

ထိုသို့ အချုပ်ခန်းနှင့် ရောဂါဘယ စသည်မှ လွတ်မြောက်၍ ရရှိသော ချမ်းသာသုခမျိုး၌ ဘာကိုမျှ အတုံးလိုက် အတစ်လိုက် ခံစားရသည်မရှိပေ။ လေ့ရ၊ မေးရသောအရာလည်း မရှိချေ။

သို့သော် ထိုကဲ့သို့ ထောင်တန်း၊ ရောဂါဘယ စသည်တို့မှ လွတ်မြောက်ပျောက်ကင်းရမှုသည် ဆင်းရဲလား၊ ချမ်းသာလားဟု မေးပါလျှင် လူတိုင်းက ‘ချမ်းသာမှု ဖြစ်ပါသည်’ဟု ဝန်ခံဖြေဆိုရမည်။ ဤချမ်းသာမျိုးသည် အရှိလား၊ မရှိလားဟု စိစစ်ပါကလည်း အမှန်ပင်ရှိကြောင်း နားလည်နိုင်၏။မရှိပါလျှင် အဘယ်သို့ ချမ်းသာခြင်းဖြစ်ရာအံ့နည်း။ ရှိ၍သာ ချမ်းသာရရှိမှု ပေါ်ထင်လာခြင်းဖြစ်၏။

သို့တစေလည်း ဤသို့သော တည်ရှိချမ်းသာကို လက်ရှိမျက်စိဖြင့် ကြည့်ရှု၍မမြင်ပေ။ မမြင်နိုင်သော်လည်း သတ္တဝါလူသားကိုယ်တိုင်ကိုယ်ကျ တွေ့သိစံစားရသည်မှာမူ ငြင်း၍မရနိုင်သော အချက်ပင်ဖြစ်၏။

ဤအဓိပ္ပာယ်အရ ဒုက္ခဆင်းရဲဟူသမျှမှ ကင်းရှင်းလွတ်မြောက်သည့်အတွက် ပေါ်ပေါက်ရရှိအပ်သော ချမ်းသာသည် တည်ရှိ

ချမ်းသာ(သန္တိသုခ)ဝါ-မဟာဒုက္ခ ကင်းခြင်းဟူသော မဟာသုခ ချမ်းသာစစ်တည်းဟု နားလည်နိုင်၏။

ဒုက္ခနည်းနည်းမှလွတ်မြောက်လျှင် တည်ရှိချမ်းသာ နည်းနည်း ရသည်။ ဒုက္ခများများမှ ကင်းစဲလျှင် မနည်းလှသော တည်ရှိချမ်း သာကို ခံစားရသည်။ ဒုက္ခအားလုံးမှ ကျွတ်လွတ်သွားလျှင် ပြည့်ဝ စုံလင်သော တည်ရှိချမ်းသာကို သိမ်းပိုက်ရ၏။

## ချမ်းသာနှစ်မျိုး နှိုင်းယှဉ်ချက်

တည်ရှိချမ်းသာနှင့် ဆင်းရဲမကင်းသည့် ခံစားချမ်းသာကား ပဋိပက္ခသဘာဝများ ဖြစ်ကြသည်။ အတက် အဆုတ် သဘောရှိ သည်။ တခုတက်လျှင် တခုဆုတ်သည်။ တည်ရှိချမ်းသာ များ လေလေ ဒုက္ခနည်းလေလေ။ ဆင်းရဲဒုက္ခ ထူပြောလေလေ တည်ရှိ ချမ်းသာ ခေါင်းပါးလေလေရှိသည်။

ခံစားချမ်းသာနှင့်ဆင်းရဲဒုက္ခမှာမူကား တကျိတ်ထဲ၊တဥာဏ်ထဲ၊ တဖွဲ့သားထဲဖြစ်ကြသည်။ ရေမှုတ်နှင့် မီးစသဖွယ်လည်း ဖြစ်၏။ ရေနှင့်ဖျန်းလိုက် မီးတိုက်လိုက်၊ ရေနှင့်ဖျန်းလိုက် မီးတိုက်လိုက် ပြုဘိသကဲ့သို့တည်း။

ထိုလောကဓာတ် လက်ကြီး နှစ်ချောင်းဖြင့် လူသားအား မှုံလေပွေ့ကင်သကဲ့သို့ ကိုင်တွယ်ချော်လှယ် နေသည်။ ခံစားချမ်း သာဘက် လှန်လိုက်၊ ဆင်းရဲဒုက္ခဘက် လှန်လိုက် ပြုနေ၏။ ခံစား ချမ်းသာဘက် ရောက်သောအခါ တဏှာလောဘ ကိလေသာမီး ကြီးက မြှိုက်လိုက်၏။ ဆင်းရဲဒုက္ခဘက် ရောက်သောအခါ စိတ်

ညစ်ညူးခြင်းဟူသော ဒေါမနဿ ကိလေသာမီးကြီးက ဖျတ်ဖျတ် လူးအောင် လောင်လိုက်၏။ဤနည်းဖြင့် ပုထုဇနလူထိုမျှတို့သံသရာ ခရီးပြင်း နှင်နေကြရလေသည်။

ထို့ကြောင့် အမြင်ကျယ်သည့်လူသားများသည် ဒုက္ခဆင်းရဲ၏ တွဲဘက် ကြင်ယာတော်ကြီးဖြစ်သော ခံစားချမ်းသာကို အော့ နှလုံးနာစရာအဖြစ် သိမြင်ပြီး ဒုက္ခနှောင်ကြိုးကင်းသည့် တည်ရှိ ချမ်းသာကိုသာ (သန္တိသုခ အမတနိဗ္ဗာန်)ကိုသာ တန်ဖိုးထား၍ လိုလားကြလေသည်။

## ဒုက္ခ အစစ်အမှန်

တည်ရှိချမ်းသာ(ဝါ) သုခစစ် (သန္တိသုခ)သဘာဝကို အနု မာနအားဖြင့် အလေးအနက် ခံယူနိုင်ရန် ဒုက္ခစစ်ကို နက်ရှိုင်းစွာ နားလည်ရပေမည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အလင်း နှင့်အမှောင်ကဲ့သို့ တခုထွက်ခွာလျှင် တခု ဝင်ရောက် နေရာယူလေ့ ရှိသော ပဋိပက္ခဓာတ်များ ဖြစ်သောကြောင့်ပေတည်း။

ပါးနပ်လိမ္မာသော ရတနာကုန်သည်သည် စိန်ကို ကတ္တီပါ အနက်စပေါ်တွင် တင်၍ပြသည်။ နီလာနှင့်မြကို ဝါဂွမ်းဆွတ်ဆွတ် ဖြူပေါ်တွင် ထား၍ ဗန်းပြသည်။ ဆန့်ကျင်ဘက်အားဖြင့် နှိုင်း ယှဉ်တွဲစပ်၍ ဖော်ပြကာ နားလည်စေခြင်းသည် ထိရောက်၍ သဘောပေါက်လွယ်ပေသည်။

ဤနေရာတွင် ဖီလိုဆိုဖီမှ ဒိုင်ယာလက်တစ် နည်းစနစ်စသည်ကို သတိရရန် မလိုပေ။ ဒိုင်ယာလက်တစ်နည်းနှင့် ဤတွင် ဖော်ပြချက်သည် စနစ်နှင့်ရည်ရွယ်ချက်ခြင်း ကွဲပြား၍ ဖြစ်သည်။

ဒုက္ခစစ်သဘောကို ရှာဖွေလေ့လာရာတွင် ကျွန်ုပ်တို့ စိတ်ကူးကြံဆကြည့်ရှုခြင်းထက် သိပ္ပံနည်းအကျဆုံးဖြင့် ဘဝများစွာ၊ နှစ်ပရိစ္ဆေဒများစွာ အင်တိုက်အားတိုက် ရှာဖွေလေ့လာကျင့်ကြံချက်များကြောင့် ဒုက္ခစစ်ကို ထိုးထွင်းသိမြင်ပြီး (ပဋိဝိဇ္ဈန) ဉာဏ်အလင်းဖြင့် မြင်ခဲ့သော သမ္ဗုဒ္ဓမြတ်ဘုရား၏ ထုတ်ဖော် ညွှန်ပြထားချက်သည် လုံးဝပြည့်စုံပြီး လက်တွေ့ လောကသဘာဝအားလုံးကို ခြုံမိငုံမိပေသည်။

ကျွန်ုပ်တို့သည် ဗုဒ္ဓသာသနာ အရိပ်အဝါတွင် ခိုလှုံနေရသဖြင့် ဒုက္ခစစ် သဘောသရုပ်ကို ခပ်လွယ်လွယ်နှင့် သိရှိနေကြရပေသည်။ လွယ်လွယ်ကူကူ သိရှိနိုင်သဖြင့် ခပ်ပေါ့ပေါ့ သဘောထားပါက ကျွန်ုပ်တို့ထက်ပေါ့လျော့သူ မရှိ ဖြစ်ပေရာသည်။ 'မျောက်အုန်းသီးရ သုံးမကျ' ဆိုဘိသကဲ့သို့လည်း ဖြစ်နိုင်သေး၏။ ထို့ကြောင့် ဒုက္ခစစ် သဘောမှန်နှင့် သရုပ်သကန်ကို လေးနက်စွာ မှတ်သားသင့်ပေသည်။

## ဒုက္ခစစ် ဟူသည်

မြတ်စွာဘုရား တရားတော်အရ ဒုက္ခစစ်ကား တခြားမဟုတ်၊ လူသားတို့၏ ကိုယ်ခန္ဓာပင်ဖြစ်၏။ ဒုက္ခစစ်, ဒုက္ခမှန်ကား အပြင်မှာ မရှိ၊ အာကာသ ဝေဟင်မှာ မတည်၊ ခေတ်ခွဲရုံ စသည်မှာလည်း

ရှာဖွေ၍မတွေ့နိုင်။အမှန်စင်စစ် လူသား၏ ကိုယ်ခန္ဓာအတွင်းမှာပင် ဒုက္ခစစ်ကို ရှာဖွေတွေ့နိုင်၏။

မျက်ခုန်းသည် မျက်လုံးနှင့်အနီးကပ်ဆုံး ဖြစ်စေကာမူ မှန်မရှိလျှင် မမြင်နိုင်ပေ။ ကျွန်ုပ်တို့တွင် မဂ်ဉာဏ်,ဖိုလ်ဉာဏ် တည်းဟူသော မှန်အလင်း၊ ဝိပဿနာဉာဏ်တည်းဟူသော ကြေးမုံ ချို့တဲ့နေ၍သာ မိမိကိုယ်ကို ဒုက္ခစစ် ဒြပ်ကြီးဖြစ်နေမှန်း မသိရှိကြခြင်း ဖြစ်၏။

## ဒါတွေကို ဖုံးဖိမထားပါနှင့်

လူသားသည် အမိ၏ဝမ်းကြာတိုက်၌ သန္ဓေသား ဖြစ်ခဲ့ရ၏။ ရေကြည်ကလလမှ ခက်မ စုံလင်သည့်အထိ ပြည့်ဖြိုးလာရ၏။အချိန်တန်လျှင် မိခင်ဝမ်းဗိုက်မှ ဂျွမ်းစိုက်၍ ဆင်းသက်လာရလေသည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ဘဝကို တပတ်ဂျွမ်းဖြင့် စတင်ထွက်ပေါ်လာရ၏။ ဝမ်းကကျွတ်လျှင်ကျွတ်ချင်း တအဲအဲ ငိုခဲ့ကြရ၏။ ကျွန်ုပ်တို့၏ဘဝကို မျက်ရည်ဖြင့် အစပျိုးခဲ့ရပုံကို မေ့နေကြသည်။

ရေကြည်စဲ့သည်မှ ငိုမည်စဲ့ရချိန်အထိ ကျွန်ုပ်တို့ ပင်ပန်းဆင်းရဲခဲ့ကြရ၏၊ နွမ်းနယ်ခွေပျော့ခဲ့ကြရ၏။ ဂန္ထဝင်စကားဖြင့် ပြောရပါမူ ဘဝကို ဇာတိဒုက္ခ ငိုခြင်းဖြင့် ကားလိပ်တင်ကြရသည်မဟုတ်လော။ သို့သော် ကျွန်ုပ်တို့ကား ဤလွမ်းချင်းကို မေ့နေကြလေပြီ။

ငိုခြင်းဖြင့် ဘဝဇာတ်လမ်းကို စတင်ခဲ့ရပြီးနောက် အကြီးအကျယ် ပြောင်းလဲပျက်စီးရမည့်အချိန် တချိန်ဆီသို့ အပြင်းအပြဆက်လက် ချီတက်နေကြသူများသည်း ကျွန်ုပ်တို့ပင် ဖြစ်၏။

တောင်လေမိသဖြင့် ပြုံအိလာသော တိမ်လိပ်ကြီးသည် မြောက်ဖက်သို့သာလျှင် အစဉ်တစိုက် ရွေ့လျားသွားရောက်ရသည့်နည်းတူ ကျွန်ုပ်တို့လည်း ဘဝနိဂုံးမှတ်တိုင်သို့ ဦးလည်မသုန် အရောက်သွားနေကြသည်။

ဘဝတာအတွင်းမှာလည်း သုခနန်းပလ္လင်ထက်မှာ စံစားရသည့် အချိန်အခါက နည်းပါးလှ၏။ ချစ်တဲ့လင်၊ ခုံမင်စုံမက်လှတဲ့ မယား၊ ရှုစား၍မဝနိုင် မရောင့်ရဲနိုင်တဲ့ သားသမီး စသည်တို့ ပျက်စီးဆုံးပါးရ၍သော်၎င်း၊ အချစ်မည်ီ မေတ္တာသွေးဖည်ပြီး ကွေကွင်းရ၍သော်၎င်း၊ အသက်ဆံဖျား ရှာဖွေစုဆောင်း သိမ်းဆည်းထားသော ပစ္စည်းဥစ္စာ ဆုံးပါးရ၍သော်၎င်း၊ နှစ်ရှည်လများ ကြိုးစားပမ်းစား တက်ရောက်ထားသော ရာထူး ဂုဏ်သိရ်စသည်မှ လန်ကျ၍သော်၎င်း၊ သူငယ်နာ ကျုဗဟုန်း၊ သူငယ်နာ ငါးကြင်းကြီး၊ ကျောက်၊ ဝက်သက်၊ လိပ်ခေါင်း၊ လေနာ၊ ပန်းနာ၊ ချောင်းဆိုး, ရင်ကျပ်၊ မီးယပ်, ဒူလာ၊ အထိအခိုက် အကွဲအရှ၊ အဆိပ်အတောက်စသော ရောဂါဘယတို့နှင့် မရှောင်သာ မတိမ်းသာ တွေ့ကြုံခံစားရ၍၎င်း၊ကိုယ်ကျင့်စာရိတ္တ,ခလေ့ထုံးစံ,ဝါသနာ စရိုက်တို့ ချွတ်ယွင်း ပျက်ပြားရ၍သော်၎င်း၊ ဗုဒ္ဓသာသနာကဲ့သို့ အယူမှန် ဝါဒမှန် ခံယူချက်မှုမှန်များ ပျက်စီးခြင်း၊ အဖျက်အဆီး ခံရခြင်းကြောင့်၎င်း၊ စိုးနှောင့် စိုးရိမ်ကြိမ်ရလှပေပြီ။ ပူဆောင့်ပူဆာ တွေ့ရလှပေပြီ။ ဒုက္ခသုက္ခ များခဲ့လှလေပြီ။ ကြံမှုိင်ဆင်းရဲငိုပွဲကြီးတွေ ဆင်ခဲ့ရလေပြီ။ ဘုရား ကယ်ကယ်၊ အမယ်မင်းမင်း ဖြစ်ရလေခြင်းလို့လဲ ရင်ထုခဲ့ကြရလှလေပြီ။

ဒုတ်၊ ဓားလက်နက် ဒဏ်ရာဒဏ်ချက်များ မခံချိမခံသာသော ဒုက္ခဝေဒနာ အနန္တကိုလည်း အံကြိတ်ရင်း ကယ်ပါယူပါ တစာစာ အော်ဟစ်ငိုကြွေးရင်းဖြင့် မရှောင်သာ၊ မကွင်းသာ၊ မငြင်းသာ၊ မဖယ်သာ ခံစားကြရလေပြီ။

သိပ္ပံပညာတိုးတက်မှုကြောင့် ထက်မြက်သော ဆေးစွမ်းကောင်းများ ဖန်တီးနိုင်ကြ၍ အနာရောဂါ သက်သာသည်မှန်သော်လည်း အိုနာသေရေး ဒုက္ခဘေးကိုမူ ထိုထိုပါရဂူတို့ကိုယ်တိုင် လက်မြှောက် အရှုံးပေးလျက်သာ နေရချေသည်။

အကြောင်းအမျိုးမျိုးကြောင့် စိတ်ဒုက္ခကြီး ရောက်ရခြင်း၊ စိတ်မချမ်းသာခြင်း၊ ရင်အပူကပ်ခြင်းစသည်တို့ကိုလည်း ကင်းလွတ်အောင် ကျွန်ုပ်တို့ မရှောင်နိုင်ကြလေကုန်။

လူသားသည် မိမိအကျိုးစီးပွားကို ပျက်စီးစေချင်သူ၊ အကျိုးမဲ့ကို ဖန်တီးနေသူ၊ ဒုက္ခရောက် ဂျောက်ပေါက်ကျအောင် ပြုလုပ်နေသူ၊ဘေးအန္တရာယ်ကို လှုံ့ဆော်ပေးနေသူ၊ အချုပ်အားဖြင့် လုံးလုံးကြီး မုန်းတီးသူ၊ မျက်နှာကျော မတည့်သူ၊ ထွီစရာ၊ ထွမ်စရာ၊ အော့စရာ ကောင်းသူ၊ ဖြစ်နိုင်လျှင် လက်ဖြင့် ပွတ်ခြေပစ်လိုက်ချင်သူ ဟူသမျှတို့နှင့် တအိမ်ထဲ၊ တဝင်းထဲ၊ တရုံးထဲ၊ တခန်းထဲ၊ တစာပွဲထဲ၊ နီးနီးကပ်ကပ် ဆက်သွယ်တွေ့ဆုံနေရမှု၊ ရှောင်ရှား၍ မဖြစ်နိုင်မှု၊ အောင့်ပြီး ဖက်စပ်လုပ်ကိုင်နေထိုင်ရမှုတို့ကြောင့် စိတ်နှလုံးမချမ်းသာခြင်း၊ အခံရခက်ခြင်း၊ ညှိုးချုံးကြုံလှီခြင်း ဆင်းရဲဒုက္ခတို့ကိုလည်း ခံစားကြရလှလေပြီ။

မိမိအား အလိုလိုက်သောသူ၊ မြှောက်စားမ,စ ကူညီသောသူ၊ အားကိုးအားထားပြုရသော မိတ်ကောင်းဆွေမှန်များ၊ ဆွေချစ်

မျိုးချစ်များ၊ ညီအကိုမောင်နှမများ၊ ချစ်မဝသော ဇနီး၊ စုံမက်မဝသော လင်၊ သံဓယာဇဉ် တမျှင်မျှင်တွဲနေသော သားသမီး၊ ထီးပမာ မြတ်နိုးအားထားရသော မိဘ၊ အကျဉ်းအားဖြင့် စိတ်ကြိုက်တွေ့သူ၊ ခင်မင်စွဲမက်သူဟူသမျှနှင့် ရှင်ကွဲ ကွဲရခြင်း၊ သေကွဲ ကွဲရခြင်းတို့ကြောင့် ဒုက္ခထန်သည်း ပူမီးလောင်ကျွမ်းခြင်းတို့မှလည်း ဖုံးကွယ်ရှောင်ရှားနိုင်ခြင်း မရှိချေ။

အသက်မကြီးချင်ဘဲ ကြီးလာခြင်း၊ မဟိုင်းချင်ဘဲ ဟိုင်းလာခြင်း၊ ခြေရေ, လက်ရေ, ပါးရေ, နားရေ မတွန့်ချင်ဘဲ တွန့်လာခြင်း၊ ဆံပင်မဖြူချင်ဘဲ ဖြူရခြင်း၊ သွားမကျိုးချင်ဘဲ ကျိုးရခြင်း၊ မျက်စိမသီချင်ဘဲ သီရခြင်း၊ နားမထူချင်ဘဲ ထူရခြင်းစသည်နှင့် မိမိအား ချစ်စေချင်သော်လည်း သူက မချစ်ခြင်း၊ သွားလိုချင်မရ၊ ကားလိုချင် မရဖြစ်တတ်ခြင်း၊ စိန္တာမယာမန္တန်တန်ခိုးနှင့် မပြည့်ဝ၊ 'စေ'တလုံးမျှ မပိုင်မသ၊ လိုဘမပြည့်စုံ သနစ်အဖုံဖုံကြောင့် စိတ်ဆင်းရဲခြင်း၊ စိတ်နှလုံးညှိုးချုံးခြင်း၊ ပူဆာခြင်း၊ ဒုက္ခအဆိပ်ငွေ့သင့်ခြင်းကိုလည်း ခံရလှလေပြီ။

မွဲခြောက် မွဲနီတို့ ပေါက်ရောက်လာချိန်တွင် အကြောပြိုင်းပြိုင်း၊ ခါးကိုင်းနားအူ ထူထူထိုင်းထိုင်း မသတိစရာလည်း ဖြစ်လာရ၏။ တယိုင်ယိုင် တယိမ်းယိမ်း ကတိမ်းကပါး စိတ်သွားတိုင်း ကိုယ်မပါ အိုနာစွဲမှုကိုလည်း ကြုံတွေ့ရ၏။ သူတပါး ပေးစာ ကမ်းစာ လှမ်းစာမျှဖြင့် အသက်ရှင်နေရပြီး မွဲပျော်သက်ကြီး သေချိန်နီးသောချိန်ခါကို လူသားသည် ညှိုးငယ်လှစွာ ခံယူရရှာလေပြီ။

အာသုဝစုနုဆေး၊ လောကဓာတ်ဆေးစွမ်းကောင်း၊ လောကီသိဒ္ဓိတန်ခိုးတို့ဖြင့် ဇရာဒုဗ္ဗလကို နှုပ်ချိုနေအောင် အဖတ်ဆယ်ထား

နိုင်၏။သို့သော်ငြား ဓမ္မတာအတိုင်း ရင့်ရော်မှု၊ မွဲပျော်မှုလမ်းကား မပြောင်းလဲပေ။ ထို့ကြောင့် ဆိုခဲ့ပါ ငယ်မူပြန်စနစ်များကို သေပန်းပွင့်အလှကဲ့သို့ စာဖွဲ့ချီးကျူးရန် ပညာရှင်များက လက်ခံမည် မဟုတ်ချေ။

ကျန်းမာရေးကို အထူးဂရုပြုနေထိုင်၍ ကမ္ဘာကျော်ဆေးအမျိုးမျိုး၊ ဓာတ်စာအဖုံဖုံတို့ဖြင့် ကိုယ်ကာယကို မွေးမြူငြားသော်လည်း နောက်ဆုံးတွင် အပြင်းအထန် ထိုးနှက်ဝင်ရောက်စဲ့ကပ်လာသော သေနာအား လူသားသည် အရှုံးပေးရစမြဲ ဖြစ်၏။ ခေတ်မီ ဆေးပစ္စည်းများ၊ ကိရိယာများကလည်း ထိုသေနာရောဂါကို နိုင်နင်းအောင် မဖြိုမခွင်းနိုင်ကြကုန်။ သေနာသည် ကမ္ဘာကျော်သမားတော်ကြီးများ၏ ဂုဏ်ကျက်သရေကို ထိခိုက်စေပြီး ၎င်းတို့၏ စွမ်းရည်ကို အသိအမှတ် လုံး၀မပြုပေ။ သေနာနှင့် ကြုံရပါက သမားတော်ကြီးများမှာ လူသားအား မည်သို့မျှ အကူအညီမပေးနိုင်တော့ဘဲ ဆေးအိတ်ကိုဆွဲပြီး တကျိုးတည်း လစ်ပြေးရရှာတော့သည်။

နောက်ဆုံးတွင် ငြင်း၍လည်း မရ၊ ခယတောင်းပန်လို့လဲ မဖြစ်၊ ခုခံတိုက်ခိုက်လို့လဲ မနိုင်သာသော ရွှေလျောခြင်းသဘော၊ ပျက်စီးကွယ်ပျောက် ကုန်ခန်းခြင်းသဘော၊ သတ်ဖြတ်ခြင်းသဘော (မရဏ)က လူသားနှင့် လောကပတ်ဝန်းကျင်ကို အဆက်ဖြတ်ချလိုက်လေတော့သည်။

ထိုအခါ လူသားသည် အကူအညီမဲ့မဲ့၊ အားကိုးရာမဲ့မဲ့အခြေသို့ ရောက်ကာ စိုးရိမ်ခြင်း၊ကြောက်ရွံ့ထိတ်လန့်ခြင်းအသိဖြင့် မချိမဆန့်

ဒုက္ခဝေဒနာကြီးကို လူးလဲခံစားရရှာရင်း သေမင်းပြူသမျှ ခံရရှာပေသည်။

## ဥာဏ်ကြီးရှင် အသိ

ရင့်ကျက်သော ဥာဏ်ကြီးရှင်တို့သည် လူသား၏ကိုယ်ခန္ဓာကား သန္ဓေယူခြင်း၊ ရင့်ရော်ခြင်း၊ သေနာစွဲခြင်း၊ သတ်ဖြတ်ခြင်းဟူသော ဒုက္ခအသိုက်မြုံကြီးသာ ဖြစ်၏။ စိုးရိမ်၊ ညှိုးပိန်၊ ငိုကြွေး၊ ပူဆွေးရခြင်းဆင်းရဲ၊ မုန်းသူယှဉ်တွဲ ချစ်သူကွဲ၊ လိုလဲမရခြင်းဟူသော ရွံမုန်းစရာ အမနာပသဘောတရား အနိဋ္ဌာရုံများ ဆုံစည်းဖြစ်ထွန်းရာ ဂေဟာကြီးဖြစ်၏ဟူ၍ အသိရှင်းကြလေပြီ။

ဆိုခဲ့ပါ ဆင်းရဲဒုက္ခသဘာဝသည် အတိတ်ကလည်း မှန်ခဲ့ပြီး၊ ယခုလည်း မှန်ဆဲဖြစ်သည့်ပြင် နောင်တွင်လည်း ဆက်လက်၍ အမှန်တရားအနေဖြင့် ရပ်တည်နေပေမည်။ လူသားဟူ၍ ကမ္ဘာတွင် တည်ရှိနေသမျှ ဤသဘာဝလည်း လူသားနှင့်အတူ ရှိနေပေမည်ဘည်း။ ကမ္ဘာတရပ်လုံးဆိုင်ရာ အမြဲမှန်ကန်မှု နိယာမကြီးပေတည်း။

ဖော်ပြပါ ဒုက္ခသဘာဝကို မည်သည့် ဝိဇ္ဇာပညာ၊ သိပ္ပံပညာကမှလည်း ငြင်းပယ်နိုင်ခြင်း မရှိချေ။ ဥပမာ သေဆုံးသတ်ဖြတ်ခြင်းသည် ဒုက္ခမဟုတ်၊ သုခဇိမ်တမျိုးဖြစ်သည်ဟူ၍ လက်တွေ့မပြနိုင်ကြပေကုန်။ အကြောင်းကား ဆိုခဲ့ပါ ဒုက္ခသဘာဝမှာ နိယာမအမှန်တရားကြီး ဖြစ်သောကြောင့်ပင်တည်း။

ဤသို့သော အကြောင်းများကြောင့် လူသားကိုယ်ခန္ဓာကား ဆင်းရဲတုံး ဆင်းရဲခဲ ဒုက္ခအဆောက်အအုံကြီးသာ ဖြစ်သည်။ (ပဉ္စုပါဒါနက္ခန္ဓာဒုက္ခာ)ဟူ၍ သမ္မာသမ္ဗုဒ္ဓမြတ်စွာက ဟောကြားခဲ့၏။ပညတ်ချက်ထားခဲ့၏။ ဖွင့်ပြဝေဖန်ခဲ့၏။ ပေါ်လွင်ထင်ရှားစွာ သိမြင်စေခဲ့လေသည်။

မြစ်ဖျား ရှာ

အရာရာတိုင်းမှာ နမော်နမဲ့ မနေဘဲ တွေးတွေးဆဆ၊ ကြံကြံစည်စည် အထုံဝလေ့ရှိသော လူသားသည် ပြဆိုအပ်ခဲ့ပြီးသော စကားစဉ်အရ ဒုက္ခမှန်သဘာဝကို အနုမာနအားဖြင့် ကောင်းစွာ သဘောပေါက်ရာပေပြီ။

ဒုက္ခစစ်ကို နားလည်ပြီးနောက် ကျွန်ုပ်တို့ ဆက်လက်စဉ်းစားရပေဦးမည်။ဤဒုက္ခစစ်သည် သူ့အလိုလိုဖြစ်ပေါ်နေသလား၊ တစုံတယောက်သော တန်ခိုးရှင်က တီထွင်ဖန်ဆင်းထားသည့် လက်ရာလား၊ သို့တည်းမဟုတ် တစုံတခုသော အကြောင်းတရား အခြေခံကြောင့် ဖြစ်ထွန်းနေရသလား။ ဤသို့စသည်ဖြင့် ဒုက္ခရင်းမြစ်ကို နှိုက်နှိုက်ချွတ်ချွတ် ရှာဖွေလေ့လာရပေမည်။ ဒုက္ခ၏အကြောင်းကို ရှာရမည်။

လောကတွင် အကြောင်းတရား ကင်းမဲ့စွာဖြင့် သူ့အလိုလို ဖြစ်ပေါ်နေသောအရာဟူ၍ နှမ်းတလုံး, ဆန်တခြမ်းမျှ မရှိချေ။ ဤအချက်ကို ဗုဒ္ဓဒေသနာကသာမဟုတ်၊ လောကခေတ်သိပ္ပံကလည်း အတည်ပြုလျက်ရှိသည်။

လောကအဖြစ်အပျက်များကို သူ့မူလရုပ်အတိုင်း ကြည့်မြင်သုံးသပ်သောအခါ လူသားသည်ရင်း၊ ကမ္ဘာလောကသည်ရင်း အကြောင်း(ပစ္စယ)၊ အကျိုး(ပစ္စယုပ္ပန္န) နှစ်မျိုး၏ ပြယုဂ်မျှသာ ဖြစ်ကြောင်း တွေ့သိရပေသည်။ အကြောင်းအကျိုး ဆက်စပ်မှုသဘာဝမှ အလွတ်သက်သက်ဖြစ်သည့် အရာဟူ၍ တကောင်တမြီး, တစိတစက်မျှ မရှိချေ။

သို့ဖြစ်၍ အကျိုးကို သိရလျှင် ယင်း၏ အကြောင်းတရားကို ရှာကြံရမည့်နည်းတူ အကြောင်းခံမှုကို တွေ့သိရပါကလည်း ၎င်း၏ ထုတ်လုပ်ချက် အကျိုးတရားကို ချင့်တွက်ကြည့်ရပေမည်။ ဥပမာ အကြောင်းမီးနှင့် အကျိုးမီးရှိန်အခိုးတို့ကို အပြန်အလှန် ရှာကြံသုံးသပ်သကဲ့သို့ ဖြစ်၏။

## အဆက်အသွယ်မဲ့ ဝါဒ

အချို့သော စိတ်ကူးယဉ်သမားများက အကြောင်းမရှိ၊အကျိုးမရှိ၊ အမှန်မှာ အဖြစ်အပျက်သာ ရှိ၏။ အကြောင်းဟူသည်မှာ သက်သက်အဖြစ်အပျက်တခု၊ အကျိုးဟူသည်မှာလည်း သီးခြားလွတ်လပ်သော အဖြစ်အပျက်တခု၊ ၎င်းတို့ချင်း ဆက်သွယ်မှုမရှိ၍လည်း ကြံဆပြောဆိုခဲ့ကြသေး၏။

ဗိလိယက်ခုံမှာ ဗိလိယက်ဘောလုံးကလေးနှစ်ခု ပြေးလွှားနေကြ၏။ ပထမအလုံးလေးက 'ဖျောက်' ကနဲ တိုက်လိုက်ရာတွင် ဒုတိယအလုံးလေးမှာသုတ်ခြေတင်ပြေးရ၏။ဤတွင် ပထမအလုံးနှင့်ဒုတိယအလုံးတို့ အချင်းချင်းတိုက်ခိုက်ရာ၌ (ဆက်သွယ်မှုကို မျက်စိဖြင့်

ကြည့်ရှု၍ မမြင်ရသောကြောင့်) ၎င်းတို့ချင်း ဆက်သွယ်မှုမရှိဟု ဆင်ခြေကန်ခဲ့ကြလေသည်။

သို့တစေလည်း ပထမ ဗိလိယက်လုံးကလေးက မတိုက်မခိုက်ဘဲ ဒုတိယအလုံးသည် သူ့အလိုလို မပြေးဝင်ဘူးလားဟု ထပ်မေး သောအခါ သူတို့သည် မိုးဦးကျ ပုတ်သင်ခေါင်းစိမ်းနှင့် သူသာ ငါနိုင် ခေါင်းညိတ်ပွဲ ပြိုင်ရှာကြရလေသည်။

သို့ဖြစ်၍ လောကပြယုဂ်များကို သူ့ဇာတိရုပ်အတိုင်း နည်း မှန် လမ်းမှန် ကြည့်မြင်တတ်လျှင် အကြောင်းပိုင်း၊ အကျိုးပိုင်းနှင့် ၎င်းတို့၏အချင်းချင်း ဆက်သွယ်မှုသတ္တိသဘောကို မြင်နိုင်သိနိုင်၏၊ ဉာဏ်အလင်းဖြင့် ကွင်းကွင်းကွက်ကွက် တွေ့ရှိနိုင်ပေသည်။

## တဏှာတွေ

ဆိုခဲ့ပါ ဒုက္ခစစ်သည် အကြောင်းလော၊ အကျိုးလောဟူမူ (လက်တွေ့အမြင်နှင့် ဘုရားမြတ်ညွှန်ပြချက်အရ)အကျိုးတရားသာ ဖြစ်ကြောင်း စိတ်ချလက်ချ သိရှိနိုင်ပေသည်။

ဒုက္ခစစ်သည် ပင်စည်,အကိုင်းအခက်, အပွင့်အသီးဖြစ်ကြောင်း သိရှိရပြီးသည့်နောက် ၎င်း၏ ရင်းမြစ်ကို တူးကြည့်ရန် သာ လိုဘော့၏။ သို့ဖြစ်လျှင်–

ဒုက္ခစစ်၏ အကြောင်းရင်းမြစ်ကား အဘယ်အရာနည်း။

**အဖြေကား။** ။ဒုက္ခစစ်၏ ရင်းမြစ်မူလသည် တဏှာလောဘ သာဖြစ်၏။အငမ်းခေတ်၊ တဏှာအတွယ်သည် ဒုက္ခစစ်၏လက်သည် ပေတည်း။ (ခံစားမှုကြောင့် တဏှာဖြစ်ပုံ ပြဆိုခဲ့ပြီ။)

တဏှာ၏သဘောကား ချစ်စရာ,ခင်စရာ,မြတ်နိုးစရာ, သာယာစရာ ဟူသမျှကို (ဝါ) အဆင်းလှလှ, အသံကောင်းကောင်း, ရနံ့ကြူကြူ, ရသာမြိန်မြိန်, ကိုယ်ဇိမ်ကျကျ, ဟာဒယရွှင်ရွှင်, ခင်မင်သာယာဖွယ်ရာ မှန်သမျှကို တွယ်တာလား တွယ်တာတတ်၏၊ နှစ်သက်လား နှစ်သက်တတ်၏၊ တပ်မက်လား တပ်မက်တတ်၏။ အကြုံဆိုက်၍ အကြိုက်တွေ့တိုင်း မဆိုင်းမရှောင်,နှာယောင်မတွန့်, မြူးကွန့်ကျက်စားလား ကျက်စားတတ်၏။ ဘဝအဖန်ဖန်, ခန္ဓာအတန်တန်, အပြန်ပြန် အသစ်သစ် အလဲအလှယ် ဖြစ်ရအောင် တောင့်သလား တောင့်တတတ်၏။

တဏှာသည် မျက်စိ, နား, နှာ, လျှာ, ကိုယ်စိတ်တို့၌လည်း စွဲငြိတတ်၏။ အရာရာတွင် မြဲမြံစွာမှတ်သားနိုင်မှု၊ ကြံစည်သုံးသပ်ဆုံးဖြတ်နိုင်မှု၌လည်း ကပ်ခိုတည်ရှိတတ်၏။ ထိုတဏှာမျိုးကို ကာမအတွယ်၊ကာမအစေး၊ ကာမလက်သမားဟူ၍ နားလည်ကြရသည်။

သူ မှီခိုဖြစ်ပေါ်ကျက်စားနေရသော ဘဝခန္ဓာကြီးကို သူသည် ချစ်လှ မြတ်နိုးလှသည့်အတိုင်း ထိုဘဝယာဉ်သာကြီး အမြဲတစေ စည်စည်ကားကား၊ ဝေဝေဆာဆာ တည်ရှိနေသည်ဟု မြင်သော ဒိဋ္ဌိနှင့်လည်း တွဲဖက်ပေါင်းသင်းလျက်ရှိ၏။ ထိုတဏှာမျိုးကို ဘဝအတွယ်, ဘဝအဖော်ဟု ခေါ်၏။

သူ တည်ဆောက်ထားသော ခန္ဓာအိမ်ကြီးသည် ပျက်စီးပြီးနောက် လက်စပျောက်သွား၏၊ လုံးဝပြတ်စဲသွား၏ဟူ၍ လွဲမှားစွာ ယူဆသော ဒိဋ္ဌိနှင့်လည်း မခွဲတမ်း ဆက်သွယ်လျက်နေ၏။ ထိုတဏှာမျိုးကို ဝိဘဝမိတ်ရင်းဟု သမိုက်ရလေသည်။

တဏှာကား အမြူ၊ အဆွ၊ အစွဲအလမ်း၊ အဖမ်း၊ အပူ၊ အယူ အသိမ်း၊ အထိန်း၊ အယ၊ အခဲ၊ အညူ၊ အမူ၊ အကြူ၊ အချူ၊ အငမ်း၊ အတမ်းအဆာ၊ မခွာနိုင် မစွန့်ရက်သည့် သဘောဖြစ်၍ ဝဋ်တွင်းနက်ရခြင်း၏ လက်သည်စင်စစ်ဖြစ်၏။

တဏှာလူသားသည် ချစ်စရာတွေ့က ချစ်၊ ကြိုက်စရာတွေ့က မရှောင်နိုင်၊ သာယာစရာတွေ့က ရယူ၏။ သို့ကြောင့် သူသည် အချစ်အတွက်၊ အကြိုက်အတွက်၊ အသာယာအတွက် သိမ်းပိုက်ရရှာ၏၊ စုံဆောင်းရရှာ၏၊ ခုခံကာကွယ်ရရှာ၏။ ဤသည်တို့ကား သမုဒယမိခင်မှ မွေးဖွားလိုက်သည့် ဒုက္ခသားကောင်တို့ပေတည်း။

အကြားအမြင် နည်းပါးသူသည် သမုဒယစက်ရုံမှ ဒုက္ခကုန် ပစ္စည်းများကို ထုတ်လုပ်နေကြောင်း မရိပ်မိကြပေကုန်။ အချို့ကမူ 'ငါ'ကြောင့် ဖြစ်နေသည်၊ သို့တည်းမဟုတ် အနန္တတန်ခိုးတော် ကြောင့် ပေါ်ပေါက်နေသည်ဟု မှတ်သားထားမိကြ၏။ သို့သော် တဏှာခေတ်ဖမ်း၍ ဆင်းရဲဒုက္ခကပ်ကြီး ဗရမ်းဗတာ တိုက်လာ သောအခါ (ငါ)ကလည်း မတားဆီးနိုင်၊ အနန္တတန်ခိုးကလည်း မကယ်နိုင်သဖြင့် အားကိုးရာ ကူညီရာမဲ့ပြီး ယဲ့ယဲ့လေး ကျန်ရသည် အထိ အလူးအလဲခံရရှာကြသည်။

### သဘာဝ အဆက်အသွယ်

တဏှာ သမုဒယကြောင့် ဒုက္ခစစ် ဖြစ်ထွန်းလာရသည်ဟူသော ကွင်းဆက်ကို မမြင်သမျှ ဒုက္ခမှ လွတ်မြောက်ရန် လမ်းစမပြူသေ

ပေါ။ ထို့ကြောင့် ဒုက္ခစစ်၏ အမြစ်ကို တူးထုတ်သူတိုင်းသည် ထိုကွင်းဆက်ကို မရအရ ရှာဖွေရပေမည်။

ဒုက္ခဖြစ်ချက် အကြောင်းဆက်မှု၊
တိုက်ခိုက်ပေါင်းဆုံမှုကြောင့် တွေ့ (ဖဿ)၊
တွေ့မှုကြောင့် ခံစား(ဝေဒနာ)၊
ခံစားမှုကြောင့် သာယာ (တဏှာ)၊
သာယာမှုကြောင့် စွဲလမ်း(ဥပါဒါန်)၊
စွဲလမ်းမှုကြောင့် ပြုလုပ် (ကမ္မဘဝ)၊
ပြုလုပ်မှုကြောင့် ရရှိ၊
ရရှိမှုကြောင့် ဖြစ်ပေါ်(ဇာတိ)၊
ဖြစ်ပေါ်မှု(ဇာတိ)ကြောင့် အိုရ၊ နာရ၊ သေရ၊
စိုးရိမ်၊ ညိုးပိန်၊ ငိုငွေ့ ႏုးပူဆွေးရ၊
ပြင်းစွာပင်ပန်းကြရသည်။

'တိုက်ခိုက်ပေါင်းဆုံ'ဆိုရာ၌ ပြင်ပအာရုံနှင့် အတွင်းစိတ်တို့ တွေ့ကြပုံကို ဆိုလို၏။ သို့ ဆုံမိရာ၌ တွေ့ထိမှုသဘောတရားသည် ဘွားကနဲ ပေါ်လာ၏။ ခံစားမှုကြောင့် တဏှာဖြစ်ကြောင်း ဆိုခဲ့ပြီ။ ခံစားမှုသည် တွေ့ထိမှုက အောင်သွယ်လုပ်မပေးဘဲ ပေါ် ပေါက်လာနိုင်သည် မဟုတ်ပေ။ ဤမျှ လေးနက်သိမ်မွေ့လှသော သဘောတရားရေး အကြောင်း—အကျိုး၊ အကျိုး—အကြောင်း အပြန်အလှန် အစီအရီ ဆက်သွယ်ချက်ကို မြတ်ဗုဒ္ဓတဆူတည်း ထိုးထွင်းသိရှိပြီး ဖော်ထုတ်ပြသနိုင်ခဲ့လေသည်။

(ပဋိစ္စသမုပ္ပါဒ်ကို ဤတွင် အကျယ် မပြသာပြီ။)

လူသား၏ ခန္ဓာပဉ္စကသည် ဒုက္ခတုံး၊ ဒုက္ခခဲကြီးသာ ဖြစ်ကြောင်း သိခဲ့ရပြီ။ ဤသည့် ဒုက္ခကိုယ်ထည်ကြီး၏ လက်သည်ကား တဏှာအတွယ်ခေတ်ဟု မကွယ်မထောက် ဖြောင့်ဖြောင့်ကြီး နားလည်ခဲ့ရပြီ။

## သမုဒယ ပယ်ခွာ

ခန္ဓာအသင်းကား ဆင်းရဲဝန်ထုပ်ကြီးသာ ဖြစ်သည်မှန်သော်လည်း ထိုဆင်းရဲ၏ ကင်းမဲ့ရာလည်း ရှိရပေမည်။ အရှေ့ရှိလျှင် အနောက်ရှိရသလို၊ ကြည်း ကုန်းရှိပါကလည်း ချောက်ကျင်း, အနိမ့် ရှိရစမြဲပင် မဟုတ်လော။

သို့သော် ထိုချမ်းသာကို သမ္ဗုဒ္ဓသာသနာ နည်းမှန်ဖြင့်သာ အရအမိ ဆည်းပူးရရှိနိုင်၏။ အခြားသော နည်းတုနည်းယောင်များဖြင့် သုခစစ်ကို မြှော်မှန်းရန် မဖြစ်နိုင်ပေ။

လူသားသည် ဆင်းရဲဒုက္ခနှင့် စိမ်းစိမ်းကားကား၊ ပစ်ပစ်ခါခါ ကွာရှင်းရမည်သာဖြစ်သည်။ သို့သော်ငြားလည်း ဆင်းရဲစစ်ဖြစ်သော ရုပ်နာမ်ခမ္မ ကိုယ်ကာယကို ထုခွဲချေမှုန်းပစ်ခြင်းအားဖြင့် သုခစစ်ကို ရရှိနိုင်မည် မဟုတ်ချေ။ အကြောင်းမငြိမ်းသမျှ ဇာတ်သိမ်းရိုး ထုံးစံမရှိ။ အမြစ်မသေပါဘဲ အပင်မဝေဆာတော့ပါဘူးဟု မည်သည့်ပုဂ္ဂိုလ်ထူးကမျှ တာဝန်ယူရန် မဖြစ်နိုင်ပေ။

ပညာရှိမှန်လျှင် ရှေ့တွင်ကျလာသော ဒိန်ခဲကိုသာ လိုက်လံကိုက်နေသော ဝံပုလွေကဲ့သို့ ပြုလုပ်မည်မဟုတ်၊ ချုံကွယ်က မုဆိုးကိုသာ သုတ်သင်ပစ်ပေမည်။

သို့ဖြစ်လျှင် ကျောက်ခဲခေတ်မှ မဟာဒုက္ခ၏ လက်သည်ဖြစ်သော တဏှာမှုဆိုးကို အဘယ်သို့ သတ်ဖြတ်ချေမှုန်းပစ်ရမည်နည်း။

## တဏှာ ရဲဘက်များ

ဤကိစ္စကား ယထာဘူတနည်း မကျလျှင် ဖြေရှင်း၍ မရနိုင်သော သံမဏိပြဿနာကြီးဖြစ်၏။ တဏှာမှုဆိုးကား ခေသူမဟုတ်၊ သူ့တွင် အင်အားကြီးမားသော အုပ်စုရှိနေ၏။ သစ္စာရှိ ဘက်တော်သား ပေါများ၏။ အဝိဇ္ဇာသည်ကား သူ့ဘက်မှ ကာဆီး ကာဆီး အမြဲလုပ်နေသည်။

တဏှာနှင့်အဝိဇ္ဇာ နှစ်ဦးသားတို့သည် အရှက်မဲ့ခြင်း၊ အရှုံ့အကြောက် ကင်းခြင်းဝါဒကို လက်ကိုင်ပြုထားကြ၏။ စည်းလုံးမှု သမာဓိအင်အားစုကို ထိုးဖောက် ဖျက်ဆီးပစ်တတ်ကြ၏။ သူတို့သည် မိစ္ဆာဒိဋ္ဌိကို နိုင်ငံတော်အလံသဖွယ် သတ်မှတ်ပြဋ္ဌာန်းထားပေသည်။

အထင်ကြီး ဘဝင်မြင့်မှုသည် သူတို့၏ မဟာမိတ်တဦးဖြစ်၏။ သူတို့သည် ဒေါသ ဒုံးပျံလက်နက်ကြီးများကို အောင်မြင်စွာ တီထွင်၍ စွဲကိုင်ထားကြပေသည်။ သူတပါးတို့ ခေတ်မီတိုးတက်သည်ကို မနာလိုမရှုစိမ့်ခြင်း သဘောထားနှင့်လည်း ရှုပ်ယှက်ခတ်ဖြစ်နေ၏။ သူတို့၏ တဏှာနိုင်ငံကြီးကိုမူ လျှို့ဝှက်ခြင်းစနစ်ဖြင့် ကာဆီးပိတ်ဆို့ထားကြကုန်သည်။ တဏှာနှင့် အဝိဇ္ဇာတို့သည် အဘိဇ္ဈာ နယ်ချဲ့စနစ်ဆိုးကို အားကိုးအားထားပြုလျက် ရှိကြ၏။ သူတို့သည် မတည်မတံ့ ပျံ့လွင့်ပျံ့ပွားမှု သဘောတရားလက်နက်

ဖြင့်လည်း ကုသိုလ်နိုင်ငံကြီးကို ပစ်ခွင်းနေကြကုန်၏။ ရတနာသုံးပါးနှင့် လုပ်အားစွမ်းရည် စသည်ကို လက်မခံသော ယုံမှားမှု သဘောတရားနှင့်လည်း မဟာမိတ် ပြုထားကြကုန်သည်။

(အကုသိုလ် စေတသိက် ၁၄ ခု။)

တဏှာနှင့်အဝိဇ္ဇာတို့သည် အကုသိုလ်ကမ္ဘာ၏ ဦးစီးကြီးကိုင်များ ဖြစ်ကြကုန်၏။ ဒုစရိုက်ပြဿနာ အနန္တကို ဖန်တီးနေကြသူများလည်း သူတို့နှစ်ဦးသားပင် ဖြစ်၏။ သံသရာယန္တရားကြီး အဆက်မပြတ် လည်ပတ်နေအောင်လည်း သူတို့ကပင် စီမံနေကြလေသည်။

ဤမျှ အုပ်စုကောင်းပြီး အစောင်းထက်လှစွာသော တဏှာခေတ်မဟာကို အဘယ်မှာလျှင် လွယ်လွယ်နှင့် ဖြတ်ချနိုင်ပါအံ့နည်း။

### ဟီနလမ်း

ပုထုဇဉ်လူသားသည် တဏှာတောင်းသမျှ ဆက်ကြွေးပေးနေရ၏။ လွယ်လွယ်နှင့်မရလျှင် ခိုးဝှက်လုယူ တိုက်ခိုက်ပြီး ဆက်သရ၏။ မုဒိမ်းစနစ်ဖြင့် တဏှာ့အလို ဖြည့်တင်းသူလည်း ရှိ၏။

သို့သော် တဏှာကား ဘယ်တော့မှ အဆာပြေသည် မရှိ၊ အငမ်း ရပ်သွားသည်ဟူ၍ မရှိ။ ထိုကြောင့် တဏှာနယ်ပယ်မှ လူသားသည်လည်း ဘယ်တော့မှ အလုပ်အားရသည်၊ နားရသည်ဟူ၍ မရှိချေ။ တဏှာ၏လက်သုံး ဆောင်ပုဒ်ကား 'ပျော်စရာ မှန်သမျှသည် အကောင်းချည်းဘဲ' ဟူ၍ ဖြစ်၏။

ဟာကျာရေယဉ်ကြောတွင် အလိုက်သင့်မျောပါနေခြင်းလမ်းစဉ်သည် စင်စစ် ယုတ်မာ၏။ ဒုက္ခကို ရှာဖွေနေခြင်းမျိုးသာဖြစ်၍ ဒုက္ခကင်းလွတ်မှု၏ ဆန့်ကျင်ဘက်ဖြစ်၏။ ပုထုဇဉ်လူသားတို့၏ ခံယူချက်သာဖြစ်ပြီး ဂုဏ်မရှိချေ။ စစ်မှန်သော အကျိုးထူးကိုလည်း ရရှိစေနိုင်သည် မဟုတ်ပေ။ (ကာမသုခလ္လိကာနုယောဂလမ်းစဉ်တည်း။)

**ခန္ဓာနှိပ်စက်လမ်း**

အချို့သော လူသားမှာမူ ဆိုခဲ့ပါ တဏှာ၏အပြစ်ကိုမြင်ကြ၏။ တဏှာအတွယ်တာသည် ဒုက္ခဟူသမျှ၏ လက်သည်ဖြစ်၍ ထိုတဏှာယုတ်မှ နောက်ဆုတ်လိုကြကုန်၏။ တဏှာအငမ်းကို အကြမ်းပတမ်း ချေမှုန်းသုတ်သင်ပစ်လိုကြကုန်၏။

ထိုသူတို့သည် မဇ္ဈိမလမ်းစဉ်မှန်ကို မသိရှိကြရကား ရည်ရွယ်ချက် ကောင်းသော်လည်း လုပ်နည်းလုပ်ဟန် လွဲမှားမိကြ၏။ ကိုယ်ကာယကို ညှဉ်းဆဲနိုင်လျှင် တဏှာအစေး သွေ့ခြောက် ကုန်ပျောက်သွားလိမ့်မည်အထင်နှင့် မိမိတို့၏ အတ္တဘောကို နည်းအမျိုးမျိုးဖြင့် ထုထောင်းညှဉ်းဆဲကြလေကုန်သည်။ ဆူးပေါ်မှာ အိပ်၍ရင်း၊ ဝတ်လစ်စလစ်နေ၍ရင်း၊ နေပူခံ၍ရင်း၊ အချမ်းအအေး ခံ၍ရင်း၊ မထတမ်း ထိုင်နေကြ၍ရင်း၊ မထိုင်တမ်းရပ်နေကြ၍ရင်း၊ ငါးပါးသော ပူလောင်ခြင်းအကျင့်ကို ကျင့်သုံး၍ရင်း ကိုယ်ခန္ဓာကို ပင်ပန်းအောင် ပြုလုပ်ကြကုန်သည်။ (အတ္တကိလမထလမ်းစဉ်တည်း။)

ဤအကျင့်များကား ပင်ပန်းခြင်း ကြီးလှစွာ၏။ တဏှာကင်းပြတ်၍ ဇာတ်သိမ်းသွားခြင်း အကျိုးထူးကိုမူ ထိုကျင့်စဉ်များက မပေးအပ်နိုင်ကြပေ။ မြင့်မြတ်သော အကျင့်ထူးတို့ မဟုတ်သောကြောင့်ပင်တည်း။ ကြွက်မနိုင်သဖြင့် ကျီကို မီးနှင့်ရှို့လေသော သူမိုက်၏ လုပ်ဟန်မျိုး ဖြစ်နေပေသည်။

## မဇ္ဈိမလမ်း

သမ္ဗုဒ္ဓရှင်တော်သည်ကား ကာမဂုဏ်လမ်းစဉ်ကိုလည်း အပြစ်ပြ ဝေဖန်ပြီး ပစ်ပယ်တော်မူသည်။ ခန္ဓာနှိပ်စက်လမ်းစဉ်၌လည်း အကျိုးမမြင်၍ မပြုမလုပ်ကြရန် တားမြစ်တော်မူလေသည်။

ရှင်တော်ဘုရားသည် ကမ္ဘာများစွာ၊ ဘဝများစွာ၊ နှစ်ပရိစ္ဆေဒရှည်ကြာစွာ မှုမှန်ကျင့်စဉ်ကို မနေမနား ရှာဖွေခဲ့လေ၏။ ကိုယ်တော်မြတ်၏ အတွေ့အကြုံကား သချာပြ၍မရသာအောင် များပြား စုံလင်လှဘိသည်။ ထိုအတွေ့အကြုံများကို အခြေခံပြီး မှုမှန်အကျိုးရှိသော မဇ္ဈိမလမ်းစဉ်ကို ထိုးထွင်းသိမြင်တော်မူလေသည်။

မဇ္ဈိမလမ်းစဉ်သည် ကာမဂုဏ်လမ်းစဉ်နှင့် ခန္ဓာနှိပ်စက်လမ်းစဉ်တည်းဟူသော ဝဲယာ အစွန်းကြီးနှစ်ခုကို ဖယ်ရှားပစ်သည်။ မဇ္ဈိမပဋိပဒါ အလယ်,အလတ် ကျင့်စဉ်သည်သာ လက်တွေ့အားဖြင့် ပညာမျက်စိ အသိအလင်းကို ထင်းထင်းကြီးဖြစ်စေပြီး တဏှာနှင့် တကွ သစ္စာလေးရပ်ကို ချဉ်းကပ်မြင်သိအောင် ဖန်တီးနိုင်လေပြီ။

ဤမဇ္ဈိမလမ်းစဉ်သည် ကိလေသာမီး အပြီး ငြိမ်းသတ်ခြင်းငှာလည်း ဖြစ်၏။ ရုပ်,နာမ်ဓမ္မ သင်္ခါရ ဘဝခန္ဓာတို့ကို နုပ်နုပ်စဉ်း၍

ရှင်းလင်းပယ်ရှားပစ်ရန် လက်တွေ့ကျင့်စဉ်လည်း ဖြစ်ပေသည်။ သေမင်းကို ချေမှုန်း၍ ဒုက္ခ,သုက္ခ ဟူသမျှတွေကို ပြုတ်ပြုတ်ပြုန်းစေရန်လည်း တတ်နိုင်၏။

ဤမျှ ထူးခြားမှန်မြတ်ပြီး ကောင်းကျိုးအနန္တကိုပေးအပ်သည့် မဇ္ဈိမပဋိပဒါကျင့်စဉ်မြတ်ကား အဘယ်လေနည်း။

မဇ္ဈိမပဋိပဒ်ဟူသည် မှန်မြတ်လှစွာသော သမ္မာရှုစ်ချက် ဖြစ်သတည်း။

ဤကျင့်စဉ်မှန်သည် ဗဟိဒ္ဓ ပတ်ဝန်းကျင်တွင် တည်ရှိသည် မဟုတ်၊ အနန္တတန်ခိုးဆိုသည်တွင် မှီခိုသည်မဟုတ်။ အတွေးအခေါ်လည်း မဟုတ်။ အဟုတ်သော်ကား လူသားတွင် လက်တွေ့အကျဆုံးအားဖြင့် အခြေစိုက်သည်။ လူသား၏ ကာယ, ဝစီ, မနလုပ်အားကို ဦးဆောင်သည်၊ ပဲ့ကိုင်သည်၊ လမ်းမှန်ပေါ်တင်ပေးသည်။

ဘုရားသမ္မာသမ္ဗုဒ္ဓသာလျှင် ဟောကြားပေးအပ်နိုင်စွမ်းသော ဤမဇ္ဈိမလမ်းစဉ်အရ လိုက်နာဆောင်ရွက်သောလူသားသည် တည်ငြိမ်းချမ်းသာ (သန္တိသုခ)ပန်းတိုင်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးရောက်ရှိကာ ဒုက္ခစစ်အပြစ်ဘေးမှ မုချ ကင်းလွတ်ရပေမည်။

မဂ္ဂသစ္စာ

မဇ္ဈိမပဋိပဒါ သမ္မာ ရှစ်ချက်ကား အဘယ်နည်း။

သမ္မာ ရှစ်ချက်မှာ– သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာ
ဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာသတိ၊ သမ္မာ
သမာဓိ၊

တို့ ဖြစ်ကြ၏။

သမ္မာဒိဋ္ဌိဟူသည် ထူးထူးခြားခြား သိမြင်ခြင်း၊ အမျိုးမျိုးမြင်တတ်ခြင်း၊ စူးစူးစမ်းစမ်းရှိခြင်း၊ ဆင်ခြင်တတ်ခြင်း၊ကျနစွာ မှတ်သိခြင်း၊ ချပ်ချပ်ရပ်ရပ် မှတ်သိ သိခြင်း ရှေးရှုကပ်၍ မှတ်ခြင်း၊ လိမ္မာခြင်း၊ ဖြူစင်ခြင်း၊ အခြင်းအရာထင်ခြင်း၊ ကြံကြံစည်စည်ရှိခြင်း၊ မြေထုကဲ့သို့ ကြီးမားကျယ်ပြန့်ခြင်း၊ စိတ်ဆိုး စိတ်ညစ်ကို နှိမ်နင်းခြင်း၊ ထိုးထွင်းသိမြင်ခြင်း၊ ညွှတ်ကိုင်းခြင်း၊ အထူး ရှုမြင်ခြင်း၊ လှံဖျားကဲ့သို့ ထက်မြက်ခြင် ၊အစိုးရခြင်း၊ အားရှိခြင်း၊လင်းကြည်ခြင်း၊ ရောင်ရှင်လက်ခြင်း၊ တွေဝေမှုကင်းခြင်း သဘောမျိုးဖြစ်၏ (ဓမ္မသင်္ဂဏီအဘိဓမ္မာပါဠိတော်။)

သမာဒိဋ္ဌိသည် ဒုက္ခမှန်ကိုရင်း၊ ဒုက္ခ၏ အကြောင်းမှန်ကိုရင်း၊ ဒုက္ခပြတ်စဲခြင်း အမှန်ကိုရင်း၊ ဒုက္ခကင်းရှင်းခြင်းကို တကယ်ဖြစ်စေနိုင်သည့် မဇ္ဈိမအကျင့်မှန်ကိုရင်း သိမြင်ပေသည်။

သမ္မာသင်္ကပ္ပဟူသည် နည်းမှန် လမ်းမှန်စွာ ကြံစည်ခြင်း၊ အထူး ကြံစည်ခြင်း၊ စူးစူးရှုရှုကြံစည်ခြင်း၊ အာရုံနှင့်စိတ်ကို ဆွဲစပ်ပေးခြင်း၊ စိတ်ကို အာရုံ၌ ထားပေးခြင်း သဘောတည်း။

ကာမဂုဏ်မှ လွတ်မြောက်ရေး ကြံစည်မှု၊ သူတပါးအား မပြစ်မမှား မေတ္တာထားရေး ကြံစည်မှု၊ ညှဉ်းဆဲနှိပ်စက်မှုကို ရှောင်ရှား၍ ကောင်းကျိုးဆောင်စိတ် မွေးမှုသည်လည်း သမ္မာသင်္ကပ္ပ သဘောပေတည်း။

သမ္မာဝါစာဟူသည် မုသားဆိုခြင်း၊ ဂုန်းတိုက်ခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ အပြောင်အပြက် အရွတ်အနောက် ပြောခြင်းတို့ကို ရှောင်ရှားခြင်း၊ အထူးတလည် ကြဉ်ဖယ်ခြင်း၊ မကျူးလွန်ခြင်း၊ ထို ဝစီဒုစရိုက်လေးပါးတည်းဟူသော စည်းရိုးအပိုင်းအခြားကို မကျော်လွန်ခြင်းစသော သဘောတည်း။

သမ္မာကမ္မန္တဟူသည် သတ္တဝါ၏ အသက်သတ်မှု၊ သူတပါး ပစ္စည်းကို ခိုးယူမှုနှင့် မလွန်ကျူးထိုက်သော ကာမလိုက်စားမှုတို့မှ ဝေးဝေးကြဉ်ရှောင်ခြင်း၊ အထူးတလည် ကြဉ်ဖယ်ခြင်း၊ သတိဝီရိယ ထား၍ အကြိမ်ကြိမ် ရှောင်ရှားခြင်း၊ မပြုမလုပ် မကျူးမလွန်ခြင်း၊ စည်းမဖောက်ခြင်းစသော သဘာဝပေတည်း။

သမ္မာအာဇီဝဟူသည်ကား အထက်ပါ ဝါစာလေးချက် (ဝစီဒုစရိုက်လေးပါး)၊ ကမ္မသုံးချက် (ကာယဒုစရိုက်သုံးပါး)ကို စား, ဝတ်, နေရေးအတွက် အကျိုးရှိသော်လည်း မပြုမလုပ်ခြင်း၊ လူသတ်လက်နက်များကို ရောင်းဝယ်ဖောက်ကားမှု၊ ကျေးပိုင်ကျွန်ပိုင်ဖြစ်အောင် လူကုန်ကူးမှု၊ အမဲသတ်ဖြတ်ရောင်းမှု၊ အရက်သေစာရောင်းချမှု၊ အဆိပ်ရောင်းချမှုလုပ်ငန်းတို့ဖြင့် အသက်မွေးခြင်း၊ အခြားသော မှုမမှန်သည့် အသက်မွေးဝမ်းကျောင်းကိစ္စဟူသမျှကို ကြဉ်ရှောင်ဖဲခွာခြင်း၊ မျက်နှာလွှဲခြင်းစသော သဘောပေတည်း။

(လယ်လုပ်ခြင်း၊ အမှုထမ်းကောင်းလုပ်ခြင်းစသည်က း သမ္မာ အာဇီဝတည်း။)

မြန်မာ့ရာဇဝင်တွင် ဉရောင်ရာဇဝင်မှာကဲ့သို့ လူကုန်ကူးပြီး ကျွန်သွားများပမာ ရက်စက်လှစွာ စေခိုင်းသည့် အမဲကွက်ကြီး မပါရှိသည်မှာ (၀၁) ရက်စက်လှသော ကျေးပိုင် ကျွန်ပိုင်ခေတ် မြန်မာပြည်၌ နေရာမယူခဲ့နိုင်သည်မှာ ဗုဒ္ဓအဆုံးအမဖြစ်သော သမ္မာအာဇီဝ၏ ကျေးဇူးကြောင့် ဖြစ်ခဲ့ရာ၏။

သမ္မာဝါယာမဟူသည် ဖြောင့်မှန်စွာ လုံ့လပြုခြင်း၊ မပျင်းမရိ တက်တက်ကြွကြွ ပြုလုပ်ခြင်း၊ ကြံ့ကြံ့ခိုင်ခိုင် ဆောင်ရွက်လုပ်ကိုင်ခြင်း၊ လျှော့ရဲပျော့ညံ့မှု မရှိခြင်း၊ ဆန္ဒမှန်ကိုမချခြင်း၊ ဝန်ချီခြင်း၊ တာဝန်ကျေပွန်ခြင်းစသော သဘောတည်း။

အပြစ်မကင်းသော ဒုစရိုက်တရားတို့ကို မကျူးလွန်မိအောင်ရှင်း၊ ပြုမိသော အကုသိုလ်ကံစွကို ပယ်ရှားပစ်နိုင်အောင်ရှင်း၊ ကောင်းမှုသုစရိုက်တွေ ခပ်များများ ဖြစ်ပေါ်တိုးပွားလာအောင်ရှင်း၊ စူးစိုက်ပြုလုပ်ခြင်း၊ ဦးတည်ဆောင်ရွက်ခြင်း၊ စိတ်ဆောက်တည်၍ ကြိုးစားခြင်း စသည်လည်း သမ္မာဝါယာမသဘောပင် ဖြစ်၏။

သမ္မာသတိဟူသည် မှုမှန်သောနည်းဖြင့် ကောင်းကျိုးစီးပွားဖြစ်ထွန်းစရာများကို အမှတ်တရရှိခြင်း၊ အဖန်ဖန်အထပ်ထပ် ပြန်လည်သိရှိမှု၊ စိတ်တွင် မမေ့မပျောက် ဆောင်ထားမှုစသည့် သဘာဝဖြစ်၏။

ကိုယ်အမူအရာများ, ခံစားမှုများ,သိမှုများနှင့် အခြားသော သဘောတရားတို့၌ ပညာအကူအညီဖြင့် ခဏခဏ ရှုဆင်ချင်ခြင်း၊ ပြင်းပြစွာ လုံ့လပြုခြင်း၊ မနာလို ဝန်တိုမှု,စိတ်မချမ်းမသာမှုများ မဖြစ်ရအောင် ရှောင်ရှားခြင်း စသည်လည်း သမ္မာသတိသဘောပင် ဖြစ်၏။

သမ္မာသမာဓိဟူသည် ယထာဘူတကျပြီး ကောင်းကျိုးဆုမြတ် ဖြစ်ထွန်းစရာကိစ္စ၌ မတုန်မလှုပ် စိတ်တည်ခြင်း၊ ပေါင်းရုံးစုစည်း၍ တည်တံ့ခြင်း၊သက်သက်ဝင်ဝင်ရှိခြင်း၊မပျံ့မလွင့်ခြင်း၊ စိတ်ထားမရွေ့ခြင်း၊ ငြိမ်သက်ခြင်း သဘောတည်း။

ကာမဂုဏ်များမှ ကင်းရှင်းခိုက်၊ဒုစရိုက်များမှ လင်းကြည်ခိုက်၌ စိတ်စူးစိုက်မှုရှိခြင်း၊ ဝိတက် ဝိစာရတွေ ရပ်ဆိုင်းနေချိန်တွင် စိတ်၏ ကေဂ္ဂတာကျနေမှု၊ နှစ်သက်ဝမ်းသာမှုဂယက် ငြိမ်ဆိမ်ခိုက်တွင် ချမ်းသာသုခနှင့် ပြည့်လျှမ်းသောစိတ် ဖြစ်ပေါ်မှု၊ ကိုယ်ချမ်းသာမှု၊ ဆင်းရဲမှု၊ ဝမ်းသာဝမ်းနည်းဖြစ်ရမှုတို့မှ ကင်းလွတ်နေချိန်တွင် လျစ်လျူရှုခြင်းနှင့် ထုံစိမ်အပ်သော စိတ်ဝေတ်ငြိမ်းချမ်းမှုအစုစုသည်လည်း သမ္မာသမာဓိသဘောပင် ဖြစ်ပေ၏။

## လူသား လက်စွဲကျင့်စဉ်

မင်္ဂလမလမ်းမှန်ဖြစ်သော ဤသမ္မာရှစ်ရပ်သည် လက်တွေ့လောကအဖြစ်သနစ်များတွင်လည်း အသုံးဝင်လှပုံကို ကြားညှပ်၍ သုံးသပ်ကြည့်သင်သည်။

သမ္မာဝါစာ- ကမ္မ-အာဇီဝ-ဤသုံးရပ်သည် လူသား၏ စစ်မှန်သော ကိုယ်ကျင့်တရားမွန် ဖြစ်၏။ လူသားအား အလှဆုံး

ဆင်ယဉ်သော တန်ဆာသုံးမျိုးလည်း ဖြစ်၏။ လေညာ—လေကြေ အရပ်မျက်နှာ ဆယ်ထွေလုံး၌ ရနံ့ကြူသော သီလဂန္ဓာရုံဖြစ်၏။ လောကငြိမ်းချမ်းရေး၏ ပင်မကျင့်စဉ်မှန်လည်း ဖြစ်ပါပေသည်။

လူသားတဦးသည် သူတထူး အကျိုးစီးပွား ဆုတ်ယုတ် ပျက်ပြားလေအောင် မုသားမဆို၊ အရာရာတွင် တိကျမှန်ကန်စွာ ဆိုမြွက်လေ့ရှိ၏။ လူနှင့်လူချင်း သင်းကွဲ၍ ကစဉ့်ကလျား ဖြစ်သွားရအောင် ဂုန်းတိုက်ခြင်းကိုလည်း မပြုမလုပ်၊ မညီမညွတ် မစည်းမရုံး ဗရုန်းသုန်းကားဖြစ်နေသည်ကို တွေ့ရှိပါက အတတ်နိုင်ဆုံး စေ့စပ် စည်းရုံးပေး၏။ တဖက်သား မခံမရပ်နိုင်အောင် မောက်မာရိုင်းပျသော အပြောအဆိုများကို ရှောင်ရှားပြီး သာယာချော့စွာ ဆက်ဆံပြောဆို၏။ အပြိန်အဖျင်း အတင်းအဖွတ်ကို မပြောဘဲ တည်ကြည်ခန့်ညား၍ အဓိပ္ပာယ်ရှိသော စကားကိုသာ ဆိုလေ့ရှိ၏။ ဤသို့ နှုတ်ကောင်းသော လူသားအား အဘယ်ရှုဒေါင့်မှ နေ၍ အပြစ်တင်စရာရှိနိုင်အံ့နည်း။ ဗုဒ္ဓဘာသာမဟုတ်သော လူသားနှင့် တိုင်းနိုင်ငံများကလည်း ဆိုခဲ့ပါ လူသား၏ နှုတ်ရတနာကို မည်သို့ စျေးချနိုင်အံ့နည်း။

သတ်ဖြတ် ညှဉ်းဆဲခြင်းမရှိမူ၍ မေတ္တာစိတ်ဖြင့် ကြည်လင် ရွှင်ပျသော မျက်နှာထားရှိသူ၊ ခိုးယူလုယက် တိုက်ခိုက်မှုများကို လုံးဝရှောင်ရှားပြီး သူတပါးအား အစဉ်သဖြင့် ထောက်မကူညီ လေ့ရှိသူ၊ အလွန်တရာ မခံချင်စရာကောင်းလှသော သူတထူး၏ ချစ်ဇနီးနှင့် ချစ်သမီးစသည်တို့အား ဖောက်ဖောက်ပြားပြား ပြစ်မှားစော်ကားခြင်းစသော အောက်တန်းစားအလုပ်ကို လက်

သင့်မခံဘဲ သမ္မာအာဇီဝ အကျင့်ထူးရှိသောသူ၊ ဤသို့ ကိုယ်မူ ဟန်ထားဖြင့် မြင့်မားသောလူသားသည် တကယ့်လူသားမှန်ပင် မဟုတ်တုံလော။

စား ဝတ် နေရေးအတွက် အမြတ်ထွက်စရာ ရှိသော်လည်း ကောက်ကျစ်စဉ်းလဲမှုမျိုး၊ တပါးသူများအား ချနင်း၍ မိမိ၏ ကြီးပွားမှုများကိုသာ ရှာဖွေမှုမျိုး၊ အယုတ္တ–အနုတ္တ ပြောဆို ရေးသား၍ သူတထူးအား သိက္ခာချခြင်းအားဖြင့် ကိုယ့်ထမင်းလုပ် ကြီးထွားလာအောင် ဖန်တီးခြင်းမျိုး၊ ဝိသမလောဘဖြင့် မတရား အကျိုးအမြတ်ရှာဖွေခြင်းမျိုး၊ ဤသို့စသည်ဖြင့် နှုတ်ကျင့်ယုတ်မှု, ကိုယ်ကျင့်ယုတ်မှုမျိုးကို အောင့်နှလုံးနာလှစွာဖြင့် ရှောင်ဖယ်လေ့ ရှိသောသူ၊ ကောင်းမွန်ရိုးသားစွာ လုပ်ကိုင်၍ ဓမ္မိယလဒ္ဓပစ္စည်း ဖြင့် ရောင့်ရဲတင်းတိမ်နေနိုင်သူဟူသမျှမှာ ရုပ်ရည်ပင် ဆိုးသော် လည်း အတိုးနှင့် ချစ်စရာကောင်းသော လူသားမွန်တဦး မဟုတ် ပါလော။

သို့သော် ဤသို့သော နှုတ်ပန်းအလှနှင့် ကာယပုံမှန်တို့ ဖြစ် ထွန်းလာစေရန်အတွက် ဉာဏလုပ်အား၏ အကူအညီ များစွာ လိုအပ်ပေသည်။ သဘာဝ တရားကြီး၏ လျှို့ဝှက်နက်နဲသော လက္ခဏာအမှန်ကို ယထာဘူတကျစွာ ကြံစည်သုံးသပ် ဆုံးဖြတ်ခံယူ နိုင်မှုသည် မရှိလျှင်မဖြစ်သော ဉာဏစွမ်းရည်ဖြစ်၏၊ သမ္မာသက်ပွ နှင့်သမာဒိဋ္ဌိသည် ပညာရေးစခန်းမှ ဉာဏလမ်းကြီး ဖြစ်ပေသည်။

## အမြင်မှန်

လူခပ်များများသည် အမြင်မှန်ကို မက်မောကြပြီး အမြင်မှန် ဟူသော ဝေါဟာရကို တွင်တွင်ကြီး သုံးခဲ့ကြ၏။ သို့သော် အမြင်

မှန် ရရှိရေးအတွက် မည်သို့သောအရာကို အခြင်းအနှီးပြုရမည် ဆိုသည်ကိုမူ သတိပြုမိကြဟန် မတူပေ။

လေးသစ္စာနှင့် ကမ္မဘာသိန်း ချိန်တာပတ်လုံး အပြင်းအပြကြိုးစားရှာဖွေခဲ့သဖြင့် အမြင်မှန် (သမ္မာဒိဋ္ဌိ)ကို တကယ်ရရှိခဲ့သော မြတ်ဗုဒ္ဓက အကြံအစည်မှန်၊ အမြင်မှန်ကို ရှာဖွေရာတွင် ပထမဦးစွာ မူထားမှန်မှန် စိတ်ထား တည်ဘဲခိုင်မြဲမှု (သမ္မာသမာဓိ)ဖြင့် အရင်းတည်ရသည်ဟု ဟောပြထားပေသည်။

မှန်ရာကန်ရာတွင် စိတ်ဓာတ်တည်ကြည်မှု ရှိနေအောင်လည်း နည်းလမ်းမှန်ကန်စွာ သတိ ဆောင်ကပ်ထားခြင်း ရှိရမည်ဖြစ်ပေသည်။ ဤသို့ ပုံမှန် သတိ မပြတ်မလပ် ရှိနေစေရန်အတွက်လည်း ယထာဘူတကျကျ ကြိုးစားအားထုတ်မှု (သမ္မာဝါယာမ) မှာ အချက်အချာကြီး ဖြစ်ပေသည်။

သမ္မာဝါယာမ မရှိလျှင် သမ္မာသတိ မဖြစ်နိုင်။ သမ္မာသတိ မဖြစ်လျှင် သမ္မာသမာဓိ မရနိုင်။ သမ္မာသမာဓိ မရပါလျှင် သမ္မာဒိဋ္ဌိ(အမြင်မှန်) အလင်းရောင် မထွန်းလင်းနိုင်ပါ။

ထို့ကြောင့် အမြင်မှန် (သမ္မာဒိဋ္ဌိ)ကို လိုလားသူတိုင်းသည် ဒုစရိုက်အညစ်အကြေးတို့ကို သွေဖည်ရှောင်လွှဲနှင့်ပြီး မူထားမှန်မှန် စိတ်တည်ကြည် စူးစိုက်ရေး(သမ္မာသမာဓိ)ကို ထူထောင်စုဆောင်းနှင့်ရမည်ဟူသော အချက်ကို နားလည်ထားရမည်ဖြစ်သည်။

သို့ဖြစ်လျှင် တည်တည်တံ့တံ့ ခန့်ခန့်ထယ်ထယ် ဝေဖန် မြော်မြင် ကြံဆ အနုမာနအားဖြင့် ချဉ်းကပ်၍ ယထာဘူတဉာဏ် လောကအမြင်မှန် ရရှိလာသော လူသားသည် မိမိ၏ ကာယလုပ်အား၊ ဝစီလုပ်အား၊ ဉာဏလုပ်အားများကို မိမိအပါအဝင် လူ

သားလောက၏ ကောင်းကျိုးဖြစ်ထွန်းရေး ကိစ္စရပ်များမှာသာ အသုံးချပေရာတော့၏။ လူမျိုးဒုတ်အဖြစ်မျိုးသို့ အရောက်ခံမည် မဟုတ်တော့ပေ။

## ငြိမ်းချမ်းရေး အစစ်အမှန်

ဤ ဝါစာ၊ ကမ္ဘာ၊ အာဇီဝ မှုမှန်လမ်းစဉ်ကို ယခုကျင့်သုံးလျှင် ယခုပင် အကောင်အထည် ပေါ်နိုင်၏။ငွေကုန် လူပန်းခံစရာလည်း မလို၍ဖြစ်၏။ လူသားခပ်များများသည် ဤ မှုမှန်လမ်းစဉ်ပေါ်သို့ ရောက်ရှိလာပါက ထိုလူသားကိုယ်တိုင်နှင့် ပတ်ဝန်းကျင်လောက ၏ ငြိမ်းချမ်းသာယာမှုသည် သူ့အလိုလို ရပ်တည်လာပေမည်။ ထိုအခါတွင်ကမ္ဘာ့ရဲရုံးကြီးများ၊ စစ်ဌာနကြီးများမှာ အသိပညာ, အတတ်ပညာသင် ဌာနကြီးများအဖြစ်သို့ငင်း၊ အပန်းဖြေရိပ်သာ ကြီးများ အသွင်သို့ငင်း၊ အမှန်တရားရှာဖွေရာ ရိပ်သာကြီးများ အနေသို့ငင်း ပြောင်းလဲသွားနိုင်ပေမည် ဖြစ်၏။

အကြောင်းမှာမူ သမ္မာလူသားများ စုပေါင်းနေထိုင်ကြသော ကမ္ဘာကြီးတွင် သေနတ်၊ အမြောက်၊ ဗုံးနှင့် ရာဇဝတ် ဥပဒေ များမှာ များစွာ အသုံးဝင်မည်မဟုတ်။ အချုပ်၊ ထောင်၊ စစ် ဟူသော ဝေါဟာရတို့သည်လည်း ခေတ်စားမည် မဟုတ်သော ကြောင့်တည်း။

သမ္ဘက္ကိခေတ်ဟု နားလည်ခဲ့ကြသော ယခင့်ယခင်အခါဆီကမူ သမ္မာလူသား ဦးရေများသောကြောင့် ဆိုခဲ့ပါ အခြေအနေမှန် များဖြင့် ကမ္ဘာအား တန်ဆာဆင်နိုင်ခဲ့ဘူးလေပြီ။

လူမျိုးရေး အခက်အခဲကြီးများ၊ ဘာသာရေး ထိပါးမှုများ၊ အသားအရောင်ခွဲခြား၍ မုန်းထားရန်ပွားမှုများနှင့် အခြားသော ပဋိပက္ခ အသွယ်သွယ်တို့သည် သမ္မာလုသား ထူထပ်သောဒေသတွင် ခေါင်းထောင်နိုင်စရာ ကွက်လပ်ကျယ်ကျယ် မရပေကုန်။

လူသားသည် မိမိလုပ်အားကို ဒုစရိုက်အတွက်ငှင်း၊ အခြားသူများက မိမိအား စော်ကားပြုလုပ်သော ဒုစရိုက်မှုကိုကာကွယ်ရန် အတွက်ငှင်း၊ အသုံးချရန်မလိုလျှင် မိမိ၏လုပ်အားကို ကောင်းရာ ကောင်းကြောင်းဘက်၌ ပို၍ပို၍ အားစိုက်လာမည်မှာ ဓမ္မတာပင် ဖြစ်၍ ကြောင့်ကြစိုးရိမ်မှု မသန်းရဘဲ လုပ်ခွင်ဝင်နိုင်ပါက အလုပ် ပိုမိုတွင်ကျယ်မည်မှာ မလွဲတည်း။ ယုတ်စွအဆုံး အိမ်ယာပစ္စည်း၊ ဇနီး၊ သားသမီး စသည်တို့အတွက် နောက်ဆံမတင်းရခဲ့သော် ထိုသူသည် အလုပ်ကို ဖြောင့်ဖြောင့်လုပ်နိုင်သည်က သာဓက ဖြစ်ပေသည်။

မဇ္ဈိမပဋိပဒါ သမ္မာလမ်းစဉ်သည် အများစု၏ လက်သုံးဖြစ်လာသောအခါ၌ လူနှင့်လူချင်း မတရားညှဉ်းဆဲမှု၊ အနိုင်ယူမှု၊ ခေါင်းပုံဖြတ်မှု စသော မသတီစရာ ထွေထွေထွမ်းစရာများမှာ နေခြည်ကြောက်သည့် နှင်းပေါက်ပမာ သွေ့ခြောက် ပျောက်ကင်းသွားပေမည်။ စီမံကိန်း အကြီးအကျယ်ချပြီး လုပ်ဆောင်ရန်ပင် မလိုအပ်တော့ချေ။

လူတန်းစားခွဲခြားမှုဟူသော စာတမ်းကိုလည်း ပြတိုက်တွင် သိမ်းဆည်းထားရမည့် အခြေသို့ ဆိုက်ရောက်ပေရာသည်။

## တန်းခွဲတန်းချ သဘာဝ

ဗုဒ္ဓတရားတော်အရ လူတန်းစား ကွဲပြားမှုကို ကြည့်မြင်ရာ၌ စီးပွားရေးအားဖြင့်သော်၎င်း၊ ရာထူးဌာနန္တရအားဖြင့်သော်၎င်း၊ မျိုးရိုးဇာတိ ဂုဏ်ဒြပ်အားဖြင့်သော်၎င်း ကြည့်မြင်သည်မဟုတ်ပေ။ ၎င်းတို့ကား အပေါ်ယံက အလွှာပါးများသာ ဖြစ်ပေသည်။ စင်စစ် သမုဒ္ဒရာ ရေမျက်နှာပြင်ပေါ်က ရေပွက်များပမာ အပယိက်များသာ ဖြစ်သည်။

လူသားအချင်းချင်း ကတ္တာခြားနေသောအရာကို အခြေခံကျကျ သုံးသပ်ဆင်ခြင်ပါလျှင် ၎င်းတို့၏ ကာယ၊ ဝါစာ၊ ဉာဏ လုပ်အား စွမ်းရည်သာဖြစ်ကြောင်း ကွက်ကွက်ကွင်းကွင်း သိမြင်နိုင်ပေသည်။ ဆိုးညစ်သောလုပ်အားကို အသုံးပြုဖန်များသောသူများမှာ အောက်တန်းစား လူ့ဟီနများဖြစ်ပြီး မွန်မြတ်သန့်စင်သော စွမ်းရည်ကို သရုပ်ဖော်သူများသည် အထက်တန်းစား လူ့ပဏ္ဍိတတို့ ဖြစ်ကြ၏။

ခိုးဆိုးမိုက်မှောင်နေသော သေဌေးကြီးနှင့် အထက်တန်း အရာရှိ လူမလိုင်ခဲ ဦးလှချောအား ဆုတော်ငွေပေးအပ်ချီးမြှင့်၍ သမ္မာအာဇီဝဖြင့် ရိုးရိုးကုပ်ကုပ် လုပ်ကိုင်စားသောက်နေသော လယ်လုပ်သား ဦးရုပ်ဆိုးအား ထောင်ဒဏ်စီရင်ရန် မည်သည့်ဘိုင်းပြည်မှာမှ ဥပဒေမရှိချေ။ ထို့ကြောင့် တန်းခွဲတန်းချ စနစ်သည် အမှန်အားဖြင့် ဥစ္စာဓန အပအခြံအရံများ၌ မူမဘည်ဘဲ လူသား၏

ကာယ,ဝါစာ,ဉာဏ သရုပ်ဖော်မှု၌သာ အခြေစိုက်ကြောင်း မသိ မမြင်နိုင်စရာ မရှိချေ။

သို့သော် ထိုသို့လူနှင့်လူချင်း ကွာဟနေမှုမျိုးကို သမ္မာ လူသား လောက၌ မှန်ဘီလူး အကောင်းစားဖြင့် ရှာဖွေကြည့်ရှုသော်မှ တွေ့မြင်နိုင်စရာ မရှိပေ။

## အစစ်အမှန် တိုးတက်ကောင်းစားလိုလျှင်

ခေတ်ကြီးကိုက မကောင်းပါဘူး၊ ပြုပြင်လို့ မရပါဘူးဟု ခပ် ပေါ့ပေါ့ ခံယူထားသူများမှတပါး လူ့လောက တိုးတက် ကောင်း စားရေးကို ဖြစ်ဖြစ်မြောက်မြောက် ဆောင်ရွက်ကြိုးပမ်းသူတိုင်း သည် ဆိုခဲ့ပါ သမ္မာလမ်းစဉ်ကို အဘယ့်ကြောင့် မစဉ်းစားရဲဘဲ နေရအံ့နည်း။

သမ္မာလမ်းစဉ်၌ ပျော့ကွက်မရှိပါဘဲ ၎င်းတို့ ဇွတ်ဒရွတ် မျက်နှာလွှဲရန် ကြိုးစားပြီး တိုးတက်ရေးကို လုပ်ဆောင်နေသည် ဆိုလျှင် ငြိမ်းချမ်းစွာ အောင်မြင်ရေး၊ သာယာဝပြော စည်ပင် ရေးကို မည်သည့်အခါတွင် ရရှိနိုင်ပေမည်နည်း။

လူ၏ အတွင်းပိုင်း သဘာဝအခြေခံနှင့် ကွာဟနေသော စီမံ ကိန်းသည်၎င်း၊ လုပ်ဆောင် ကြိုးပမ်းချက်သည်၎င်း လူသား၏ စစ်မှန်သော ကောင်းကျိုးစီးပွားကို ရေရှည်ဆောင်ရွက်နိုင်ရန် မဖြစ်နိုင်ပေ။ ဤအချက်ကို မျက်ခြည်ပြတ်ခံရမည် မဟုတ်ချေ။

တိုင်းပြည်တပြည်ကို ပြုပြင်သည်ဟူရာ၌လည်း ပဓာနအားဖြင့် လူကို ပြုပြင်ရခြင်းပင်ဖြစ်၏။ လူသည်သာ အခြေခံ အကျဆုံး

တိုင်းပြည်၏ပစ္စည်းဖြစ်၏။ စစ်တပ်တတပ်သည် မည်မျှပင် လက်နက်ဆန်းများ တောင့်တင်းစေကာမူ လူမပာန်ပါက ထိုက်တန်သော အောင်ပွဲကို မရရှိနိုင်ရုံသာမက ရန်သူ၏ချေမှုန်းမှုကိုပင် ခံရတတ်သည်ကို ပမာဆောင် စဉ်းစားနိုင်၏။

ထို့ကြောင့် ပြဿနာအရပ်ရပ်ကို ဖြေရှင်းရာ၌၎င်း၊ စီမံကိန်းအထွေထွေကိုချ၍ လုပ်ဆောင်ရာ၌၎င်း၊ လူ၏ မူရင်း အတွင်းသဘောသွားနှင့် ချပ်ချပ်ရပ်ရပ် အပ်စပ်နေစေရန် အရေးတကြီး သတိထားနှင့်ရပေမည်။ သို့သော် လူ၏အတွင်းသဘာဝရိုင်းများကို ပတ်ဝန်းကျင်မှ ထက်မြက်သော နည်းစနစ်မှန်များဖြင့် ကျုံးချပြီး လိုသလို ပုံသွင်းယူ၍ ရတန်သလောက် ရပေသေးသည်။

အချို့သူများသည် လူသားတွင် အရေးကြီးဆုံး ဖြစ်သည့် စေတနာ၊ သဒ္ဓါ၊ သတိ၊ သီလ၊ သမာဓိ၊ ပညာစသော နာမ်ပိုင်းဆိုင်ရာ သဘောတရားမျိုးကို သိက္ခာချ၍ နောက်လိုက်ယိုသားအတန်းစားထဲ၌ ထည့်သွင်းထားကြ၏။ စင်စစ် အသုံးခံပစ္စည်းမျှသာဖြစ်သော ရုပ်ဒြပ်ကိုမူ ရှေ့တန်းတင်ပြီး အာဏာကုန် အပ်နှင်းကြလေသည်။ ဤခံယူချက်အား ကိုယ်ထည်ပြု၍ ဝါဒအထွေထွေ စီမံကိန်းအရပ်ရပ် သတ်မှတ်ပြဋ္ဌာန်းကြကုန်သည်။

ထို့ကြောင့် ၎င်းတို့၏ လုပ်ဆောင်ချက်နှင့် လူသား၏ သဘာဝမှန်တို့အကြားတွင် ဟင်းလင်းပွင့်နေသော အကြားကြီးကို အဝေးမှပင် မြင်သာနေပေသည်။

ထိုဝါဒ၊ ထိုစနစ်တို့အောက်တွင် ရုပ်ဒြပ်ကြီးများ ထွားထွားကျိုင်းကျိုင်း ဖွံ့ဖြိုးလာချင်လာမည်ဖြစ်သော်လည်း လူသားများမှာမူ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်ဒုက္ခလောင်မီး တဟုန်းဟုန်းတောက်

ခြင်း၊ ကိုယ်ကျင့်တရားနှင့် ဉာဏစွမ်းအားတို့ တရှိန်ထိုး ကျဆင်းခြင်း စသော ဒုက္ခပင်လယ်ကြီးအတွင်းမှာ စိတ်ပျက်ညှိုးငယ်လျှစွာဖြင့် လက်ပစ်ကူးနေကြရရှာပေမည်။

အမှန်မှာ လူသား၏ မူမှန်ရင်းမြစ်သဘာဝကို မောင်းဆုံးနှိုက်လေ့လာပြီး လောကီဆိုင်ရာ သမ္မာရှစ်ချက်ကို အခြေခံ၍ သရုပ်ဖော် ကိုင်တွယ်သော 'ဟန်'ဖြင့်သာလျှင် လူနှင့် လူ့လောကကို တကယ်ဖြစ်သော ငြိမ်းချမ်းသာယာဝပြောမှု၊ စည်ပင်တိုးတက်မှုတို့ဖြင့် ထာဝရ အလှပြင်နိုင်ပေမည်။

ဤသည်မှာ ဗုဒ္ဓမြတ်စွာ၏ အလိုတော်ကျ ဖြစ်ရုံမျှမက လက်တွေ့ ဖြစ်ရပ်များက မြင်သာအောင် ပြသနေသော ယထာဘူတ ဓမ္မလမ်းစဉ်ဖြစ်ပေသည်။ ကမ္ဘာ့လူသားတို့၏ အချို့သောလုပ်ဟန်ကိုင်ဟန်များသည် (သူတို့ ခြေခြေမြစ်မြစ် မသိရှိသော်လည်း) ဤမဇ္ဈိမလမ်းစဉ်တွင် တစွန်းတစ ကျရောက်နေသောကြောင့် အောင်မြင်တန်သလောက် အောင်မြင်နေကြပေသည်။

**မဂ်ခရီး**

ယခုအခါ လောကမှ လွတ်မြောက်ရေးအတွက် ဆက်လက်လေ့လာကြပါဦးစို့။ တဏှာအမြစ်ကို ပယ်နုတ်သုတ်သင်၍ ရုပ်နာမ်ဓမ္မ ဘဝပင်စည်ကြီးကို အတုံးအရုံး ဖျက်ဆီးပစ်ရန် (ဝါ) ဒုက္ခစစ်ကို အောင်နိုင်ရန် မဇ္ဈိမလမ်းစဉ်ဖြစ်သော သမ္မာရှစ်ချက် လက်နက်ထူးကို အသုံးချရပေမည်။

လောကုတ္တရာ သမ္မာရှစ်ချက်ကို လက်စွဲပြုလျက်ရှိသောလူသားသည် တည်ရှိချမ်းသာ (သန္တိသုခ) မြနန်းသာဆီသို့ တရွေ့ရွေ့

ချီတက်နေစဉ်အတွင်း စစ်မဲ့ဒေသကြီးများကို ဖြတ်ကျော်သွားနိုင်မည်ဖြစ်၏။ လူကာန်းစား ညီမျှပြီး ငြိမ်းချမ်းသာယာဝပြောမှုဘင်းပြည့်ကျပ်ပြည့်ရှိသော မြို့ရွာတောစခန်းများတွင် အပန်းဖြေနိုင်မည်လည်း ဖြစ်ပေသည်။

သူသည် ရဲဌာနများနှင့် တရားရုံးကြီးများ၏ စည်ကားမှုကိုတွေ့သိရမည် မဟုတ်သည့်အပြင် ထောင်အုတ်ရိုးများကိုလည်းမော်၍ ကြည့်မြင်ရမည် မဟုတ်ချေ။ ခေါးတပျက် ဒုတ်တပျက်ရှုန်ပွဲများတွင် သက်သေပါရန်အခွင့်လည်း မရှိတော့ချေ။

ထိုလူသားသည် ငြိမ်းငြိမ်းချမ်းချမ်း၊ လန်းလန်းရွှင်ရွှင် ကြည်လင်သော စိတ်ထားဖြင့် သူ၏ပန်းတိုင် (တည်ရှိချမ်းသာ) ဆီသို့ဘလှမ်းချင်း တိုးတက်သွားပေရာ၏။ စစ်ခရာသံအစား ကြေးငည်သံ၊ ခေါင်းလောင်းသံ၊ ဆည်းလည်းသံတို့က သူ့အား ခရီးဦးကြိုပြုလာပေမည်။ သူ၏စိတ်တွင် စိမ့်၍စိမ့်၍ နှစ်သက်ကြည်နူးလာပေတော့မည်။

သူသည် ဘုရားစေတီရိပ်တွင် သမ္မာရှစ်ချက် မြစလှယ်ဆင်သပြီး အထူးသဖြင့် သမ္မာသတိ၊ မဟာသတိ နဂါးပတ်ကျော့ကွင်းကိုခပ်တင်းတင်း ဆုပ်ကိုင်ထားလေပြီ။ သူ၏ သတိကျော့ကွင်းသည် ကာမ္ဘာလောက အနှံ့အပြား ကာမဂုဏ်အာရုံ ဒီလှိုင်းကြား၌ ဆော့ချင်တိုင်းဆော့၊ ကြမ်းချင်တိုင်းကြမ်း၊ ရမ်းချင်တိုင်း ရမ်းနေသော စိတ်နဂါးကို ချော့၍ခေါ်ယူနေပြီ။ သတိနှင့် စိတ်ရိုင်းသည် · လိုက်ဘမ်း ပြေးတမ်း ကစားသလို ဖြစ်နေပြီ။ တခါတရံ အားပြိုင်၍ပင်နေကြ၏။ သတိက နိုင်လိုက်, စိတ်ရိုင်းက နိုင်လိုက်အားဖြင့် တထွေးလုံးလုံးလည်း ဖြစ်နေတတ်၏။

သို့သော် သမ္မာဝါယာမ၏အားပေးမှု မှန်မှန်ရနေသော သူ၏ သတိသည် 'သမ္မာ' အဆင့်သို့ အားဖြည့်ရောက်ရှိလာရာ စိတ်နဂါး သည် တဖြေးဖြေးချင်း အလျှော့ပေးလာရသည်။ အာရုံကမ္မဋ္ဌာန့် ရေယဉ်ကြောမှ တဖြေးဖြေးချင်း တပ်ခေါက်ပြန်လာရ၏။

နောက်ဆုံးတွင် သမ္မာသတိကျော့ကွင်းဖြင့် စိတ်နဂါးကို ဖမ်းဆီး၍ ယောဂီ၏ ကိုယ်တွင်း၌ပင်လျှင် အကျဉ်းချထားလိုက် နိုင်လေပြီ။ စိတ်နဂါးသည် ယောဂီ၏ကိုယ်ထဲတွင် ညှပ်ပူးညှပ်ပိတ် မိနေပြီး တဖြေးဖြေးချင်း ဝပ်၍ ငြိမ်၍လာပေတော့သည်။

တည်တည်ခန့်ခန့် သန့်လှတဲ့စိတ်ကလေးတွင် အမြင်မှန် (သမ္မာ ဒိဋ္ဌိ)သည် နေရာယူလာတော့၏။ စူးရှသော ပညာဉာဏ်က ယောဂီ ၏ကိုယ်ခန္ဓာထဲတွင် ခိုင်မာတည်မြဲသော နိစ္စတရားကို မွှေနှောက် လှန်လှောရှာဖွေကြည့်၏။ ချမ်းသာသုခသဘာဝကို ထောက်လှမ်း မေးမြန်းကြည့်၏။ နာမည်ကြီးလှတဲ့ အတ္တကောင်အကြောင်းကို စုံစမ်းမေးမြန်းကြည့်၏။

သို့သော် ယောဂီလူသား၏ ခြေဆုံးခေါင်းဆုံး တကိုယ်လုံးတွင် တည်မြဲမှုနိစ္စတရားကိုလည်း မတွေ့ရ၊ ချမ်းသာစစ်သုခကိုလည်း မသိရ၊ အတ္တကောင်ဆိုသည်ကိုလည်း မမြင်ရ ဖြစ်လေပြီ။ အနှံ့ စင်စစ် ရုပ် နာမ်ဓမ္မတို့၏ အစုအဝေးမျှကိုသာ ပြတ်သားစွာ မြင်သိရပြီး ရုပ်ဓမ္မ နာမ်ဓမ္မတို့၏ တဖွားဖွား ဖြစ်ပျက်ပြောင်းလဲ နေပုံ ဓမ္မနိယာမကြီးကိုသာ ရှုမြင်ရလေသည်။

ယောဂီ၏ဉာဏ်သည် ဖြစ်ပျက်ပြုပြင်ပြောင်းလဲမှုဒဏ်ချက်ဖြင့် ပျော့နေသော ကိုယ်ကာယကို မြင်၏။ ဒုက္ခဒုက္ခ၊ သင်္ခါရဒုက္ခ၊ ဝိပရိဏာမ ဒုက္ခတရားတို့ဖြင့် ထုထောင်း နှိပ်စက်ခံနေရသည်ကို

မြင်၏။ အတ္တဟူသည် အစအနမျှသော်မှ မရှိဘဲ၊ ဓမ္မနိယာမအတိုင်း ဖြစ်ချင်တာ ဖြစ်နေပြီး ပုဂ္ဂိုလ်၏ လိုအင်ဆန္ဒသို့ ငဲ့ကွက်လိုက်ပါခြင်း အရှင်းမရှိသော အနတ္တသဘာဝကိုသာ မျက်ဝါးထင်ထင် အမှန်မြင်ရချေပြီ။

ဤသို့လျှင် ကိုယ်ကာယ၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာ ပေါက်ရောက်၍ ဒုက္ခအမှန်သဘာဝကို ထိုးထွင်းသိမြင်လိုက်သည်နှင့်တပြိုင်နက်တည်းမှာပင် သံသရာတလျှောက်လုံး၌ အထင်မှားပြီး သူ့ကိုယ်သူ ကပ်ငြိတွယ်တာချစ်ခင်လာမှုသည်လည်း ကွာကျသွားလေတော့သည်။

ပမာဆိုစို့။ ထင်းခုတ်သမား သားအဖနှစ်ယောက်သည် မျက်စိလည်လမ်းမှား၍ လူရိုင်းတို့ရွာသို့ ညအချိန်ရောက်သွားလေရာ လူရိုင်းတို့က ကျွေးသောထမင်းဟင်းကို မှောင်ကြီးမဲမဲထဲမှာပင် စားကြရ၏။ ဟင်းချိုတခွက်မှာ ချိုလှ ကောင်းလှသဖြင့် ခေါက်ဆွဲဟင်းချို ထင်မှတ်ပြီး သားအဖနှစ်ယောက်သည် အားရပါးရသောက်ကြလေသည်။ ထိုဟင်းသည် ကောင်းလှပုံကိုလည်း စွဲတမက်မက် ဖြစ်နေပေသည်။

နောက်တနေ့ နေ့ခင်းတွင် ထိုဟင်းချိုမျှင်ဖြင့် ထမင်းကျွေးပြန်ရာ နေရောင်၏အလင်းဖြင့် ထိုဟင်းချိုကို မြင်လိုက်ကတည်းက သားအဖနှစ်ဦးသားမှာ နဂိုက အကောင်းထင်ခဲ့သမျှ၊ စွဲမက်ခဲ့သမျှ တိကနဲ ပြတ်သွားပြီး ရွံလှ မုန်းလှသဖြင့် ပျို့အန်မတတ်ဖြစ်ကုန်လေသည်။ အကြောင်းကား ထိုဟင်းချိုမှာ သူတို့ထင်တိုင်း ခေါက်ဆွဲဟင်းချိုမဟုတ်ပဲ တီကောင်ဟင်းချို ဖြစ်နေသောကြောင့်တည်း။

ဓမ္မရှုဒေါင့်မှကြည့်လျှင် လူသား၏ ခန္ဓာပဉ္စကသည် တီကောင်ဟင်းချိုသဖွယ်ဖြစ်၏။ နေရောင်အလင်းသည် လောကုတ္တရာသမ္မာဒိဋ္ဌိအမြင်မှန်နှင့် တူ၏။ အဝိဇ္ဇာသည် ညမှောင်ထုနှင့် တူ၏။ သားအဖနှစ်ဦးသားတို့၏ စွဲမက်မှုသည် တဏှာနှင့် တူပေသည်။

တီကောင်ဟင်းချိုမှန်း အတိအကျသိမြင်ပါလျှင် မစွဲမမက်, မတွယ်မတာသည့်အပြင် ရွံပင် ရွံလှုပြီဖြစ်သောကြောင့် ထိုဟင်းချိုမျိုးကို ရရှိအောင်၊ ခံစားရအောင် ကြိုးစားတော့မည်မဟုတ်သည်မှာ သေချာပေသည်။

ခန္ဓာပဉ္စကကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ စင်စစ်ဘဲဟု ယထာဘူတကျကျ ထိုးထွင်းသိမြင်ပြီးသော ယောဂီသည်လည်း အဘယ်သို့လျှင် ခန္ဓာပင်စည်အား ရေလောင်းတော့မည်နည်း။

ဤသို့လျှင် လက္ခဏာအမြင်ပေါက်၍ တဏှာအငမ်းဓာတ်သေ့ခြောက်သွားသည်ဆိုလျှင်ပင် ၎င်းအား မြစ်ဖျားခံ၍ ပေါ်ပေါက်နေရသည့် ဒုက္ခ သုခဟူသမျှတို့လည်း ရပ်တည်ရာမရှိတော့ဘဲ ထွက်ခွာ သွားရတော့၏။ ဒုက္ခထွက်ခွာသော နေရာလပ်တွင် ထိုလူသားသန္တာန်၌ ဘယ်တုန်းကမှ မပေါ်ပေါက်ဖူးသော သန္တိသုခ (တည်ငြိမ်းသာ)သည် ချက်ခြင်းဝင်ရောက်လာပေတော့သည်။ ဤသည်ကား တရားအရသာမှန်ကို မိမိစိတ်၌ ကပ်၍ဆောင်နိုင်ခြင်း (ဩပနေယျိက) ဖြစ်ပေသည်။

## မဂ်ဉာဏ် အလင်း

ဆိုခဲ့ပါအတိုင်း ဖြစ်ပေါ်သော အစီအစဉ်သည် လွန်စွာလျင်မြန်လှ၏။ တပြိုင်နက် တချက်တည်းသာ ဖြစ်ကြပေသည်။

ဥပမာအားဖြင့်ပြဆိုရသော် မှောင်နှင့်မဲမဲ ညခါတွင် လိုဏ်ခေါင်း တခုထဲ၌ ကျ၍ပျောက်နေသော ပစ္စည်းတခုကို မီးထွန်း၍ ရှာဖွေသည်ဆိုပါစို့။ ထိုအခါ လိုဏ်ဂူထဲဝင်ပြီး မီးထွန်းလိုက်သည်နှင့် တပြိုင်နက် မီးရောင်ကြောင့် ထိုပျောက်နေသောပစ္စည်းတို့ကို မြင်တွေ့ရသည်။

ဤဥပမာ၌.... မီးရောင်လင်းခြင်း၊ မှောင်ထုချောက်ခြင်း၊ ပစ္စည်းကိုမြင်ခြင်း၊ သောကပျောက်၍ ဝမ်းသာမှုရောက်ခြင်းသည် သဘာဝအတိုင်း တချိန်ထဲမှာပင် တိတိကျကျ ဖြစ်ရပေသည်။

ဤအတူပင် သမ္မာရှစ်ချက်မဂ္ဂသစ္စာသည် လိုအပ်သော အရည်အချင်းသို့ ရောက်လာ၍ မဂ်ဉာဏ်အလင်း ပေါ်ပေါက်လာခြင်း၊ ဘဝခန္ဓာကို ဒုက္ခသစ္စာဘဲ၊ ဆင်းရဲစစ်ပဲဟု ဇာတိရုပ်အတိုင်း မြင်သိခြင်း၊ သမုဒယသစ္စာ တဏှာအငမ်း ဗရမ်းဗတာ ပျက်စီးရခြင်း၊ နိရောဓသစ္စာ (သန္တိသုခ)ကို မျက်မှောက်ပြုလိုက်ရခြင်းသည် ဓမ္မနိယာမအတိုင်း တပြိုင်နက်တချက်တည်း ဖြစ်ရလေသည်။ မဂ်ဉာဏ်အလင်းသည် ဤကိစ္စအားလုံးကို တာဝန်ယူ၍ ပြီးစီးစေလေသည်။ (သဂြိုဟ်ကမ္မဋ္ဌာန်းပိုင်း-ဝိသုဒ္ဓိမဂ် ဒုတိယအုပ်)

မီးရောင်သည် မဂ္ဂသစ္စာ၊ မှောင်ထုသည် ဝိဇ္ဇာအရင်းခံသော သမုဒယသစ္စာ၊ ပစ္စည်းဝတ္ထုသည် ဒုက္ခသစ္စာ၊ ရင်အေး-ချမ်းသာ ပီတိပြာမှုသည် နိရောဓသစ္စာဟူ၍ ပုံကပ်စဉ်းစားနိုင်ပေသည်။

မှောင်ထုက ဖုံးဖိထားသဖြင့် ပစ္စည်းဝတ္ထုသည် ဤနေရာ၌ ရှည်ကြာစွာ တည်နေနိုင်ခြင်းဖြစ်၏။ ယခုသော် မှောင်ထုလည်းရှေ၊ ပစ္စည်းလည်း တွေ့ပြီမို့ ထိုပစ္စည်းသည် နေမြဲနေရာနှင့် အိုးစားကွဲရပေတော့သည်။

ဤ လောကဥပမာအတိုင်းပင် တဏှာဖုံးအုပ်ချက် ဟင်းလင်း ပွင့်သွားပြီဖြစ်သောကြောင့် ဇစ်မြစ် ဒုက္ခသဘော ပေါလောကြီး ပေါ်နေသော ဘဝခန္ဓာကို ထိုခန္ဓာပိုင်ရှင် အသိဝင်ပြီး လူသားက ရှည်ကြာဆက်သက် ပြုပြင်ထိန်းသိမ်းထားတော့မည် မဟုတ်သည် မှာ နိယာမအတိုင်း ထင်ရှားပေသည်။

သို့ဖြစ်သောကြောင့် တဏှာအမြစ် ကျွံထွက်ပြီဖြစ်သော ခန္ဓာ ဘဝ ရုပ်နာမ်ဓမ္မ ပင်စည်ကြီးမှာ သွေ့ခြောက်သေဆုံး၍ ဘိုးဘိုး လဲ ပြိုကွဲပျက်စီး ချုပ်ဆုံးရန်မှတပါး အခြားမရှိတော့ချေ။ တဏှာ အကြောင်း ငြိမ်းသဖြင့် ရုပ် နာမ်ခန္ဓာ ဇာတ်သိမ်းရတော့၏။ ဆီကုန်ခန်းသဖြင့် မီးငြိမ်းရတော့သကဲ့သို့ပင်တည်း။

တေ ခီဏဗီဇာ နိဗ္ဗန္တိ ဓိရာ ယထာယံ ပဒီပေါ။

(ရတနသုတ်တော်)

ကို လှမ်းမျှော်ပါ။ အဓိပ္ပာယ်ကား–

'မဂ်ဖိုလ်ရပြီးသော အရိယာပုဂ္ဂိုလ်တို့မှာ ဘဝမျိုး စေ့ကုန်သွားပြီ၊ မျိုးစေ့ပြတ်သွားပြီဖြစ်၍ ဘဝထပ်ရှိ မဖြစ်တော့ပေ။

အရိယာပုဂ္ဂိုလ်တို့၏ ဘဝသည် ဆီမီးငြိမ်းသလို ငြိမ်း အေးတော်မူသွားကြသည်။'

ဤသည်ကား နိဗ္ဗုတဖြစ်ပုံ၊နိဗ္ဗာန်ဖြစ်ပုံ(ဝါ) နိဗ္ဗာန်ရပုံတည်း။

ထို့ကြောင့် တဏှာအငမ်းခေတ်ကို မဂ္ဂလက်နက်ဖြင့် ပိုင်ပိုင် နိုင်နိုင် ဖျက်ဆီးပစ်နိုင်ခြင်းသည် ရုပ်တွေနာမ်တွေကို အတုံးအရှုန်း ပြုတ်ပြုတ်ပြုန်းအောင် လုပ်ပစ်သည်နှင့် ထပ်တူထပ်မျှသာ ဖြစ်၏။

တဏှာအဆာခေတ်ကို ခွာချခြင်းဖြင့် ရုပ် နာမ်ခန္ဓာ(ဒုက္ခစစ်) ကို ချေမှုန်းပစ်စေလိုခြင်းသည် ဘုရားဂေါတမ ဟောပြသော အာဘောဂကေန် ဒေသနာ မူမှန်ကြီးပေတည်း။

**ပါဠိတော် ကောက်နုတ်ချက်များ**

ယခုအခါ၌ ပါဠိကို အလိုရှိသောသူများအတွက် ဆိုခဲ့ပါ ရှင်းလင်းတင်ပြချက်၏ အမှီပြုရာ ဘုရားရှင် ဒေသနာများကို အနည်းငယ် ဖော်ပြပါတော့မည်။ တနည်းအားဖြင့် ဘုရားရှင်၏ ဟောကြားချက်ကို တိုက်ရိုက် နာယူမှတ်သားနိုင်စေရန်လည်း ဖြစ်ပါ၏။

နိရောဓ သစ္စာ။

(က) ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

(သံယုတ္တ နိကာယ ပါဠိ၊ ဓမ္မစက္ကပဝတ္တ နသုတ္တ)

တဿာယေဝ တဏှာယ – ထိုတဏှာဟူသော အငမ်းခေတ်၊ အဆွဲခေတ်သာလျှင်၊

အသေသ ဝိရာဂ နိရောဓ အကုန်လုံး ကင်းရှင်းခြင်း၊ ချုပ်ငြိမ်းခြင်းသဘော၊

စာဂေါ –(တဏှာကို) စွန့်လွှတ်ပစ်လိုက်ခြင်းသဘော၊

ပဋိနိဿဂ္ဂေါ –(တဏှာမှ) ဝေးစွာလွှတ်ကင်းခြင်းသဘော၊

မုတ္တိ –ကင်းလုံးကျွတ် လွတ်ထွက်ခြင်း သဘော၊

အနာလယ ယော –ကပ်ငြိတွယ်တာခြင်း ကင်းမဲ့မှု သဘော။

၎င်းသည် နိရောဓသစ္စာ ဖြစ်၏။ချုပ်ငြိမ်းမှု အမှန် နိဗ္ဗာန်ပေ တည်း။

ဤတွင်'အသေသ' ဟူသော စကားကို အထူး ဂရုပြုရမည်။ အကပ်အသတ်သော်မှ အကြွင်းအကျန် မရှိရတော့ဘဲ၊တဏှာခေတ် လုံး၀ ကင်းစဲသွားမှုမျိုး၊ ချုပ်ငြိမ်းသွားမှုမျိုး၊ ဘယ်အခါမှ ဖြစ်လည်း ဖြစ်ပေါ်လာနိုင်ခြင်း မရှိမှုမျိုးကိုသာ နိရောဓအမှန်ဟု လက်ခံရပေမည်။

(ခ) သာ ခေါ ပနေသာ တဏှာ ကတ္ထ ပဟီယမာနာ ၀ဟီယတိ၊
ကတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။
ယံ လောကေ ပိယရူပံ သာတရူပံ၊
ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

(အဘိဓမ္မာ သစ္စဝိဘင်္ဂ ပါဠိတော်)

ထိုတဏှာဟူသော အငမ်းခေတ်ကို ပယ်ဖျောက်အပ် သော် အဘယ်မှာ ပယ်ရဖျောက်ရမည်နည်း။ ထိုဘဏှာ ခေတ် ချုပ်ငြိမ်းခဲ့သော် အဘယ်မှာ ချုပ်ငြိမ်လေသနည်း။ (မေး)။

လောကတွင် ချစ်စရာ၊ ခင်စရာ၊ မြတ်နိုးစရာ၊ စွဲမက် စရာ၊ သာယာနှစ်သက်စရာ အဖြာဖြာသော ရုပ်နာမ် ဓမ္မ

သဘာဝသည် တည်ရှိ၏။ တဏှာကိုပယ်သော် ဤရုပ်နာမ် ခမ္မဒ္ဓပင် ပယ်အပ်၏။ ထိုတဏှာသည် ချုပ်ဆုံးသွားခဲ့သော် ဤ နာမရူပ သဘာဝမှာပင် ချုပ်ဆုံးလေသည်။ (မြေ) ။

'ပိယရူပ၊ သာတရူပ'ဟူသော စကား၌ လိုအပ်သောတရား ကိုယ်ကို'စက္ခုံ လောကေ ပိယရူပံ၊ သာတရူပံ၊ လ-မနော လော ကေ ပိယရူပံ၊ သာတရူပံ'စသည်ဖြင့် ပါဠိတော်မှာပင် ဆက်လက် ဟောကြားထားပါသည်။ 'မနော'ကိုပါ ပိယရုပ်၊ သာတရုပ်ဟု ဟောထားသည်ကို သတိပြုပါ။ ဤ၌ 'ရူပ'ဟူသည်မှာ သာယာ နှစ်သက်အပ်သော အရာမျိုးကို ဆိုပါသည်။

ထို့ကြောင့်'ပိယရူပံ' 'သာတရူပံ' (ချစ်အပ်သာယာအပ်သော ရူပ)ဟု အနက်ပေးပြီး 'ရူပ'ကိုသာ ကွက်ယူ၍ ကျန်သမျှကို နှင်း မြှုပ်ထားကာ ရုပ်ဘဲရှိတယ်၊ ရုပ်ဟာအဓိကဘဲ စသည်ဖြင့် ရေး သားပြောဆိုလျှင် ကိုယ်လိုရာ ကိုယ်ဆွဲ၍ အလွဲကိုသာ ပြောနေ ကြောင်း သိအပ်ပါသည်။

(၈) အဝိဇ္ဇာယတွေဝ တမောကာယသာ အသေသ ဝိရာဂ နိရောဓာ သန္တမေတံ ပဒံ၊ ပဏီတ မေတံ ပဒံ၊ ယဒိဒံ သဗ္ဗသင်္ခါရသမထော သဗ္ဗူ ပဓိပဋိနိဿဂ္ဂေါ တဏှက္ခယော ဝိရာဂေါ နိရော ဓော နိဗ္ဗာနံ။

(အာပဏသုတ္တ၊ သံယုတ္တ နိကာယ။)

ပြုပြင်ဖန်တီး စီရင်မှုတို့ဖြင့် အားယူထားရသော ရုပ် နာမ်ဓမ္မသင်္ခါရ အားလုံး၏ ပျက်သုဉ်း ချုပ်ငြိမ်းသွား

ခြင်း၊ဥပဓိလေးပါးမှ လုံးဝကင်းလွတ်ခြင်း၊အတွယ်အတာ အဆာအဖွဲ့ အစွဲအငမ်းတို့ ကုန်ခန်းသွားခြင်း၊ ကပ်ငြိမှု သဘောကင်းမဲ့ခြင်း၊ သင်္ခါရဓမ္မ ဟူသမျှ ချုပ်ငြိမ်းလျက် ရှိခြင်း၊ ဘဝခန္ဓာ ကိလေသာ အနုပ္ပတမ်းတို့ကို ချုပ်စပ် တွဲနှောင်သည့် တဏှာဝါဒမှ လွတ်မြောက်ခြင်း၊တဉပါဒ် တဖြစ်ပမျှမကျန် အဝိဇ္ဇာမှန်သမျှ ကင်းစဲချုပ်ပျောက် ခြင်းဟူသော အကြောင် သဘောတရားမှန်သည် ဖြစ်ပေ လာ၏။ ထိုသဘောတရားသည် ငြိမ်းချမ်း၍ ထာဝရ ငြိမ်သက်တည်တံ့ပေ၏၊ မှန်လည်း မှန်မြတ်လှပေ၏။

(ဿ) နိဗ္ဗာနံ နိဗ္ဗာနန္တိ အာဝုသော သာရိပုတ္တ ဝုစ္စတိ၊
ကတမံ နု ခေါ အာဝုသော နိဗ္ဗာနန္တိ၊

အို… သာရိပုတ္တရာ၊ နိဗ္ဗာန်, နိဗ္ဗာန်လို့ ပြောကြပါတယ်၊ နိဗ္ဗာန် ဆိုတာ ဘယ်လိုဟာမျိုးလဲ ငါ့ရှင် (ပရိဗိုဇ် မေး)။

ယော ခေါ အာဝုသော ရာဂက္ခယော၊
ဒေါသက္ခယော၊ မောဟက္ခယော၊ ဣဒံ ဝုစ္စတိ
နိဗ္ဗာနန္တိ။

တဏှာရာဂ ကုန်ခန်းခြင်းသဘော၊ အမျက်ဒေါသကုန်ဆုံးခြင်း သဘော၊ မောဟ အဝိဇ္ဇာ ပိတ်ကာမှုမရှိခြင်းသဘောကို နိဗ္ဗာန်ဟု ဆိုအပ်ပါသည်။ (ရှင်သာရိပုတ္တရာ ဖြေ)။

သန္တိသုခအမတဓာတ်ဟူသော ချမ်းငြိမ်းအေးမြသည့်သဘာဝ နှင့် မဂ်ဉာဏ်တို့ ဆိုင်မိရာဝယ် တဏှာရာဂ၊ ဒေါသ၊ မောဟ ဟူ သော ကိလေသာအပူဓာတ်တို့ 'ဖျတ်'ကနဲ ငြိမ်းကျသွားရသည်။ ယင်းသို့ ကိလေသာအပူဓာတ်များ လုံးဝ ကင်းရှင်းသွားသည်နှင့် တပြိုင်နက် အပူပျောက် အအေးရောက် မမ္မနိယာမအတိုင်း တည်ရှိ

ချမ်းသာ အအေးခေတ်သည် ဝင်ရောက်လာပေသည်။ သို့သော် ကိလေသာမီး ချုပ်ငြိမ်းမှုကို စွဲ၍ နိရောဓသစ္စာဟုရင်း၊ တဏှာ ကင်းရှင်းသွားသည်ကို ထောက်ထား၍ နိဗ္ဗာန်ဟူ၍ရင်း ဝေါဟာရ ဒေသနာ တင်ရပေသည်။

(င) ဝေဒနာ ပစ္စယာ တဏှာ၊တဏှာ ပစ္စယာ ဥပါဒါန်၊
ဥပါဒါန ပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ။
(သုတ္တန်နည်း)

တဏှာပစ္စယာ ဥပါဒါန်၊ တဏှာ ဟေတုကံ၊
ဥပါဒါနပစ္စယာ ဘဝေါ။ (အဘိဓမ္မာနည်း)

ဝေဒနာပစ္စယာ တဏှာ - ခံစားမှုကြောင့် တွယ်တာ၊
တဏှာပစ္စယာ ဥပါဒါန် - တွယ်တာမှုကြောင့် ကာမစွဲ၊ ဒိဋ္ဌိစွဲ၊ ကျင့်မှားစွဲ၊ သက္ကာယစွဲ စွဲလမ်း။
ဥပါဒါနပစ္စယာ ဘဝေါ - စွဲလမ်းမှုကြောင့် ပြုလုပ် (ကမ္မဘဝ)
ဘဝပစ္စယာ ဇာတိ - ပြုလုပ်အားထုတ်မှုကြောင့် ဘဝ ခန္ဓာ, ရုပ်, နာမ်ဓမ္မ (ဇာတိ)ရရှိ။
တဏှာပစ္စယာ ဥပါဒါန်၊
တဏှာဟေတုကံ - တဏှာ အကြောင်း ခံကြောင့် တဏှာရင်း မြစ်ရှိသော အစွဲ လေးမျိုး ပေါ်ပေါက်လာရ၏။

(စ) တဿာယေဝ တဏှာယ အသေသ ဝိရာဂ နိရောဓာ ဥပါဒါန နိရောဓော၊

ဥပါဒါန နိရောဓာ ဘဝနိရောဓော၊ဘဝနိရောဓာ ဇာတိနိရောဓော။ (လောကသမုဒယသုတ္တ သဠာယတန သံယုတ်)

တဿာယေဝ တဏှာယ အသေသ ဝိရာဂ

နိရောဓာ ဥပါဒါန နိရောဓော – တဏှာ အကြွင်းမဲ့ ချုပ်ငြိမ်းသွားပါက အစွဲလေး ရပ် လည်း ကင်းပြတ်သွားရ၏။

ဥပါဒါနနိရောဓာ ဘဝနိရောဓော – စွဲလမ်းမှု ကင်းရှင်းသွားပါလျှင် ပြုလုပ် အားထုတ်မှု (ကမ္မ) လည်း ပေါ်ပေါက်၍ မလာတော့ချေ။

ဘဝနိရောဓာ ဇာတိနိရောဓော – ကုသိုလ်လုပ်ငန်း၊ အကုသိုလ် လုပ် ငန်း ကို တကုပ်ကုပ် ကြိုးပမ်း လုပ်ဆောင် ခြင်း မရှိတော့ပါက အကျိုးဖြစ်သော ခန္ဓာဇာတိ၊ နာမ်ရုပ် တရား သည်လည်း ဆက်လက်ဖြစ်ပေါ်ခွင့် မရ တော့ ဘဲ ကင်းစဲချုပ်ငြိမ်း လက်စ သိမ်းရလေသည်။

ဆိုခဲ့ပြီးသော စာရှေ့သော့ဖြင့် ဒုက္ခစစ်သဘော၊ ဒုက္ခစစ်ကို ထုတ်လုပ်လျက်ရှိသော ပင်မလက်သည် တဏှာသမုဒယ၊ တဏှာ ပယ်သတ်ရန် မဇ္ဈိမလမ်းစဉ် ဖြစ်သော မဂ္ဂင်ရှစ်ရပ်၊ တဏှာ အကြောင်းငြိမ်း၍ ဒုက္ခဇာတ်သိမ်းရာ အေးနိဗ္ဗာန်၊ ဤလေးတန် သော သစ္စာပြခန်းကြီးကို ဖွင့်လှစ်၍ ပြသခဲ့ပေပြီ။

နိဗ္ဗာန်သဘာဝသည် အဘယ်မျှ ချမ်းသာကောင်းမွန်လေ သနည်း ဆိုသည်ကို သိချင်လာသောအခါတိုင်းမှာ ဒုက္ခစစ်သည် မည်မျှမည်မျှ ဆင်းရဲသနည်းဟူသော မေးခွန်းကို မေးကြည့်ရာ သည်။ ဒုက္ခစစ်ကို တွေ့ကြုံရတိုင်း နိဗ္ဗာန်သုခကို အနုမာနအားဖြင့် မှန်းဆ သိရှိနိုင်ပေသည်။

ဆိုခဲ့သည့်အတိုင်းပင် နိဗ္ဗာန်ဟူသည်မှာ ဒုက္ခ၏ ပဋိပက္ခဖြစ် လေရာ ဒုက္ခ၏အချဉ်ခေတ်ကို သိရလေလေ၊ နိဗ္ဗာန်၏အချိုခေတ် ကို မှန်းဆနိုင်လေလေ ဖြစ်ရာသည်။ ဒုက္ခအရသာကို သိရှိသလောက် ထို ဒုက္ခကင်းရှင်းခြင်းအရသာကိုမြှော်မှန်းတမ်းတကြည့်နိုင်ရာသည် မဟုတ်ပါလော။

လက်တွင် မီးပူလောင်ခံရသူသည် မီးပူမရှိသည့် ပကတိ ချမ်း သာကို ပိုမိုနားလည်ရ၏။ ထောင်သားသည် ထောင်ပြင်လောက ၏ ချမ်းသာလွတ်လပ်မှုကို ချင့်တွက်နိုင်ရာ၏။

ရှင်သီဝလိမယ်တော် သုပ္ပဝါသာသည် ခုနစ်နှစ်၊ ခုနစ်လ သန္ဓေလွယ်ရပြီး ခုနစ်ရက်တိုင်တိုင် မမွေးနိုင်၊ မဖွားနိုင်ဘဲ ဒုက္ခ ကြီးစွာ ရောက်နေရချိန်တွင်

သုသုခံ ဝတ နိဗ္ဗာနံ၊ ယတ္ထ ဝေရူပံ ဒုက္ခံ သံဝိဇ္ဇတိ။

'အကြင် နိဗ္ဗာန်ခေတ်၌ ယခု ငါခံစားနေရသော ဒုက္ခဆင်းရဲမျိုး မရှိ၊ ထိုနိဗ္ဗာန်သည် အလွန်တရာပင် ချမ်းသာမှာပါတကား' ဟု မိမိ၏ လက်ရှိဒုက္ခနှင့် နှိုင်းယှဉ်သုံးသပ်၍ နိဗ္ဗာနခေတ်၏ ချမ်းသာကို ချင့်တုက်ကြည့်ရှုသည်။ သို့သော် စိတ်သဘောမှာ လျင်မြန်စွာ ပြောင်းလဲဖြစ်ပေါ်လေသဖြင့် ယင်းသို့နိဗ္ဗာန်အကြောင်းကို စဉ်းစားမိခိုက်တွင် လက်ရှိ မီးဖွားမှု ဒုက္ခမှ ချမ်းသာရလေသည်။

သစ္စာ လေးရပ်သည် ဗုဒ္ဓတရားတော်၏ သရဖူ ဖြစ်ရုံသာမက သဘာဝအားဖြင့်လည်း လွန်စွာ သိမ်မွေ့လှပေသည်။ ဤအခန်းတွင်ကား စာခံ့ပေခံနည်းပြီး တရားစာပေဖတ်ရှုရမှာကို ကြောက်ရွံ့နေသော လူအများစုံ နားရှင်းတန်သမျှ ရှင်းအောင် ရေးသားလိုက်ပေသည်။ မိမိတို့အဆင့်အတန်းနှင့် အံကျမဖြစ်သည်ကို တွေ့ရှိကြပါက ပြင်ဆင်သုံးသပ်နိုင်ကြပါစေ။

**အကျဉ်းချုပ်။** ။ဒုက္ခမှ လွတ်အောင်ရှန်းသင့်သည်။ နိဗ္ဗာန်ရမှ ထာဝရငြိမ်းချမ်းမည်။ နိဗ္ဗာန်ကို ပစ္စက္ခအားဖြင့်လည်း သိနိုင်သည်၊ အနုမာနအားဖြင့်လည်း သိနိုင်သည်။ ခံစားချမ်းသာနှင့် တည်ရှိချမ်းသာ ခွဲခြားနားလည်ရမည်။ ဒုက္ခအစစ်အမှန်ကို ဖော်ကြည့်နိုင်က ဒုက္ခကင်းရာ နိဗ္ဗာန်အကြောင်း ပို၍ နားလည်ပေမည်။ ဒုက္ခအကြောင်းရင်းကား တဏှာသမုဒယဖြစ်သည်။ တဏှာကိုပယ်နိုင်ရန် မဂ္ဂမလမ်းလိုက်ရမည်။ သမ္မာရှစ်ချက်သည် မဂ္ဂမလမ်းမှန်ဖြစ်သည်။ သမ္မာရှစ်ချက်သည် တဏှာပယ်ရေး အတွက်သာမက လက်တွေ့ဘဝ အတွက်လည်း အသုံးကျသည်။ သမ္မာရှစ်ချက်ကို

လူသားတို့လက်စွဲပြုက လောက ငြိမ်းချမ်းရေးရမည်။ ဤ သမ္မာ ရှစ်ချက်ဖြင့်ပင် မဂ်ခရီးလမ်းသို့ ချီတက်ရမည်။ သစ္စာလေးပါး သိမြင်လျှင်(ဝါ) တဏှာကုန်ခန်းလျှင် နိဗ္ဗာန်ရတော့သည်သာ ဖြစ်သည်။ သစ္စာလေးပါးနှင့် ပတ်သက်၍ အရေးကြီးသော ပါဠိတော်များကို ထုတ်ဆောင်ပြထားသည်။

အို ဘယ့်လူသား၊ ဖန်နေဝန်းသည် မြင့်၍ မြင့်၍ တက်
လာပြီ၊
ကလေးတို့ကား မနိုးကြသေး၊
လူကြီးတို့သည် လုပ်ငန်းခွင်သို့ ဝင်
သူလည်း ဝင်နေကြ၏။
အို ဘယ့်အဆွေ၊ ဒေါင်းစကြာသည် အနောက်
ကျွန်းသို့ ယွန်းမည် အမှန်ပင်။
အို .... .... .... တွေ့ဝေမနေပါနှင့်။
နေရောင်လင်းခိုက်၊
လမ်းသာခိုက်၊ အသင် ဘယ်လမ်း
လိုက်မည်နည်း။
နေရောင်ကင်းဆိတ်၊
ညမှောင်ရိပ်ဝယ်၊ အသင် ဘယ်နှိုက်
အိပ်မည်နည်း။
စဉ်းစားပါလော့၊ ဖြေပါလော့။

ထာဝရ ငြိမ်းချမ်းရေး အဆင့်သစ်သို့ မြတ်ဗုဒ္ဓလမ်းစဉ်ဖြင့် အရောက်ချီတက်ကြပါစို့။

နှစ်ဖက်လှ
၂၄-၉-၇၄